
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေသူ**

ဒေါ်မြင့်မြင့်ရီ (မြ-၀၀၆၆၆) (ဗျူးစာပေ)

အမှတ်-၅၂၀(က)၊ အင်း၀ (၄)လမ်း၊

(၆). ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးကျင်ရင် (မြ-၀၀၃၂၆) (ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ ဆော/နောက် ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ**

ဇော်ဝိုင်

**အတွင်းဖလင်**

ကိုဇင်ဦးနှင့်ညီများ

**ပုံနှိပ်ခြင်း**

ပထမအကြိမ်

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ

တန်ဖိုး-၁၀၀၀ ကျပ်၊ အုပ်ရေ- ၅၀၀

**ဖြန့်ချိရေး**

ဗျူးစာပေ

၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

| |
|---|
| နတ်သမီး<br>ရင်ပွင့်မတတ်ချစ်သည်<br>ဗျူးစာပေ၊ ၂၀၁၆။<br>၂၂၄-စာ၊ ၁၂ x ၁၈ စင်တီ။<br>(၁) ရင်ပွင့်မတတ်ချစ်သည် |

## အခန်း (၁)

"ဖေဖေ မောင်းတဲ့ကားနဲ့ လူတစ်ယောက်ကို တိုက်မိလို့ ဖေဖေ ရဲစခန်းမှာ အဖမ်းခံလိုက်ရပြီ ကိုကို"

"ဘာ ဘာပြောတယ်"

အိမ်ပေါ်လှမ်းအတက်မှာပင် သည်းသည်းထန်ထန် ငိုရှိုက်ရင်း ပြောလိုက်သည့် ညီမလေးစကားကြောင့် ရင်ဝကို ဆောင့်ကန်ခံလိုက်သလို တုန်ခါလျက် နောက်လန်သွားသည်။

ညီမလေးက အားကိုးတကြီးနှင့် သူ့ရင်ခွင်မှာ ပြေးဝင်ဖက်တွယ် လာ၏။

"ညီမလေးတို့ ဘယ်လိုလုပ်ကြမလဲ ကိုကို၊ ဖေဖေ့ကို ဘယ်လို ကယ်တင်ကြမလဲ"

"ကားတိုက်ခံရတဲ့သူက ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာ ဘာဖြစ် သွားသေးလဲ"

"အသက် ဆယ့်ရှစ်နှစ်ဝန်းကျင်လောက် ရှိဦးမယ်၊ ဒီနှစ်မှ ပေး



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစတက်တာတဲ့ ကိုကိုရဲ့"

"ဟင် ဒဏ်ရာများသွားလား"

"သေ သေသွားပြီတဲ့ ကိုကို"

"ဟာ"

တိမ်မယ် ဘာပြောရမှန်း မသိတော့အောင် သွေးပျက် ချောက်ချား သွားသည်။ ပေါ့ပေါ့တန်တန် အမှုသေး မဟုတ်ပါလား။

ပုဒ်မကြီးဖြစ်နေသည်မို့ အယူခံဝင်လို့လည်း လွတ်လမ်းမမြင်။ ဖေဖေ မရှိတော့လျှင် သူတို့မောင်နှမဘာဝ ဘယ်လိုရပ်တည်ရတော့မလဲ။

ဖေဖေက သူတို့မောင်နှမနှစ်ယောက်ကို ပင်ပင်ပန်းပန်း ရှန်းကန်စောင့်ရှောက်ပေးနေခဲ့တာပါ။

အသက်အရွယ်အားဖြင့် လေးဆယ်ကျော် ငါးဆယ်တွင်းဖြစ်ပေမယ့် ရန်ကုန်မြို့တွင်း ခရီးသည်တင် လိုင်းကားတွေမောင်းပြီး ကျောင်းထားပေးသည်။ စားဝတ်နေရေးအတွက် ပြေလည်အောင် ရှာဖွေပေးသည်။

သူတောင် ဒီနောက်ဆုံးနှစ် စာမေးပွဲဖြေပြီးလျှင် ဘွဲ့ရတော့မှာ မဟုတ်လား။ ညီမလေးက တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေရမည့် ဆယ်တန်းကျောင်းသူ။

"ဖေဖေတို့လို ပင်ပန်းဆင်းရဲခံပြီး မရုန်းကန်ရအောင် သားနဲ့သမီး ပညာတတ်ကြီးတွေဖြစ်အောင် ကြိုးစားရမယ်နော်၊ ခုအချိန်မှာ တခြားဘာကိုမှ မတွေးဘဲ ပညာကိုသာ ကြိုးစားသင်ယူကြပါ၊ နောင်တစ်ချိန်မှာ သားနဲ့သမီးကို ဖေဖေ ပြန်အားကိုးလို့ရအောင်ပေါ့"

အနာဂတ်အတွက် မျှော်လင့်ချက်တွေဖြင့် ပင်ပန်းတယ်လို့ မညည်းညူဘဲ တက်တက်ကြွကြွပင် ရုန်းကန်ခဲ့ရှာပါသည်။





သူတို့မောင်နှမ နှစ်ယောက်ကလည်း ဖေဖေ့မေတ္တာတွေကို နားလည်ပြီး ပညာကိုသာ ဂရုစိုက်သင်ယူခဲ့ကြသည်။

ခုတော့ ပညာတွေ တစ်ဝက်တစ်ပျက်နှင့် ဘယ်လိုမျှော်လင့်ချက်တွေနှင့် ရှင်သန်ရတော့မလဲ။

ညီမလေးကို တင်းတင်းဖက်၍ သူလည်း အားကိုးရာမဲ့စွာ ငိုကြွေးလိုက်မိသည်။ ရပ်ရွာလူကြီးတွေက သူတို့ကို သနားကရုဏာသက်စွာ စုတ်တသပ်သပ် စိတ်မကောင်းဖြစ်လျက်

"ဒီလို ကံကြမ္မာမျိုး ဘယ်သူ ကြုံချင်မှာလဲကွယ်၊ မင်းတို့အဖေက ကားမောင်းရင် အမြဲသတိရှိတဲ့သူပါ၊ အခုက တစ်ဖက်ကားနဲ့ လမ်းမှားဝင်လာလို့ ဒီလိုဖြစ်ရတာ၊ ကိုယ်ပိုင်ကား မောင်းနိုင်ပြီဆိုကတည်းက သူဌေးသားဖြစ်မှာပေါ့၊ ဆေးကျောင်းသားလည်း ဖြစ်နေတော့ စိတ်ကကြွနေမှာပေါ့ကွယ်"

"သိသိချင်း ကျွန်တော့်ကို လာခေါ်ကြတာ မဟုတ်ဘူးဗျာ"

"မင်းက ဆရာအိမ် စာသွားမေးမှာဆိုပြီး ထွက်သွားတာဆို၊ မင်းညီမကလည်း မင်း ဘယ်ဆရာအိမ် သွားတယ်ဆိုတာ မသိဘူးတဲ့၊ ဦးတို့လည်း အခုမှ ရဲစခန်းက အကြောင်းကြားလို့ သိရတာပါ ကဲ ဖြစ်ပြီးမှတော့ ဘာမှလည်း မတတ်နိုင်တော့ဘူး၊ ပြစ်မှုမြောက်ပြီဆိုရင်တော့ ဥပဒေအရ အပြစ်ပေးခံရတော့မှာပဲ"

"ဟို သေသူရဲ့ အုပ်ထိန်းသူတွေကို ကျွန်တော်တို့ မောင်နှမ သွားတောင်းပန်ရင်ရော အမှုပေါ့လျော့နိုင်မလား ဦးလေး"

သူ့စကားကြောင့် လူကြီးတွေ ခေါင်းတညိတ်ညိတ် ရှိကြသည်။ ညီမလေးကလည်း သူ့နည်းတူ မျှော်လင့်ချက်လေးနှင့် နားစွင့်



www.burmeseclassic.com

www.burmeseclassic.com



နေ၏။

"ဒါက ဒီလိုရှိတယ်ကွဲ့၊ တစ်ဖက်က စာနာနားလည်မှုနဲ့ အမှုကို ကျေအေးပေးမယ်ဆိုရင်တောင် ဥပဒေအတိုင်း အပြစ်ကတော့ ကျခံရမှာပဲလေ၊ ဒါပေမဲ့ နှစ်အများကြီး မကျဘူးပေါ့ကွယ်"

"ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ တောင်းပန်ပါရစေ ဦးလေးရယ်၊ ကျွန်တော်တို့ အိမ်တွေ ပိုင်းတွေကို ရောင်းချပြီးလည်း နစ်နာကြေးပေးချင်ပေးရပါစေ၊ ဖေဖေ ထောင်ထဲမှာ နှစ်အကြာကြီး ဒုက္ခမခံရအောင်တစ်ခုခုတော့ လုပ်ပေးချင်ပါတယ်"

"ဟုတ်ပါတယ် ဦးလေးတို့ရယ် သမီးတို့ တောင်းပန်ခွင့်ရအောင် ရပ်ကွက်လူကြီးတွေအနေနဲ့ ဦးလေးတို့ ညှိနှိုင်းပေးပါနော်၊ ဖေဖေက အသက်ကြီးပြီ၊ ထောင်ထဲမှာ နှစ်တွေအကြာကြီးနေလို့ မဖြစ်ပါဘူး၊ ကူညီပါနော် ဦးလေး"

"အေးပါ ဒီဘက်က ကိစ္စကို ဦးလေးတို့ ညှိနှိုင်းပေးပါမယ်၊ မင်းတို့က မင်းတို့အဖေကို သွားအားပေးလိုက်ကြပါဦး၊ သူလည်း တော်တော် သွေးပျက်ထိတ်လန့်သွားမှာ"

"ဟုတ်ကဲ့ ကျွန်တော် ညတွင်းချင်း သွားလိုက်ပါ့မယ်၊ ညီမလေးက အိမ်နားနီးချင်းတွေနဲ့ နေခဲ့နော်"

"ဟင့် ဟင့်အင်း ကိုကို၊ ညီမလေးလည်း လိုက်ခဲ့မယ်၊ ဖေဖေ့ကို တွေ့ချင်လို့ပါ"

"နောက်မှ အေးအေးဆေးဆေး လိုက်ပါ ညီမလေးရယ်၊ အခု ဖေဖေ အရမ်းနာကျင်ခံစားနေတာမြင်ရင် ညီမလေး ပိုပြီးဝမ်းနည်းမှာ၊ ပြီးတော့ နေရာကလည်း အရမ်းဝေးတယ်၊ ညလည်း အရမ်းမှောင်နေပြီ ညီမလေးကို





မြင်ရင်လည်း ဖေဖေ စိတ်ချမ်းသာမှာ မဟုတ်ဘူး"

ညီမလေးကို ချော့မော့ ဖျောင်းဖျထားခဲ့ပြီး ညအချိန်မတော်မှာပင် ဖေဖေ့ဆီ ထွက်လာခဲ့သည်။

ဖေဖေ ဘယ်လောက်များ စိတ်ပင်ပန်း လူပင်ပန်း ဖြစ်နေရှာမလဲ။ သူတို့ မောင်နှမနှစ်ယောက်ကို စိတ်မချဖြစ်ပြီး စိတ်ထိခိုက်ခံစားနေရရှာမလဲ။

"ဖေ ဖေဖေ ဖြစ်မှ ဖြစ်ရလေ ဖေဖေရယ်"

သံတိုင်တွေကြားမှာ မှိုင်တွေစွာ ရှိနေသော ဖေဖေ့ကို မြင်လိုက်ရသည်နှင့် တိမ်မယ် စိတ်မထိန်းနိုင်စွာ ငိုချလိုက်မိသည်။

ဖေဖေကလည်း သံတိုင်ကြားကနေ သူ့လက်ကို ခပ်တင်းတင်းဆုပ်ကိုင်၍ မျက်ရည်ကျသည်။

"ညီမလေးရော ငိုနေလား သား"

"သူလည်း တော်တော် ခံစားနေရတာပေါ့ ဖေဖေရယ်၊ ဖေဖေ့ကိုပဲ အားကိုးနေရတာ မဟုတ်လား၊ ဖေဖေ့ကိုလည်း သူ အရမ်းချစ်ရှာတာ"

"အေးပေါ့လေ သမီးလေးက ငယ်ရွယ်သေးတော့ သားကပဲ စောင့်ရှောက်ပေးပါ၊ ကံကြမ္မာက ဒီအချိန်မှာ ဒီလိုဖြစ်ရတော့မယ်ဆိုရင် လွန်ဆန်လို့ ရှောင်တိမ်းလို့ မရဘူး သား"

"ဘယ် ဘယ်လိုဖြစ်သွားရတာလဲ ဖေဖေရယ်၊ ဖေဖေ ကားမောင်းရင် အမြဲသတိရှိတာ ကျွန်တော်တို့ သိပါတယ်၊ အရက်သေစာလည်း သောက်စားထားတာမှ မဟုတ်တာ၊ အယူခံဝင်လို့ မရနိုင်ဘူးလား ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ဖက်က မတော်တဆ ဒဏ်ရာလေး ရသွားတာမှ မဟုတ်ဘဲ သားရယ်၊ ကိုယ်က လမ်းမှန်တယ်ဆိုပေမယ့် ဒါဟာ လူသေမှုပဲ မဟုတ်လား။ ပြီးတော့ သေသူရဲ့ ကားကလည်း တန်ဖိုးတော်တော်ကြီးတယ်တဲ့၊ ကားတစ်စီးလုံး ပျက်စီးသွားတာ၊ ဘာမှ ရစရာမရှိတော့ဘူးတဲ့ ကွယ်"

"ကျွန်တော်တို့ အတတ်နိုင်ဆုံး အမှုကြီး မဖြစ်အောင် ကြိုးစားကြည့်ပါ့မယ် ဖေဖေ၊ သူ့ဘက်က အုပ်ထိန်းသူတွေကို ကျွန်တော်တို့ မောင်နှမ သွားတောင်းပန်မှာပါ"

ဦးမြင့်ကျော် မချိမဆံ့ ရင်တွေနာရင်း ခေါင်းယမ်းလိုက်သည်။ သားလက်ကိုလည်း ခပ်တင်းတင်း ဆုပ်ကိုင်ထားကာ

"မလွယ်လောက်ပါဘူး သားရယ်၊ သူတို့ဘက်ကလည်း အုပ်ထိန်းသူ မိဘတွေ မရှိဘူး။ မောင်နှမ နှစ်ယောက်တည်း အတူနေကြတာတဲ့၊ သေသွားတဲ့ကောင်လေးရဲ့ အစ်မလုပ်တဲ့သူ ရဲစခန်းကို လာသွားပြီးပြီ သား။ သူ့မောင်လေး အသေဆိုးနဲ့ သေရသလို ဆိုးဆိုးဝါးဝါး ဖြစ်မှ ကျေနပ်မယ်ဆိုပြီး ဖေဖေ့ကို ကြိမ်းဝါးသွားတယ်၊ ရဲစခန်းမှာ အမှုကြီးနဲ့ စွဲချက်တင်အမှုဖွင့်သွားတယ်"

"သူတို့ဘက်က မှားတာကိုလည်း ကျွန်တော်တို့ဘက်က တင်ပြခွင့် ရှိတာပဲ ဖေဖေ၊ တရားသေ လွတ်မြောက်ခွင့် မရတောင် ချုပ်ရက်နဲ့ ပြီးအောင် ကြိုးစားရမှာပဲ"

"အဲဒီလို လုပ်လို့ရရင်တောင် သူတို့ ပျက်စီးသွားတဲ့ သိန်းထောင်ကျော်တန်ကားတန်ဖိုးကို ဖေဖေတို့ ဘယ်လိုလုပ် လျော်နိုင်မှာလဲ၊ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးဥပဒေဆိုတာလည်း ရှိတယ်၊ တစ်ဖက်က





အမှားကို ထောက်ပြပြီး ကိုယ်လွတ်ရုန်းထွက်လို့လည်း မရဘူး။ ဖေဖေ့ကားက လမ်းကြောင်းမှန်တယ်ဆိုပေမယ့် ဘရိတ်မကောင်းတဲ့အတွက် တစ်ဖက်ကားကို အထိနာသွားစေခဲ့တယ်၊ ဖေဖေ့ကားရဲ့ ချွတ်ယွင်းချက်ကလည်း အမှားတစ်ခုပဲပေါ့ သားရယ်"

"ဖေဖေရယ်"

ဖေဖေပြောမှ အသက်ရှူလို့မရတော့အောင် ကျပ်ဆို့သွားခဲ့သည်။ ဘာစကားမှ ပြောထွက်ဖို့လည်း အင်အားမရှိတော့ပါ။

"သားကြီး သားတို့ မောင်နှမကို ဖေဖေ အဆုံးထိ တာဝန်မကျေနိုင်တော့ဘူး သားရယ်၊ သားတို့ မောင်နှမ ဒုက္ခရောက်တော့မှာကို တွေးပြီး စိတ်မကောင်းဘူး"

"ဖေဖေရယ် ဖေဖေ့အတွက်ပဲ ဖေဖေ တွေးပါ၊ ထောင်ထဲမှာ ဖေဖေ ကျန်းမာရေးကောင်းအောင် နေမှဖြစ်မှာ၊ ဖေဖေ သန်သန်မာမာနဲ့ ထောင်က ထွက်လာမှဖြစ်မှာ"

"ဖေဖေ ဂရုစိုက်ပြီး နေပါ့မယ် သားရယ်၊ သားက ယောကျ်ားလေးဆိုတော့ ခံနိုင်ရည်ရှိဦးမယ်၊ သမီးလေးကတော့"

"စိတ်မပူပါနဲ့ ဖေဖေ ညီမလေးကို ကျွန်တော် စောင့်ရှောက်မှာပါ ညီမလေးကို ကျောင်းဆက်ထားနိုင်အောင် ကျွန်တော် ကျောင်းထွက်ပြီး အလုပ်လုပ်မှာပါ"

"သားရယ် သားကျောင်းကလည်း ဒီတစ်နှစ်ပဲ လိုတော့တာ ဘွဲ့ရအောင် တက်လိုက်ပါ၊ ဘွဲ့ရမှ အလုပ်ရဖို့လည်း အဆင်ပြေမှာ"

"သားဘွဲ့ရဖို့ လုပ်နေရင် ညီမလေး ပညာရေး နှောင့်နှေးသွားမှာပေါ့ ဖေဖေ၊ ဖေဖေ မရှိရင် အိမ်ရဲ့ အသုံးစရိတ်၊ ပညာရေးအတွက်



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်တဲ့ငွေ၊ ဒါတွေကို ဘယ်သူက ထောက်ပံ့မှာလဲ''

တိမ်မယံ ပြောတာလည်း ဟုတ်နေသည်။ ဒီမိသားစုလေး အတွက် ကိုယ်တစ်ယောက်တည်း ရုန်းကန်ခဲ့တာပါ။ သားနဲ့သမီးကို ပညာရေးမှာသာ အာရုံစိုက် ကြိုးစားခိုင်းခဲ့သည်။

ကိုယ့်ဝင်ငွေကလည်း သားရဲ့ပညာရေးနှင့် အိမ်ရဲ့ စားဝတ်နေရေး ပြေလည်ရုံ လောက်ငရုံမျှသာ။

လူတန်းစေ့ အဆင့်တန်းရှိရှိ ဘာပရိဘောဂမှ ပြည့်ပြည့်စုံစုံ ပံ့ပိုးပေးနိုင်ခြင်း မရှိခဲ့။

ခုတော့ အခြေအနေက ပိုဆိုးတော့မည်။ ဘယ်လိုမှ ရှောင်လွှဲ ထွက်ပြေးလို့ မလွတ်မြောက်နိုင်တော့သည့် ကံကြမ္မာရဲ့ ရက်စက်မှု။

''ဖေဖေ့မှာ စီမံနိုင်တဲ့ အင်အားလည်း မရှိတော့ပါဘူး သားရယ်၊ သားညီမလေးနဲ့ တိုင်ပင်ပြီး သားလုပ်သင့်တာသာ စဉ်းစားဆုံးဖြတ် လုပ်ပါတော့ကွယ်၊ သား ညီမလေးက မိန်းကလေးဆိုတော့ ပညာတတ်ဖို့ ပိုအရေးကြီးတယ်၊ ဟို ဖေဖေ့ကို တစ်မျိုးတော့ စိတ်မခုလိုက်နဲ့နော် သား''

''ကျွန်တော် နားလည်ပါတယ် ဖေဖေ၊ ကျွန်တော့်အပေါ် ဒီအချိန်ထိ တာဝန်ကျေပေးခဲ့တာပဲ ကျေးဇူးတွေ များလှပါပြီ၊ အဲဒီ ကျေးဇူးတွေကို ဆပ်ခွင့်ကြုံပါရစေလို့လည်း ကျွန်တော် ဆုတောင်း နေခဲ့တာပါ''

''အေးပါ သားရယ် သား သိတတ်နားလည်တာကို ဖေဖေ လည်း သိပါတယ်၊ သား ညီမလေးကို ညီမရင်းလေးတစ်ယောက်လို စောင့်ရှောက်ပေးပါ သား၊ သားကို ယုံကြည်စိတ်ချစွာနဲ့ ဖေဖေ အပ်ပါ တယ်၊ ဘယ်လိုအကြောင်းအရာမျိုးနဲ့ဖြစ်ဖြစ် သမီးလေးကို မထားခဲ့ပါနဲ့၊ သား အိမ်ထောင်ရက်သားကျတဲ့အချိန်မှာပဲဖြစ်ဖြစ်ပေါ့ သားရယ်''





''စိတ် စိတ်ချပါ ညီမလေးက ကျွန်တော့် ကိုယ်ရေးကိုယ်တာ၊ ဘဝအစိတ်အပိုင်းတွေရဲ့ ရှေ့မှာပဲ ရှိစေရပါမယ်၊ ဖေဖေသာ ကျန်းမာရေး ကောင်းကောင်းနဲ့ ပြန်ထွက်လာနိုင်အောင် ကြိုးစားပေးပါ''

တိမ်မယံ ကတိစကားကို ဦးမြင့်ကျော် ပီတိဖြင့် ကျေနပ် ကြည်နူးမိသည်။ မွေးစားရကျိုးနပ်သည့် ဝမ်းမနာသားပါလား။

အတိတ်က မျက်ဝန်းရှေ့မှာ အရိပ်ထင်ဟပ်ပုံပေါ်လာသည်။

ဒီသားကို မွေးစားဖြစ်ခဲ့ရသည့် အကြောင်းအရင်းက. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဟိတ်ကောင် မြင့်ကျော် ငါတို့ လူမျိုးသိုးကြီးဘဝနဲ့တော့ နေလို့ မဖြစ်ဘူးကွ၊ အသက်ကြီးလာရင် ဆေးပေးမီးယူလေး ရှိမှ အဆင်ပြေမှာ"

"ခင်စိုးရာ ဒီအတိုင်းနေရတာ ကောင်းပါတယ်၊ သူများ သားသမီး လုပ်ကိုင်ကျွေးပြီးမှ ဆေးပေးမီးယူဆိုတာကြီး ဖြစ်လာမှာ ဘာလုပ်ဖို့လဲ၊ ဖြစ်သလို ပျော်သလို လွတ်လွတ်လပ်လပ် နေရတာ ဘယ်လောက်အရသာရှိထားလဲ"

"ဒါတော့ ဒါပေါ့ကွ၊ ဘဝမှာ ဒီလိုကြီး အမြဲတမ်းနေဖို့ဆိုတာလည်း ပျင်းစရာကောင်းပါတယ်၊ ပညာရေးလည်း ကောင်းကောင်းမသင်၊ ဘာအလုပ်မှလည်း မယ်မယ်ရရ မလုပ်ဘဲ ဘဝကို ပေါ့ပေါ့ပါးပါး ဖြတ်သန်းနေတာ အချိန်တွေနှမြောဖို့ကောင်းတယ်လို့ ငါ တွေးမိလာလို့ပါ၊ မိသားစုဘဝလေးနဲ့ အမိပွါယ်ရှိရှိ နေကြည့်ချင်တယ်"

မျက်လုံးလေး မှေးဆင်းကာ အတွေးဖြင့် စိတ်ကူးယဉ်နေသော ခင်စိုးကိုကြည့်၍ မြင့်ကျော် ဟက်ဟက်ပက်ပက် ရယ်ချလိုက်သည်။





အသက်သုံးဆယ်ဝန်းကျင် လူပျိုကြီးဘဝနှင့် နေဖြစ်ခဲ့ကြတာလည်း ခင်စိုးရဲ့ စိတ်ကူးယဉ်မှု တစ်ခုပဲ မဟုတ်ပါလား။

"အခု မင်း လက်ထပ်ရမယ့် မိန်းကလေး တွေ့နေလို့လား ခင်စိုး"

"လိုချင်တာတစ်ခုကို အားစိုက်ထုတ်ကြိုးပမ်းလိုက်ရင် မရဘူးဆိုတာ မရှိပါဘူးကွာ၊ မင်းသာ ငါပြောတာကို သဘောတူဖို့ အရေးကြီးတယ်"

"မင်း ဘာလုပ်လုပ် ငါ့ဘက်က သဘောထားကွဲလွဲတာရှိလို့လားကွာ၊ ဒီကိစ္စကို ငါ့ဘက်ကလည်း ထောက်ခံဖို့ အဆင်သင့်ပါ၊ ဒါပေမဲ့ မိန်းမတစ်ယောက်နဲ့ ဖူးစာဆုံဖို့ဆိုတာ လုပ်ကြံယူလို့တော့ မရဘူးကွ၊ မင်း အရင်ရချင်ရမယ်၊ ငါအရင်ရချင် ရမယ်၊ အဲလိုတော့ ဖြစ်ချင် ဖြစ်နိုင်တာပဲ"

"အေး ဟုတ်တယ် အဲဒီ ကိစ္စ အဆင်ပြေရင်တောင် ကလေးမွေးဖို့တော့ တစ်ချိန်တည်း တစ်နေ့တည်း ဆွဲထုတ်ဖို့ မဖြစ်နိုင်ဘူး"

သူတို့နှစ်ယောက် ခန့်မှန်းခဲ့သလိုပင် ကိုယ်နှစ်သက်သော မိန်းကလေးတွေနှင့် တစ်နေ့တည်း တစ်ချိန်တည်း မင်္ဂလာဆောင်ဖြစ်ခဲ့ပေမယ့် ကလေးမွေးသည့်အခါမှာတော့ မြင့်ကျော်က လေးနှစ်ခန့် နောက်ကျခဲ့သည်။

သမီးလေး မေယမုံဖူးထက် ခင်စိုး သား တိမ်မယံက လေးနှစ်ခန့် အသက်ကြီးခဲ့သည်ပေါ့။

ဒါပေမဲ့ အိမ်ချင်း နှစ်အိမ်တစ်အိမ် ကူးလူးဆက်ဆံလို့ရအောင် ပေနှစ်ဆယ်ပိုင်းတစ်ပိုင်းဝယ်၍ ဆယ်ပေစီ အိမ်ဆောက်နေခဲ့ကြသည်၊ ဒါကလည်း ပြည့်စုံပိုလျှံမှုကြောင့် မဟုတ်ဘဲ ခြစ်ခြစ်ကုတ်ကုတ် ရှာဖွေစုဆောင်းပြီး ဝယ်ခဲ့ကြတာပါ။

ငယ်ငယ်က အပေအတေလို ပညာကို ကောင်းကောင်း မသင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြသည့်အတွက်ကြောင့် အိမ်ထောင်သည် မိသားစုဘဝမှာ ပြည့်စုံပိုလျှံမှုမရှိ၊ ဆင်းရဲပင်ပန်းခဲ့ကြရသည်။ ဘယ်လိုပဲဖြစ်ဖြစ် ခင်စိုး ဆိုက်ကားနင်းလျှင် လိုက်နင်း၊ ခင်စိုး ကုန်ကားမောင်းလျှင် စပယ်ယာ လုပ်ဖြင့် သူငယ်ချင်းနှစ်ယောက် မခွဲအတူနေဖြစ်တာကိုတော့ ကျေနပ်နေခဲ့ကြ၏။

သူတို့နှစ်ယောက်ရဲ့ သံယောဇဉ်ကို သူတို့နှစ်ယောက်ရဲ့ ဇနီးမယားတွေကလည်း အံ့သြခဲ့ကြသည်။

"ရှင်တို့နှစ်ယောက် ဒီလောက် ချစ်နေကြရင်လည်း ရှင်တို့နှစ်ယောက်ပဲ တစ်အိမ်တည်း ပေါင်းသင်းနေကြပါလားတော်၊ ခုတော့ အိမ်က ဇနီးမယားတွေက ရှင်တို့မျက်နှာကို အိပ်တဲ့အချိန်ပဲ တွေ့ရတယ်၊ ရှင်တို့ကတော့ မိုးလင်းက မိုးချုပ် တတွဲတွဲနဲ့၊ အမြင်ကို ကပ်တယ်"

မိန်းမတွေ ဘာပြောပြော သူတို့နှစ်ယောက်လုံး အပြုံးမပျက် ဒီအတိုင်း နေခဲ့ကြသည်။ ကြီးပွားတိုးတက်အောင်လည်း ကိုယ့်နည်းလမ်းနဲ့ကိုယ် စီးပွားခွဲထွက်မရှာ။

တစ်ယောက်ကို တစ်ယောက်က မှီခိုရင်းဖြင့် စိတ်တူကိုယ်တူ ပေါ့ပေါ့ပါးပါးပဲ နေခဲ့ကြသည်။ အဲဒီနောက် သမီးလေး ယမုံဖူး လေးနှစ်သမီးအရွယ်လောက်မှာ ဇနီးသည်ဆုံးတော့ ခင်စိုးတို့ မိသားစုက သူတို့သားအဖကို ကိုယ်ဖိရင်ဖိ ကူညီစောင့်ရှောက်ပေးခဲ့ကြသည်။ အဲဒီနောက် နှနှစ်လောက်အကြာမှာ ခင်စိုးမိန်းမပါ သွေးဆုံးမီးယပ်ရောဂါမျိုးဖြင့် ဆုံးပါးသွားတော့ ဘဝတူအချင်းချင်း ပိုပြီးသွေးနီးကာ ရိုင်းပင်းကူညီဖြစ်ကြသည်။

"ကလေးတွေအတွက်တော့ စိတ်မကောင်းဘူးကွာ၊ အမိမဲ့သားသမီးလေးတွေ ဖြစ်ကြရပြီ၊ အဲဒါ ငါတို့ပညာဆုံးခန်းတိုင်အောင် မသင်ခဲ့လို့ ဘာဗဟုသုတ လေ့လာမှုမှမရှိ၊ ချမ်းသာအောင် မကြိုးစားခဲ့ကြလို့





မိန်းမတွေ မသေသင့်ဘဲ သေကြရတာ၊ တို့မှာ ပြည့်စုံပိုလျှံမှုမရှိလို့ မိန်းမတွေကို ဆေးမှကောင်းကောင်း မကုနိုင်ခဲ့ကြတာဘဲကွာ"

"အေး ဟုတ်တယ် ငါတို့ သားသမီးတွေကို အဲလို အဖြစ်မခံနိုင်တော့ဘူး မြင့်ကျော်၊ သားနဲ့သမီးကို ပညာကောင်းကောင်း သင်ပေးကြမယ်၊ တိုးတက်ကြီးပွားချင်စိတ်ရှိအောင်လည်း ပံ့ပိုးကူညီကြမယ်၊ ပညာတတ်မှ အသိဉာဏ်ပွင့်လင်းတာ၊ လိုချင်တပ်မက်စိတ်နဲ့လည်း ကြိုးစားချင်ကြတာကွ"

မျှော်လင့်ချက်တွေနှင့် ကြိုးစားရုန်းကန်ခဲ့ကြတာလည်း စိတ်တူကိုယ်တူပါ။ ဒါပေမဲ့ ရင်းနှီးမြှုပ်နှံမှု မလုပ်နိုင်သည့် သူတို့အတွက်က ဒီနွံထဲက ရုန်းထွက်ဖို့လည်း ခဲယဉ်းလှသည်။

ကုန်ကားမောင်းသမားဘဝတွေနှင့် ရုန်းကန်နေခဲ့သည်မို့ ဘယ်လောက်ထိ တိုးတက်ကြီးပွားနိုင်မှာမို့လဲ။ အရွယ်မရောက် လူလားမမြောက်သေးသည့် ကလေးနှစ်ယောက်ကို စောင့်ရှောက်ဖို့ တစ်လှည့်စီ သုပ်ငန်းခွင်ဝင်ရတာကလည်း ပိုဆိုးသည် မဟုတ်ပါလား။

"အခုမှ မိန်းမတွေကို သတိရတော့တယ်ကွာ၊ သူတို့သာ အိမ်မှာရှိနေမယ်ဆိုရင် ကလေးတွေကို မြုစုစောင့်ရှောက်ဖို့ စိတ်ချရတယ်ကွ၊ ငါတို့လည်း အေးအေးဆေးဆေး အလုပ်လုပ်နိုင်တာပေါ့၊ အခုတော့ ကလေးတွေကို တစ်လှည့်စီ တာဝန်ယူစောင့်ရှောက်နေရတာနဲ့ ငွေလည်း ကောင်းကောင်း မရှာဖွေနိုင်ဘူး၊ သူ့အလှည့် ကိုယ့်အလှည့် ကလေးတွေကို ချက်ပြုတ်ကျွေး၊ ကျောင်းပညာရေးကိစ္စနဲ့ အဆင်ပြေပါ့မလားလည်း တွေးပူနေကြရတယ်"

"အဲလို နောက်ဆံတင်း တွေးပူနေလို့ကတော့ ကားမောင်းလို့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူးနော် ခင်စိုး၊ ကုန်ကားတွေမောင်းရတာက တောင်တက် တောင်ဆင်း အန္တရာယ်များကများနဲ့ ကားတွက်ပြီဆိုကတည်းက နောက်ကြောင်းကို မေ့ထားလိုက်ရမှာ၊ ငါတို့တစ်ယောက်ယောက်သာ တစ်ခုခု ဖြစ်လို့ကတော့ ကလေးနှစ်ယောက်လုံး ဒုက္ခရောက်ကြမှာ''

သူ့သတိပေးစကားက ကြာရှည်မခံလိုက်ပါ။ လျှပ်စီးတွေလက် မိုးတွေခြိမ်းသော ညတစ်ညမှာ ခင်စိုး ကားအက်ဆီးဒင့်ဖြစ်လို့ဆိုပြီး သူ့ဆီကို အရေးပေါ်ဖုန်း ဝင်လာခဲ့သည်။ ကလေးတွေ ကျောင်းပြန်ချိန် ကိုတောင်မစောင့်နိုင်ဘဲ ဆေးရုံကို သူက အမြန်ဆုံးရောက်လာခဲ့၏။

ဆေးရုံရောက်တော့ ခင်စိုး ဒဏ်ရာတွေက မြင်မကောင်းပါ။ သေလုမြောပါး ဝေဒနာတွေ ခံစားနေရသည့်ကြားက သူ့လက်ကို အားကိုးတကြီးဆုပ်ကိုင်ကာ

''ငါ ငါ့သားကို မင့်သားအရင်းလေးလို စောင့်ရှောက်ပေးပါ။ ပညာတွေသင်ပေးပါကွာ၊ အဖေ အမေ မရှိလို့ဆိုပြီး အားလည်း မငယ်ပါစေနဲ့၊ ငါ မရှိတော့ဘူးဆိုပြီး သွေးလည်း မစိမ်းလိုက်ပါနဲ့ကွာ''

''စိတ်ချပါ ခင်စိုးရာ၊ မင့်သားက ငါ့ရဲ့သားပါပဲ၊ မင်း ဘာမှ တွေးမပူနဲ့ ခင်စိုး၊ မင့်သား ဘယ်တော့မှ အထီးမကျန်စေရဘူး၊ သူ့မှာ ငါ့သမီးလေးလည်း အဖော်ရှိတာပဲ၊ သူတို့နှစ်ယောက်က မိသားစုဝင်တွေပါ ဘယ်တော့မှ သွေးမကွဲမယ့် မောင်နှမတွေပါကွာ''

သူ့ကတိစကားတွေ အထပ်ထပ်ကြားမှ တမလွန်ကို ခင်စိုး စိတ်ချလက်ချ သွားနိုင်တော့သည်။ သူကလည်း လေးလေးနက်နက် ပေးခဲ့သည့် ကတိစကားတွေကို တည်မြဲအောင် တိမ်မယံလေးကို အမွေစား အမွေခံသားအဖြစ် တရားဝင်မွေးစားပြီး ဒီနေ့ထိ ပြုစုစောင့်ရှောက်





သည်။ သားအရင်းနှင့်မခြား သနားကရုဏာဖြစ်ကာ အကြင်နာပို ဂရုစိုက်ဖြစ်ခဲ့သည်။

တိမ်မယံလေးကလည်း အရွယ်နှင့်မလိုက် သိတတ် နားလည်ခဲ့သည်မို့ မွေးစားရကျိုးလည်း နပ်ခဲ့၏။

သူ့ကို အဖေရင်းတစ်ယောက်လို တွယ်တာခဲ့ပြီး သမီးလေးအပေါ်လည်း ညီမလေးတစ်ယောက်လို သံယောဇဉ် ပိုခဲ့ အကြင်နာပိုခဲ့သည်။

ဒါဟာ အတိတ်ကံရေစက်ရဲ့ တိုက်ဆိုင်မှုတွေကြောင့် ဆုံဆည်းရတာလည်း ဖြစ်နိုင်သည်။

ခုတော့လည်း ခုတော့လည်း ခုတော့လည်း . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဒီကိစ္စ ဘယ်လိုမှ ကျေအေးမပေးနိုင်ဘူး၊ ဒီထက် အမှုကြီ
အောင် လုပ်လို့ရရင် လုပ်လိုက်ချင်သေးတယ်၊ မောင်လေး သေရသလ
သေဏးသေစေ တစ်သက်တစ်ကျွန်း ကျတဲ့အထိ"

"ဝတီရယ် အဲလောက်လည်း အငြိုးမထားပါနဲ့၊ တစ်ဖက်လ
လည်း လိုင်းကားမောင်းစားပြီး တော်တော်ဆင်းရဲချို့တဲ့ရှာပါတယ်၊ ပြ
တော့ ကိုယ့်ဘက်က အမှားကြောင့် ဒီလို ဆိုးဆိုးဝါးဝါး ဖြစ်သွားခဲ့ရတ
ပါ"

"အို ဘာပဲဖြစ်ဖြစ် မောင်လေး အသေဆိုးနဲ့ သေရတာ လုံး
မကျေနပ်ဘူး။ မောင်လေးကို ဝတီ ဘယ်လောက် မျှော်လင့်ထားတယ
ဆိုတာ အန်တီကြီး သိတယ် မဟုတ်လား။ ခွဲခွာမထားနိုင်လို့ နိုင်ငံခြာ
ပညာသင် သွားချင်တာတောင် မလွှတ်ခဲ့ဘူး၊ ဆရာဝန်တစ်ယော
ဖြစ်အောင်လည်း ငွေကုန်ကြေးကျခံပံ့ပိုးခဲ့တယ်၊ အခုတော့ အညွန့်တလူလူ
တက်ကြွမှု ရှိနေတဲ့အချိန်မှာ အသေဆိုးနဲ့ သေအောင်လုပ်ခံလိုက်ရတာ





ဒီလူကို ဝတီ တစ်သက်မကျေဘူး။ ဥပဒေနဲ့ အပြစ်ပေး ခံရတာထက်
တီ လက်နဲ့ကို အသေသတ်ပစ်ချင်တာ"

"ဝတီရယ်"

ဒေါ်ခင်မြကြူ ဘယ်လိုဖျောင်းဖျ နှစ်သိမ့်ရမှန်းပင် မသိပါ။

တိမ်လွှာဝတီ နေ့ည တငိုငို တရှိုက်ရှိုက် မစားနိုင် မသောက်နိုင်
စားနေတာ ဒေါ်ခင်မြကြူ ကိုယ်ချင်းစာပါသည်။

သံယောဇဉ်တွယ်စရာဆိုလို့ ဒီမောင်နှမ နှစ်ယောက်ပဲရှိတာ
ဟုတ်ပါလား။ မအေဖြစ်သူက တိမ်လွှာဝတီ ဆယ်နှစ်သမီး အရွယ်
လောက်မှာ ဆုံးပါးသွားခဲ့သည်မို့ လူမမယ် မောင်လေးကို တိမ်လွှာဝတီ
နီးကပ် စောင့်ရှောက်ပြုစုခဲ့ရသည်။

အိမ်ဖော်တွေ နာနီတွေ ရှိပေမယ့် တိမ်လွှာဝတီက သူမ မောင်
လေးကို သည်းသည်းလှုပ် အချစ်ပိုခဲ့၏။

ဖအေကလည်း ငွေကြေးပစ္စည်းဥစ္စာအတွက်သာ ကုန်းရုန်းရှာ
နေသူမို့ သူမတို့ မောင်နှမ နှစ်ယောက်အတွက် အချိန်မှ မပေးနိုင်တာ။
ရာ ပြည့်စုံအောင် ထားနိုင်လျှင် ဖခင်ဝတ္တရားကျေပြီဟု ထင်မှတ်
ထားခဲ့သူ။

မိမိက သားသမီးနှစ်ယောက်ကို ဂရုစိုက်ဖို့ အတိုက်အခံလုပ်
မိလျှင်တောင်

"ကျွန်တော် ရှာဖွေစုဆောင်းနေတာ သူတို့ မောင်နှမနှစ်ယောက်
အတွက်ပါ၊ စီးပွားဥစ္စာဆိုတာလည်း ကံတရားက ပေးတုန်း ရှာဖွေရတာ၊
သူတို့ကို အခြေအံရံတွေနဲ့ ပြည့်စုံအောင် ထားခဲ့တာပါ၊ ခုဆို နိုင်ငံတကာ
အဆင့်မီ ဟိုတယ်ကြီးတစ်ခုကို ပိုင်ဆိုင်နေပြီ၊ ဒါကလည်း သူတို့အတွက်ပါ၊



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းရှင်ကြီး ဦးဉာဏ်မြင့်မော်ရဲ့ သားသမီးတွေအနေနဲ့ သူတို့ ဘယ်နေရာမှ မျက်နှာငယ်ရလဲ၊ ကျွန်တော် နောက်အိမ်ထောင် မထူထောင်တဲ့အတွက်ရော သူတို့ မျက်နှာငယ်ရလား။ အချိန်တစ်ခုကလွဲရင် ပေးနိုင်သမျှ သူတို့ကို အကုန်ပေးနေတာပါ''

ဉာဏ်မြင့်မော် ဆင်ခြေက လှပါသည်။ သူ အသုံးချ ကြိုးပမ်းနေသော အချိန်တွေကို အကြောင်းပြု၍ ဝတီတို့ မောင်နှမ နှစ်ယောက် နွေးထွေးမှုတွေ မပေးခဲ့ပါ။

ဒါပေမဲ့ သူ့လောဘနှင့် ရှာဖွေစုဆောင်းခဲ့သမျှ စည်းစိမ်ဥစ္စာတွေကို သူကိုယ်တိုင် စံစားခွင့် မရလိုက်ပါ။ တိမ်လွှာဝတီ ဘွဲ့ယူသော နှစ်မှာ ဉာဏ်မြင့်မော် ဆုံးပါးသွားခဲ့ပြီး တိမ်လွှာ ဟိုတယ်ကြီးနှင့်လုပ်ငန်းတွေအားလုံး တိမ်လွှာဝတီ ဦးဆောင်ဖို့ ဖြစ်လာခဲ့သည်။

တိမ်လွှာဝတီက နွေးထွေးမှုတွေ မေတ္တာတွေနှင့် ကင်းဝေးခဲ့သည့် နာကျင်မှုတွေကြောင့် သူမ မောင်လေးအပေါ်မှာ သူမလို မဖြစ်အောင် ပိုပြီး ဂရုစိုက်ခဲ့သည်။ အလေးထား ဂရုစိုက်ခဲ့သည်။ မောင်လေး ရှေ့ကနေ မားမားမတ်မတ်လည်း ရပ်တည်နိုင်သူပါ။

တိမ်လွှာမြင့်မော် အပြင်မှာ ဆိုးပေမိုက်မဲသမျှ ငွေကြေးနှင့် လိုက် ဖြေရှင်းပေးပြီး နာမည်ဆိုး မတွင်အောင်လည်း ငွေနှင့်ဖုံးဖိ ပပျောက်အောင် လုပ်ပေးခဲ့သည်။

တိမ်လွှာမြင့်မော်က ဥစ္စာနေ အရှိန်အဝါနှင့် မိုက်မဲသော်လည်း ပညာရေးကိုတော့ နိုင်ငံခြားသွားချင်သည့်စိတ်နှင့် ကြိုးစားမှုရှိသည် ဆယ်တန်းကိုလည်း ဂုဏ်ထူးတွေ အများကြီးထွက်အောင် လုပ်နိုင်ခဲ့

''ဆရာဝန်ဖြစ်အောင်တော့ မြန်မာပြည်မှာပဲ ကျောင်းတက် လိုက်





မောင်လေးရယ်၊ ဆေးကုစားစရာလည်း လိုမှမလိုတာ၊ ပညာတွေ ဂုဏ်တွေ အဆင့်ဆင့်ရဖို့ ဘွဲ့လွန်တွေတက်မှ နိုင်ငံခြားကို သွားပေါ့၊ မမ ဘဝမှာ မောင်လေးရှိမှ ဖြစ်မှာမို့ပါ''

''အာ မမရယ် ကျွန်တော်က နိုင်ငံခြား ပညာသွားသင်ချင်လို့ ဒီလို ကြိုးစားခဲ့တာဗျ၊ မြန်မာပြည်မှာ ဆရာဝန်ဖြစ်ဖို့များ ဘာလို့ အပင်ပန်းခံနေမှာလဲ''

''မောင်လေးရယ် မမနဲ့ အချိန်အကြာကြီး ခွဲနေရမှာကို စဉ်းစားချက်တယ်၊ မမကတော့ မောင်လေးကို ဘယ်လိုမှ မခွဲနိုင်ဘူး မောင်လေး၊ တို့မောင်နှမမှာ တခြားတွယ်တာစရာ ရှိလို့လား။ မြန်မာပြည်မှာ မောင်လေး လုပ်ချင်ရာလုပ် မမ ခွင့်ပြုတယ်၊ မမ မျက်စိအောက်မှာပဲ နေပေးပါနော်''

တိမ်လွှာဝတီက ထိုသို့ စည်းရုံးကာ တိမ်လွှာမြင့်မော်ကို မျက်စိအောက်မှာပဲ ထားသည်။ တိမ်လွှာမြင့်မော်ကလည်း သူဖြစ်ချင်တာ မဖြစ်ရသည့်အတွက် အရွဲ့တိုက်ကာ လုပ်ချင်ရာတွေလုပ်သည်။

ဆေးကျောင်းသားဆိုသော်လည်း ပညာရေးကို အာရုံမစိုက်ဘဲ ဘားတစ်စီးဖြင့် အချိန်တွေဖြုန်း တေပေလေလွင့်နေသည်။

ကားချင်းတိုက်လို့ မော်ဒယ်မကြိုက်လို့ဖြင့် ကားတည့်လဲစီးနေတာလည်း သူ့ရဲ့စတိုင်တစ်ခုလိုဖြစ်နေသည်။

ကားမောင်းတော့လည်း ဖိမ်ခံကားရယ်လို့ ညင်သာငြိမ့်ညောင်းမှုမရှိ။ ဝုန်းဒိုင်းကျဲ ကြမ်းရမ်းကာ ဖြစ်ချင်ရာဖြစ်၊ တိုက်ချင်ရာတိုက် မောင်းသည်။

ဒါကြောင့်လည်း ဒီအဖြစ်ဆိုးမျိုး မကြုံသင့်ဘဲ ကြုံလိုက်ရတာ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကလူ ကံဆိုးသည့်အချိန်မှိုလည်း တိုက်ဆိုင်သွားတာနေမှာပါ။

ဒါကို တစ်ဖက်လူအပေါ် အပြစ်တွေအားလုံး ပုံချပြီး အငြိုး ထားနေလို့ ဖြစ်ပါ့မလား။ မှုတွေးပြီး ကိုယ်ချင်းစာပေးလိုက်လျှင် မရှိ နွမ်းပါးသူအပေါ် ငဲ့ညှာထောက်ထားရာ မရောက်ပေဘူးလား။

ခုတော့ နိမ့်ကျသူအပေါ် ဖနောင့်နှင့်ပေါက်ကာ ထပ်ပြီး အနိုင် ကျင့်ချင်နေပြန်သည်။ သက်ပြင်းရှိုက်ကာ ဒေါ်ခင်မြကြူ ဆိုဖာခုံနောက်မှီ မှာ လန်ကျသွားသည်။

"အန်တီကြူက ဝတီ ခံစားချက်ကို ဘယ်ကိုယ်ချင်းစာတတ်ပါ့ မလဲ၊ သံယောဇဉ်တွယ်စရာမရှိ အပျိုကြီးဘဝနဲ့ နေနေတာကိုး"

ပြဿနာက မိမိကို တိုက်ရိုက်ဦးတည်နေသည်။

ဉာဏ်မြင့်မော် အစ်မဝမ်းကွဲ တစ်ယောက်အနေဖြင့် ဉာဏ်မြင့် မော် သေဆုံးသွားသည့်အချိန်မှာ တွယ်တာစရာ မရှိတော့ဘူးလို့ ဆိုလို ချင်ဟန်တူသည်။

တိမ်လွှာဝတီတို့ မောင်နှမ မိမိလက်ပေါ်မှာ ကြီးပြင်းခဲ့ရတာ ကရော သံယောဇဉ် မဟုတ်ပေဘူးလား။ မခံချင်စိတ်နည်းနည်းဖြစ်ကာ ဒေါ်ခင်မြကြူ ကိုယ်ခန္ဓာက မတ်ခနဲ ဖြစ်သွားကာ

"အန်တီကြူကို တယူသန်အပြစ်တင်စကားနဲ့တော့ မတိုက်နိုက် ပါနဲ့ကွယ်၊ ဝတီတို့မောင်နှမကို ဝမ်းနဲ့လွယ်မမွေးရရုံတမယ် အန်တီကြူ ပြုစုစောင့်ရှောက်ခဲ့တာပါ၊ ခုကိစ္စကလည်း လူကြီးတစ်ယောက်အနေနဲ့ ဖြေသိမ့်နိုင်အောင် ပြောပြတာပါ"

"သွေးသား မတော်စပ်တဲ့ တစ်ဖက်လူကို ကိုယ်ချင်းစာပေးနေ တာပါ၊ အန်တီကြူ ပြောပေးနေတာပါ၊ ဒါကိုနာလို့လည်း ဝတီ ပြောနေ





တာ မဟုတ်ပါဘူး၊ မောင်လေးအတွက် အန်တီကြူလည်း နာကြည်းနေ သင့်တယ် မဟုတ်လား"

"ဟုတ်ပါပြီ အဲဒီလူတွေကို တိမ်လွှာမြင့်မော်အတွက် နာကြည်း တယ်၊ မုန်းတယ်ပဲထားပါတော့ တိမ်လွှာမြင့်မော်က အသက်ပြန်ရှင်လာ မှာမို့လား၊ ပြီးတော့ လိုင်းကားတိုးစီးနေရတဲ့သူတွေက သိန်းထောင်ကျော် တန်ကားကိုရော လျော်ပေးနိုင်မှာမို့လား၊ အပြစ်ပေးခံရမှာဆိုပေမယ့် ကိုယ့်ရဲ့သဘောထားကြီးကြီး ညှာတာမှုကြောင့် သက်တောင့်သက်သာ အပြစ်ဒဏ်ခံရတာ မကောင်းဘူးလား ဝတီရယ်"

"ဟင့်အင်း ဝတီမောင်လေးက လူ့ဘဝကြီးမှာ နေခွင့်မရတော့ ဘဲ သေလူဖြစ်သွားပြီလေ၊ ဝတီမောင်လေးက ဝတီအနားမှာ မရှိတော့ ဘူး၊ ဘဝပြောင်းသွားတာ၊ သေသွားတာ အန်တီကြူရဲ့၊ ဝတီက ဘာလို့ ကျေနပ်ပေးရမှာလဲ၊ ကိုယ်ချင်းစာပေးရမှာလဲ၊ အဲဒီလူသေမှ တစ်သက် တစ်ကျွန်းကျမှ"

"ဝတီ ဝတီလေး"

မျက်ရည်တွေနှင့် အော်ဟစ်ပြောရင်း ဝတီအသံတွေ တုန်ခါ တိမ်ဝင်ပြီး ဆိုဖာခုံပေါ် အရုပ်ကြိုးပြတ်ပုံကျသွားသည်။ ပျာပျာသလဲ ပွေ့ထူပြီး အိမ်ကဝန်ထမ်းတွေကို မီးသားစုဆရာဝန် ပင့်ခိုင်းရသည်။

ကိုယ့်ရဲ့စိတ်က ကိုယ့်ကို ပြန်ဒုက္ခပေးတတ်တာ ဝတီ မသိလေ ရော့သလား။ ဟိုအရင်ကလည်း အလုဂုဏ် ခနဂုဏ်ဖြင့် မာန်မာနတွေ ရုံးလွှမ်းနေပြီး တိမ်လွှာဝတီက ဘယ်သူ့ကိုမှ လူရာသွင်း မဆက်ဆံတတ် ပါ။

ဟိုတယ်က ဝန်ထမ်းတွေ အိမ်က အခြွေအရံတွေကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



အဆင့်အတန်း ခွဲခြား၍ နှိမ့်ချဆက်ဆံတတ်တာ အကျင့်ဗီဇလိုပင် ဖြစ်နေခဲ့သည်။

ငွေကြေးဂုဏ်ဓနတွေ ပြည့်စုံချမ်းသာတိုင်း မာန်မာနဖြင့် မောက်မာလို့ မရဘူးဆိုတာ ဒီဘက်ခေတ်လူငယ်တစ်ယောက်အနေဖြင့် နားလည်သဘောပေါက်ဖို့ ကောင်းသည်။

လူတိုင်းမှာ နာကျင်ခံပြင်းတတ်သည့် စိတ်တွေနှင့်ပါ။

အားမတန်လို့ မာန်လျှော့နေလိုက်ရသည့် လူတွေရဲ့ရင်ထဲမှာ လက်တုံ့ပြန်လိုသော ဆန္ဒတွေ ရှိလာအောင် ဖိအားမပေးသင့်။ ကိုယ့်ဘဝက အမြဲအမြင့်မှာ နေရမည်လို့ တစ်ထစ်ချ သေချာပေါက် တွက်ဆထားလို့မှ မရတာ။

လူ့ဘဝဆိုတာ နိမ့်ချည်မြင့်ချည် စုံချည်ဆန်ချည်. . .။

■ ■ ■



## အခန်း (၄)

"အဲဒါတော့ မတရားဘူး။ ဖေဖေက ဥပဒေက ပြစ်ဒဏ်ပေးတာလည်း ခံရမယ်၊ သူတို့ ဆုံးရှုံးပျက်စီးသွားတဲ့ကားတန်ဖိုးလည်း လျော်ရမယ်ဆိုတော့ ညီမလေးတို့က ဘာကို ပေါင်ရောင်းပေးရမှာလဲ၊ ဒီအိမ်နဲ့ ဝိုင်းကို ရောင်းရင်တောင် သိန်းငါးဆယ်ရမှာ မဟုတ်ဘူး"

"ဒီလောက်နဲ့ ကျေနပ်ပေးမယ်ဆိုရင်တောင် ဖေဖေ အပြစ်ဒဏ် ပေါ့လျော့အောင် ဒီအိမ်နဲ့ဒီခြံကို ကိုကိုရောင်းပေးလိုက်ပါတယ် ညီမလေးရယ်၊ အခုဟာက ဘာတွေ ဘယ်လိုလုပ်ပေးပေး ကျေနပ်မှာမဟုတ်ဘူး။ ဖေဖေ့ကို ထောင်နှစ်အများကြီးကျဖို့ပဲ ဆန္ဒရှိနေကြတာ"

"သူတို့က အဲလိုပြောတာလား"

"ကာယကံရှင်တွေနဲ့ မတွေ့ရပါဘူး။ သူတို့ ငှားထားတဲ့ ရှေ့နေက ပြောတာ၊ ငွေကုန်မလိုက်နဲ့၊ ဟိုဘက်က ငွေအင်အားတောင့်တင်းလို့ ငွေကိုလည်း မက်တာမဟုတ်ဘူး၊ လူချင်းတွေ့ပြီး တောင်းပန်လို့လည်း ကျေအေးပေးမှာ မဟုတ်ဘူး။ အပြစ်ဒဏ်ပဲ များများကျခံစေချင်တာတဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့မှာ မိတ်မရှိလို့ မိတ်ချင်း ကိုယ်ချင်းမစာတတ်တာ နေမှာပေါ့ ကိုကိုရယ်၊ ရက်စက်လိုက်ကြတာ၊ ရက်စက်လိုက်တာ"

မေယမုံဖူး သည်းသည်းထန်ထန် ရှိုက်ငိုနေစဉ်မှာ တိမ်မယံ ရင်ထဲလည်း အဆမတန် နာကျင်နေပါသည်။

ဘယ်လိုညှိနှိုင်း ညှိနှိုင်း အဆင်မပြေနိုင်တော့သည့်မို့ ဖေဖေ့ကိုလည်း သနားလှသည်။ မြေနိမ့်ရာ လှံစိုက်ချင်ကြတာ လူချမ်းသာတွေရဲ့ ပင်ကိုယ်စရိုက်များလား။

"ကိုကိုလည်း အဲဒီလူတွေကို တွေ့ကြည့်ပြီး ဒူးထောက်တောင်းပန်ဖို့အထိ စဉ်းစားပါသေးတယ်၊ ဒါပေမဲ့ သူတို့ရှေ့နေက လုံးဝ အတွေ့မခံဘူး။ လိပ်စာမပေးဘူး။ မြန်မြန်စီရင်ချက်ချ အပြစ်ဒဏ်ခံဖို့ပဲ အင်တိုက်အားတိုက် လုံးပန်းနေကြတယ်၊ သေသွားတဲ့ ကောင်လေးရဲ့ အစ်မက တော်တော် အပြုအာဃာတကြီးတာပဲ၊ ဒီလောက်တောင် ဖြစ်နေရလားဆိုပြီး အဲဒီ မိန်းမကို ကိုကို သွားသတ်ဖို့တောင် စိတ်ကူးမိတယ်"

"အဲ အဲလိုတော့ မလုပ်ပါနဲ့ ကိုကိုရယ်၊ ကိုကို စိတ်လိုက်မာန်ပါလုပ်လိုက်လို့ တစ်ခုခုဖြစ်သွားရင် ညီမလေး ဘယ်သူ့ကို အားကိုးရမှာလဲ၊ အ အခု ဖေဖေကလည်း"

"ညီမလေးရယ် ညီမလေး အဲလိုမျိုး တစ်ယောက်တည်း ကျန်ရစ်အောင် ကိုကို မိုက်ရူးရဲ မဆန်ပါဘူးကွာ"

"ကိုကိုက ဒီလိုအခြေအနေတွေဖြစ်လို့ စိတ်ထိန်းနေတာပါ၊ ကိုကိုက မဟုတ်မခံစိတ်နဲ့ ဂျစ်ကန်ကန်နေတတ်တာ ညီမလေး သိပါတယ်နော်"

"ဪ အဲဒါက ပတ်ဝန်းကျင်နဲ့ သဟဇာတ မဖြစ်တဲ့အချိန်





မျိုးမှုပါကွာ၊ ဖေဖေနဲ့ ညီမလေးအပေါ် ကိုကို အဲလိုလုပ်ဖူးလို့လား၊ အခုဟာကလည်း ဟိုတစ်ဖက်က အရမ်းကို တင်းမာနေလို့ ဒေါသဖြစ်တာပါ၊ ညှိနှိုင်းလို့ ရရင်တောင် ဖြေသာပါသေးတယ်"

ရဲစခန်းက ပြန်လာပြီးမှ တိမ်မယံ အသားတွေ တဆတ်ဆတ်တုန်အောင် ဒေါသတွေ ဖြစ်နေမိတာပါ။

ဖေဖေ မျက်ရည်တွေကို မြင်ခဲ့ရတော့ ပိုပြီးတောင် မခံမရပ်နိုင်ဖြစ်ရသည်။

"သူတို့ဘက်က ဖြစ်စေချင်သလို ဖြစ်ပေးလိုက်တာ ကောင်းပါတယ် သားရယ်၊ ကိုယ့်ဘက်က အသက်ရှင်လျက် ရှိသေးတယ်၊ သူတို့က လူတစ်ယောက်လုံး ဆုံးရှုံးလိုက်ရတာ မဟုတ်လား၊ အိမ်တွေ ဝိုင်းတွေ ရောင်းဖို့လည်း မစဉ်းစားနဲ့၊ ဖေဖေတို့မှာ သားနဲ့သမီးကိုပေးဖို့ အဲဒါလေး ပဲ ပိုင်ဆိုင်တာပါ၊ သား ညီမလေး အားမငယ်အောင်သာ ဂရုစိုက်ပါ သားရယ်၊ ဖေဖေ့အတွက် တွေးမပူကြနဲ့၊ စိတ်မဆင်းရဲကြနဲ့နော်"

သေချာမှာလိုက်ပေမယ့် ဒီအဖေအတွက် မပူဘဲ နေပါ့မလား။ အသက်အရွယ်အရရော သူတို့အတွက် ရုန်းကန်ခဲ့ရသည့် ဒဏ်တွေကြောင့်ရော ထောင်ထဲမှာ အချိန်ကြာကြာ ခံနိုင်ရည်ရှိမှာ မဟုတ်။

ထိုလူတွေဘက်က လူ့အသက်တစ်ချောင်း ဆုံးရှုံးခဲ့ရတာမှန်ပေမယ့် ကိုယ့်ဘက်မှာလည်း လူသုံးယောက် ဘဝသုံးခု ပျက်စီးနစ်နာရတာပဲ မဟုတ်ပါလား။

ကိုယ်က ပညာရေး ဆုံးခန်းမတိုင်ဘဲ အလုပ်လုပ်ရမည်။ ဖေဖေက ထောင်ထဲမှာ သွေးနှင့်ချွေးနှင့် ပေးဆပ်ရမည်။

ညီမလေးက သိမ်ငယ်မှုတွေ၊ ဝမ်းနည်း နာကျင်မှုတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရှင်သန်ရမည်။ ဘယ်သူမှ သက်တောင့်သက်သာ မရှိပါ။

"ဖေဖေက ဘာပြောလိုက်သေးလဲ ကိုကို"

"ဟင် ခြော် ညီမလေးကို ဂရုစိုက်ဖို့ပဲ တဖွဖွမှာတာပေါ့၊ အိမ်နဲ့ဝိုင်းကိုလည်း မရောင်းစေချင်ဘူး။ ကိုကိုကျောင်းထွက်ပြီး အလုပ်လုပ်မှာကိုလည်း စိတ်မကောင်းနဲ့၊ ဖေဖေလည်း အရမ်း စိတ်ပင်ပန်းနေပါပြီ"

"ဖေဖေ အရမ်းသနားစရာကောင်းတယ်နော် ညီမလေး လိုက်လာတုန်းက ဖေဖေ အရမ်းငိုလို့ ညီမလေး မလိုက်ချင်တော့တာ၊ ညီမလေး တစ်ခု စဉ်းစားမိတယ် ကိုကို"

"ပြောလေ ညီမလေး ဘာအကြောင်းလဲ"

"ကိုကိုက ကျောင်းပြီးဖို့ ဒီတစ်နှစ်ပဲ လိုတော့တာ၊ ကိုကို ကျောင်းပြီးအောင် ဆက်တက်လိုက်ပါလားဟင်၊ ညီမလေး အလုပ်တစ်ခုခု လုပ်ပြီး ဝင်ငွေရှာမှာပေါ့၊ ညီမလေး ဘွဲ့ရဖို့ဆိုရင် ကိုကို သုံးလေးနှစ်ကြီးတောင် ရှန်းကန်ရမှာ"

မေယမုံဖူးလေးရဲ့ စေတနာအတွက် သူ့ရင်မှာ ပီတိဖြင့် ကြည်နူးသွားခဲ့ရသည်။ အစ်ကိုကြီးတစ်ယောက်ရဲ့ မေတ္တာတွေနှင့် ယမုံဖူး ခေါင်းလေးကို ဖွဖွပုတ်လိုက်၏။

"ကိုကိုက ယောကျ်ားလေး၊ ကိုကို့အတွက် တွေးပူစရာ မလိုဘူး ညီမလေးရဲ့၊ ဘွဲ့မရလို့ အလုပ်ကြမ်းလုပ်ရလည်း ညီမလေးအတွက်ဆို အပင်ပန်း ခံနိုင်ပါတယ်၊ ပြီးတော့ ဖေဖေ့ကျေးဇူးတွေကို ဆပ်ခွင့်ရတယ်လို့လည်း သဘောထားတယ်"

"အဲဒီ ကျေးဇူးတရားအတွက်ဆိုရင်တော့ ကိုကို အပင်ပန်းမခံပါနဲ့





ကိုကို့ဖေဖေနဲ့ ဖူးဖူး ဖေဖေနဲ့က အပြန်အလှန် ကျေးဇူးတရားတွေ ရှိခဲ့ကြတာလို့ ပြောပါတယ်၊ ဒါကြောင့်လည်း ကိုကို့ကို သားအရင်းတစ် ယောက်လို မွေးစားခဲ့တာ"

"ကိုကို နားလည်ပါတယ် ညီမလေးရယ်၊ ဒါပေမဲ့ နှစ်အိမ်ထောင်ပေါင်းမှ ဒီမိသားစုလေးပဲ ရှိတာလေ၊ ဖေဖေ ဒီလိုဖြစ်မှတော့ ညီမလေး အပေါ် ကိုကို တာဝန်ကျေရမှာပေါ့၊ ကိုကို့အတွက် စိတ်မကောင်း မဖြစ်နဲ့ ညီမလေး၊ ညီမလေးဘဝကို စောင့်ရှောက်ခွင့်ရမယ်ဆိုရင် ကိုကို ကျေနပ်တယ်"

"ကို ကိုကို ဘာအလုပ်လုပ်မှာလဲဟင်၊ အလုပ်ကြမ်းတွေ လုပ်ရမှာဆိုရင်တော့ ညီမလေး ကျောင်းမတက်ချင်တော့ဘူး ကိုကို ပင်ပန်းမှာကို ညီမလေး မကြည့်ရက်ဘူး ကိုကို"

မေယမုံဖူးက သူ့ရင်ခွင်မှာ မှီနွဲ့လာပြီး စိုးရိမ်ပိုစွာ ပြောသည်။ အရွယ်လေး ရလာသည်နှင့်အမျှ သွေးသားမတော်စပ်ဘူးဆိုသည့် အသိစိတ်က သူ့ရင်ကို တုန်ခါသွားစေသည်။

မရိုးမသားစိတ်နှင့် မဟုတ်ပါဘဲ မသင့်တော်ဘူးဆိုသည့် အသိစိတ်ဝင်နေခဲ့တာကြောင့် ဖြစ်သည်။

သူတို့အခြေအနေကို ပတ်ဝန်းကျင်ကလည်း သိနေပြီးသားပါ။ ဒါပေမဲ့ အရွယ်လေးတွေ ရောက်လာတော့ မေးငေါ့ အရှာင်းပြောချင်လာကြသည်။

ခုဆို ဖေဖေက ထောင်ကျနေပြီး တစ်အိမ်တည်း အတူနေကြသည့် သူတို့နှစ်ယောက်ကို ပတ်ဝန်းကျင်က ပိုပြီး ဖွတ်အတင်း သမုတ်ပြောဆိုကြတော့မှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စိတ်ကိုယ်ကို ရိုးသားပေမယ့် ပတ်ဝန်းကျင် အရောင်ပြောင်းခံရလို့ ကိုယ်ကျင့်သိက္ခာတွေ ထိခိုက်မှာမျိုးတော့ သူ မလိုလားပါ။

ညီမလေးက အပျိုပေါက် ဖူးငုံသစ်စအရွယ်လေးမို့ ပတ်ဝန်းကျင်ကို ပိုဂရုစိုက်နိုင်မှဖြစ်မည်။

တိမ်မယံ သက်ပြင်းရှိုက်လျက် ညီမလေးကို မသိမသာ ဖယ်ခွာကာ ထရပ်လိုက်သည်။

''ဟိုတစ်ခါ ညီမလေးတို့ဆီကို တစ်လလောက် လာနေသွားတဲ့ ရွာက အဒေါ်ဝမ်းကွဲဆိုတာကို အဖော်ရအောင် ခေါ်ထားရင် ကောင်းမယ်ထင်တယ်''

''ဟင် ဘာဖြစ်လို့လဲ ကိုကို''

''ကိုကိုက အလုပ်ထွက်လုပ်နေရင် ညီမလေး တစ်ယောက်တည်း အိမ်မှာမဖြစ်ဘူးလေ၊ ကြီးကဲတဲ့သူတစ်ယောက် အိမ်မှာရှိနေတာ ပိုကောင်းတာပေါ့ ညီမလေးရဲ့''

''ကိုကိုက အချိန်ပြည့် အိမ်မှာမရှိအောင် ဘာအလုပ်တွေ လုပ်မှာမို့လဲ''

''ဪ ဖေဖေ ကားမောင်းသင်ပေးထားလို့ ကားမောင်းလည်း တတ်တယ်၊ ကားလိုင်စင်လည်း ရှိတာပဲ၊ အဲဒါ လုပ်ဖြစ်ရင်လုပ်၊ ဒါမှ မဟုတ်လည်း တခြားရရာ အလုပ်တစ်ခုပေါ့ကွာ၊ အလုပ်လုပ်ပြီဆိုရင် ညီမလေးကို အချိန်ပြည့် ဂရုစိုက်နိုင်မှာ မဟုတ်ဘူး၊ အဲဒါကြောင့်ပါ''

သူ့ဆင်ခြေက လုံလောက်ပေမယ့် ညီမလေးပုံစံက မချိမဆံ့နှင့် ညှိုးမှိုင်သွားပါသည်။

''ဒီလို အပြောင်းအလဲတွေနဲ့ ကြုံတွေ့ရမယ်လို့ ဘယ်တုန်းကမှ





တွေးမထားမိခဲ့ဘူး ကိုကိုရယ်''

''ညီမလေးက ကလေးလေးပဲ ရှိပါသေးတယ်၊ အကြီးကြီး မတွေးပါနဲ့၊ ကိုကို့စောင့်ရှောက်မှုအောက်မှာ ပညာကိုသာ ကြိုးစားသင်ပါ၊ လောကဓံနဲ့ဘဝဆိုတာ လှိုင်းတွေလို အနိမ့်အမြင့် ပြေးလွှားနေတာဘဲ သမတ်တည်း အငြိမ်မှမဟုတ်ဘဲ''

''ကိုကို လူကြီးဖြစ်လာပြီနော်၊ စကားပြောတာတွေ အရမ်းရင့်ကျက်လာတယ်၊ ဘဝရဲ့ နာကျင်မှုတွေကြောင့်လား ကိုကို''

တိမ်မယံ ညင်ညင်သာသာပင် ခေါင်းယမ်းပြလိုက်သည်။

''ကိုကို့ဘဝကို နာကျင်စရာကောင်းတယ်လို့ ဘယ်တုန်းကမှ မတွေးခဲ့ပါဘူး၊ ညီမလေးနဲ့ ဖေဖေ့လို မိသားစုဘဝမျိုးနဲ့ ဆုံဆည်းရတာ ကိုကို ကျေနပ်ပါတယ်၊ ဖေဖေနဲ့ ရှင်လျက်ခွဲခွာရတာကိုပဲ နာကြည်းတာ''

သူ့ရင်ထဲက ဆန္ဒအမှန်တွေကို ထုတ်ဖော်ဝန်ခံလိုက်သည်။ ဘကယ်ကို စေတနာ ဆန္ဒတွေပါ။

မေယမုံဖူးနှင့် ဦးမြင့်ကျော်က သူ့ဘဝရဲ့ တွယ်တာရာပဲ မဟုတ်ပါလား။

နောင်ဘဝမှာလည်း မိသားစုဘဝမျိုးနှင့် ဆုံတွေ့ပါရစေလို့ သူ ဆုတောင်းသည်။ ဆုတောင်းတိုင်း ပြည့်မလာနိုင်မှန်း သိလျက်နဲ့ ဖေဖေ ထွက်မြောက်လာပါစေလို့လည်း ဆုတောင်းမိသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ဘာ အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ငါးနှစ် ဟုတ်လား၊ ဒါပဲကျ
ရတယ်ပေါ့၊ ကျွန်မတို့က လူ့အသက်တစ်ချောင်းလုံး ဆုံးရှုံးထားရတာ
ဘာလို့ အဲလောက်လေးတဲ့လဲ"

"တရားဥပဒေဆိုတာ တရားနည်းကျကျပဲ ထိုက်သင့်တဲ့ အပြ
ဒဏ်ပေးတာပါ၊ ကျွန်တော်တို့ လိုသလို ဆွဲအသုံးချလို့ မရပါဘူး၊ 
တောင် ကျွန်တော်တို့ဘက်က တိတိကျကျ ချေဖျက်နိုင်လို့ပါ၊ ဒီလောက်
ဖြစ်သွားတာလည်း ကျေနပ်သင့်ပါတယ်"

ရှေ့နေကြီးက လေအေးလေးဖြင့် ဖျောင်းဖျနေပေမယ့် တိမ်လွှ
ဝတီ ခေါင်းတယမ်းယမ်းနှင့် မကျေနပ်နိုင်ပါ။

"ကျွန်မက ကျွန်မ မောင်လေးနဲ့ ဘယ်တော့မှ ပြန်မတွေ့နိုင်
တော့ဘူး၊ သူတို့က ငါးနှစ်ပြည့်ရင် မိသားစု စုံစုံညီညီနဲ့ ပျော်ရွှင်နေကြမှာ
ဒါကို တရားတယ်လို့ ခေါ်မလား ရှေ့နေကြီး"

"ကံကြမ္မာကြောင့်လို့ ဖြေလိုက်ရင် မိန်းကလေး သဘောပေါက်





နားလည်သွားမှာပါ၊ ဘယ်သူမှ ကြမ္မာဆိုးကို ဖြစ်ပါစေလို့ မတောင့်တ
ကြပါဘူး၊ ဖြစ်လာရင်လည်း လွန်ဆန်လို့မရဘူးလေ၊ မောင်လေးအတွက်
သာ ကောင်းရာသုဂတိလားပါစေလို့ ဆုတောင်းနေလိုက်ပါ"

ရှေ့နေကြီးက ဖျောင်းဖျနားချပြီး ပြန်သွားခဲ့သည်၊ တိမ်လွှာ ဝတီက
နားမယောင်နိုင်ဘဲ သွေးပွက်ပွက်ဆူကာ ကျန်ရစ်ခဲ့၏။ ဒီအတိုင်းအဆုံး
သတ်လိုက်ရတော့မှာ ဖြစ်ပေမယ့် ရင်ထဲမှာ အမုန်းတရားတွေက ကျန်ရစ်ဆဲ
ပါ။

မောင်လေးနှင့် ဝေးကွာစေသော တရားခံကို သူမ အလွယ်တကူ
ခွင့်ပျောက်မပစ်နိုင်ပါ။

"အန်တီကြူ"

"လာ လာပြီ ဝတီလေး၊ ဘာပြောစရာရှိလို့လဲ"

ဝတီ့အသံက တိုက်ကြီးတစ်ခုလုံး ဟိန်းထွက်သွားသလို ဒေါ်
ခင်မြကြူ သုတ်ခနဲ အပြေးရောက်လာသည်။

"ဒရိုင်ဘာကို ကားရေဆေးပြီး အဆင်သင့်ပြင်ခိုင်းထားလိုက် ပါ"

"ဟင် ဝတီလေး ဟိုတယ်သွားတော့မလို့လား"

"စိတ်နဲ့ကိုယ်နဲ့ မကပ်ဘဲ နေလာခဲ့တာ၊ ဒီနေ့ အဆုံးသတ်သွား
ပြီ၊ အိမ်မှာနေရင် မောင်လေးကို ပိုသတိရနေမှာစိုးလို့ အလုပ်ထဲမှာ
အချိန်ဖြုန်းမှဖြစ်မယ်၊ အဲဒါကြောင့် သွားမှာ"

"အဲ အဲဒါက ဟုတ်ပါတယ်၊ ဒရိုင်ဘာက အလုပ်ထွက်သွား ပြီ၊
ဘယ်လိုလုပ်ကြမလဲ"

"ဘာ ဒီဒရိုင်ဘာကို အလုပ်ခန့်ထားတာမှ တစ်လ မပြည့်သေး
ဘူး အလုပ်ထွက်သွားပြန်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ဝတီ ဒဏ်မခံနိုင်လို့လေလို့ ဒေါ်ခင်မြကြူ ပြောထွက်ချင်လှ သည်
ဝတီ ပိုင်ဆိုင်မှုတွေ ဆက်ခံပြီးမှ ဟိုတယ်မှာရော အိမ်မှာရော ဝန်ထမ်းမမြဲပါ
ဆင်းရဲလို့ အလုပ်လာလုပ်ကြပေမယ့် ဝတီရဲ့ မောက်မာမှု
အဆင့်အတန်းခွဲမှုဒဏ်တွေကို မခံနိုင်လို့ ပြန်ပြေးကြခြင်းပင်။

"ထုံးစံအတိုင်း နောက်တစ်ယောက် ရှာကြည့်ပေါ့ ဝတီလေး
ရယ်၊ တကယ် အလုပ်လိုချင်ပြီး တိုက်ဆိုင်တဲ့သူတော့ ရောက်လာဦးမှာ
ပါ"

"နေပါစေတော့ ဒရိုင်ဘာ ထပ်ရှာဖို့လည်း စိတ်မကူးတော့ပ
ဘူး၊ အဲလိုတွေနဲ့ ထပ်ဆုံနေရရင် အချိန်ကုန်တယ်၊ အလုပ်ကို လက်
ကြောတင်းအောင် မလုပ်ချင်ကြလို့ ဆင်းရဲမွဲတေနေတဲ့သူတွေက ဟ
အကြောင်းပြ ဒီအကြောင်းပြနဲ့ ဆင်ခြေတွေပေးနေကြဦးမှာ၊ ငါ ဘာကြောင့်
ဆင်းရဲတာလဲဆိုတာ မတွေးချင်ကြဘူး၊ ချမ်းသာတဲ့ ငွေရှင် ကြေးရှင်
လုပ်ငန်းရှင်တွေကိုသာ မောက်မာလို့ မာနကြီးလို့ အဆင့် အတန်း ခွဲလို့ဆိုပြီ
အပြစ်ရှာနေကြတာ"

"ဒါကတော့ကွယ် တချို့ကြတော့လည်း အိမ်မှာ ဆားဖြူးစာ
မယ်၊ သူများအပြောအဆို မခံဘူးဆိုတဲ့ မရှိမာနလေးတွေကြောင့်ပါ"

"အဲဒါပြောတာပေါ့၊ ဆင်းရဲမွဲတေရခြင်းရဲ့ အကြောင်းအရင်းက
ဒါပဲ၊ ကိုယ့်ဘဝနဲ့ တန်သလို အောက်ကျခံသင့်ရင်လည်း ခံရမှာပေါ့
အလုပ်ပျင်းလို့ ဆင်ခြေပေးတဲ့ မာနမျိုးနဲ့ ဘယ်သူချမ်းသာတာ တွေ့ဖူးလို့
လဲ၊ တကယ်ဆို ကံ ဉာဏ် ဝီရိယအကျိုးပေးအတိုင်း မပျင်းမရိ ကြိုးစာ
လို့ ချမ်းသာတဲ့သူတွေကို မနာလို မဖြစ်သင့်ဘူး"

မသက်ဆိုင်သော စကားတွေနှင့် တိမ်လွှာဝတီ ပေါက်ကွဲနေတာ





ဘာကြောင့်ပါလဲ။ အတိတ်ကံကြောင့် ဆင်းရဲတွင်းက မလွတ်မြောက်နိုင်
သော သူတွေကို ဒီလို အပြစ်ပုံမချသင့်ဘူး ထင်သည်။

ဆင်းရဲတဲ့သူတိုင်း အလုပ်မလုပ်ချင်ဘဲ ပျင်းရိနေကြသူတွေ
ဟုတ်နိုင်ပါ။ လုပ်တိုင်းမဖြစ်လို့ စိတ်ဓာတ်ကျ ငုတ်တုတ်ထိုင်နေသူတွေ
သည်း ရှိချင် ရှိနေမှာပဲပေါ့။

ဒီလိုလူတွေကိုတော့ အလုပ်မလုပ်လို့ ဆင်းရဲနေသူတွေဟု မစွပ်
သင့်။

"ကဲပါ ဝတီရယ် ဟိုတယ်ကို ဒီနေ့သွားမယ် မဟုတ်လား၊
မှုမစိုက်နိုင်ဘဲ ပစ်ထားတာလည်း တစ်လလောက်ရှိပြီဆိုတော့ လုပ်စရာ
အလုပ်တွေလည်း ပိနေရောပေါ့၊ ဒရိုင်ဘာ မရှိလည်း ကိုယ်တိုင် ကား
မောင်းတတ်နေတာပဲ၊ ဟိုလေ ဝန်ထမ်းတွေနဲ့တော့ အဆင်ပြေပြေ
ဆက်ဆံပါကွယ်"

"ဝတီ ဆက်ဆံရေးကြောင့် ဝန်ထမ်းတွေ အလုပ်ထွက်တယ်
ထင်လို့လား အန်တီကြူ"

ဒေါ်ခင်မြကြူ ငြိမ်သက်နေလိုက်သည်မို့ ဝန်ခံသလိုဖြစ်သွားကာ
တိမ်လွှာဝတီရဲ့ ခနိုးခနဲ့ ရွဲ့ခြင်းကို ခံလိုက်ရသည်။

"ငါးကန်းသေရင် ငါးစွေပေါ်လိမ့်မယ် အန်တီကြူ၊ ဘယ်
ဝန်ထမ်းကိုမှ လေချိုသွေးပြီး ဆွဲထားမှာ မဟုတ်ဘူး"

"အေး ညည်းတို့အတွက် အလုပ်သမား မရှားသလို သူတို့
အတွက်လည်း အလုပ်ရှင်ပေါတယ်ဆိုတာ နားလည်သဘောပေါက်ထားပါ၊
အလုပ်ရှင်ကောင်း အလုပ်သမားကောင်းရဖို့အတွက်တော့ ညည်းရော
သူတို့ရော အရေးကြီးတယ်၊ အလုပ်ရှင်ပဲဖြစ်ဖြစ် အခစားဝန်ထမ်းပဲ ဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာပေးမှ မေတ္တာပြန်ရတာ ကိုယ်က သစ္စာရှိမှ သူတို့ကလည်း သစ္စာပြန်ရှိမှာ''

''အန်တီကြူက အလုပ်သမားတွေဘက်က ရပ်တည်ပေးနေတဲ့ ရှေ့နေလား''

အဒေါ်ဖြစ်ပေမယ့် တိမ်လွှာဝတီက ပက်ခနဲ ပြန်ပြောဖို့ ဝန်မလေးပါ။ ထိုသို့ ပြောလို့လည်း ဒေါ်ခင်မြကြူ ဘယ်သောအခါမှ စိတ်မဆိုးခဲ့ပေမယ့် ဒီတစ်ခါတော့ နည်းနည်း ခံပြင်းနေကာ

''အဲဒီ ဝန်ထမ်းတွေက ငါ့သွေးသား မဟုတ်တဲ့အတွက် ရှေ့နေလိုက်ပေးစရာ မလိုပါဘူး။ ညည်းကိုသာ စေတနာနဲ့ သတိပေးနေတာ၊ ရန်သူများရင် လုပ်ငန်းတိုးတက်မှု နှောင့်နှေးတယ်၊ ဝန်ထမ်းကောင်း မရရင်လည်း အောင်မြင်မှု မရနိုင်ဘူး တိမ်လွှာဝတီ၊ ညည်းအဖေလက်ထက်ကလို မဟုတ်ဘဲ ဝန်ထမ်းတွေအနေ မမြဲတာ ညည်းအတွက် နိမိတ်မကောင်းဘူး''

''တစ်ယောက်မှ မရှိလည်း ဝတီ တစ်ယောက်တည်း ရပ်တည်မယ် အန်တီကြူ။ ဝတီ တွယ်ဖက်ထားမိတဲ့ မောင်လေးတောင် ဝတီ့အနားမှာ မရှိတော့ဘဲနဲ့၊ ဝတီက ဘာကိုမက်မောနေရဦးမှာလဲ၊ အဲဒီ ဟိုတယ်ကြီး ပိတ်လိုက်ရလည်း ဝတီ မလွမ်းဘူး''

''အဲဒါက ခဏတာ နာကျင်မှုကြောင့် တလွဲချော် စိတ်ကူးယဉ်ပြီး ပြောနေတာပါ၊ အပြိုင်အဆိုင်တွေနဲ့ တကယ် ရှုံးတော့မယ်ဆိုရင် ညည်းခံနိုင်ရည်ရှိပါ့မလား။ ပြည့်စုံတဲ့သူတွေက ပိုပြီးလောဘကြီးတတ်ကြပါတယ်အေ''

ဒေါ်ခင်မြကြူ စကားတွေ မှန်နေတော့ တိမ်လွှာဝတီ ငြိမ်သက်





သွားရသည်။ တကယ်လည်း လက်ဝယ်ပိုင်ပိုင် ဆုပ်ကိုင်ထားနိုင်သော အောင်မြင်မှုတွေကို အပြိုင်အဆိုင်တွေကြောင့် ကျရှုံးမခံနိုင်ပါ။ အဆင်သင့်ရလိုက်သည့် လုပ်ငန်းတွေဆိုပေမယ့် ကိုယ့်ရဲ့ ကြိုးစားမှုကြောင့် တိုးတက်ဘတာမျိုးလည်း ဖြစ်ချင်သည်။

ဒါပေမဲ့ မောင်လေး သေဆုံးပြီးကတည်းက ကိုယ့်စိတ်ကိုယ် ထိန်းချုပ်နိုင်တော့အောင် လွှတ်နေခဲ့သည်။ အရာရာ စိတ်တိုင်းမကျ၊ အကျနပ်မှုတွေနှင့် ဘယ်သူ့အပေါ်မှ ကိုယ်ချင်းစာကြည့်လို့မရ။

အမြဲတမ်း ဒေါသသွေးတို့ ဆူဝေနေကာ မြင်မြင်သမျှ ရန်လိုနေသည်။ တစ်ဖက်လူလည်း ထောင်ကျသွားပြီမို့ စိတ်တို့ အနည်ထိုင်သင့်ဆိုပေမယ့် ခုချိန်ထိ သွေးပူ၍ ဂနာမငြိမ်သေးပါ။

မောင်လေးကို သူမရဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုလို ချစ်မြတ်နိုးခဲ့ရသည်မို့ လွယ်လွယ် စိတ်ပြေပျောက်ဖို့ ခဲယဉ်းလှသည်။ မောင်လေးကတော့ ဘယ်ဘဝမှာ ဘယ်လိုကျင်လည်နေရပြီလဲ မသိ။

မမရင်ထဲမှာတော့ အသစ်အတိုင်း ပူနွေးနာကျင်နေဆဲပါ မောင်လေးရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"မြန်း ခွမ်း"

စိတ်အလိုမကျစွာ စားပွဲပေါ်ရှိသမျှ တွန်းထိုးဖယ်ချပစ်လိုက်၍ မန်နေဂျာ ဦးသိန်းထိုက် မျက်လုံး မျက်ဆံပြူးကာ ကတုန်ကယင် ဖြစ်သွားရသည်။

တိမ်လွှာဝတီ မျက်လုံးတွေက စူးရှပြင်းထန်လွန်း၏။

အပြစ်မဲ့သော Laptop လေးက ပါကေးခင်းပေါ်မှာ တစ်စစီ ပြန့်ကျဲလို့။

"လချုပ်စာရင်းမှာ ဘာကြောင့် အမြတ်ငွေတွေ ထိုးကျသွားတာလဲ ဦးသိန်းထိုက်၊ ဝန်ထမ်းတွေကို ကျွန်မက လစာငွေပေးဖို့ အိတ်စိုက်ထုတ်ရှင်းပေးရမှာလား။ ရှင့်မှာ တာဝန်ရှိလား မရှိဘူးလား ဦးသိန်းထိုက်"

"ရှိ ရှိပါတယ် ဒါပေမဲ့ လုပ်ငန်းအပြိုင်အဆိုင်တွေကြောင့် ဒီအခြေအနေ ဖြစ်သွားရတာပါ"

"အဲဒါ ဆင်ခြေတစ်ခုပဲ ဦးသိန်းထိုက်၊ ကျွန်မတို့ဟိုတယ်က





အခုမှ စပေါ်လာတာမှ မဟုတ်တာ၊ ဒီဟိုတယ်ကြီးနဲ့ ဖေဖေ ရပ်တည်လာခဲ့တာပဲ ဆယ်နှစ်ဝန်းကျင်ရှိပြီ၊ ကျွန်မ လက်ထက်မှ ဒီလိုဖြစ်ရတယ်ဆိုရင် ကျွန်မ ဂုဏ်သိက္ခာ ဘယ်မှာသွားရှာရမှာလဲ"

"ဒါက ဒီလိုရှိပါတယ် ဝတီရယ်၊ တခြားဟိုတယ်တွေက ခေတ်နဲ့အညီ ဝန်ဆောင်မှုတွေ ကံစမ်းမဲတွေ အများကြီးပေးနေကြပါတယ်၊ ဥပမာ မင်္ဂလာခန်းမ ငှားတယ်ဆိုရင် သတို့သား သတို့သမီးအတွက် တစ်ပတ်စာ မင်္ဂလာအိပ်ခန်း စပွန်ဆာပေးတာမျိုး၊ ဟန်းနီးမွန်းအတွက် နေရာကောင်းတွေ စီစဉ်ပေးတာမျိုး၊ ခန်းဝင်ပစ္စည်း ကံစမ်းမဲနှိုက်ပေးတာ မျိုးပေါ့၊ ပြီးတော့ တခြားဧည့်ခံပွဲ၊ အနုပညာနဲ့ ပတ်သက်တဲ့ ပွဲမျိုးတွေဆိုရင်လည်း လက်ခံလိုက်တာနဲ့ ဒစ်စကောင့် ဆိုတာမျိုးတွေ ရှိပါတယ်၊ အစားအသောက်နဲ့ ပတ်သက်ရင်လည်း နိုင်ငံခြားသား စားဖိုမှူးတွေနဲ့ ကာစတန်မာ စိတ်ကြိုက် လိုရာစားသုံးနိုင်အောင် လုပ်ပေးနိုင်ဖို့ကလည်း အရေးကြီးပါတယ်"

"တခြား ဟိုတယ်တွေက အဲဒီ ဝန်ဆောင်မှုတွေကြောင့် ထိုးဖောက် ကျော်တက်လာနိုင်တယ်လို့ ဆိုလိုတာလား"

"သမားရိုးကျ အတိုင်းသွားလို့ မဖြစ်ဘူးဆိုတာ ဝတီ့ကို ဦးသိန်းထိုက် တင်ပြဖူးပါတယ်"

"အဲလိုလုပ်ရင် ရင်းနှီးမြှုပ်နှံထားတာတွေ ဆုံးရှုံးနစ်နာမှု ရှိနိုင်တယ်လို့ ဦးသိန်းထိုက်ကိုလည်း ကျွန်မ ပြန်ပြောခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ် အဲဒါကြောင့်လည်း ဒီလိုကိစ္စတွေ ဖြစ်လာတာပါ၊ ဆက်တိုက် ဒီအတိုင်း ဖြစ်သွားမယ်ဆိုရင် နှစ်အနည်းငယ်အတွင်းမှာ ဟိုတယ် ပိတ်လိုက်ရတဲ့ အခြေအနေထိ ဖြစ်သွားနိုင်ပါတယ်၊ ခုကတည်းက နိုင်ငံခြားသား တည်းခိုတာလည်း အရမ်းလျော့သွားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းထိုက် အရဲစွန့်ရင်းပြပြီးချိန်မှာ ဆုံလည်ထိုင်ခုံပေါ် တိမ်လွှာဝတီ ဆောင့်ခနဲ ထိုင်ကျသွားခဲ့သည်။

"ဝတီ စဉ်းစားပါကွယ်၊ ဝတီ့ဖေဖေ ဒီဟိုတယ်ကို စလုပ်တုန်းကလည်း အရင်းဆုံး အရှုံးခံ ရင်းနှီးမြှုပ်နှံခဲ့တာပါ၊ အောင်မြင်မယ်ဆိုတာ ကျိန်းသေပေါက် မသိဘဲနဲ့ စွန့်စားခဲ့တာပါ၊ ဘယ်လုပ်ငန်းရှင်မှ အရှုံး ဆိုတာကို မကြိုချင်ကြပါဘူး။ ဒါပေမဲ့ ကြိုးစားကြတယ်၊ စွန့်စားကြတယ်၊ တီထွင်ကြံဆကြတယ်၊ သူများရှေ့က ရောက်အောင် နည်းလမ်းအသစ် တွေ ရှာကြတယ်၊ ဆုံးရှုံးမှာစိုးပြီး သမားရိုးကျအတိုင်း သွားနေရင်တော့ သူများနောက်မှာ ကျန်ရစ်ခဲ့မှာပဲ ဝတီ"

"အဲဒီလို စွန့်စားကြည့်လျက်နဲ့ မအောင်မြင်ဘူးဆိုရင် ခန့်ထားတဲ့ ဝန်ထမ်းတွေကို လစာပေးဖို့အတွက် သက်သက်မဲ့ ပေးဆပ်နေရသလို ဖြစ်မနေဘူးလား"

"အဲဒီအတွေးက ကိုယ်ကျိုးအတွက်ချည်း ကြည့်နေသလို ဖြစ်မနေဘူးလား ဝတီ၊ ဒီဝန်ထမ်းတွေကြောင့် ဝတီ့လုပ်ငန်းတွေ လည်ပတ်မှု ရှိနေတာ မဟုတ်လား။ လုပ်ငန်းရှင်ဆိုတာ ကိုယ်တစ်ဦးတည်းပိုင် ကြိုးစားခဲ့လို့ အောင်မြင်လာကြတာ မဟုတ်ပါဘူး။ ဝန်ထမ်းတွေရဲ့ ပံ့ပိုးမှုကြောင့် နေရာတစ်ခုရပြီး ရပ်တည်နေနိုင်ကြတာပါ။ ကိုယ်က လစာပေးရလို့ သူတို့က ချည်း ကျေးဇူးတင်ရမယ်ဆိုတာ မဖြစ်သင့်ပါဘူးကွယ်၊ သူတို့တွေ ရှာပေးတဲ့ အမြတ်ငွေထဲက ခွဲဝေပေးရတာပဲ မဟုတ်လား။ သူတို့ကြောင့် ကိုယ် ဒီလို နေရာမှာ ဂုဏ်ထည်ဝါစွာ နေနိုင်တယ်ဆိုပြီး သူတို့ကိုတောင် ကျေးဇူးတင်သင့်တာ"

ဦးသိန်းထိုက် ရှင်းပြသမျှ သူမ သဘောပေါက်သလိုလိုတော့





ရှိသည်။ စီးပွားရေးလောကမှာ သူမ အကျွမ်းတဝင်ရှိဖို့ အများကြီး လိုအပ်နေပါသေးလား။ ရင်းနှီးမြှုပ်နှံထားတိုင်းလည်း အမြတ်အစွန်းကျန်မည်လို့ သေချာပေါက် တွက်ဆထားလို့ မရ။

"ဝန်ထမ်းတွေကို ကိုယ့်ရဲ့ မိသားစုဝင်တွေလို သဘောထားမှ ကိုယ့်ကိုပြန်ပြီး အကျိုးပြုတာ၊ သူတို့ရဲ့ သစ္စာရှိမှုကြောင့် ကိုယ်က အောင်မြင်မှုတွေနဲ့ ရပ်တည်နိုင်တယ်ဆိုတာ မေ့ပစ်လို့ မဖြစ်ဘူး၊ မကောင်းတဲ့ဝန်ထမ်းတွေကိုလည်း သတိထားပြီး ဖယ်ရှားနိုင်ရမယ်၊ လုပ်ငန်းတူ မိတ်ဆွေတွေနဲ့ ဝန်ထမ်းတွေကို ရန်သူလို့ မသတ်မှတ်မှ ရေရှည်ရပ်တည်နိုင်တဲ့ လုပ်ငန်းရှင်တစ်ယောက် ဖြစ်လိမ့်မယ်"

ဒါက သူမကို ပြောပြခဲ့ဖူးသော ဖေဖေ့ရဲ့ ယုံကြည်ချက်တွေဖြစ်သည်။ ဒါကြောင့်လည်း သေဆုံးတဲ့အချိန်ထိ အောင်မြင်မှုတွေကို ဖက်တွယ်ထားနိုင်ခဲ့တာနေမှာပေါ့။

သူမကတော့ သွေးသား မတော်စပ်သော ဝန်ထမ်းတွေကို မိသားစုစိတ်ခာတ်မျိုး မသတ်မှတ်နိုင်ပါ။ ကိုယ့်အကျိုးအမြတ်ထဲက မျှဝေပေးဖို့လည်း စိတ်ကူးမရှိပါ။

သူတို့နဲ့ တန်ရာတန်ရာ လစာပေးနိုင်းနိုင်ရင် တော်ပြီပေါ့။ ကိုယ်ပေးတဲ့ လစာကြောင့် သူတို့ မိသားစုတွေ အဆင်ပြေပြေ စားသောက်နိုင်တာ မဟုတ်ဘူးလား။

တကယ်ဆို သူမတို့လို လုပ်ငန်းရှင်တွေရှိလို့ သူတို့ ထမင်းဝဝစားနေရတာပါ။ ကျေးဇူးမတင်တတ်လို့ အငတ်ခံ အလုပ်ထွက်မယ်ဆိုလည်း သဘောပေါ့။

"ကဲ ဝန်ထမ်းတွေအားလုံးကို ကျွန်မ အစည်းအဝေးခေါ်ချင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းထိုက်"

"အစည်းအဝေး ခေါ်ဖို့က ဘာများလဲ"

မန်နေဂျာမို့ ဦးသိန်းထိုက်က အလုပ်သမား ဝန်ထမ်းတွေ ကိုယ်စား တာဝန်ကျေစွာ မေးခွန်းထုတ်သည်။ ခုချိန်ထိ လေးစားသမှုနှင့် ဦးသိန်းထိုက်ကို ထိုင်ခုံမှာ ထိုင်ခိုင်းခြင်း မရှိသေးသော တိမ်လွှာဝတီက မထီတရီ တစ်ချက်မဲ့ ပြုံးပြုံးလျက်

"လုပ်ငန်းလည်ပတ်မှုက ဒီအတိုင်းပဲ ရှေ့ဆက်သွားမယ်၊ ဒါမှ မဟုတ် ဒီထက်ကျဆင်းဖို့ အခြေအနေ ရှိတယ်ဆိုရင် ဝန်ထမ်းအရေအတွက် လျှော့ချရမှာ၊ လစာငွေလျှော့ချရမှာပေါ့"

"အခုလည်း သူ့ဟာသူ အလုပ်ထွက်တဲ့သူနဲ့၊ ဝတီ အလုပ် ထုတ်လို့ လျော့သွားတာနဲ့ နေရာစေ့ ထောင့်စေ့ ဝန်ထမ်းအပြည့် မရှိ တော့ပါဘူး ဝတီ၊ ဒီအနေအထား တင်ပြချက်နဲ့ အစည်းအဝေး ခေါ်မယ် ဆိုရင်တော့ ဝန်ထမ်းတွေ စိတ်မကောင်း ဖြစ်တော့မှာပဲ"

"သူတို့ စိတ်မကောင်းဖြစ်တာကို ညှာတာပေးရင် ကျွန်မ အတွက် အကျိုးအမြတ် ဘယ်လောက်ကျန်မလဲ ဦးသိန်းထိုက်၊ ဒီကိစ္စတွေ က မန်နေဂျာဖြစ်တဲ့ ဦးသိန်းထိုက်မှာ တာဝန်အရှိဆုံး"

"လုပ်ပိုင်ခွင့်အပြည့်အဝ ပေးမယ်ဆိုရင် ဒီတာဝန်တွေအားလုံး ကျေပွန်အောင် ဆောင်ရွက်ပေးနိုင်ပါတယ် ဝတီ"

"ဘာ လုပ်ပိုင်ခွင့်အပြည့်အဝ ဟုတ်လား ဦးသိန်းထိုက်"

"ဟုတ်ပါတယ် ဝတီ့အဖေ လက်ထက်က အာဏာကုန်လွှဲအပ် ခံခဲ့ရလို့ ဦးသိန်းထိုက် ကြိုးစားပေးခဲ့တာ၊ အောင်မြင်ခဲ့ပါတယ်၊ လုပ်ငန်း ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုက အလုပ်သမားတွေဆီမှာပဲ ရှိတယ်ဆိုတာ





ဝတီ့အဖေ ယုံကြည်ပေးခဲ့လို့ပါ"

"အို ဦးသိန်းထိုက်က မန်နေဂျာအဆင့်ပဲ ရှိတာ၊ ကျွန်မတို့ရဲ့ ဆွေမျိုးသားချင်းမှ မဟုတ်ဘဲ၊ ဘယ်လိုလုပ် ယုံကြည်ရမလဲ၊ ကိုယ့်အဆင့် ကိုယ့်နေရာနဲ့ နေတတ်အောင်နေပါ ဦးသိန်းထိုက်၊ ကျွန်မ ငြိုငြင်လာပြီ ဆိုရင်တော့ ဖေဖေ့လူယုံတော်မကလို့ ဘာကြီးပဲဖြစ်ဖြစ် ကျွန်မ အလုပ် ထုတ်ပစ်ဖို့ ဝန်မလေးဘူး"

တိမ်လွှာဝတီ စကားကြောင့် ဦးသိန်းထိုက် မျက်နှာကြီး ရှက်စိတ် မွှန်ကာ ညိုမည်းပုပ်သွားသည်။ ခပ်တိုးတိုး အံကြိတ်တက်ခေါက်မိတာကို လည်း ဝတီ ကြားမှာမဟုတ်။

သူမ အစီအစဉ်အတိုင်း တိမ်လွှာဟိုတယ်ရှိ ဝန်ထမ်းအားလုံး ကို အစည်းအဝေးခေါ်ပြီး သူမ ဖြစ်ချင်တာတွေချည်း ပြောသည်။ လုပ်ငန်း တိုးချဲ့ရင်းနှီးမြှုပ်နှံဖို့မပါ။ ဝန်ဆောင်မှုတွေဖြင့် ဆွဲဆောင်စည်းရုံးဖို့ မစဉ်းစား။

"ဒီနေ့ကစပြီး ရှင်တို့အားလုံးကို ကျွန်မ စောင့်ကြည့်မယ်၊ အပြစ်တွေ့လို့ ကျွန်မ စိတ်တိုင်းမကျဘူးဆိုရင် သုံးလစာပေးပြီး အလုပ် ထုတ်မယ်၊ နှစ်ကုန် ဘတ်ချက်ပိတ်တဲ့အချိန်မှာ လုပ်ငန်းပိုင်း တိုးတက်မှု မရှိဘူးဆိုရင် အဆင့်လိုက် လစာလျှော့မယ်၊ ကျေနပ်တဲ့သူက ဆက်လုပ်၊ မကျေနပ်တဲ့သူက အခုချက်ချင်း အလုပ်ထွက်နိုင်တယ်၊ အားလုံးရှင်းတယ် နော်"

ပြင်းထန်သော အမိန့်သံကြောင့် ဝန်ထမ်းအားလုံး တီးတိုး ဝေဖန်မှုတွေနှင့် ရုန်းရင်းဆန်ခတ် ဖြစ်သွားသည်။ အများစုက မကျေမနပ် ဖြစ်ကာ ပွစိ ပွစိ။

ဒါပေမဲ့လည်း တိမ်လွှာဝတီ ကြားသာအောင် ဘယ်သူမှ မပြော



www.burmeseclassic.com

www.burmeseclassic.com



ရဲကြပါ။ အလုပ်တစ်နေရာနှင့် တစ်နေရာ ကူးပြောင်းဖို့ မလွယ်သည်မို့ ခေါင်းငုံ့ သည်းခံနေကြရသည်။ မခံချင်စိတ်နှင့်ရုန်းထွက်ချင်ကြပေမယ့် လည်း အခက်အခဲဖြစ်သွားနိုင်သည့် နောက်ခံမိသားစုကို ငဲ့ညှာနေရ၏။

မန်နေဂျာ ဦးသိန်းထိုက်လည်း ရာထူးဂုဏ်ဒြပ်ကြောင့် သိက္ခာ ထိန်းနေရပေမယ့် ရင်ထဲမှာတော့ နာနာကျင်ကျင် ခံပြင်းနေမိသည်။ ဖအေ ဖြစ်သူက ဝန်ထမ်းတွေရဲ့ ကောင်းကျိုးကို နားလည်သဘောပေါက် ပါလျက် သမီးဖြစ်သူ တိမ်လွှာဝတီက ဘာကြောင့်များ အဆင့်အတန်းခွဲ မောက်မာ နေရတာလဲ။

ဒီဟိုတယ်ကြီးကို တိမ်လွှာဝတီ ရောက်လာမှ ဝန်ထမ်းတွေ အားလုံး စိတ်ပင်ပန်း ကမောက်ကမ ဖြစ်နေရသည်။

မိမိလို မန်နေဂျာရာထူးနှင့် လူကြီးတစ်ယောက်ကိုတောင် မထီ မဲ့မြင် မလေးမစား ဆက်ဆံရဲ၏။

တိမ်လွှာဝတီ အမြဲတမ်း ကံကောင်းနိုင်ပါ့မလား။

■ ■ ■



## အခန်း (၇)

"ကံမကောင်းဘူး ညီမလေးရေ၊ ကားမောင်းဖို့ ဖေဖေ အုံနာ အိမ်သွားပြောတာ အဆင်မပြေခဲ့ဘူး"

လှေကားအတက်ကပင် ပြောဝင်လာသော တိမ်မယံ အသံက စိတ်ဓာတ်ကျ မောဟိုက်နေသလိုပင်။

မေယမုံဖူးက အလိုက်သိစွာ ဆက်တီခုံလေးမှာ ဝင်ထိုင်လိုက် သော တိမ်မယံကို ရေတစ်ခွက် ခပ်တိုက်ရင်းနှင့် ယပ်ခပ်ပေးသည်။

"အဲဒီ အုံနာက ဖေဖေ့ကြောင့် ပြဿနာဖြစ်ထားတာ ဘယ် ပေးမောင်းခိုင်းပါတော့မလဲ ကိုကိုရယ်၊ တခြားနေရာတွေရော စုံစမ်းကြည့် ခဲ့သေးလား"

"စုံစမ်းတာပေါ့ ညီမလေးရဲ့၊ တခြားအုံနာတွေကလည်း ကား မောင်းသက် ဘယ်လောက်ရှိပြီလဲဆိုတာ အရင်စီစစ်ပြီး မေးတယ်၊ အက်ဆီးဒင့် မဖြစ်ဖို့ သူတို့ကားတွေ ပျက်စီးယိုယွင်းမှု မဖြစ်အောင်လို့ လုပ်သက်ရင့်ဝါရင့် ကားမောင်းကျွမ်းကျင်တဲ့သူတွေကိုပဲ ဦးစားပေးချင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့သဘောပေါ့၊ တက္ကစီကားတွေ ငှားမောင်းဖို့ကျတော့လည်း စပေါ်တင်နိုင်မှတဲ့''

တိမ်မယ် သက်ပြင်းပူကြီး မှုတ်ထုတ်လျက် ရေပင်ဖြောင့်ဖြောင့် မသောက်နိုင်။ တစ်နေ့တစ်နေ့ အလုပ်ကိစ္စ စုံစမ်းနေရတာနှင့် ရှိစုမဲ့စုလေးလည်း ကုန်နေပြီ မဟုတ်ပါလား။

ဒါတောင် ညီမလေး ကျောင်းတက်သွားသည့်အချိန်တွေမှာ အသိမိတ်ဆွေတွေရဲ့ အကူအညီဖြင့် ဆိုက်ကားနင်းကာ စားဝတ်နေရေးကို ဖြေရှင်းနိုင်လို့ တော်သေးသည်။

ဒါကလည်း အမြဲအကူအညီတောင်းလို့ မကောင်း။ ထိုလူတွေရဲ့ မိသားစု စားဝတ်နေရေးက ရှိသေးသည်။ သူ ဆိုက်ကားနင်းနေတာကို ညီမလေး သိလျှင်လည်း စိတ်မကောင်းဖြစ်ပြီး လုံးဝ နင်းခိုင်းမှာမဟုတ်။

ရရာအလုပ်ကြမ်းတစ်ခုခု လုပ်ဖို့ပြောတာတောင်

"ကိုကို အရမ်းကြီး ပင်ပန်းတဲ့အလုပ် လုပ်မှဖြစ်မှာဆိုရင် ညီမလေး ကျောင်းမတက်တော့ဘူး ကိုကို၊ ဖေဖေ့ကို ထောင်ဝင်စာတွေ့ဖို့ အစားအသောက်သွားပို့ဖို့နဲ့ ကိုကို စိတ်ရော လူရော ပင်ပန်းနေမှာ၊ ညီမလေးလည်း နိုင်တဲ့ဝန်ထမ်းပြီး အလုပ်လုပ်မယ်''

ထိုသို့ ဖွတ်တရွတ်ပြောလာ၍ သူ မနည်းချော့ပြီး ဖျောင်းဖျခဲ့ရသည်။ ပညာမပြည့်စုံ ငွေအင်အားချို့တဲ့လျှင် အလုပ်တစ်ခုရဖို့ မလွယ်ကူတာ ညီမလေး သိစေချင်သည်။

"ကိုကို စိတ်ဓာတ်ကျနေပြီလားဟင်''

"စိတ်ဓာတ်ကျတာ မဟုတ်ပါဘူး ညီမလေးရယ်၊ အလုပ်ရှေးနေရင် အလုပ်ရဖို့က မလွယ်ဘူး၊ ဆောက်လုပ်ရေးမှာ လုပ်နေတဲ့ သူငယ်





ချင်းကိုတောင် အလုပ်တစ်နေရာရဖို့ ပြောကြည့်ခဲ့သေးတယ်''

"ဟင် ကိုကိုက နုနုဖတ်ဖတ်လေးနဲ့ ဆောက်လုပ်ရေးမှာ အလုပ်ကြမ်းလုပ်နေရာရရင် မဖြစ်ပါဘူး ကိုကိုရယ်၊ ဟိုလေ ကျောင်းက ဖူးဖူး သူငယ်ချင်းတွေထဲမှာ ပိုက်ဆံချမ်းသာတဲ့သူတွေ ရှိတယ်၊ 'ကိုကို့အတွက် နေရာကောင်းတစ်ခုခုမှာ အလုပ်ရနိုင်မလား စုံစမ်းပေးမယ် သိလား''

"ခက်တော့တာပဲ ညီမလေးရယ် ကိုကို့အတွက်နဲ့ ဘယ်သူ့ကိုမှ အောက်ကျခံပြီး ညီမလေး မစုံစမ်းပါနဲ့၊ ကိုကိုက ဒီအသက်အရွယ်တောင် ရောက်နေပြီ ဘာအလုပ်မဆို လုပ်နိုင်ပါတယ်၊ ပြီးတော့ အလုပ်ရှေးနေတဲ့သူအတွက် အလုပ်ရှားတယ် ညီမလေးရဲ့၊ ကိုယ့်ဘဝနဲ့တန်တဲ့ ဘယ်အလုပ်ပဲဖြစ်ဖြစ် လုပ်လိုက်ရတာလည်း ဂုဏ်တစ်ခုပါ ညီမလေးရယ်''

"ဟင့်အင်း ခဏလေးတော့ စောင့်ပါဦး ကိုကို၊ ညီမလေးအတွက်နဲ့ ကိုကို အရမ်းပင်ပန်းမှာကို မကြည့်ရက်လို့ပါ၊ အခု ကျူရှင်သွားရင်းနဲ့လည်း စုံစမ်းကြည့်ခဲ့မယ် သိလား ကိုကို၊ ဩော် ထမင်းစားကြမယ်လေ၊ ဒေါ်လေးချက်ပြုတ်နေတာ ကျက်လောက်ပြီ၊ ထမင်းပွဲပြင်လိုက်မယ်နော်''

မေယမုံဖူးက သူ ဘာမှပြန်မပြောနိုင်အောင် ကရားရေလွှတ် တရစပ် ပြောသွားပြီး ထမင်းပွဲပြင်ဖို့ နောက်ခန်းလေးထဲ ခပ်သုတ်သုတ် ဝင်သွားသည်။

သူ ပင်ပန်းမှာ အဲလောက်တောင် စိုးရိမ်နေသည်တဲ့လား။ အစ်ကိုတစ်ယောက်လို တန်ဖိုးထားတတ်လွန်းတာ ကြည်နူးပီတိဖြစ်ရသလို ညီမလေးအတွက် အဆုံးထိပေးဆပ်ဖို့လည်း ဆုံးဖြတ်လိုက်မိ၏။

"ဟင်းကတော့ ဒီနေ့ မကောင်းဘူးဟော့၊ မင်းပေးတဲ့ ပိုက်ဆံနဲ့



www.burmeseclassic.com

www.burmeseclassic.com



ငါးဟင်းလေးရဖို့တောင် မနည်းချွေတာချက်ရတယ်၊ ငါလည်း အစ ကတည်းက ဒီကိုမလာလိုက်မိရင် အကောင်းသား၊ ရွာမှာနေတာကမှ ဟိုအိမ်ကပေး ဒီအိမ်ကပေးနဲ့ ငါးတောင် ပေါပေါများများ စားရသေး တယ်''

ထမင်းပွဲပြင်နေသော ဒေါ်လေးက မဲ့ကာရွဲ့ကာ ပြောနေသည်။ အပျိုကြီးမို့ ဇီဇာကြောင်လွန်းတာလား မသိ။ ဒီအိမ်ကို ရောက်လာ ကတည်းက ဆူပူအပြစ်တင်သံကိုပဲ ကြားနေရသည်။

ထမင်းဟင်းချက်တာကိုလည်း တာဝန်မယူချင်။ အမြဲလိုလို ယမုံ ကျောင်းမသွားခင် ချက်ရတာများသည်။ တစ်ခါတလေ ဒီလို ဝင်ချက်သည့် နေ့ဆိုလည်း မလုံလောက်ချို့တဲ့တာကို လူသိအောင် ကျယ်ကျယ်လောင် လောင် ပြောတတ်သည်။

အလုပ်မရှိလျှင် ရပ်ကွက်ထဲလှည့်ကာ ဟိုအကြောင်း ဒီအကြောင်း အတင်းပြောတတ်၏။ ဖူးဖူး အဖော်ရအောင် ခေါ်ထားမိတာမှားပြီလားဟု တစ်ခါတစ်ခါ တွေးမိသော်လည်း လူကြီးတစ်ယောက် အိမ်မှာရှိနေတာက သူတို့နှစ်ယောက်အတွက် စိတ်သန့်သန့်နှင့် အဆင်ပြေနေတာပဲဟု ပြန်ဖြေ သည်။

သူ ဆိုက်ကားနင်းတာလည်း ညီမလေးကို ပြောမှာစိုး၍ လက် ဖက်ရည်ဖိုး မုန့်ဖိုးပေးပြီး ပါးစပ်ပိတ်ထားရသည်။ ဒါတောင် ခုလိုမျိုး မထိတထိ ထေ့ငေါ့နေချင်သေးတာပါ။

''ကိုကို ဈေးပေါတဲ့ငါး ဝယ်ချက်ထားတာဆိုတော့ အရိုးများ တယ်၊ ညီမလေး အရိုးနွှင်ပေးမယ်နော်''

''ကိုကို စားတတ်ပါတယ် ညီမလေးရယ်၊ ညီမလေးက ကျူရှင် သွားရဦးမှာ ကိုယ့်ဘာသာ အရိုးနွှင်ပြီး မြန်မြန်စားလိုက်နော်''





ဒေါ်လေးက သူတို့နှစ်ယောက်အကဲပိုနေတာကို မကြည့်မလင် နှာက်စောင်းဝေ့ကာ

''လူကြီးကိုတော့ သဒ္ဓါပိုရမှန်းမသိဘူး၊ အရိုးစူးသေသေပေါ့ ာတ်လား တော်လိုက်တဲ့ ငါ့တူမ''

''မဟုတ်ပါဘူး ဒေါ်လေးရယ် ဒေါ်လေးက ရွာမှာဆို ငါးပေါင်း စားနေရလို့ အရိုးနွှင်တတ်တယ်လေ၊ ကိုကိုက ငါးဟင်းဆို သေးသေး ကြီးကြီး အရမ်းအရိုးမျက်တတ်လွန်းလို့ပါ၊ ရေတွေသောက်ချ၊ ငှက်ပျော ်းတွေမျိုချလည်း အရိုးက တော်တော်နဲ့ ကျတာမဟုတ်ဘူး၊ အဲဒါကြောင့် ားက ကိုကို့ကို အရိုးနွှင်ကျွေးရတာ''

''အမယ်လေး ဒီအရွယ်ကြီးတောင် အဲလိုတဲ့လား၊ အံ့သြဖို့''

ဒေါ်ကြည်ခင်က သွေးသားမတော်စပ်ဘူးဆိုသည့် အသိနှင့် ူကိုဆို မဲ့ကာရွဲ့ကာ အမြင်မကြည်ပါ။

''ကဲပါ ညီမလေးရယ် ကိုကို ငါးပိရည်နဲ့ပဲ စားလိုက်ပါမယ်၊ ညီမလေး ကျူရှင်နောက်ကျနေမှာစိုးလို့ ကိုကို လိုက်ပို့မယ်နော်၊ အပြန် ာရင်လည်း ကိုကို လာကြိုမယ် ဟုတ်ပြီလား''

ထမင်းကို ခပ်သွက်သွက် မြန်မြန်စား၍ လက်ဆေးတော်လိုက်ရ ည်။ စိတ်မကောင်း မဖြစ်ပေမယ့် ဒေါ်လေးရှေ့မှာ ဆင်ခြင်သင့်တာ သိဝင်၏။

ကိုယ့်စိတ်ရဲ့ ရိုးသားမှုကို သံသယတွေကြောင့် စွန်းထင်းညစ်နွမ်း ခံနိုင်ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဟဲ့ ဖူးဖူး နှင့်ကိုကိုက ချောတယ်နော်၊ ငါတို့နဲ့ မိတ်ဆက်ပေး ပါလား"

"ဘာလို့ မိတ်ဆက်ပေးရမှာလဲ၊ ဆယ်တန်းတောင် မဖြေရသေး ဘဲနဲ့၊ ကလေးက ကလေးလို နေကြစမ်းပါ"

"အံမယ် သူ့ကိုကိုကို တွန့်တိုရင် တွန့်တိုတယ် ပြောစမ်းပါ ဆယ်တန်းမဖြေရသေးတာနဲ့ လူကြီးမဖြစ်တာ ဘာဆိုင်လို့လဲ၊ ဒီအရွယ် ရည်းစားထားလို့ ရနေပြီ၊ နှင့်ကိုကိုသာ လာနွှယ်လို့ကတော့ တစ်ခါတည်း ချစ်သူ တော်ပစ်လိုက်မှာ"

"မိန်းမတွေနော် ငါ စိတ်တိုလာပြီ"

"ဟယ် တကယ် စိတ်ဆိုးသွားပြီတော့၊ နှုတ်ခမ်းကြီးကိုစူလို့"

တိမ်မယံနှင့် ပတ်သက်ပြီး စနောက်လျှင် ယမုံဖူး တကယ် ဟန်မဆောင်နိုင်တာပါ။ ဒါကိုသိလို့လည်း သူငယ်ချင်းတွေက ပိုပြီး နောက်ချင်ကြသည်။

"ကိုကို ကျူရှင်အိမ်နားထိ မလိုက်ခဲ့နဲ့နော်၊ ညလာကြိုရင်လည်း





သမ်းချိုးလေးကပဲ စောင့်နေ သိလား၊ ညီမလေး သူငယ်ချင်းတွေ ကိုကို ကို ပိုးနေကြလို့"

ကိုကို့ကို ပြောင်ပြောင်တင်းတင်း တားဆီး၍ ကျူရှင်အိမ်အထိ ဒါမလာခဲ့ပါ။ အသားအရေ ဝင်းဝင်းစိုစို မျက်ဝန်းတောက်တောက် မျက်ခုံး ထူမပါး ပိရိသေသပ်သည့် နှုတ်ခမ်းတို့ဖြင့် ယောကျ်ားပီပီသသ ချောမော နေ့ညားလှသော ကိုကို့ကို ဘယ်လိုမိန်းမမျိုးနှင့်မှ သဘောမတူနိုင်ပါ။

ဖြစ်နိုင်လျှင် အိမ်ထဲက အိမ်ပြင်မထွက်နိုင်းဘဲ ဘာအလုပ်မှ ပင်ပင်ပန်းပန်း မလုပ်ခိုင်းဘဲ အိမ်ထဲမှာပဲ နေခိုင်းထားလိုက်ချင်သည်။

ဟင် အလုပ် ကိုကို့အတွက် အလုပ်ကိစ္စ သူမ မေးမြန်းစုံစမ်း ကြည့်ရဦးမှာပါလား။

"ဟိုလေ ဟဲ့ နှင်တို့မိဘတွေ ချမ်းသာကြတယ် မဟုတ်လား၊ ဆိုင်နေးတွေလည်း ရှိကြမှာပါ၊ ငါ့ကိုကိုအတွက် မပင်ပန်းမယ့် အလုပ် တစ်ခုလောက် နှင်တို့မိဘတွေဆီမှာ ပြောပေးကြပါလားဟင်"

"ငါ့မိဘတွေက ပွဲရုံထောင်ထားတာ၊ နှင့်ကိုကိုက ကုန်ထမ်း နိုင်လို့လား"

မြတ်သီရိစကားကို မကျေမချမ်း မျက်စောင်းဝင့်ပြီး လက် မောင်းကို ဆွဲဆိတ်လိုက်ကာ

"အောင်မာ ငါ့ကိုကိုက ဘာလို့ ကုန်ထမ်းရမှာလဲ၊ သက်တောင့် သက်သာ အလုပ်တောင် သိပ်ခိုင်းချင်တာ မဟုတ်ဘူး"

"ဒါဆို နှင့်ကိုကိုကို ဘာလုပ်ခိုင်းမှာလဲ၊ အထမ်းအပိုး မလုပ်ချင် ရင် သန္တာ မိဘတွေရဲ့ ဆန်ဆိုင်မှာလည်း မဖြစ်ဘူး"

"အေး ဟုတ်တယ် ဆန်ဆိုင်ကလည်း ထမ်းရပိုးရမှာပဲ၊ ပို



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုကိုက ကားမောင်းတတ်တယ်၊ အဲဒီအလုပ်က ထိုင်မောင်းနေရတာ ဆိုတော့ တခြားအလုပ်တွေနဲ့စာရင် မဆိုးဘူးပေါ့၊ နင်တို့အသိတွေထဲမှာ ကားပိုင်ရှင်လေး ဘာလေး မရှိကြဘူးလား"

"ကားပိုင်ရှင် အင်း နေပါဦး ဘယ်သူရှိလဲဆိုတော့"

သန္တာက နားထင်ကို တဒေါက်ဒေါက် ခေါက်စဉ်းစားနေပြီးမှ

"နင့်ကို စိတ်ဝင်စားနေတဲ့ ဒီပါအောင် မိဘတွေက တက္ကစီ အုံနာတွေလေ သူ့ကို မေးကြည့်ပါလား"

"အာ တက္ကစီဆိုရင် ဖြစ်မှာမဟုတ်ဘူး ထင်တယ်၊ အဲဒီ တက္ကစီ ကားတွေက စပေါ်တင်နိုင်မှ ငှားကြတာဆို၊ ငါတို့မှာ ပိုက်ဆံမှမရှိတာ"

"အဲဒါက လူကို မယုံရလို့ စပေါ်ယူကြတာ များပါတယ်၊ တချို့ ကလည်း ကားကောင်း ကားသန့်မို့ စပေါ်တောင်းပြီး ငှားတာ၊ နင်ကတော့ ဒီပါအောင်ကို အကူအညီတောင်းကြည့်ပေါ့၊ စပေါ်လည်းမပေးရ၊ ကား ကောင်းလေးလည်း ရအောင်ပေါ့၊ ဟိုက နင့်ကို မျက်နှာလိုမျက်နှာရ ကူညီချင် နေမှာပါ"

"အာ အဲလို မရိုးမသား ကူညီမှာမျိုးကြီးတော့ ပြောမကြည့်ချင် ပါဘူး"

"နင်ပဲမျှားပြီး မူနေရင်တော့ နင့်ကိုကို အလုပ်ကြမ်းရှာလုပ် ရမယ်နော်၊ ဘွဲ့လည်းမရ ငွေလည်းမလိုက်နိုင်ရင်တော့ ဘယ်ကုမ္ပဏီက အဲကွန်းခန်းထဲမှာ အလုပ်ခန့်မှာ မဟုတ်ဘူး"

သန္တာနှင့်မြတ်သီရိ ပြောတာလည်း ဟုတ်နေတာပင်။ မပြည့် သူအဖို့ သက်တောင့်သက်သာ အလုပ်မျိုး ရဖို့မလွယ်ပါ။

"ဟို ဒီလိုလုပ်ဟာ ဒီပါအောင်ကို နင်တို့လည်း ကူပြောပေး





ရတော့လည်း အမြတ်၊ မရတော့လည်း အရင်းပေါ့"

"အေးပါ ငါတို့ပြောတာထက် နင်ပြောတာက ပိုပြီးအောင်မြင် မှာပါ၊ ဒီပါအောင် နင့်ကို စိတ်ဝင်စားနေတာ ကိုးတန်းကတည်းကနော်၊ နင့်ပြောလာရင် စိတ်ကူးမလွဲနဲ့၊ ဒီပါအောင်က တစ်ဦးတည်းသော သား တဲ့"

"ငါကတော့ စိတ်မဝင်စားပေါင်၊ ကိုကို့ကို အပျိုကြီးလုပ်မှာလို့ ကတိပေးထားတာ"

"ခြော နင့်ကိုကိုကရော မိန်းမ မယူဘူးတဲ့လား"

"မယူဘူးလို့ ပြောတာပဲ၊ ငါ့ကိုပဲ တစ်သက်လုံး စောင့်ရှောက် သွားမှာတဲ့"

"ငါတို့ကတော့ မယုံပေါင်၊ နင်ရော သူရော အကြိုက်မတွေ့ သေးလို့ လေလံတင် ပြောအားရှိနေကြတာပါ၊ ငါတို့သာ နင့်ကိုကိုကို အပိုင်သိမ်းလိုက်ရင် နင်က မယ်သီလရှင်ဝတ်သွားမှာလား"

"သီရိ အစုတ်ပလုတ်၊ ဘာတွေပြောနေမှန်း မသိဘူး၊ အဲ ဟို ဟိုမှာ ဒီပါအောင် လာနေပြီ"

ဖူးဖူးက ပြောနေရင်းနှင့် ဒီပါအောင်ကို မေးငေါ့ပြသည်။ အိမ် မှာသာ ဝိုင်းကျူရှင်ခေါ်သင်သော ဒီပါအောင်က ဒီလိုအချိန်တိုင်း ဖူးဖူး တက်သည့် ဒီကျူရှင်ကို အမြဲလိုလို ရောက်လာတတ်သည်။

မယောင်မလည် ရစ်သီရစ်သီ လုပ်နေတတ်သည့် ဒီပါအောင် ဘ ဒီထက် ရှေ့ဆက်တိုးဖို့လည်း ကြိုးစားရဲပုံမတူ။

အသွားအပြန် သူမနားမှာ ကိုကို ရှိနေလို့လည်း ဖြစ်မှာပါ။

"ဟဲ့ ဒီပါ ခဏ"



www.burmeseclassic.com

www.burmeseclassic.com



သီရိက ဒီပါအောင်ကို လက်ယပ်လှမ်းခေါ်သည်။ ဒီပါအောင်က သူ့ကိုယ်သူ လက်ညှိုးထိုး၍ သေချာအောင်မေးပြီးမှ လာ၏။

မျက်လုံးအကြည့်တို့က မေယမုံဖူးဆီမှ မခွာပါ။

"နင့်မိဘတွေက တက္ကစီအုံနာတွေ မဟုတ်လား။ ကားတစ်စီးလောက် မပိုဘူးလားဟင်၊ ဖူးဖူးက သူ့အစ်ကိုအတွက် အလုပ်ရှာနေတာ ဟို စပေါ်တွေ ဘာတွေလည်း မတင်နိုင်တော့ တခြားလူတွေဆီမှာ အဆင်မပြေဘူးဟ၊ အဲဒါကြောင့် နင့်ဆီကို အကူအညီတောင်းကြည့်တာ"

သီရိက နှုတ်သွက်လျှာသွက်ဖြင့် ရှေ့က ဦးဆောင်ပြောပေးသည်။ ဒီပါအောင်က လက်ခနဲ တစ်ချက်ပြုံးလိုက်ကာ

"ဖူးဖူးက တကယ် အကူအညီလိုနေတာလား"

"အင်း"

"ဟုတ်ပြီလေ မေမေတို့ကို ကျွန်တော် ပြောပေးပါ့မယ်၊ အဆင်ပြေတယ်လို့ သဘောထားလိုက်ပါ"

"အာမခံရဲလှချည်လား။ နင့်မိဘတွေက စပေါ်မတင်လို့ မငှားဘူးဆိုရင် ဘယ်လိုလုပ်မလဲ"

"ဒါက ကျွန်တော့်အပိုင်းပါ။ ကျွန်တော် ပြောလိုက်ရင် မေမေတို့ မလိုက်လျောတာ ဘာတစ်ခုမှ မရှိဘူး။ မနက်ဖြန် ကျွန်တော်တို့အိမ်ကို လာခဲ့၊ ကျွန်တော် ကြိုပြောထားလိုက်မယ်"

ဒီပါအောင်က ပိုင်နိုင်သော အပြုံးနှင့်ပါ။ မေယမုံဖူးလည်း ကိုကို့အတွက် အတိုင်းအဆမရှိ ဝမ်းသာနေမိသည်။

"ကျေးဇူးတင်တယ်နော် ဒီပါ၊ နင့်ကျေးဇူးကို ငါ မမေ့ပါဘူး"

"ဟဲ့ ကျေးဇူးတင်တယ်ဆိုတာ ပါးစပ်ကပဲ ပြောနေလို့ ဖြစ်





မလား။ နောက်နေ့ကျ မုန့်လိုက်ဝယ်ကျွေးရမယ်လို့ ပြောလိုက် ဒီပါ"

သန္တာက အလျော်ကောင်းသည်။ ဒီပါအောင်က အားတက်သွားသလိုဖြင့်

"ဟုတ်တယ် ဖူးဖူး ကျောင်းပိတ်တဲ့ရက် မြို့ထဲမှာ ကျွန်တော့်ကို တစ်ခုခု လိုက်ကျွေးရမယ်"

"ကဲပါ ဟုတ်ပါပြီ ကိုကို ကားမောင်းရလို့ မုန့်ဖိုးပေးရင် လိုက်ဝယ်ကျွေးပါမယ် ကျေနပ်ပြီလား"

"အေး ပြီးရော ငါတို့နှစ်ယောက်လည်း ပါတယ်နော်"

"ပါစေရပါမယ်ဟဲ့ အငတ်မတွေရဲ့ တကတည်း ငတ်ကိုငတ်တယ်"

ပြောမနာ ဆိုမနာ သူငယ်ချင်းတွေကို အထိနာအောင် ပြောပစ်ခဲ့ပြီး ယမုံဖူး စာသင်ခန်းထဲ ပြေးဝင်လာခဲ့သည်။ စာသင်ခန်းထဲရောက်တော့လည်း ကိုကို့အတွက်တွေးပြီး ပျော်နေရတာဖြင့် စာလည်း ကောင်းကောင်း သင်လို့ မရပါ။

ကိုကို သိလျှင်လည်း ဝမ်းသာမှာပဲဆိုသည့် အတွေးကြောင့် ဆရာစာသင်နေတာကို စိတ်ဝင်စားမှုမရှိ။

စာသင်ချိန်ပြီးဆုံးသည်နှင့် ဘယ်သူ့ကိုမှ နှုတ်မဆက်နိုင်ဘဲ လမ်းချိုးလေးမှာ စောင့်နေမည့် ကိုကို့ဆီကို သုတ်ခြေတင်၍ အပြေးထွက်လာခဲ့သည်။

"ကိုကို"

"ဟာ ညီမလေး ဘာဖြစ်လာတာလဲ"

သူ့လည်ပင်းကို ယီးလေးခို၍ သူ့မေးဖျားကို ရွတ်ခနဲ နမ်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာမို့ လန့်ဖျပ်ကာ ကပျာကယာ မေးလိုက်ရသည်။

"ကိုကို တက္ကစီကားမောင်းဖို့ အဆင်ပြေသွားပြီ ကိုကိုရဲ့"

"ဘာ တကယ်လား"

"ဩော် တကယ်ပေါ့၊ ကိုကို့ကို အလုပ်ရှာပေးမယ်လို့ ပြောခဲ့တယ် မဟုတ်လား။ အဲဒါ သူငယ်ချင်းတစ်ယောက်ကို အကူအညီ တောင်းကြည့်တော့ သူ့မိဘတွေကို ပြောပေးမယ်တဲ့၊ ဒါပဲနော် ကိုကို သူငယ်ချင်းတွေကို မုန့်ဝယ်ကျွေးမယ်လို့ ကတိပေးထားခဲ့ရတယ်၊ ကိုကို ပထမဆုံး ကားမောင်းလို့ရတဲ့ ပိုက်ဆံကို ညီမလေးကို မုန့်ဖိုးပေးဦး"

"အေးပါကွာ ဒါက တကူးတက တောင်းဆိုရမယ့် ကိစ္စလား။ ကိုကို ကြိုးစားမှာက ညီမလေးအတွက်ပဲဥစ္စာ"

"ဟေး ဒါမှ တို့ကိုကိုကွ၊ အခုလည်း မုန့်တီ ဝယ်တိုက်နော် ကိုကို"

"အရမ်းမှောင်နေပြီ ညီမလေးရာ၊ နောက်နေ့မှ စားချင်တာ စားပါလား"

"ညရှစ်နာရီပဲ ရှိပါသေးတယ် ကိုကိုရဲ့၊ အရမ်းတန်ဖိုးကြီးတာလည်း တောင်းတာ မဟုတ်ဘဲနဲ့၊ ခုလို အေးတဲ့အချိန်လေးမှာ ငါးဖယ်လေးနဲ့ စပ်စပ်ချဉ်ချဉ် ရှူးရှဲလေးနဲ့ဆို ကောင်းမှကောင်း လာပါ ကိုကိုရယ် လမ်းထိပ်က ဆိုင်မှာပဲ စားမှာပါ"

သူ့လက်မောင်းကြီး ဖွတ်အတင်း ဆွဲခေါ်နေသည်မို့ ဘယ်လိုမှ မငြင်းသာတော့ပါ။ ယက်ကန်ယက်ကန် ပါလာရရင်း သူမ လွယ်အိတ်ကိုလည်း ကူလွယ်ပေးရသေးသည်။

မီးရောင်လင်းလင်းလေးနှင့် ဆိုင်လေးထဲကို အဝင်မှာတော့





စားသောက်နေကြသည့် လူပေါင်းများစွာရဲ့ မျက်လုံးအစုံက သူတို့နှစ်ယောက်ဆီကို စုပြုံရောက်လာသည်။

အတွေးတစ်မျိုးနှင့် ဝေဖန်စပ်စု အတင်းပြောနေကြသည်ဆိုတာ သိလိုက်၏။ ဖူးဖူးက ဘာကိုမှ သတိထားမိပုံ မပေါ်ပါ။

"ကိုကိုရော မှာလေ၊ ဘာလို့မမှာတာလဲ၊ ပိုက်ဆံမလောက်လို့လား"

"မဟုတ်ပါဘူးကွာ၊ ကိုကိုမှ မကြိုက်တာ"

"အပိုတွေ မပြောပါနဲ့နော်၊ ကိုကို မုန့်တီအရမ်းကြိုက်တာ ညီမလေးသိပါတယ်၊ အဒေါ်ကြီးရေ ငါးဖယ်လေး ညှပ်ထည့်ပြီး ဖွန်းနှစ်ချောင်း တပ်ပေးပါနော်"

မေယမုံဖူးက မုန့်တီရောင်းသည့် အဒေါ်ကြီးကို အသံစွာစွာလေးနှင့် လှမ်းမှာသည်။ အဒေါ်ကြီးက ပြုံးစိစိဖြင့် ဖွန်းနှစ်ချောင်း တပ်ပေး၏။ သူကတော့ မုန့်တီတစ်ပွဲမှာ ဖွန်းနှစ်ချောင်းနှင့် ခေါင်းချင်းဆိုင် စားသောက်ရမှာကို မျက်နှာတွေပူ၍ ရှိန်းတိန်းဖိန်းတိန်းကြီး ဖြစ်နေရသည်။

ချည်သားအပွင့်နုတ်နုတ် ဆွဲသားပန်းရောင် ဖျော့ဖျော့ ကိုယ်ကျပ်လေးနှင့် ကိုယ်လုံးကိုယ်ထည် ဖွံ့ထွားလာသော မေယမုံဖူးက အပျိုပေါက်စအရွယ်လေးကို ကျော်လွန်နေပါပြီ။

ဂုတ်အောက် မရောက်တရောက် ဆံနွယ်လေးများက နက်မှောင်လျက် စိမ်းညို့သော မျက်ခုံး၊ ပြည့်ဖောင်းဝင်းမွတ်သော မျက်နှာသွင်ပြင်လေးဖြင့် မိန်းမပျိုဆန်ဆန် လှပလာသော ညီမလေးက ဆွဲဆောင်မှုတွေ အပြည့်နှင့်ပါ။

ဒါကြောင့်လည်း သူလိုလူနှင့် တစ်အိမ်တည်း အတူနေခြင်းကို



www.burmeseclassic.com

www.burmeseclassic.com



အရောင်တစ်ထားသော မျက်လုံးများဖြင့် ဝေဖန်ကြည့် ကြည့်နေကြခြင်း ဖြစ်ပေလိမ့်မည်။ သူ့ဖေဖေ သေမှ ဖူးဖူးဖေဖေက နှစ်အိမ်တစ်အိမ်နေ ရင်းကနေ တစ်အိမ်တည်း နေဖြစ်သွားအောင် မွေးစားလိုက်တာ မဟုတ် ပါလား။

အဖေ အမေ မရှိလို့ မွေးစားသားဖြစ်ရတာ သိမ်ငယ်စရာ မဟုတ်ပေမယ့် ထိုမျက်လုံးတွေကြောင့် အနေကျုံ့ရတာတော့ အမှန်ပင်။

"သောက်လေ ကိုကိုရဲ့၊ ဘာတွေ တွေးနေတာလဲ၊ မုန့်တီဆိုတာ ပူပူလေး သောက်ပြီး ချွေးထွက်သွားမှ အရသာရှိတာ"

"ညီမလေး သောက်ပါကွာ၊ ကိုတို ဗိုက်ပြည့်နေလို့ပါ"

"အာ မရဘူး မရဘူး သောက်ရမယ်၊ ဒီမှာ ငါးဖယ်ဖတ်လေး တွေနဲ့ ဖူးဖူး ခွံ့ကျွေးမယ်၊ ပါးစပ်ဟ"

ပြောပြောဆိုဆို ဇွန်းက ပါးစပ်ဖျားရောက်နေပြီမို့ အလိုက်သင့် ပါးစပ်ဟပေးလိုက်ရသည်။ ဆင်ခြင်ပြီး ရှောင်တိမ်းနေမှ ညီမလေးရဲ့ ကလေး ဆန်ဆန် ဖွတ်တရွတ် ဆိုးနွဲ့မှုက ပိုဆိုးနေပြီထင်သည်။

သူလည်း ထိုထက်ပိုပြီး သူစိမ်းဆန်ဆန် ရှန်းမထွက်ချင်ပါဘူး လေ။ ဒီဘဝလေးမှာ ပျော်ဝင်ငြိတွယ်ခဲ့တာပဲ၊ အချိန်တွေ ကြာခဲ့ပြီ မဟုတ်ပါ လား။

သံယောဇဉ်တွေတစ်ရစ်ခြင်းတိုးလို့ ကာလာပျောက်တဲ့ ကောင်း ကင်ကြီးအောက်မှာ...။

■ ■ ■



## အခန်း (၉)

နောက်တစ်နေ့ မနက်မှာ ညီမလေး သူငယ်ချင်းအိမ်ကို ခပ် စောစော ထွက်လာခဲ့ကြသည်။ ဒီပါအောင် မိဘတွေက ရင်းနှီးဖော်ရွေ မှုတော့ ရှိကြပါသည်။

"သားက ညကတည်းက ပြောထားပါတယ်၊ အန်တီတို့ ငှား ရင်တော့ ကားတန်ဖိုးအလိုက် စပေါ်တင်နိုင်မှ ငှားတာပေါ့၊ ဒါပေမဲ့ သားသူငယ်ချင်းအစ်ကိုက ငွေကြေးမတတ်နိုင်လို့ပါဆိုတော့ နားလည်ပေး ရမှာပေါ့ကွယ်၊ ကားကလည်း ဒီတစ်စီးပဲရှိတော့တယ်၊ ဒါတောင် ကား မောင်းတဲ့သူက ကျန်းမာရေး မကောင်းလို့ဆိုပြီး ပြန်အပ်ထားတာကွဲ့"

"ကားမောင်းရင် ကားအကြောင်းနားလည်ပြီး ကားကိုလည်း ပြင်တတ်မှ ဖြစ်မှာနော်၊ ကားပျက်တိုင်း ဘာမှန်းမသိဘဲ ကားပြင်ဆိုင် ပို့နေလို့ကတော့ အုံနာကြေးတောင် ပေးနိုင်မှာ မဟုတ်ဘူး"

"ဟုတ်ကဲ့ခင်ဗျ ကျွန်တော် နည်းနည်းပါးပါး လေ့လာထားပါ တယ်၊ ဖေဖေကလည်း သင်ပေးခဲ့တော့ ကားနဲ့အကျွမ်းတဝင် ဖြစ်သွားရင် အဆင်ပြေမှာပါ"



www.burmeseclassic.com

"အေးပေါ့ကွာ သက်မဲ့ဖြစ်ဖြစ် သက်ရှိဖြစ်ဖြစ် ကိုယ်က ဂရုစိုက်ဆေးရင် တာရှည်ခံပါတယ်၊ ဘာပဲလုပ်လုပ် ဆက်ဆံရေးကောင်းတာက လည်း အကျိုးကျေးဇူးများတယ်ကွ၊ စပေါ်ယူမထားတဲ့အတွက် ကားပျက်ရင် အန်ကယ်တို့က ဘာမှစိုက်ပြင်ပေးမှာ မဟုတ်ဘူးနော်၊ ကားမမောင်းတော့လို့ ပြန်အပ်ရင်လည်း ကားအရမ်းကြီး ပျက်စီးနေလို့တော့ မဖြစ်ဘူး"

"ဟုတ်ကဲ့ပါ ကျေးဇူးတင်ပါတယ်"

ပြေပြေလည်လည်နှင့်ပင် ကားငှားရသည့် ကိစ္စက ပြီးပြတ်သွားခဲ့သည်။ အိမ်အထွက်ထိ ဒီပါအောင်က လိုက်ပို့ကာ

"ကားက ဒီနေ့ တစ်ခါတည်း ယူမသွားဘူးလား အစ်ကို"

"ပြီးမှ တစ်ခေါက်လာယူပါမယ်၊ ညီမလေးကို ကျောင်းလိုက်ပို့ချင်လို့လေ၊ သူ ကိုကျနေမှာစိုးလို့"

"ဩော် ကျွန်တော့်ကားနဲ့ ခေါ်သွားလိုက်ပါမယ်၊ တစ်ကြောင်းတည်းပဲဥစ္စာ၊ အစ်ကိုက မြို့ထဲကို ကားထွက်မှာ မဟုတ်လား၊ သွားချင်သွားလိုက်လေ"

"ဩော် အင်း ကျေးဇူးပဲ ညီလေး"

ညီမလေး နှုတ်ခမ်းစူနေတာ သိပေမယ့် ဖွတ်ပြင်းလျှင် မကောင်းတာမို့ ကားယူ၍ မြို့ထဲဘက် ထွက်ခဲ့သည်။ ဖေဖေ သင်ပေးခဲ့သည့်ကျေးဇူးကြောင့် ကားမောင်းရတာ အဆင်ပြေပြေပင်။

လိုင်စင်ကိစ္စတွေ ဘာတွေ ဝင်အပ်နှင့် တော်တော်လေးတော့ အလုပ်ရှုပ်သွား၏။ လိုင်းဝင်ပြီးသား ကားမို့ သိပ်တော့ အခက်အခဲ မရှိပါ။

စစချင်းနေ့မှာပင် ဈေးဦးပေါက်ကောင်း၍ ညကိုးနာရီမှ ကား





သိမ်းပြီး အိမ်ပြန်ရောက်သည်။

"ညီမလေးရေ ညီမလေး ဒီမှာ ညီမလေးဖို့ ခေါက်ဆွဲကြော်ဝယ်လာတယ်ကွ"

အသံမြူးမြူးလေးနှင့် ခေါက်ဆွဲကြော်ဘူး ထည့်လာသော ကြွပ်ကြွပ်အိတ်လေး ဆွဲကာ အိမ်ပေါ်ပြေးတက်လာခဲ့သော်လည်း ညီမလေးကို မမြင်တွေ့ရပါ။

"ဒေါ်လေး ညီမလေး ကျူရှင်က ပြန်မရောက်သေးဘူးလား"

"ရောက်ပါပြီတော်၊ သူ တစ်ယောက်တည်း ပြန်လာရလို့တဲ့ စိတ်ကောက်နေလေရဲ့"

"ဟင် ဒေါ်လေး သွားမကြိုဘူးလား"

"သွားကြိုရအောင် ဘယ်သူက ငါ့ကို မှာခဲ့လို့လဲ၊ သွားရအောင်လည်း မှောင်မှောင်စမ်းစမ်းနဲ့ မဖြစ်ပါဘူး၊ မင်းကရော သူ့ကျူရှင်ဆင်းနိုးနဲ့ အမီပြန်လာမှပေါ့ကွဲ့၊ ဒီလောက်ကြီးတောင် နောက်ကျရသလား"

"ဒေါ်လေးရယ် ဒီနေ့က လိုင်စင်ကိစ္စတွေရော လိုင်းကိစ္စတွေရော အဆင်ပြေအောင် ပတ်ပြီးလုပ်ရသေးတယ်လေ၊ ပြီးတော့ အုံနာကြေးပေးနိုင်အောင်လည်း ဆွဲမှဖြစ်မှာပေါ့၊ အိမ်စရိတ်အတွက်လည်း အပင်ပန်းခံရမှာပဲ"

"အေး မင်းကလည်း မင်းအပြောနဲ့ မင်းဟုတ်နေတာပဲ၊ ဟိုတစ်ယောက်ကလည်း ထမင်းမစားဘဲ အခန်းထဲမှာ စိတ်ကောက်နေတယ် သွားချော့လိုက်ဦး၊ ကျုပ်ကတော့ ဟိုဘက်အိမ် တီဗီသွားကြည့်လိုက်ဦးမယ်"

ဗျစ်တောက်ဗျစ်တောက်ပြောပြီး ဒေါ်လေး အိမ်ပေါ်က ဆင်းသွား

www.burmeseclassic.com



သည်။ သူက ညီမလေး အခန်းထဲ ဝင်သင့်မဝင်သင့် ချင့်ချိန်နေမိ၏။ ဘူးထဲက ခေါက်ဆွဲတွေကို ပန်းကန်ထဲထည့်ပြီး အိမ်ရှေ့စားပွဲပေါ်မှာပြင်ထားခဲ့ကာ ညီမလေး အခန်းတံခါးနားကိုကပ်၍

"ညီမလေး ကိုကို ပြန်ရောက်နေပြီ ထွက်တွေ့ဦးလေ ညီမလေးရဲ့၊ ညီမလေးအတွက် ကိုကို ခေါက်ဆွဲကြော်တွေ ဝယ်လာတယ်၊ ကိုကိုနဲ့ တူတူ စားရအောင်နော်"

"မစားဘူး၊ မစားဘူး ဘာမှလာမပြောနဲ့"

"ညီမလေးရယ် တစ်နေကုန် ကိုကို ဘာမှစားမလာရသေးတာနော်၊ ဗိုက်တွေ အရမ်းဆာနေပြီ၊ ညီမလေး မစားရင်တော့ ကိုကိုလည်း မစားတော့ဘူး"

သူ့အတည့်ပေါက် စကားက အစွမ်းထက်ကာ ညီမလေး အခန်းတံခါး ဖြုန်းခနဲ ပွင့်သွားသည်။ သူ့ကို တစ်ချက်မျက်စောင်းဝင့် လျက် ဘာမှမပြောဘဲ သူ့ရှေ့ကနေ ဆောင့်ဆောင့်အောင့်အောင့် ထွက် သွားကာ အိမ်ရှေ့ခန်းမှာ ထမင်းပွဲပြင်နေသည်။

"ညီမလေးလည်း မစားရသေးဘူး မဟုတ်လား၊ တူတူစား မယ်လေ"

"မစားဘူး"

"ဘာလို့ စိတ်ကောက်နေတာလဲ ညီမလေးရယ်၊ ကိုကို က အလုပ် သွားလုပ်တာလေ၊ ညီမလေးအတွက် ငွေသွားရှာတာလေ၊ ညီ လေး ကျူရှင်ကြိုချိန်အမီ ပြန်မရောက်လို့လား ကိုကိုက"

"မပြောနဲ့ မနက်ကတည်းက မကျေနပ်တာ"

"ဘာဖြစ်လို့လဲ"





"ကိုယ့်ညီမလေးကို သူစိမ်းယောကျ်ားလေးနဲ့ ထားပစ်ခဲ့ရလား"

"ဪ ညီမလေး သူငယ်ချင်းဆို ညီမလေးရဲ့"

"အခုလည်း အချိန်မီ လာမကြိုတော့ သူလိုက်ပို့တာ"

"ဟုတ်လား သူက သူငယ်ချင်းကောင်းပဲကွ၊ ညီမလေးအဖော် တာပေါ့၊ သူ့ကို ကျေးဇူးတင်သင့်တယ်"

"ကိုကို"

မေယမုံဖူး အသံစူးစူးလေးနှင့် အော်လိုက်တာမို့ တိမ်မယံနား က်ကို အလျင်အမြန် ပိတ်လိုက်ရသည်။

"ဘာဖြစ်လို့ အော်တာလဲ"

"ကိုယ့်ညီမကို နည်းနည်းလေးမှ စိတ်မပူဘူးလား"

"သူက လူဆိုးသူခိုးဆိုရင် ညီမလေးက အပေါင်းအသင်း ပ်ပါ့မလား။ ကိုယ့်ညီမ အရည်အချင်းကို သိနေလို့ စိတ်မပူတာပေါ့ကွ"

"အဲဒီ သူငယ်ချင်းက ရည်းစားစကားပြောရင်ရော ဘယ်လို ပ်မှာလဲ"

"သူ့မိဘတွေက ကားအုံနာ သူဌေးတွေပဲကွာ၊ ဘာသဘော စရာရှိလဲ၊ ကိုယ့်ညီမချမ်းသာတော့ ကိုကိုတောင် ဘာမှမလုပ်ရဘဲ အေးအေးချမ်းချမ်း နေရသေးတယ်"

"ကိုကိုနော် အဟင့် ဟင့်"

မေယမုံဖူး ရှုံ့မဲ့ချ ငိုပစ်လိုက်သည်။ ညီမလေး မျက်ရည်တွေ သူ့တကယ်မြင်ရမှ ပျာယာခတ်သွား၏။

"ဘာလို့ငိုရတာလဲ ညီမလေးရယ်၊ ကိုကိုက အလကား စနေ ပါ၊ ကိုကို့ညီမက ကလေးလေးမှာ ရှိသေးတယ်၊ ရည်းစားစကား



www.burmeseclassic.com

www.burmeseclassic.com



ပြောရဲပြောကြည့်ပါလား၊ ဆွဲထိုးပစ်မှာပေါ့''

''လျှောက်ပြောမနေပါနဲ့၊ သူဌေးသားယူရင် ဖိမ်နဲ့ထိုင်စားရ မို့ သဘောတူနေတာ မဟုတ်လား၊ အဲဒါကြောင့် စိတ်ချလက်ချ လွှ ပေးထားတာ''

''မဟုတ်ရပါဘူးကွာ၊ ကိုကိုက ရေသာခို အချောင်နေတတ် ပျောင်းမှ မဟုတ်တာ၊ ညီမလေးအတွက် ဘယ်လောက်ပဲ ပင်ပင်ပန်းပ ကြိုးစားချင်နေတဲ့ကောင်ပါ''

''အဟုတ်လား''

''အဟုတ်ပေါ့''

''တကယ်နော်''

''အင်း''

''အဲဒါဆို ကိုကို တစ်သက်လုံး မိန်းမ မယူဘဲ၊ ဖူးဖူးကို လ ကိုင်ကျွေးရမယ်''

''ဟောဗျာ ညီမလေး ယောက်ျားယူရင်လည်း လုပ်ကျွေး မှာပဲလား''

''ဘယ်သူက ယောက်ျားယူမယ် ပြောလို့လဲ၊ ဖူးဖူးက ကိုက တစ်သက်လုံးနေမှာ၊ ဘွဲ့ယူပြီးလို့ အလုပ်ရရင် ကိုကို့ကို တစ်လှည့်လ ကျွေးမယ်၊ အဲဒီအချိန်ကျရင် ဖေဖေလည်း ထောင်က ထွက်လာပြီ ထော့ အရမ်းပျော်စရာကောင်းမှာ''

တက်တက်ကြွကြွနှင့် ပြုံးပျော်လာသော ညီမလေး နဖူးလေး သူ ခပ်နာနာ ထုပစ်လိုက်သည်။

''အပြောင်းအလဲကလည်း မြန်လှချည်လား၊ ဘယ်လို က





လေးလဲ မသိဘူး၊ ကဲ ကိုကို ဗိုက်ဆာနေပြီကွာ၊ ထမင်းစားရအောင် ဘဲ ဒေါ်လေးဖို့ ခေါက်ဆွဲကြော် ခွဲချန်ထားလိုက်ဦးနော်၊ တော်ကြာ ဆိုးပြီး ရပ်ကွက်ထဲ အတင်းလည်ပြောနေဦးမယ်''

''ဟင်း ဟင်း ကိုကိုက ဒေါ်လေးအကြောင်း သိနေပြီပေါ့''

''တစ်အိမ်တည်း အတူနေမှတော့ မသိဘဲနေပါ့မလား၊ သူက လိုနေရမှ စားဝင်အိပ်ပျော်တာ''

ပုံမှန်ပြန်ဖြစ်သွားသော သူတို့ ထမင်းဝိုင်းလေးက စိုစိုပြေပြေ ကြည်နူးစရာလေး ပြန်ဖြစ်လာသည်။

''ဒီပါအောင်က ညီမလေးကို စိတ်ဝင်စားနေလား မသိဘူးနော်၊ သူ့မျက်လုံးတွေက တစ်မျိုးပဲ''

''မသိပါဘူး ဖူးဖူးက သူ့မျက်လုံးတွေကို ဂရုစိုက်နေတာ မဟုတ် ဘူး. ဖူးဖူး အရိပ်အကဲ ကြည့်နေတာက ကိုကို့ကိုပဲ၊ ဖူးဖူးနားမှာ ကိုကို နေရင် ဖူးဖူးဘဝ အရေး ပြည့်စုံတယ်လို့ အောက်မေ့တာယ်''

အချောင်မဲ့စွာ ဝေ့ိးလိုက်ပေမယ့် မျက်နက်ဝန်းလေးထဲမှာ အိပ္ပါယ်တွေ နက်ရှိုင်းလွန်းတာ သတိထားမိ၏။ ဘာသာပြန်ဖို့ ခက်ပေ ယ့် လူက တုန့်ခနဲဖြစ်ကာ အကြည့်လွှဲလိုက်မိသည်။

အရောင်မဲ့ ရပ်ဝန်းမှာ နှင်းမုန်တိုင်းတွေကျပြီး အသက်ရှုသံ တွေ ရာခဲဆစ် မဖြစ်ပါရစေနဲ့။

သဘာဝက အရောင်အဆင်း မဲ့ပြီးသားပါကွယ် . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"တောက်"

ပြင်းထန်စွာ တက်ခေါက်လိုက်ပြီး ကားစတီရာရင်ကို လက်သ... ဆုပ်လေးနှင့် တဆတ်ဆတ် ထုပစ်လိုက်မိသည်။

ကားက တုံ့ခနဲ တုံ့ခနဲဖြစ်နေရင်းက ဘာကြောင့် ထိုးရပ်သွ... မှန်းမသိ။ ကားမောင်းတတ်ပေမယ့် ကားအကြောင်း နားမလည်။

ဒါကြောင့် ဒရိုင်ဘာ ငှားထားတော့လည်း တစ်လ တစ်ယော... လောက် ပြောင်းနေတာ စိတ်က မရှည်။ ပိုက်ဆံပေးနိုင်းတာတောင် ဘယ်သူ... လက်ကြောတင်းတင်း မလုပ်ချင်ကြ။

ဒါကြောင့်လည်း တစ်ကမ္ဘာလုံးမှာ ဆင်းရဲမွဲတေမှု ပပျော... အောင်လုပ်ဖို့ ခဲယဉ်းနေတာ။ ဘဝအကျိုးပေးအတိုင်း တန်ရာတန်... အလုပ်တစ်ခုခုတော့ လုပ်နေရမှာပေါ့။

အနိုင်းခံဘဝမျိုးနှင့် ငွေရှင်ကြေးရှင်တွေရဲ့ အခစား ဝန်ထ... ဆိုလည်း သည်းခံနိုင်ရမည်။ ကျိုးနွံနာခံတတ်ရမည်။ အလိုက်သိ နားလ...





...ည့် မဟုတ်ဘူးလား။

အခုတော့ မရှိမာနနှင့် ဘဝင်ခေါင်ခိုက်နေသည့်လူတွေ၊ ပျင်းရိ... အလုပ်ကို ကြောက်တဲ့လူတွေ၊ ကျိုးနွံနာခံ အလိုက်သိပေးရလျှင် ...င်ယ်အားငယ်ရတယ်လို့ ထင်နေကြသည့်လူတွေနှင့်သာ ကြုံတွေ့နေရ...ည်။ ဒီလိုလူတွေ ဘယ်လိုလုပ် တိုးတက်ကြီးပွားမှာလဲ။

ကံကိုယုံပြီး ဆူးပုံနင်းကြည့်ချင်သလိုမျိုးဖြင့် ကံပေးသလောက် ...စားရမှာပေါ့ဆိုပြီး ရောင့်ရဲတင်းတိမ်နေသမျှ ဆင်းရဲတွင်းက လွတ်ကြ...ည့်မထင်။ သူမကတော့ ကံကြမ္မာဆိုတာကို မယုံပါ။

ဒါဆို မောင်လေး ကားတိုက်ခံရပြီး သေဆုံးသွားတာ ကံကြမ္မာ...ကြောင့်လား။ ဟင့်အင်း လူတစ်ယောက်ရဲ့ သတိ ဝီရိယ နည်းပါးသည့် ...ဆမှုကြောင့်ပါ။ မောင်လေး ဘယ်လောက်မှားမှား အဲဒီလူရဲ့ ကား ...ိုတ်သာ ကောင်းနေလျှင် ယာဉ်တိုက်မှုဆိုတာ ဖြစ်လာပါ့မလား။

လူသေသွားလောက်အောင် ဆိုးဆိုးဝါးဝါး ဖြစ်ပါ့မလား။ ဘယ် ...မှ ခွင့်မလွှတ်နိုင်ပါ။ မကျေနပ်နိုင်ပါ။

"ဟား တောက်"

ရင်ထဲမှာ ဗလောင်ဆူဝေ မကျေနပ်မှုများနှင့် ကားစတီရာရင် ... နောက်တစ်ကြိမ် ထပ်ထုပြီး ကားအောက်ဆင်းလိုက်သည်။

ဒီနေ့ ဟိုတယ်မှာ ညှိအဝင်နည်းသည့်ကိစ္စ၊ ဝန်ထမ်းတွေကို ...ည်းအဝေးခေါ်ဖို့ အိမ်ကနေ စောထွက်လာခဲ့တာ။

နေ့လယ်မှာ တခြားဟိုတယ်က ညှိခံပွဲတစ်ခုကိုလည်း သွား ...ရှိနေသည်။ ညနေမှာ သူငယ်ချင်းတစ်ယောက်ရဲ့ ဒင်နာပွဲ။

တစ်ခုပြီးတစ်ခု ခေါင်းထဲဝင်လာကာ အကောင်းစားကားကြီးကို



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းထိုး၍ စိတ်ပျက်စိတ်ကုန်သွားသည်။

ကားဝပ်ရှော့တစ်ခုကို ဖုန်းဆက်လာယူနိုင်းပြီး တက္ကစီစီး၍ ဟိုတယ်ကို သွားရတော့မည်လား။ တက္ကစီ စီးပြီး ကိုယ့်ဟိုတယ်က ရောက်အောင်သွားလိုက်ရတာတော့ ကိစ္စမရှိ။

နေ့လယ်နှင့် ညပိုင်းမှာ သွားရမှာတွေကတော့ တက္ကစီကားနှင့် အဆင်မပြေ။

လူကုံထံအသိုက်အဝန်းတွေ ဆုံသည့်ပွဲမို့ ရုပ်ပျက်ဆင်းပျက် ရှိုးပွဲလို့တော့ မဖြစ်။

"ဟား ဘာလုပ်ရမလဲကွာ"

အတွေးမဆုံးခင် အဖြူရောင်လွင်နေသော တက္ကစီကားလေး လှမ်းတားလိုက်သည်။ တက္ကစီ ကားလေးက ညင်သာစွာပင် သူမ ကာ လေးရဲ့နောက်မှာ ထိုးရပ်သွားပြီး ကားမောင်းသူ ကားအောက်ကို ဆင်းလာ ၏။

"ဘာအကူအညီပေးရမလဲ"

"ဟင်"

တိမ်လွှာဝတီ ပါးစပ်ဟသွားပေမယ့် တန်းခနဲ မဖြေနိုင်။ တက္ကစီ မောင်းသည့်လူက အသက်ကြီးကြီး ရှက်ကြမ်းရေကျို ဖိုသီဖတ်သီလည်း မဟုတ်ပါလား။

အသက်နှစ်ဆယ်ကျော် လူငယ်တစ်ယောက် ဖြစ်နေသလို ရည်သန့်ပြန့် ကြည့်ကောင်းနေပြီး ယောက်ျားပီပီသသ ဆွဲဆောင်မှု ဟု ထင်မြင်မိသည်။ အဝတ်အစားက ပေါ့ပေါ့ပါးပါး ရှော့ပန်အတို တီရှပ် ဖီးရောင်ကာလာ မျက်မှန်လေးကို နဖူးပေါ် မတင်ထားတာက စ တစ်မျိုးနှင့်ဖြစ်သည်။

မြင့်မားသော အရပ်အမောင်းနှင့် တောင့်တင်းကြံ့ခိုင်မှုရှိသော





ကိုယ်ခန္ဓာက သူမကို အုပ်မိုးလျက် စီးစီးပိုးပိုး ရှိလွန်းလှ၏။

"ကားပျက်နေလို့လား ဒီလို ကားအကောင်းစားကြီးတွေကို တော့ ကျွန်တော် အကျွမ်းတဝင် သိပ်မပြင်တတ်ဘူးဗျ"

"ဪ အင်း ဟုတ်ပြီလေ"

အသံဩဇာရဲ့ ချိုကြည်ဩရှမှုကြောင့် သူမ မင်သက်မိကာ ဘာပြန်ပြောရမှန်းမသိအောင်ပင် ဖြစ်သွား၏။ ဘယ်ယောက်ျားကိုမှ သူမ ဒီလောက်ထိ စိတ်ဝင်တစား အကဲမခတ်ဘူးပါ။ ဒီလူမှာပဲ လူတစ်ယောက် ကို သိမ်းသွင်းနိုင်သည့် စွမ်းအားတွေ ပိုင်ဆိုင်ထားလေသလား။

"ဘာလုပ်မှာလဲ"

"ဪ ဝတီ ကားပျက်နေလို့ ရှင့်ကားကို ငှားစီးမယ်လေ"

"ဘယ်ကိုပို့ပေးရမှာလဲ၊ ဒီကားကိုရော ဘယ်လိုလုပ်မှာလဲ၊ ပ်ရှော့ကို ဖုန်းဆက်ပြီးပြီလား"

"ဟို နေ့လယ်နဲ့ ညနေမှာ ဝတီသွားစရာ ရှိတယ်၊ အဲဒါကို ချိန်မီ ပြင်ပေးနိုင်မယ့် ကားဝပ်ရှော့လေး ဘာလေး ရှင် မသိဘူးလား"

"ဂျပန်နည်းပညာရှင်တွေ ဖွင့်ထားတဲ့ ဝပ်ရှော့တော့ ရှိတယ်ဗျ၊ သူတို့နိုင်ငံက ထုတ်တဲ့ကားဆိုတော့ ပိုပြီး မြန်အောင်ပြင်ပေးနိုင်မယ် င်ပါတယ်၊ ဖုန်းနံပါတ်တွေတော့ ကျွန်တော့်မှာ ရှိတယ်၊ ဆက်ကြည့် တ်ပါလား"

တိမ်မယံက သူ့အိပ်ဆောင်စာအုပ်လေးထဲက ဖုန်းနံပါတ်တစ်ခု ပြလိုက်တော့ သူမက အလျင်အမြန်ပင် ဖုန်းဆက်လိုက်သည်။ တိမ်မယံ တ်ရှည်ရှည်နှင့် စောင့်ပေးတာကို သူမက ဖုန်းပြောရင်းနှင့် အကဲခတ်၏။

"အိုကေ အဆင်ပြေတယ်၊ နေရာကို ပြောလိုက်တော့ သူတို့ လာယူမယ်တဲ့၊ ဒီဝပ်ရှော့က ဝန်ဆောင်မှုလည်း ကောင်းသားပဲ၊ ဝတီ တဲ့အချိန်ရအောင်လည်း ပြင်ပေးမယ်လို့လည်း ပြောတယ်"

"ဟုတ်ကဲ့ ကျွန်တော် ဘယ်လိုက်ပို့ပေးရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တိမ်လွှာဟိုတယ်ကို"

"ဩော် ဒီကားလာယူတဲ့အထိ စောင့်ဦးမလား"

"အင်း ခဏတော့ စောင့်ရမယ်၊ ရှင့်အချိန်တွေ အဆင်ပြေပါ့မလား"

"ကျွန်တော် ကားကို ခင်ဗျား ငှားစီးမှာ မဟုတ်လား၊ ဒီလောက်တော့ စောင့်ပေးရမှာပေါ့ ကိစ္စ မရှိပါဘူး"

"ရှင် စိတ်ရှည်တတ်သားပဲနော် မဆိုးပါဘူး"

တိမ်မယံက ဘာမှ ပြန်မပြောတော့ဘဲ သူ့ကားပေါ်မှာ ပြန်ထိုင်နေသည်။ အလုပ်ကိစ္စမှလွဲ၍ ရွယ်တူမိန်းမလှတစ်ယောက်ကို အရောတဝင် နေလိုဟန်မရှိ။

ဘေးစောင်းမြင်နေရသော တည်ငြိမ်ရင့်ကျက်မှုရှိသည့် ထိုလူငယ်လေးကို ကြည့်နေမိရင်းမှ လက်ခနဲ စဉ်းစားမိကာ သူ့ကားအနီး သွားရပ်လိုက်သည်။

ထိုလူငယ်က အလိုက်တသိပင် ကားထဲက ထွက်လာ၏။

"ဘာပြောချင်လို့လဲ"

"ဩော် ရှင့်နာမည် သိချင်လို့"

"တိမ်မယံ"

"တိမ်မယံ ဟုတ်လား"

သံယောင်လိုက်ရင်း စိတ်ဝင်စားမှု တစ်ခုတိုးသွားပြန်၏။ နာမည်ကသူမလို အမြင့်မှာပါပဲလား။

"ဒီတက္ကစီကားက ရှင့်ကိုယ်ပိုင်လား အငှားလား"

"စပေါ်တောင် မတင်နိုင်ဘဲ အငှားမောင်းနေတာပါ"

သိမ်ငယ်မှုမရှိ ပွင့်လင်းစွာ ဝန်ခံနေတာကိုက ဆွဲဆောင်မှုတစ်မျိုးလို့





ဖြစ်နေ သည်။ အခွင့်အရေး ရရင်ရသလို မိန်းမတစ်ယောက်ကို စေ့စေ့စပ်စပ် မကြည့် တာကလည်း ပင်ကိုအကျင့်စာရိတ္တကောင်းခြင်းများလား။

"ဟို စပ်စုတယ်လို့ မထင်နဲ့နော်၊ တက္ကစီ မောင်းရတာ အဆင်ပြေရဲ့လား၊ မိသားစုကိုရော လုံလုံလောက်လောက် ထောက်ပံ့နိုင်ရဲ့လား"

"တစ်ခါတလေ အံ့နာခပေးလိုက်ရတာနဲ့ ကိုယ့်အတွက် သိပ်မကျန်ဘူးဗျ၊ တက္ကစီကားတွေကလည်း နေရာအနှံ့အပြား ရှိနေပြီဆိုတော့ ဆွဲမကောင်းတဲ့နေ့တွေလည်း အများကြီးပဲ၊ မိသားစုမများဘဲ ညီမလေး တစ်ယောက်တည်း အတွက် ရှန်းကန်နေရလို့ တော်သေးတာပေါ့ဗျာ၊ အဆင်ပြေရုံပါပဲ"

"ဩော်"

ညီမလေး တစ်ယောက်တည်းဆိုတော့ အမိအဖ မရှိ တခြား မွေးချင်းသားချင်း မရှိဘူးဆိုသည့် သဘောပေါ့။

"ဒါဆို ရှင် ဝတီရဲ့ ဒရိုင်ဘာ လုပ်မလား တိမ်မယံ"

"ဗျာ"

"ဝတီ လခကောင်းကောင်း ပေးပါမယ်၊ ကိုယ့်ဘာသာ မောင်းနေရတာ ခုလိုမျိုး အဆင်မပြေတာ ခဏ ခဏကြုံနေရလို့ပါ၊ ဝတီက ကားပဲမောင်းတတ်တာ၊ ကားအကြောင်း နားမလည်ဘူး၊ လမ်းလယ်ခေါင်မှာ ကားပျက်တော့ ရှုံးပုံတာပေါ့ ဟင်း ဟင်း"

"စိတ်တော့ ဝင်စားပါတယ်၊ ကျွန်တော် ညီမလေးနဲ့ တိုင်ပင်ကြည့်ဦးမယ်"

"ဟင် ရှင်က အစ်ကိုဆိုရင် ရှင့်စီမံမှုနဲ့ ဆုံးဖြတ်လို့ မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဒီလိုရှိပါတယ်၊ ဒီကားက ညီမလေး ပြောပေးထားလို့ စပေါ်မတင်ရဘဲ မောင်းခွင့်ရနေတဲ့ကားဗျ။ သူ့သူငယ်ချင်း မိဘတွေဆီမှာ ညီမလေး မျက်နှာပျက်စရာများ ဖြစ်နေမလားလို့ပါ"

"ဟုတ်ပြီလေ ရှင် စိတ်ဝင်စားတယ်ဆိုရင် ဆက်သွယ်လိုက်ပါ။ ပြော် ဒီနေ့တစ်နေ့တော့ ရှင့်ကို ဝတီ အပိုင်ငှားမယ်နော်"

"ဗျာ ဟို"

သူ နားမလည်သလို ပြူးပျာသွားတော့ သူမက သွားစွယ်ဖွေးဖွေးလေးတွေပေါ်အောင် ပြုံးရယ်သည်။

"ဝတီကို ဟိုတယ်လိုက်ပို့ပြီးရင် ရှင့်ကားကို ဟိုတယ်မှာ ထိုးထားလိုက်၊ ဝပ်ရှော့က ဝတီကားရတာနဲ့ ဝတီကားကို မောင်းပြီး ဝတီ သွားရမယ့်နေရာတွေ လိုက်ပို့ပေး၊ ဝတီ ထိုက်ထိုက်တန်တန် ပေးမှာပါ၊ အဆင်ပြေတယ် မဟုတ်လား"

"ဟုတ် ဟုတ်ကဲ့ အဆင်ပြေပါတယ်"

အတိုင်းထက်အလွန် အဆင်ပြေနေသည်မို့ သူ အလျင်အမြန်ခေါင်းညိတ်လိုက်သည်။ ကိုယ့်ကားက လောင်စာတွေ မကုန်ဘဲ ပိုက်ဆံရမှာ အဆင်မပြေဘဲ နေပါ့မလား။

ပြီးတော့ ရွှန်းရွှန်းစိုစို တောက်ပရဲရင့်လှသော မိန်းမလှလေး နှင့် တစ်နေ့ကုန် အတူတူ ရှိနေရမှာ။ အဆင်ပြေပါတယ် ဝတီ။

■ ■ ■



အခန်း (၁၁)

"ဘာကို အဆင်ပြေတာလဲ၊ 'တက္ကစီ မမောင်းဘဲ အဲဒီ မိန်းမ နောက်လျှောက်လိုက်နေတာ မဟုတ်လား"

"အလကား လိုက်ရတာမှ မဟုတ်ဘဲ ညီမလေးရဲ့၊ ကိုယ့်ကားက လောင်စာအကုန်ခံပြီး လိုက်ပို့ရတာလည်း မဟုတ်ဘူး၊ ကိုယ်တစ်နေ့တာ ဝင်ငွေထက်လည်း ငါးဆလောက် ပိုရလိုက်တယ်၊ ဒါကို အဆင်ပြေတယ်မပြောရင် ဘာကိုအဆင်ပြေတယ် ပြောရမှာလဲ၊ ဒီထက်အဆင်ပြေကာတောင် ဒီလောက် အဆင်ပြေမှာ မဟုတ်ဘူး"

"ကဲပါ တော်ပါတော့၊ ကိုကို တော်တော် အူမြူးနေတယ်နော်၊ ဘယ်လိုမိန်းမနဲ့ တွေ့လာလို့လဲ၊ အဲဒီ မိန်းမက ဖြူသလား၊ မည်းသလား ဘယ်အရွယ်လဲ ဘယ်ကလဲ ဘာလုပ်တာလဲ"

"ဟား ဟား ဟား"

နှုတ်ခမ်းစူစူနှင့် မေးခွန်းတွေ များနေသော မေယမုံဖူးကို ကြည့်၍ တိမ်မယံ ဟက်ဟက်ပက်ပက် ရယ်ချလိုက်သည်။

မေယမုံဖူးက သူ့ကျောကုန်းကို ဗုန်းခနဲ ထုပြီး သူ့အနား ဝင်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး

"ကိုကိုက ဘာရယ်တာလဲ၊ မေးနေတာကို ဖြေလေ၊ ကိုကို အမြင်မှာ မဟုတ်တာတွေ လုပ်လို့ကတော့ မလွယ်ဘူးနော်"

"မေးခွန်းတွေ များပြီး ဘယ်က စဖြေရမှန်း မသိလို့ပေါ့ကွ"

"အလျင်းသင့်သလို တစ်ခုချင်းဖြေ"

"အိုကေ အဲဒီမိန်းမက တိမ်လွှာဟိုတယ် ပိုင်ရှင်၊ သူ့နာမည်က တိမ်လွှာဝတီ တဲ့"

"ဟင် ကိုကို့နာမည်က တိမ်မယံ၊ နာမည်ချင်း ဆင်နေတာပေါ့"

"အမြင့်ပဲလေ အောက်ကို မဆင်းချင်တဲ့သဘောပေါ့၊ သူက လည်း ကိုကို့နာမည်ကို စိတ်ဝင်စားသွားတာ ထင်တယ်"

ရွှင်မြူးတက်ကြွစွာ မျက်နှာပြောင်နေသော တိမ်မယံကို မေယမုံ ဖူး မျက်စောင်းရွယ်၍

"အရမ်းကို အူမြူးနေတယ်နော်၊ သိပ်မဟုတ်တော့ဘူး ကဲ ပြောပါ"

"အင်း အရမ်းဆွဲဆောင်မှုရှိပြီး ထက်ထက်မြက်မြက် လှတဲ့ မိန်းမတစ်ယောက်ကို ကိုကို အခုမှ မြင်ဖူးတာလို့ ပြောရင် ညီမလေး ယုံမလား"

"ဘာ"

"ဟုတ်တယ် ညီမလေးရဲ့၊ သူ့အလှက ခဏလေး မြင်တာ တောင် အသိအမှတ်မပြုလို့ မရဘူး၊ သူချမ်းသာတဲ့ ဂုဏ်ဒြပ်နဲ့လည်း အရမ်းလိုက်ဖက်တယ်၊ သူ သွားတဲ့နေရာတွေ လိုက်ပို့ရတာလည်း ထည် ထည်ဝါဝါနဲ့ သူနဲ့ ပန်းရ တင့်တယ်လွန်းတယ်"

"ချမ်းသာတဲ့သူပါဆိုမှ အဲလိုပဲ ဖြစ်မှာပေါ့၊ ဘာတွေများ ထူး ခြားလို့လဲ"

"ထူးခြားတာပေါ့၊ သူ့အသက်က ကိုကိုနဲ့ မတိမ်းမယိမ်းလောက်





ရှိမယ်၊ ဒီလိုအရွယ်နဲ့ ဒီလို ပိုင်ဆိုင်မှုတွေများတာ အရမ်းအံ့ဩဖို့ ကောင်းတယ်၊ ကိုကိုတို့ မမျှော်မှန်းနိုင် စိတ်ကူးမယဉ်နိုင်တဲ့ ဘဝမျိုး မဟုတ်လား"

"ကိုကိုက အားကျနေတာလား၊ သဘောကျနေတာလား"

မေယမုံဖူးရဲ့ ခပ်ဆောင့်ဆောင့် မေးခွန်းမှာ သူ ပြုံးမိသွားရ သည်။ ညီမလေးနဖူးကို ခပ်ဖွဖွလေး လှမ်းထုကာ

"အားကျတာ သဘောကျတာမျိုး ကိုကို့မှာ မရှိပါဘူး၊ ကိုယ် တာဝန်ကျေသလောက် တန်ရာတန်ကြေး ရမယ်ဆိုရင် အလုပ်ကိစ္စကို စဉ်းစားရမှာပေါ့"

"ဟင် ကိုကိုက ဒီပါတို့ တက္ကစီကားကို မမောင်းတော့ဘူးပေါ့"

"အင်း ကိုကိုတော့ တိမ်လွှာဝတီဆီမှာ ဒရိုင်ဘာလုပ်ဖို့ ဆုံးဖြတ် ထားတယ်၊ တိမ်လွှာဝတီ ပေးတဲ့ လစာက မက်လောက်စရာပဲ မဟုတ် လား၊ အခု ကိုကို တက္ကစီမောင်းနေတာက တစ်နေ့ အဆင်မပြေလိုက်၊ တစ်နေ့ အံ့နာကြေးလောက်ပဲ ရလိုက်နဲ့၊ ရတဲ့နေ့ကလည်း မြိုးမြိုးမြက် မြက် မဟုတ်တော့ ညီမလေး ကျောင်းစရိတ်အတွက် သိပ်အဆင်မပြေ လှဘူး"

"ကိုကိုကလည်း တိမ်လွှာဝတီ ဒရိုင်ဘာ လုပ်ချင်လို့ ဆင်ခြေ များနေတာပါ"

"အဲလို မပြောပါနဲ့ ညီမလေးရယ်၊ ကိုကို အားဆွဲလို့ကောင်းတဲ့ နေ့ ပေးပါမယ်ဆိုပြီး ညီမလေးအတွက် အထူးထုတ်တွေ ဝယ်ပေးဖို့ ဒေါ်လေးကို ရပ်ကွက်ထဲ ချေးခိုင်းထားတဲ့ အကြွေးတွေတောင် ရှိသေး တယ်"

"ဟင် တ တကယ်"

"ဟုတ်တယ်ဟ ဟုတ်တယ် ညည်းက ကျောင်းလေးသွား



www.burmeseclassic.com

www.burmeseclassic.com



လိုက် စာလေးကျက်လိုက်နဲ့ ဘာမှမသိတာ၊ ညီမလေး မသိပါစေနဲ့ဆိုပြီး ကျုပ်ကို တိုးတိုးတိတ်တိတ် ချေးငှားခိုင်းနေတာ ဘယ်လောက်ရှိပြီလဲ၊ တစ်နေ့လည်း မပေးနိုင်၊ တစ်ပတ်လည်း မပေးနိုင်၊ ကျုပ်က ကြားထဲက ကြွေးရှင်တွေကို မျက်နှာပူတယ်ဟေ့၊ ဝင်ငွေကောင်းတဲ့အလုပ်ဆိုရင်တော့ လုပ်သာ လုပ်ခိုင်းလိုက်''

ဒေါ်လေးက ကျယ်ကျယ်လောင်လောင်နဲ့ အော်ပြောပြီး ဆက်တီခုံမှာ ခပ်ဆောင့်ဆောင့် ဝင်ထိုင်သည်။

စာမေးပွဲနီးလာသော သူမရဲ့ ကျောင်းစရိတ်အတွက် ကိုကို အဲလိုတောင် ချေးငှားပြီး ဖြေရှင်းနေရသည်ပေါ့။

သူမ စိတ်မကောင်းစွာ မျက်ရည်တွေပင် လည်လာသည်။

''ကိုကို ဘာလို့ ဒီအကြောင်းတွေ အစကတည်းက ဖူးဖူးကို မပြောတာလဲ''

''ညီမလေး သိစရာမလိုပါဘူးကွာ၊ ကိုကို ဖြေရှင်းနိုင်တဲ့ကိစ္စတွေပါ၊ ညီမလေးက ကျောင်းစာကိုပဲ ကောင်းကောင်းသင်၊ ကျောင်းပြီးလို့ ဘွဲ့ရတော့ ကိုကို့ကို လုပ်ကျွေးပေါ့''

''အင်းပါ ကိုကိုသာ မိန်းမ မယူနဲ့''

''အိုအေ ယူချင် ယူပစေပေါ့၊ ညည်းလည်း ချမ်းသာတဲ့ ယောကျ်ားတွေ့ရင် အချိန်မဆွဲနဲ့ ယူသာယူ၊ ဒါမှ ငါ့အစ်ကို ထောင်က ထွက်လာရင် အေးအေးချမ်းချမ်း နေရမှာ''

ဒေါ်လေးက သူပြောချင်ရာတွေပြောပြီး အိမ်အောက် ဆင်းသွားသည်။ မေယမုံဖူးက သူ့ရင်ခွင်မှာ မျက်နှာအပ်ပြီး တသိမ့်သိမ့် ရှိုက်၏။ တွန်းဖယ်ဖို့လည်း မစွမ်းသာပါ။

''ဘာလို့ ငိုနေတာလဲကွာ၊ မျက်ရည်ကျတာ ကိုကို မကြိုက်ဘူး ဘဝဆိုတာ ဒီလိုပါပဲ၊ ကိုကိုတို့က ဖေဖေ့အရိပ်အောက်မှာ ဘာမှမသိဘဲ





နေခဲ့ကြတာ၊ ခုမှတွေးပြီး စိတ်မကောင်းဘူး၊ ကိုကိုတို့နှစ်ယောက်ရဲ့ ကျောင်းစရိတ်၊ အိမ်ရဲ့စားဝတ်နေရေးနဲ့ ဖေဖေ ဘယ်လောက်တောင် ပင်ပန်းခဲ့လဲ မသိဘူး၊ အခုလည်း ထောင်ထဲမှာ စိတ်ရောလူရော အရမ်းကို ပင်ပန်းဆင်းရဲနေရှာမှာ၊ အရင်တစ်ခါ ကိုကို ထောင်ဝင်စာ သွားတွေ့တော့လည်း သူ့ဆီကို မလာခဲ့နဲ့၊ ညီမလေးကိုသာ ဂရုစိုက်ပါတဲ့လေ''

''ဒီတစ်ခါ ကိုကိုသွားရင် ဖူးဖူး လိုက်ခဲ့မယ်''

''ညီမလေး စာကိုသာ အာရုံစိုက်ပါကွာ၊ စာမေးပွဲဖြေပြီးရင် ကိုကိုလိုက်ပို့မယ်နော်၊ စာမေးပွဲက နီးပြီ၊ စာကိုကြိုးစား''

မေယမုံဖူးက ကလေးငယ်လေးလို ငိုမဲ့မဲ့လေးနှင့် ခေါင်းတဆတ်ဆတ် ညိတ်ပြသည်။ သူ သက်ပြင်းတွေရှိုက်ရင်းနှင့် မေယမုံဖူး ခေါင်းလေးကို ဖွဖွပုတ်၍ ထရပ်လိုက်သည်။

သောကတွေ မပေးချင်ပါ။ နီးစပ်မှုနှင့် ဝေးကွာသွားမှာကိုလည်း မလိုချင်ပါ။

သက်ပြင်းတွေ လေးပင်နေပေမယ့် ထိုညက တိမ်လွှာဝတီကို အိပ်မက် မက်ခဲ့သည်။

တိမ်လွှာတွေပေါ် ပြေးလွှားနေသော သူမကို သူ ခဲရာခဲဆစ် မမှီတမီ လိုက်ဖမ်းနေမိ၏။

သူမက အရှောင်အတိမ်းကောင်းတာလား သူကပဲ မိအောင် ဖမ်းနိုင်သည့် စွမ်းအင်တွေ မရှိတာလား မသိ။

နီးလိုက် ဝေးလိုက် မမြင်ရတဲ့အခါလည်း ရှိလိုက်နှင့် တစ်ခါ တစ်ခါကျတော့လည်း သူ့ရင်ခွင်ထဲ ရောက်ရောက်လာသလို ..။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ဟယ် ဒါဆို ဒီပါအောင်တို့အိမ်က ကားကို နှင့်အစ်ကို မမောင်းတော့ဘူးပေါ့၊ ဒီပါအောင်တော့ စိတ်လေသွားတော့မှာပဲ၊ သူက နှင်ကျေးဖူးတင်တာကို ခံချင်နေတာ"

"ဟုတ်ပ့ါ အခုမှ တို့တွေနဲ့ ရောနှောပတ်သက်လို့ရတယ်ဆိုပြီး ဒီပါ အရမ်းကို စိတ်ချမ်းသာပြီးပျော်နေတာ၊ အခုတော့ လဒမိုင် မိုင်တော့မှာပေါ့၊ အဲ ဒါပေမဲ့ ဆက်နွယ်မှုရှိသွားပြီဆိုတော့ နောက်ဆုတ်မှာတော့ မဟုတ်တော့ဘူး၊ ဖူးဖူး နင် စိတ်ကူးမလွဲနဲ့နော်"

"တော်ကြစမ်းပါဟာ နင်တို့ပြောလိုက်ရင် ဒီအကြောင်းချည်းပဲ နားမထောင်ချင်ဘူး သွား"

"ဟဲ့ ဟဲ့ ဖူးဖူး နေပါဦး"

မေယမုံဖူး ဆောင့်အောင့်ကာ လှမ်းထွက်သွားတော့ သီရိနှင့် သန္တာ အပြေးလိုက်လာကြသည်။ ရှေ့ကနေ ပိတ်ရပ်ကြမှ ဖူးဖူး ခြေလှမ်းတွေ တုံ့ရပ်သွား၏။





"နှင့်ကိုကို လာမကြိုဘူး မဟုတ်လား၊ အေးဆေးလျှောက်ပါ ငါတို့ လိုက်ပို့ပါ့မယ်"

"အေးလေ ဘောက်ဆတ် ဘောက်ဆတ်နဲ့ လျှောက်သွားနေ ဘာ နောက်က ရည်းစားစကား လိုက်ပြောမယ့်သူ ပါလာရင် အမောဆို့သမှာပါ"

"နင်တို့ လိုက်မပို့ကြပါနဲ့၊ ငါဘာသာ တစ်ယောက်တည်း သွား ဖြစ်တယ်၊ နင်တို့လမ်းနဲ့ ငါ့လမ်းနဲ့ တခြားစီ"

"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ နင့်ဒေါ်လေးကလည်း လာကြိုတာ မဟုတ်ဘူး"

"ဒေါ်လေးက ဒီအချိန်ဆို သူများအိမ်မှာ တီဗီကြည့်ဖို့ ရောက်နေလောက်ပြီ၊ ကိုကိုက ငါ့ကို ကြိုပေးဖို့ပြောထားပေမယ့် ကိုရီးယားကို ကြည့်နိုင်လို့ ကားမကောင်းတဲ့နေ့မှ လာကြိုတာ"

"နင့်ဒေါ်လေးကလည်း စံပဲနော်၊ စောင့်ရှောက်ပေးဖို့ ခေါ်ထားတယ်ဆိုမှ လယ်ယာပြန်စားရေးပဲ လုပ်နေတယ်"

"အဲလို လုပ်ရုံဆို တော်သေးတာပေါ့၊ အခုက အလုပ်မရှိ အကိုင်မရှိနဲ့ တစ်ရပ်ကွက်လုံး အတင်းလည်ပြောနေတာ"

"ဟယ် ဘယ်သူ့အတင်းလဲ"

"ငါနဲ့ ကိုကို အတင်း"

"ဟင် နင်တို့အတင်း၊ ဘာတွေလည်ပြောတာလဲ"

မစိစု သီရိက ဖူးဖူး လက်ကိုဆွဲထားပြီး မေးသည်။ ဖူးဖူးက ခြေချင်သလို မျက်နှာလွှဲတော့ သန္တာက ခပ်ပြုံးပြုံးလုပ်ကာ

"နင်နဲ့နင့်ကိုကိုရဲ့ ဘာလိုလို ညာလိုလို သတင်းမဟုတ်လား၊ ငါတို့လည်း ကြားပါတယ်၊ သူငယ်ချင်းမို့ မမေးသင့်ဘူးထင်လို့ မမေးတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဖူးဖူးရဲ့၊ နင်တို့နှစ်ယောက် သွေးသားရင်း
မောင်နှမတွေလို ဘယ်လိုပဲနေနေ ပတ်ဝန်းကျင်ကတော့ အမြင်တစ်
နဲ့ပဲ၊ သူ့စိမ်းတွေဆိုတာ လူတိုင်းသိနေကြတာပဲလေ၊ နင့်ကိုကို အရွ
ရောက်မှ နင့်ဖေဖေက မွေးစားလိုက်တာဆိုတော့လည်း"

"ပတ်ဝန်းကျင်ကို ဂရုစိုက်မနေနိုင်တော့ဘူး သီရိ၊ လူဆို
ကိုယ့်အကြောင်းနဲ့ကိုယ်ပါ၊ ငါတို့ရဲ့ မပြေလည်မှုတွေကို သူတို့ ဖြေရှ
ပေးနေကြတာ မဟုတ်ပါဘူး"

"နင့်စိတ်ကရော တကယ်ရှိးသားရဲ့လား ဖူးဖူး"

"ဘာ"

"အနေနီးပြီး နင့်ကိုကိုအပေါ်မှာ ငြိတွယ်နေသလားလို့ပါ"

"ဟုတ်တယ် နင့်သံယောဇဉ်က နည်းနည်းအရှိန်လွန်နေသ
ပဲ"

သီရိနှင့် သန္တာ စကားကြောင့် ဖူးဖူး မျက်နှာ ရက်သွေးဖြန်း
နီရဲသွား၏။ ရင်တွေကလည်း တဆတ်ဆတ် ခါလို့ပါ။

"နင် ငြိမ်နေတာ ဝန်ခံတာလား ဖူးဖူး"

"မ မဟုတ်ပါဘူး"

"ဒါဆို နင့်ကိုကိုကို တခြားစိတ်နဲ့ မခံစားဘူးလို့ အာမခံ
ငါတို့ ယုံအောင် တိတိကျကျ ဖြေရှင်းချက်ပေး"

"ငါက ဘာကို ဖြေရှင်းချက် ပေးရမှာလဲ"

"ဒီပါကို စိတ်မဝင်စားဘူး ဖွတ်အတင်းပြောနေတာ နင့်ကို
ကြောင့် မဟုတ်ဘူးဆိုတာကိုပေါ့"

"အာ နင်တို့တွေ ဘာတွေပြောနေကြမှန်း မသိဘူး၊ မသိ





ဘာ ဘာမှလာမပြောနဲ့"

သီရိနှင့်သန္တာကို တွန်းထိုး၍ ယမုံဖူး ပြေးထွက်လာခဲ့သည်။
စိတ်နှင့်ခန္ဓာက တစ်စစီ ကွဲပြားလျက် ဆောက်တည်ရာ မရပါ။

"ဖူးဖူး"

"ဟင်"

လမ်းချိုးလေးမှာ ရှေ့က ပိတ်ရပ်လိုက်သော အရိပ်တစ်ခု ကြောင့်
ခြလှမ်းတွေ ယိမ်းယိုင်ကာ ပြုံလဲမတတ် ဖြစ်သွား၏။ အသံရှင် က သူမ
ကိုယ်လေးကို ထိန်းကိုင်ဖေးမပေးလျက်

"ကျွန်တော် အိမ်က ထွက်တာ အရမ်းနောက်ကျနေလို့ မတွေ့
ရတော့ဘူးတောင် ထင်နေတာ၊ ဒီနေ့ ကျူရှင်ဆင်းတာ နောက်ကျတယ်
နော်၊ ဖူးဖူး အစ်ကိုရော လာမကြိုဘူးလား"

"ဪ အင်း ဟုတ်တယ်၊ ကိုကို မအားလို့"

"ဖူးဖူး အစ်ကို ကျွန်တော်တို့အိမ်က ကားကို မမောင်းတော့
အခက်တွေ့သွားတယ်ဗျာ"

"ဟင် ဘာ ဘာဖြစ်လို့လဲ"

"ညီမနဲ့ ပတ်သက်ချင်ရင် အစ်ကိုနဲ့ရင်းနှီးအောင် အရင် ကြိုးစား
ရမယ် မဟုတ်လား၊ ကျွန်တော်က အဲဒီအတွေးနဲ့ ဖူးဖူး အစ်ကို ကားမောင်း
လို့ရအောင် မေမေတို့ကို ပြောပေးထားတာ"

ဒီပါအောင် ပွင့်လင်းစွာ ပြောလာတော့ ဖူးဖူး မျက်နှာမထား
တတ်အောင် ဖြစ်ရပြန်၏။ အကူအညီပေးခဲ့ဖူးတာဆိုပြီး အစာင့်ရဲလာ
ခြင်းများလား။

"ဟို ကူညီပေးခဲ့တာ ကျေးဇူးတင်ပါတယ်၊ အခု ကိုကိုက နေရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတစ်ခုမှာ အလုပ်ရသွားလို့ပါ''

''ကျွန်တော် သိပါတယ်၊ အဆင်ပြေတယ် မဟုတ်လား''

''ဟုတ်ကဲ့ အဆင်ပြေပါတယ်၊ တက္ကစီ မောင်းသလော မပင်ပန်းဘဲနဲ့ လစာကောင်းကောင်း ရတော့ ကိုကို့အတွက်လည်း စိ ချမ်းသာရတယ်၊ ကိုကိုက လစာထုတ်ရင် ဒီပါ မိဘတွေဆီကို လက်ဆော လာပေးဦးမယ်လို့ ပြောနေတာ''

''အာ အဲလို လုပ်စရာ မလိုပါဘူး၊ ကျွန်တော်တို့က ခဏတ ကူညီခွင့်ရလိုက်သလို ဖူးဖူးနဲ့ ရင်းနှီးပတ်သက်ခွင့် ရလိုက်တာလည် တန်နေပါပြီ''

''ဟို ဖူး ဖူးဖူး သွားတော့မယ်''

ရှေ့ဆက်တိုးလာမည့် ဒီပဲ့ စကားတွေကို နားမထောင်ချင်ပ သူမ လှမ်းထွက်တော့ ဒီပါက သူမဘေးက ယှဉ်တွဲလျက် လိုက်လာသည်

''ဖူးဖူးအစ်ကို လာမကြိုနိုင်တဲ့နေ့တွေမှာ ခုလို ကျွန်တော် လိုက်ပို့ ရချင်တယ်''

''ဟင့်အင်း လိုက်မပို့ပါနဲ့၊ စာမေးပွဲနီးနေတာ စာကိုပဲ ကြိုးစာ လိုက်ပါ၊ အချိန်တွေ အလကား ဖြုန်းတီးသလိုကြီး''

''ဒီအချိန်လေးက ကျွန်တော့်အတွက် အရမ်းတန်ဖိုးရှိပါတယ် ဖူးဖူး မျက်နှာလေးကို မြင်ရမှ ကျွန်တော် စာကျက်လို့ရတာ''

ဒီပါအောင်က ဖွင့်အတင်းကို တွယ်ကပ်ဖို့ ကြိုးစားနေပါ လား။ ဒီလိုကြီး ဘေးက ကပ်လိုက်နေတာ သူမအတွက် မလွတ်မလပ်နှ စိတ်အနှောင့်အယှက် ဖြစ်နေရသည်။

''ကိုကို လာကြိုလို့ မြင်သွားရင် မကောင်းဘူး၊ မလိုက်ပါနဲ





တော့နော်''

''ဘာဖြစ်လို့ ကျွန်တော့်ကို ခါးခါးသီးသီးကြီး ဆက်ဆံနေတာလဲ ရယ်၊ ဟိုအရင်ကတည်းက ဖူးဖူးကို ကျွန်တော် စိတ်ဝင်စားနေတာ း သိတယ် မဟုတ်လား၊ အခုတစ်ခါတည်း ကျွန်တော် ပွင့်ပွင့်လင်း င်း ပြောပါရစေ၊ ကျွန်တော် ဖူးဖူးကို ချစ်တယ်''

''ဟင် ရှင် ဟို ဖူးဖူးတို့က ငယ်ပါသေးတယ်၊ အဲလို စကား တွေ မပြောပါနဲ့''

ခြေလှမ်းတွေ ရှေ့ဆက်မရဘဲ ကတုန်ကယင် ပြောမိတော့ ဒီပါက ဝ်လွင့်လွင့်ပြုံးကာ

''အခုလည်း ဖူးဖူးဆီက အဖြေမတောင်းပါဘူး၊ စာမေးပွဲဖြေ ဦးရင်တော့ ကျွန်တော့်အချစ်ကို လက်ခံပေးပါ၊ ပြန်ချစ်မယ်လို့လည်း မျှော်လင့်နေမယ်နော်''

''ဟင့် ဟင့်အင်း''

''ဖူးဖူး စိတ်လှုပ်ရှားနေတာ မဟုတ်လား၊ အေးအေးဆေးဆေး ည်းစားပေးပါနော်၊ ဖူးဖူးကို ကျွန်တော် အရမ်းချစ်တယ်''

သူ ပြောချင်တာတွေသာ ဖွင့်တရွှင်ပြောနေသော ဒီပဲ့ စကား တွေကို နားမထောင်တော့ဘဲ မေယမုံဖူး ပြေးထွက်လာခဲ့သည်။

ဒီပါအောင်နှင့်ပတ်သက်ပြီး သူမရင်က အချစ်စိတ်တို့ဖြင့် လှုပ် တ်နေတာမျိုး မဟုတ်ပါ။ ချစ်စကား ပြောခံရသည့်အတွက် အပျိုရိုင်း လေးအဲရွှယ်ဖြင့် ပရမ်းပတာ စိတ်လှုပ်ရှားရုံလေးပင်။

ဒီပါကို သူမ မချစ်ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ဒီနေ့ ဟိုတယ်ညွှန်ကြားတွေကို ဝန်ထမ်းလျှော့ချမယ့် အစည်းအဝေး လုပ်စရာရှိလို့ နေ့လယ်ပိုင်း ဝတီ ဘယ်မှသွားစရာမရှိဘူး၊ ဒါပေမဲ့ အလုပ်ကိစ္စဆိုတာ ချက်ချင်းပေါ်လာချင် ပေါ်လာတတ်တာ၊ အဲဒါကြောင့် ကားနားမှာတော့ စတင်းဘိုင် ရှိနေမှ ဖြစ်မယ်"

"ဟို ကျွန်တော် တစ်ခုလောက် မေးလို့ ရမလား"

"ရှင် ဘာမေးချင်လို့လဲ ဟင်မယ်"

"ဟို ဝန်ထမ်းလျှော့ချမယ်ဆိုတဲ့ကိစ္စက ဝတီဟိုတယ် လုပ်ငန်း တိုးတက်မှုတွေ လျော့သွားလို့လား"

ကိုယ်နဲ့မသက်ဆိုင်ဘူးဆိုပေမယ့် အလုပ်သမားအချင်းချင်း ကိုယ်ချင်းစာကာ မေးလိုက်မိခြင်းဖြစ်သည်။ ဟင်မ်လွှာဝတီက ကားပေါ်မှ မဆင်းသေးဘဲ ခပ်မှုံမှုံပြုံးကာ

"ရှင်နဲ့မသက်ဆိုင်ဘူးလို့တော့ အပြစ်မတင်ချင်ပါဘူး၊ ဝတီ





...လုပ်ကို စိတ်ဝင်စားတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ရှင်က ဝတီရဲ့ ...ိုင်ဘာ၊ အလုပ်ဖြုတ်တဲ့ထဲမှာ ရှင် ဘယ်တော့မှ ပါမှာ မဟုတ်ပါဘူး၊ ...ဘ်ာ အမြဲတမ်း ရိုကျိုးနာခံပြီး အလုပ်ကို တာဝန်ကျေရင် ပြောတာ ...နော်"

သူမရဲ့ ခြိမ်းခြောက်မှုကြောင့် သူက ပခုံးတွန့်ကာ ပြုံးလိုက်သည်။

"အလုပ်ရှင်နဲ့ အလုပ်သမားကြားမှာ အပေးအယူနဲ့ နားလည်...တော့ လိုတာပေါ့ ဝတီ၊ ငွေရှင်ကြေးရှင် လုပ်ငန်းရှင်ဆိုပြီး ဖိနှိပ်ဆက်ဆံ...ရင် ဘယ်သူကမှ သည်းခံနေမှာ မဟုတ်ဘူး၊ ဆင်းရဲသား အခစား...န်ထမ်းတွေကို အနှိမ်ခံ လူတန်းစားလို့ တံရားသေ တွက်မထားရင် ...ကောင်းတာပေါ့"

"ဒါဆို ဝတီတို့ လုပ်ငန်းရှင်တွေက ခယယယ ဆက်ဆံပေးရမှာ ...ပေါ့"

"အဲလိုသဘောမျိုး မဟုတ်ပါဘူး၊ မျှတွေးတတ်ဖို့ပါ၊ အခု အလုပ်သမား လျှော့ချမယ့်ကိစ္စမှာလည်း ပြန်စဉ်းစားသင့်တယ်လို့ ထင်...တယ်"

"ဘာကိုလဲ"

"ဝန်ထမ်းတွေကို လိုအပ်လို့ ခန့်ထားပြီးပြီဆိုရင် သူတို့ကို ...ဘာသဖွယ် တစ်သက်လုံး တာဝန်ယူနိုင်ဖို့ အရေးကြီးတယ်၊ မလိုအပ်ရင် ...နှင်ထုတ်တတ်တာ၊ တရားမျှတမှုရှိတဲ့ လုပ်ငန်းရှင်လို့ မခေါ်ဘူး၊ ဝန်ထမ်း အရေအတွက်နဲ့ ညီမျှတဲ့ အခကြေးငွေပေးနိုင်ဖို့ စွမ်းဆောင်နိုင်တဲ့ အရည်အချင်းရှိမှ အဲဒါတကယ့် လုပ်ငန်းရှင်စစ်စစ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဝတီကို တိုက်ခိုက်နေတာလား"

"အရည်အချင်း အစွမ်းအစရှိပြီး ထက်မြက်တဲ့ စတိုင်ကမှ မင်းနဲ့ လိုက်ဖက်တာ၊ ကျရှုံးမှုကို မာနနဲ့ တောင့်ခံတာ မင်းနဲ့ဆန့်ကျင် ဘက်ပဲ"

သူမ နှုတ်ခမ်းလေး တွန့်ကွေးလှုပ်ခတ်စွာ ပြုံးသည်။ သူ့ဘက် ကိုလည်း တည့်တည့်လှည့်ထိုင်လိုက်ကာ

"ရှင့်မှာ အဲလို အသိတွေ ရှိနေရက်နဲ့ ဘာလို့ သူများရဲ့ အခစား ဝန်ထမ်း ဖြစ်နေရတာလဲ"

"ဘဝအကျိုးပေးကြောင့်ပေါ့ ဝတီ၊ ငွေကြေးဥစ္စာခနေ မပြည့်စုံ ရင် အရည်အချင်း အစွမ်းအစတွေလည်း ပျောက်နေတတ်တယ်၊ ချပြရင် လည်း ဘယ်သူမှ အယုံအကြည် မရှိဘူးပေါ့၊ ကျွန်တော်က အိမ်ရဲ့ အခြေအနေကြောင့် ဘွဲ့ရတဲ့အထိ ပညာဆုံးခန်းမတိုင်ခဲ့ပါဘူး၊ ဒါပေမဲ့ မသေခင်မှာ ချမ်းသာရမယ်ဆိုတဲ့ ရည်ရွယ်ချက်တော့ ရှိတယ်"

"ရှင့်အတွေးက မဆိုးပါဘူး၊ လက်တွေ့အကောင်အထည်ဖော် ဖို့တော့"

"ကြိုးစားရုန်းကန်နေတဲ့သူတွေအတွက် ပန်းတိုင်ဆိုတာ ရှိနေ ပါတယ်၊ အလုပ်ပျင်းတဲ့သူတွေ ဆင်ခြေများတဲ့သူတွေအတွက်တော့ မပြော တတ်ဘူးပေါ့"

"အိုး ရှင့်အိုင်ဒီယာကို ကြိုက်သွားပြီ တိမ်မယ်၊ ဝတီကလည်း အလုပ်ပျင်းတဲ့သူ၊ ဆင်ခြေများတဲ့သူဆို အရမ်းမုန်းတယ်၊ အိုကေလေ ရှင့်ရဲ့ ဒဿနတွေကြောင့် ဒီနေ့ ဝန်ထမ်းလျှော့ချဖို့ကိစ္စ ရက်နောက်ဆုတ် လိုက်ပါမယ်"

"ဘာတွေ လိုအပ်နေလဲ လေ့လာပြီး လုပ်ငန်းတိုးတက်မှုရှိ အောင်





အရင်ကြိုးစားကြည့်ပါလား ဝတီ၊ ရင်းနှီးမြှုပ်နှံထားတဲ့အပေါ်မှာ အမြတ်အစွန်းရဖို့နဲ့၊ ဝန်ထမ်းတွေရဲ့ လုပ်ငန်းလည်ပတ်မှုက လုပ်ငန်းရှင် ဖြစ်တဲ့ ဝတီမှာ တာဝန်အရှိဆုံးပဲ"

ပျော့ပျောင်းညင်သာသော တိမ်မယ် စကားတွေရဲ့ ဆွဲဆောင်မှု အောက်မှာ တိမ်လွှာဝတီ ငြိမ်ငြိမ်သက်သက်နှင့် စဉ်းစားချင့်ချိန်နေမိသလိုပင်။ စူးစူးနစ်နစ် အင်အားပြင်းသော မျက်ဝန်းတွေကလည်း သူမ စိတ်တွေကို ပြောင်းလဲလာအောင် သိမ်းသွင်းဖြားယောင်းနေသလို ရှိ၏။

ဒီလို တွေဝေမင်သက်မှုမျိုး တစ်ခါမှ မကြုံဘူးပါ။

"ကျွန်တော် ပြောတာ ဝန်ထမ်းတွေဘက်က ရပ်တည်ချင်တာ ဆိုပေမယ့် ဝတီအတွက်"

"ဩော် အင်း ကျေးဇူးပဲ တိမ်မယ်၊ နောက်မှ စကားဆက်ပြော တာပေါ့ ဝတီ သွားတော့မယ်"

သွားစွယ်ဖွေးဖွေးလေး ပေါ်အောင် လက်ခနဲ အပြုံးနှင့် လက် ကလေးပြကာ အသိအမှတ်ပြုလိုက်သော တိမ်မယ် အပြုအမူကြောင့် သူမ ရင်တွေ တလှပ်လှပ် ဖိုလှိုက်သွား၏။

ခြေလှမ်းတွေက အရင်နေ့တွေနဲ့မတူ ပေါ့ပါးတက်ကြွနေသည်။ ဘယ်နေရာ ဘယ်သူ့ကိုပဲကြည့်ကြည့် ပြုံးချင်နေသည့် မျက်နှာနှင့် ကြည်နူး ကျေနပ်နေမိသလိုလည်း ဖြစ်နေသည်။

တိမ်မယ်ရဲ့ အပြုံးတစ်ချက်က သူမကို အဲလိုပြောင်းလဲသွား အောင်ကို စွမ်းဆောင်နိုင်ပါလား။

"ညီကြီးဝန်ထမ်းတွေကို အစည်းအဝေး ခေါ်လိုက်ရတော့မလား ဝတီ၊ လျှော့ချမယ့် ဝန်ထမ်းတွေကိုတော့ ခွင့်ရက်များတဲ့သူ၊ စည်းကမ်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်နာမှုနည်းတဲ့သူတွေကို စိစစ်လျာထား သတ်မှတ်ထားပါတယ်"

ရှုံးခန်းထဲ ဝင်ဝင်ချင်း ဦးသိန်းထိုက်က ဖိုင်တစ်ထပ်ကို ကိုင်ပြီး တင်ပြလာသည်။ ဝတီ မျက်နှာတင်းမာမှုမှိုင်းမနေလို့ ဦးသိန်းထိုက် အံ့ဩချင် အံ့ဩနေပေလိမ့်မည်။

"အဲဒီဖိုင်တွေ စားပွဲပေါ်တင်ပြီး ခဏထိုင် ဦးသိန်းထိုက်"

ဦးသိန်းထိုက် ပို၍အံ့ဩကာ ဝတီရှေ့မှာ တစ်ခါမှ မထိုင်ရဘူးသော ထိုင်ခုံပေါ် ခပ်ရွံ့ရွံ့ ဝင်ထိုင်လိုက်သည်။

"အဲဒီ ဝန်ထမ်းတွေ လျှော့ချဖို့ ဝတီ ပြန်စဉ်းစားဦးမယ်၊ ပြီးတော့ ဟိုတစ်ခါ ဦးသိန်းထိုက် တင်ပြထားတဲ့ ဝန်ဆောင်မှုတွေကို သူများတွေထက် ပိုထူးခြားအောင် ဘာတွေ ထပ်လုပ်သင့်လဲ နည်းလမ်းအသစ်တွေ ရှာချင်တယ်"

"ဗျာ"

"ဦးသိန်းထိုက်လိုပဲ ဝတီကို တခြားတစ်ယောက်က တိုက်တွန်းနေလို့ပါ"

"ဘယ် ဘယ်သူများလဲ"

ဦးသိန်းထိုက် အံ့ဩပြီးရင်း အံ့ဩကာ မေးခွန်းတွေတောင် တုန်ခါနေသည်။ မိမိလို မန်နေဂျာတစ်ယောက် တင်ပြတာတောင် ဘူးခံငြင်းဆန်ခဲ့သည့် ဝတီကို ချက်ချင်းကြီး ပြောင်းလဲအောင် စွမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်က ဘယ်လိုလူမျိုးများလဲ သိချင်လှ၏။

ဝတီ မျက်နှာက တစ်စုံတစ်ရာအပေါ်မှာ နူးညံ့ပျော်ဝင်မှုတို့ဖြင့် လန်းဆန်းနေသည်။ လေသံတို့က မာကျောကျစ်လျစ် တင်းထန်ခြင်းတို့ မရှိ။ ပျော့ပျောင်းနေ၏။ သူ့မေးခွန်းကို ဝတီက နှုတ်ခမ်းလေး လှုပ်ရုံ





ရှုက်ပြုံးတစ်စနှင့် တုံ့ပြန်ကာ

"အဲဒီလူ ဘယ်သူလဲဆိုတာ ဦးသိန်းထိုက်ကို ပြောပြဖို့တော့ စဉ်းစားထားပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလူကို ဦးသိန်းထိုက် လက်တွဲခေါ်စေချင်လို့ပဲ"

"ဟုတ်ကဲ့ ပြောပါ"

"ဝတီ ဒရိုင်ဘာ အလုပ်စဝင်တဲ့နေ့က ဦးသိန်းထိုက်ကို မိတ်ဆက်ပေးခဲ့ဖူးတယ်နော်"

"ဟုတ်ကဲ့ တိမ်မယံကို ပြောတာ မဟုတ်လား။ သူ့ကို ဝတီ မိတ်ဆက်ပေးတော့ အလုပ်ကို လေးစားလိုက်နာမှုရှိမယ့်ပုံမျိုးလို့ ထင်မိသေးတယ်၊ ဝတီရဲ့ အရင်က ဒရိုင်ဘာတွေနဲ့ မတူဘူးလို့ပေါ့"

"ဟုတ်တယ် ဦးသိန်းထိုက် ခန့်မှန်းတာ တော်တယ်၊ အဲဒီလူပဲ ဦးသိန်းထိုက်ရဲ့ ဒီနေ့ ဝန်ထမ်းလျှော့ချဖို့ကိစ္စပြောမိတော့ သူကလည်း ဦးသိန်းထိုက်လိုပဲ အလုပ်သမားတွေဘက်က ရဲရဲတင်းတင်း ရပ်တည်လာတယ်"

ဩော် တိမ်မယံကလည်း ပြောရေးဆိုခွင့်ရသည့် အခွင့်အရေးတွေနှင့်ပါလား။ မနာလိုတာ မဟုတ်ပေမယ့် ဘယ်လိုအကြောင်းကြောင့်ဆိုတာတော့ စိတ်ဝင်စားသည်။

ဝတီ ပြောင်းလဲလာတာက တက်တက်ကြွကြွနှင့်ပါ။

"သူပြောလိုက်တာနဲ့ ဦးသိန်းထိုက် ပြောထားတာကို ချင့်ချိန်တိုင်းထွာပြီး ဝတီ အပြောင်းအလဲလုပ်ကြည့်ဖို့ စဉ်းစားမိတယ်၊ ဝန်ထမ်း မလျှော့ချဖို့က လောလောဆယ် ဆုံးဖြတ်ချက်ပေါ့လေ၊ ဝန်ထမ်း အင်အားနဲ့ ဝန်ဆောင်မှုအင်အားမြှင့်တင်ကြည့်မှာက ဒုတိယအချက်ပေါ့၊ ဝတီက



www.burmeseclassic.com

www.burmeseclassic.com



ခေတ်အမြင် ခေတ်တွေး မရှိတော့တာ မဟုတ်ပါဘူး၊ ဝန်ထမ်းတွေ ရေသာခိုတာကို မုန်းတီးတာ၊ အခွင့်အရေးယူလွန်းတာကိုလည်း မကြိုက်ဘူး''

''ဒါက သူတို့ဘက်က အခက်အခဲ ရှိလွန်းမှုပါ၊ မိသားစု ကျန်းမာရေးကိစ္စ၊ အိမ်တွင်းရေးကိစ္စတွေကြောင့် တချို့ခွင့်ယူကြတယ်၊ လစ်လပ်မှုရှိကြတယ်၊ တွေဝေထိုင်းမှိုင်း အဆင်မပြေဖြစ်ကြတယ်''

''အဲဒီအအကြောင်းပြချက်တွေကိုတော့ ဝတီကို သေသေချာချာ တင်ပြပေးပါ ဦးသိန်းထိုက်၊ ပေးထားတဲ့ လစာအတိုင်း တာဝန်ကျေစေချင်တယ်၊ လုပ်ငန်းခွင်မှာ အိမ်က ကိစ္စတွေ သယ်မလာစေချင်ဘူး၊ လူတိုင်းမှာ အကြောင်းအမျိုးမျိုး ရှိနေတာ၊ နားလည်ပေးနေရရင် ဝန်ဆောင်မှုကိစ္စတွေ ဆောင်ရွက်နေလည်း ဝတီတို့ အကျိုးအမြတ်က ထင်သလောက် ဖြစ်လာမှာ မဟုတ်ဘူး''

''ဝတီ ပြောတာ မှန်ပါတယ်၊ အဲဒီကိစ္စအတွက် ဝန်ထမ်းတွေကို တာဝန်ယူနိုင်အောင် ဦးသိန်းထိုက် ကြိုးစားပါမယ်''

''အိုကေလေ လိုအပ်ရင် ကျွမ်းကျင်ဝန်ထမ်း ထပ်ခန့်ပါ၊ ကြော်ငြာအား လိုအပ်ရင်လည်း ငွေသုံးပါ၊ သြော် တိမ်မယံကို လက်ထောက် မန်နေဂျာရာထူးနဲ့ ဦးသိန်းထိုက်ကို လက်တွဲခေါ်နိုင်းရင် အဆင်ပြေပါ့မလား''

''ဟင် ဟို''

ဦးသိန်းထိုက် ဘာပြောရမှန်း မသိလောက်အောင် ဖြစ်သွား သည်။ ဒီလောက် မြန်မြန်ဆန်ဆန်ကြီး တိမ်မယံကို အဆင့်မြင့် ရာထူး ပေးအပ်လောက်အောင် တိမ်မယံမှာ ဘယ်လိုအရည်အချင်းတွေ ရှိနေလို့





လဲ။ ဒရိုင်ဘာ အဆင့်ကနေ ဒီလိုရာထူးနှင့်ဆိုတော့

''အခက်အခဲဖြစ်လို့လား ဦးသိန်းထိုက်''

သူ့ရဲ့ တွေဝေတဲ့ဆိုင်းမှုကို တိမ်လွှာဝတီက အကင်းပါးစွာ မျက်ခုံးပင့်ပြီးမေးသည်။

''ဟို မ မဟုတ်ပါဘူး၊ ဝတီ ဒရိုင်ဘာနေရာမှာ အစားထိုးဖို့ လူရှာနေရမလားလို့ပါ''

''သူ့ကို ဒရိုင်ဘာရာထူးကလည်း ဖြုတ်မှာ မဟုတ်ပါဘူး၊ ဝတီ ဒရိုင်ဘာနေရာမှာလည်း သူက သင့်တော်တယ်''

''ဒါဆို''

''သူ့ရဲ့အကြံပေးမှုတွေနဲ့ ဒီဟိုတယ်မှာ ဘယ်လောက် အကျွမ်းတဝင်ရှိမလဲ စောင့်ကြည့်ချင်တာ၊ ပွင့်ပွင့်လင်းလင်း ပြောရရင် လူတစ်ယောက်က စကားပဲ ပြောတတ်တာလား၊ တကယ် လက်တွေ့လုပ်နိုင်တဲ့ အရည်အချင်းရှိလားဆိုတာ အကဲခတ်လို့ ရတာပေါ့''

''သြော်''

တိမ်လွှာဝတီ ပြောနေတာတွေ အဆုံးထိ မခန့်မှန်းတတ်ပါ။ တိမ်မယံ ဘာတွေအပြောကြီးထားလို့ ဝတီက စောင့်ကြည့်ချင်တာလဲ မသိ။

ဘာပဲဖြစ်ဖြစ် ဝန်ထမ်းတွေဘက်က ရပ်တည်မှုရှိတာကိုတော့ တိမ်မယံကို ကျေးဇူးတင်သင့်သည်။ ကိုယ်ပြောပိုင်ခွင့်မရတာတွေ တိမ်မယံကို အားကိုးလို့ အဆင်ပြေနိုင်သည်ပဲ။ နောက်မှ ရောက်လာသည့် တိမ်မယံက ထဲထဲဝင်ဝင် အရေးပါအရာရောက်နေတော့လည်း . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဗျာ ဦးသိန်းထိုက် ကျွန်တော်ကို ဘာပြောလိုက်တာလဲ"

"ဩော် ဝတီက မင်းကို လက်ထောက်မန်နေဂျာ ရာထူးခန့်လိုက်လို့ပါဆို၊ အဲဒါ ဟိုတယ်ထဲမှာ လေ့လာစရာရှိတာတွေ လေ့လာရမယ်လာ လိုက်ခဲ့"

"အာ မဖြစ်နိုင်ပါဘူး၊ မဟုတ်လောက်ပါဘူး ဦးသိန်းထိုက်ရာ"

သူ ဘယ်လိုမှ မယုံနိုင်ပါ။ သူက ဒရိုင်ဘာ။

ဘယ်လိုလုပ် လက်ထောက်မန်နေဂျာ ဖြစ်သွားသည်ဆိုတာ ဖြစ်နိုင်ပါ့မလား။

ဟိုတယ်နဲ့ပတ်သက်ပြီး ဘာအတတ်ပညာမှလည်း မရှိပါ။

"မင်းက ဘာဖြစ်နေတာလဲ၊ ရာထူးတက်တာကို မယုံနိုင်တာလား၊ မလုပ်ချင်တာလား"

"ဘာမှမတတ်တာကို ဒီလိုရာထူးပေးလို့ မယုံနိုင်တာဗျ၊ ကျွန်တော်က ဘွဲ့ရပြီးတဲ့လူလည်း မဟုတ်ဘူး၊ ဘာသင်တန်းမှလည်း တက်မထားဘူး"





"ဟင်း ဟင်း စာတတ်တာနဲ့ ပညာတတ်တာ ခွဲခြားသိဖို့တော့လိုနေပြီထင်တယ်၊ ဘွဲ့ရတဲ့သူတိုင်း ပညာတတ်လို့ မခေါ်ဘူးကွ၊ တချို့ဘွဲ့တွေအများကြီးယူပြီး ပညာမတတ်တဲ့လူတွေလည်း ရှိတာပဲ"

"ဗျာ"

"ငါ ပြောတာ အတတ်ပညာနဲ့ ကျွမ်းကျင်မှုကို ပြောတာနော်၊ ငါဆိုရင် ဆယ်တန်း မအောင်ခဲ့ဘူး၊ ဘာလို့ မန်နေဂျာရတာလဲလို့ မင်းတွေးနေလိမ့်မယ်၊ အဲ ဝတီအဖေနဲ့အတူနေပြီး လုပ်ငန်းက သင်သွားတာကွ၊ စီမံအုပ်ချုပ်မှုအပိုင်းတွေ နားလည်လာတယ်၊ ဝန်ထမ်းတွေနဲ့ လုပ်ငန်းရှင်တွေရဲ့ ဆက်ဆံမှုမှာ ဘာတွေလိုအပ်မှုရှိတယ်၊ ဖြည့်ဆည်းမှု လုပ်ရမယ်ဆိုတာတွေ သိလာတယ်"

"ကာစတန်မာတွေနဲ့ ထိတွေ့တဲ့အချိန်မှာ ဘာသာစကားတွေကလည်း အရေးကြီးတာပါပဲ"

"ဒါပေါ့ကွ အဲဒါကို ဝတီ အဖေက ငါ့ကို အချိန်ပိုင်း သင်တန်းတွေတက်ခိုင်းတယ်၊ နိုင်ငံခြားထိ ဟိုတယ်နဲ့ပတ်သက်တဲ့ သင်တန်းတွေလည်း တက်ခိုင်းခဲ့တာပဲ"

"ဩော် ဒါတွေကို ဝတီကတော့ နားလည်နေမှာပေါ့"

ဦးသိန်းထိုက်က ရှုံ့မဲ့လျက် ခေါင်းယမ်းသည်။

"သူက ခုနငါပြောသလို စာပဲတတ်တဲ့အထဲမှာ ပါတယ်၊ အဲဒါကြောင့်လည်း သူ ဒီဟိုတယ်ကို အုပ်ချုပ်မှု ကမောက်ကမတွေဖြစ်ကုန်တာပေါ့၊ သူ့အဖေက ဒီလို စောစောစီးစီး သေမယ်မထင်လို့ ဝတီကို ဘာပညာမှ သင်မပေးခဲ့ရသေးဘူးလေ၊ ဘွဲ့ရစာတတ်ဖြစ်အောင် ကျောင်းပဲတက်ခိုင်းခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းထိုက် စကားကို သဘောကျကာ သွားစွယ်လေးတွေပေါ်အောင် သူပြုံးရယ်လိုက်မိသည်။ အခုမှ ဦးသိန်းထိုက်က ကားဘန်ပါမှာ မှီရပ်နေသော သူ့ကို သေချာကြည့်ကာ

"မင်းကို ဝတီ ဒီရာထူးပေးတာ မင်းချောလို့လည်း ဖြစ်မယ်ကွ"

"အာ မဟုတ်တာ ဦးသိန်းထိုက်ကလည်း"

သူ ရှက်ကိုးရှက်ကန်း ဖြစ်သွားတော့ ဦးသိန်းထိုက်က သူ့ပခုံးကို ဖတ်ခနဲ လှမ်းပုတ်သည်။

"အေးပါ ဘာကြောင့်လဲ ဆိုတာတော့ ငါ မသိဘူး၊ ဘာဖြစ်ဖြစ် ဒီနေ့ ညည်းကြို့ဝန်ထမ်းတွေ မလျှော့ဖြစ်တာ မင်းကို ကျေးဇူးတင်ပါတယ်"

"ဩော် ဒါက ကျွန်တော်အနေနဲ့ ပြောပိုင်ခွင့်မရှိပေမယ့် အလုပ်သမားတွေဘက်က ကိုယ်ချင်းစာလို့ အရဲစွန့်ပြောကြည့်လိုက်တာပါ။ စိတ်မထင်လို့ ကျွန်တော်ကို အလုပ်ဖြုတ်ချင်လည်း ဖြုတ်ဆိုပြီးတော့ပေါ့"

"အခုတော့ ကံကောင်းသွားတယ် မဟုတ်လား။ မမျှော်မှန်းရဲလောက်တဲ့ ရာထူးတောင် ဖြုန်းခနဲ တက်သွားတယ်လေ"

"အဲဒီ ရာထူးကို ကျွန်တော် ဝမ်းသာအားရ လက်မခံချင်သေးဘူး ဦးသိန်းထိုက်"

"ဘာဖြစ်လို့လဲ"

"အခြေခံလေးတောင် မတတ်ဘဲနဲ့ လူတွင်ကျယ် လုပ်သလိုဖြစ်နေမှာပေါ့ဗျာ"

"အဲဒီအတွက် မပူပါနဲ့၊ ဝတီက ငါ့ကို လက်တွဲခေါ်ပေးပါလို့တောင်းဆိုထားပါတယ်၊ သူ့ရဲ့ ဒရိုင်ဘာလုပ်ပေးရင်းနဲ့ မင်းလေ့လာရမှာ"





"ဟင် ဒရိုင်ဘာလည်း လုပ်ပေးရမှာလား"

"အင်း ဟိုတယ်မှာချည်း အချိန်ပြည့်မဟုတ်ဘဲ သူ့အနားမှာလည်း ရှိနေစေချင်လို့ ဖြစ်မှာပေါ့ကွာ"

"အာ ဦးသိန်းထိုက်ကလည်း"

"ယောကျ်ားလေးဖြစ်ပြီး ရှက်မနေနဲ့မှုမနေနဲ့ ငါ့ကောင်၊ ယောကျ်ားဆိုတာ အခွင့်အရေးရရင် ရသလို အသုံးချတတ်ရတယ်"

"ကျွန်တော် အဲလို သေးသိမ်တဲ့ အလုပ်မျိုး ဘယ်တော့မှ မလုပ်ဘူး ဦးသိန်းထိုက်၊ ယောကျ်ားမာနနဲ့ ပန်းတိုင်တစ်ခုကိုပဲ ရောက်အောင်သွားချင်တာ"

သူ့စကားကို ဦးသိန်းထိုက်က လှောင်ပြောင်သလို ဟက်ခနဲ ရယ်ချသည်။

"ငွေကြေးဥစ္စာနေဆိုတဲ့ လောကားထစ်မရှိဘဲ မင်း ဘယ် ပန်းတိုင်ကိုမှ ရောက်အောင် မသွားနိုင်ပါဘူးကွာ၊ အရည်အချင်း၊ အစွမ်းအစနဲ့ ကြိုးစားမှုကို အားကိုးပြီး သွားမယ်ဆိုရင်လည်း အရောက်နောက်ကျမှာပဲ၊ အတွေးမချော်ပါနဲ့၊ မင်းကိုငါ လက်တွဲခေါ်မှာပါ၊ ဝတီ အခွင့်အရေး ထပ်ပေးလာရင်လည်း မငြင်းဆန်ပါနဲ့၊ မင်း့ အနာဂတ်ကောင်းဖို့ပါ"

"စေတနာနဲ့ တိုက်တွန်းနေတာလား"

"ဘဝတူချင်း ကိုယ်ချင်းစာလို့ပါကွာ၊ အလုပ်သမားတွေဘက်က ရပ်တည်ပေးရဲတဲ့ မင်းရဲ့စိတ်ကို ကြိုက်လို့ပါ၊ ဘယ်နေရာရောက်ရောက် ဘယ်တော့မှ ဘဝမမေ့နဲ့"

ဦးသိန်းထိုက်ကို လေးစားစိတ်နှင့် ကြည့်နေမိစဉ်မှာ လက်ကနိုးတန် နာရီသေးသေးလေးကို မြှောက်ကြည့်လျက် တိမ်လွှာဝတီ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘက်လျှောက်လာနေသည်။

"ရှင့်ရာထူးကိစ္စ ဦးသိန်းထိုက် ပြောပြပြီးပြီ မဟုတ်လား။ ရှ
ကျေးဇူးတင်တယ်ဆိုရင် ဝတီကို တစ်ခုခု လိုက်ကျွေးသင့်တယ်"

"ကျွန်တော့်မှာ ပိုက်ဆံ အများကြီး မပါဘူးဗျ"

သူ ပွင့်လင်းစွာ ပြောတော့ သူမက ခပ်မဲ့မဲ့ပြုံးလိုက်သည်
ဦးသိန်းထိုက်က သူ့ကို တံတောင်ဖြင့်တို့၍

"မင်းကျွေးတာကို စားချင်လို့ မဟုတ်လောက်ဘူး၊ သူက ကျွေး
ချင်လို့ဖြစ်မှာ လိုက်သွားလိုက်လေ"

ခပ်တိုးတိုးပြောတာမို့ တိမ်လွှာဝတီ မကြားလောက်ပေမယ့် သူ
မျက်နှာပူသလိုလို ကသိကအောက်နှင့် မွဲနေတတ် မထိုင်တတ် ဖြစ်သွာ
သည်။

တိမ်လွှာဝတီက သူတို့ရှေ့တိုးလာပြီး

"ရှင်ပါသလောက် ပိုက်ဆံနဲ့ ရတာကို ဝယ်ကျွေးပေါ့၊ မဖြစ်ဘူ
လား"

"ဖြစ် ဖြစ်ပါတယ်၊ ကျွန်တော်လည်း ဗိုက်ဆာနေတာနဲ့ အတော
ပဲ၊ ဒီနေ့ ညီမလေး စာမေးပွဲနောက်ဆုံးနေ့ဆိုတော့ ဒေါ်လေးက ညီမလေ
ကို ကျောင်းလိုက်ပို့နေရတာနဲ့ ကျွန်တော့်ကို ထမင်းဘူး ထည့်မပေးလို
နိုင်ဘူး"

"ကဲပါ သွားမယ်"

တိမ်လွှာဝတီ ကားပေါ်တက်ထိုင်တော့ ဦးသိန်းထိုက်က သူ့
တွန်းလွှတ်သည်။ သူလည်း အလျဉ်းသင့်သလို ကားပေါ်တက်ထိုင်၍
စက်နှိုးမောင်းထွက်လာခဲ့သည်။ အိတ်ကပ်ထဲမှာ ပါလာသော ပိုက်ဆံ





က်ချက်၍ ဈေးအသက်သာဆုံးဆိုင်ကို မျက်လုံးဝေ့ဝဲကာ ရှာကြည့်နေမိ
သည်။

သူမတို့လို ငွေကြေးချမ်းသာ ပြည့်စုံသူမဟုတ်၍ ဟိုတယ်တွေ
သောက်ဆိုင်ကြီးတွေမှာတော့ မကျွေးနိုင်ပါ။ ဟိတ်ဟန်ထုတ် ကြွားဝါ
သည်း မျက်နှာလို မျက်နှာရ မလုပ်ချင်။

ရာထူးဂုဏ်ဒြပ်ပေးလို့ဆိုပြီး မြှောက်ပင့်ဖားရားပြီးလည်း မ
က်ဆံတတ်။

"ဟင် အဲ အဲဒီဆိုင်မှာ စားမလို့လား"

လမ်းဘေးဆိုင်လေးမှာ ကားထိုးရပ်လိုက်တော့ သူမ အလန့်
ကြား အော်လေသည်။ သူက ခပ်တည်တည်ပင် ကားပေါ်က ဆင်း၍

"ကျွန်တော့် အိတ်ကပ်ထဲမှာ ပါတဲ့ပိုက်ဆံက ဒီဆိုင်လောက်ပဲ
တ်နိုင်တယ်ဗျ။ ဝတီ ဒီလိုဆိုင်မျိုးမှာ တစ်ခါမှ မစားဖူးဘူးမဟုတ်လား၊
တွေ့အကြုံရအောင် စားကြည့်ပါ"

ပြောပြောဆိုဆို ဆိုင်လေးထဲကို သူဝင်ထိုင်တော့ သူမလည်း
းတံခါးဖွင့်၍ ဆင်းလိုက်လာသည်။

ဆိုင်လေးက လမ်းဘေးကျကျ အရိပ်ရသစ်ပင်ကြီးအောက်မှာ
ကာအပြာလေးမိုးလျက် သစ်လွင်တောက်ပမှု ကင်းလွန်း၏။ စည်ပင်
အရိပ်အောက်မှာလည်း ထိုင်ခုံလေးတွေ ရှိနေပြီး စားသုံးသူ များများ
းစားတော့ မရှိပါ။ ဒါပေမဲ့ ညစ်ပတ်ပေရေခြင်း မရှိ။ သန့်သန့်ပြန့်ပြန့်
သပင်။

"ဒီဆိုင်မှာ အစုံရတယ်တွေ့လား၊ ရုံးနားနီးတော့ ရုံးဆင်းချိန်
ရင် လူတွေအပြည့်ပဲ၊ အခု ဝတီ ဘာစားချင်လဲ မှာလေ၊ ထမင်းသုပ်



www.burmeseclassic.com

www.burmeseclassic.com



ခေါက်ဆွဲသုပ်၊ ကြာဆံသုပ်၊ တို့ဟူးသုပ်၊ ရှောက်သီးသုပ်၊ အသုပ်မျိုး ရတယ်၊ အသားစားချင်ရင် ဝက်သားတုတ်ထိုး၊ အမဲသားတုတ်ထိုး ကိုရီးယားတုတ်ထိုးရတယ်၊ စားပြီးလို့ အချိုတည်းရင်လည်း ဟိုမှာမြင်လာ ကော်ဖီမစ်အတွဲတွေ ချိတ်ထားတယ်၊ ဩော် ရခိုင်မုန့်တီလည်း ရသားပဲ

"ရှင်က အဲဒါတွေ သိရအောင် မီနူးဖတ်ထားလို့လား"

"ဒီလိုဆိုင်မျိုးမှာ မီနူးရှိမလား၊ ဟိုနောက်မှာ ချိတ်ထား ဝေါ(လ်)ရှိမှာ အကုန်ရေးထားတာပဲ၊ ပြီးတော့ ဆိုင်ထဲကို မျက်လုံးတစ်ချ ဝေ့လိုက်တာနဲ့ အကုန်မြင်ရတယ်"

"ဟုတ်ပါပြီ ရှင်စားမယ့်ဟာ အရင်မှာပါ၊ ဝတီက စားနေ မရှိတော့ ရှင်စားတာကို ကြည့်ပြီးမှ မှာမယ်"

"အဲလိုကြီးတော့ ဘယ်ကောင်းပါ့မလဲ၊ ကျွန်တော် စားတာ မျှော်နေသလိုကြီး ဖြစ်နေတော့ ကျွန်တော် စားတတ်မှာ မဟုတ်ဘူ ဒီလိုလုပ်လေ ဝတီအတွက် ကျွန်တော် စားမယ့်ဟာပဲ မှာလိုက်မယ်"

သူမ အပြုံးလေးနှင့် ခေါင်းညိတ်ပြတော့ တိမ်မယံက စားပွဲထိ ကောင်လေးကို လှမ်းခေါ်လိုက်သည်။

"တုတ်ထိုး အစုံချ၊ မုန့်တီနှစ်ပွဲ၊ ခေါက်ဆွဲသုပ်နှစ်ပွဲ"

"ကျွန်တော်တို့ဆိုင်မှာ ကိုရီးယားပဲခေါက်ဆွဲလည်း ရတယ် အစ် ချစ်သူစုံတွဲတွေ လာစားရင် အဲဒါပဲ မှာကြတာ၊ အစ်ကိုတို့လည်း ပဲခေါက် စားပါလား၊ ကျွန်တော်တို့ဆိုင်က ပဲခေါက်ဆွဲစားပြီးရင် မညားတဲ့စုံ ခပ်ရှားရှားရယ်"

"ဩော် အေး ပေး ပေးပါကွာ၊ အဲဒါပဲပေးပါ၊ ပလိန်းနှစ်ခွ လည်းပေးနော် မြန်မြန်လေး"





လျှာခလုတ်တိုက်မတတ် စားပွဲထိုးလေးကို တွန်းထိုး၍ မှာလိုက် သည်။ ဝတီရဲ့ ခပ်လွှင့်လွှင့် အပြုံးအောက်မှာ သူ့မျက်နှာ ဘယ်သွား ထားရမှန်းမသိ ဖြစ်နေမိ၏။

မလုံမခြုံ ကသိကအောက်နှင့်ပါ။

ခဏအကြာမှာ စားပွဲထိုးလေးက သူတို့မှာထားတာတွေ တစ်ခု ပြီးတစ်ခု လာချပေး၏။ မည်းမည်းရွှဲရွှဲ ပဲခေါက်ဆွဲကိုမြင်တော့ တူနှစ် ချောင်းကိုင်ပြီး မစားရဲသလို တွန့်ဆုတ်ဆုတ် ဖြစ်နေမိသည်။

မစားဘူးလို့ မကြိုက်လို့တော့ မဟုတ်ပါ။ အကြည့်လွှဲနေပါလျက် နှင့် ဝတီ မျက်နှာကို မြင်ယောင်နေမိလို့ဖြစ်သည်။ သူတို့နှစ်ယောက်က ချစ်သူစုံတွဲတွေမှ မဟုတ်တာ။

ဟား ဒီစိတ်တွေဖျောက်ပြီး မြန်မြန်စားမှဖြစ်မှာပါ။ သူ့ဆုံးဖြတ် ချက်နဲ့သူ ဝတီကို မော့မကြည့်တော့ဘဲ ပဲခေါက်ဆွဲတွေ ခပ်မြန်မြန် သွပ်လိုက်၊ ချဉ်ငန်စပ် မုန့်တီတွေ တရှူးရှူးသောက်လိုက်၊ တုတ်ထိုးတွေ တစ်ခုပြီး တစ်ခု အချဉ်နှင့်တို့စားလိုက် လုပ်ပစ်လိုက်သည်။

"ရှင် ဘယ်လိုကြီး စားနေတာလဲ၊ ဝတီက တစ်ခုမှတောင် စားမကြည့်ရသေးဘူး"

"စားလေ ဘာလို့ မစားတာလဲ၊ အညတရ ဆိုင်လေးဆိုပေမယ့် စားလို့ အရသာရှိပါတယ်၊ စားကြည့်လိုက်"

"ဟို စားရမှာ တစ်မျိုးပဲ"

ရှုံ့ရှုံ့မဲ့မဲ့ ပြောနေတာက ရွံရှာနေသလိုမျိုး။ ဒီအထာကိုတော့ သူ ကြိုက်ပါ။ လူတိုင်း စားသောက်နေသည့် အစားအသောက်တွေကို ဘာလို့ စားသောက်တတ်ရမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ပဲခေါက်ဆွဲမည်းမည်းတွေက သူ့ပါးစပ်မှာ ပေနေလို့ ရွံနေတာ များလား။ တစ်သျှူးတွေ အများကြီးယူ၍ ပါးစပ်ကို သုတ်ပစ်လိုက်သည်

"ပဲခေါက်ဆွဲကို အရင်စားလိုက်၊ ပြီးရင် ချဉ်ငံစပ်အရသာ ထည့်ထားတဲ့ မုန့်တီကို တုံ့ယမ်းဟင်းချိုလို သဘောထားပြီးသောက် တုတ်ထိုးကို ချဉ်ရည်နဲ့တို့တို့ပြီးစား၊ ဈေးသက်သာပေမယ့် ဟိုတယ်ကြ တွေက အစားအသောက်ထက် ပိုပြီးကောင်းပါတယ်ကွာ၊ စားကြည့်စမ်း ဟိုတယ်တွေစားမှ လူကုံထံလို့ ထင်နေတာလား"

"မ မဟုတ်ပါဘူး။ ရှင် စားတာ ကြည့်လို့ကောင်းပါတယ်"

တိမ်မယ် ပြောသလို စားကြည့်တော့လည်း စားလို့ အရသ ရှိသားပင်။ အသစ်အဆန်းလိုဖြစ်ပြီး သူမ အားရပါးရပင် စားပစ်လိုက် တိမ်မယ်ကို စိတ်ကျေနပ်စေချင်သည့် ဆန္ဒတို့ကြောင့်လည်းပါသည်။

ဒါဟာ ဘာကြောင့်လဲ။

နက်ရှိုင်းစွာတွေးမကြည့်ရသေးဘဲနဲ့တောင် ရင်ဘတ်တစ်နေ က လှပ်ခနဲ ခါသွားသည်။

ဒါကရော ဘာကြောင့်လဲ။

■ ■ ■



## အခန်း (၁၅)

"အဲဒါ ဘာကြောင့်လဲ"

"အဝေးကြီး တွေးမနေနဲ့ ညီမလေးရာ၊ အရည်အချင်းရှိမယ် ထင်လို့ ရာထူးတိုးပေးတာ နေမှာပေါ့"

"ဒီလောက် အခွင့်အရေးတွေ ပေးနေတာ သွေးရိုးသားရိုး ဖြစ်နိုင်ပါတော့မလား ကိုကိုရဲ့၊ ကိုကိုက အဲဒီမိန်းမရဲ့ အမိခံချင်နေတာ လား။ ဒါမှမဟုတ် ပေးလာတဲ့ အခွင့်အရေးတွေကို လက်မလွှတ်ချင်ဘဲ အသုံးချဖို့ ကြိုးစားနေတာလား"

"ညီမလေး"

မာနကို ထိပါးလာသော စကားတွေမို့ သူ့ခေါ်သံက မာထန် အင်းပြတ်သွားပေလိမ့်မည်။ မျက်ရည်ရောင် လက်နေသော မေယမုံဖူး မျက်ဝန်းတွေက စူးခနဲ သူ့ကို စွေကြည့်ကာ

"ဖူးဖူးကို မအော်ပါနဲ့ ကိုကို၊ အမိခံလိုက်ရလည်း ချမ်းသာတဲ့ မိန်းမမို့ တန်တယ်လို့ ကိုကို တွေးနေတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဖူးဖူး မင်းစကားတွေ တစ်ဖက်စွန်းရောက်နေပြီ၊ အရမ်းလွန်နေပြီ၊ ငါ့ကိုယ်ကျင့်တရားနဲ့ သိက္ခာက မြောင်းထဲရောက်သလောက် ရှိနေပြီ၊ ဘာလို့ အဓိပ္ပါယ်မရှိတာတွေ စွပ်စွဲနေတာလဲ၊ မင်းပြောနေတာ က ငါက ပိုင်းလုံးသာသာပဲ ရှိတော့တယ်"

လေသံက ပြင်းထန်သလို အစိမ်းရောင်သန်းလျက် ပြတ်တောက်နေပေလိမ့်မည်။ မညှာမတာ အတွေးနှင့် ဥပေက္ခာပြုမိတာတော့ မဟုတ်ပါ။

မာနကို ရိုက်ချိုးခံရသလို ထိထိနိုက်နိုက် နာကျင်သွားလို့ပင်။

"မင်းတွေ ငါတွေနဲ့ ကိုကို အရမ်းစိမ်းသွားတယ်နော်"

နာကျင်ခံခက်သလို လေသံတိုးတိုးနှင့် အပြောမှာ မျက်နှာကို ဆတ်ခနဲ ခါလွှဲပစ်လိုက်မိသည်။

"အစ်ကိုရင်းတစ်ယောက်လို ငါ့ကို တကယ်တန်ဖိုးထားတယ်ဆိုရင် သူများတွေက ရှုတ်ချစော်ကားလာရင်တောင် မင်းက ငါ့ဘက်ကနေ ခုခံရပ်တည်ပေးရဦးမှာ၊ အခုတော့ကွာ မင်းစိတ်ထဲမှာ ဒီထက်ပိုပြီးတောင် ငါ့ကို ဘာတွေပြောချင်နေသေးလဲ မသိဘူး"

"ကိုကိုက အဲဒီမိန်းမ ပေးတဲ့အခွင့်အရေးတွေ ကျေနပ်နေလို့"

"အဲဒါ မင်းအတွက်တွေ မဟုတ်ဘူးလား၊ ဆယ်တန်းဖြေပြီး အခု သင်တန်းတွေ တက်ဖို့ ငွေမလိုအပ်ဘူးလား၊ အိမ်ရဲ့စားဝတ်နေရေး ပြေလည်မှုအတွက်ရော ငွေမလိုဘူးလား၊ သက်တောင့်သက်သာ မဟုတ်ဘဲ ငါ့ကို ပင်ပင်ပန်းပန်း ငွေရှာစေချင်တာလား ဖူးဖူး"

ကိုကို့မေးခွန်းက ရင်ထဲကို ထိ၏။ အဲဒီမိန်းမ ပေးတဲ့အခွင့်အရေးတွေက သွေးရိုးသားရိုး မဟုတ်ဘူးဆိုတာ စိတ်ထဲက အလိုလို သိနေပြီး မနာလိုဖြစ်နေမိသော ကိုယ့်စိတ်ကိုယ် နားမလည်နိုင်ပါ။





ကိုကို့ကို ဒီလိုမပြောသင့်ဘူးဆိုတာ သိသိကြီးနှင့်။

"ဖေဖေ့ဆီကို ဒေါ်လေးနဲ့ ညီမလေးပဲ သွားလိုက်တော့ကွာ၊ ကိုကိုက လုပ်ငန်းပိုင်း လေ့လာကြည့်ရုံပဲ ရှိသေးတယ်၊ ခွင့်ယူလို့ မကောင်းဘူး၊ တိမ်လွှာဝတီ အနေနဲ့လည်း သူက မျက်နှာသာပေးလို့ အခွင့်အရေးယူတယ်ထင်သွားမှာ စိုးတယ်"

တဲ့။ ထိုမိန်းမ ငြိုငြင်မှာစိုးလို့ တစ်သက်လုံး လေးစားဂရုစိုက်လာခဲ့သည့် ဖေဖေ့ကိစ္စ မျက်နှာလွှဲလိုက်တာကို ပိုခံပြင်းနေမိတာ။

အစကတော့ စာမေးပွဲဖြေပြီး ကိုကို လိုက်ပို့ပါမယ်လို့ ပြောထားတာ မဟုတ်ဘူးလား။ ရှောင်လွှဲသင့်သည့်ကိစ္စလည်း မဟုတ်ပါဘဲ တိမ်လွှာဝတီက သူမတို့မိသားစုထက် အရေးပါနေသည့် သဘောပေါ့။

ဒါကြောင့်လည်း ပြောသင့်မပြောသင့် ချင့်ချိန်မနေနိုင်တော့ဘဲ ပေါက်ကွဲမိသည့် သူမက အပြစ်ဖြစ်ခဲ့ရသည်။ တစ်ခါမှ လေသံမာမာမပြောဘူးသော ကိုကို့ကိုကြည့်၍ သူမ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာသည်။

ကိုကို့ဘက်က သက်ပြင်းရှိုက်သံကြားသော်လည်း မျက်ရည်တွေကို မသုတ်မိ။

"ဆောရီး ညီမလေး၊ ညီမလေး မျက်ရည်ကျအောင် ကိုကို ပြောနေတာ မဟုတ်ပါဘူး၊ ကိုကို ရှန်းကန်နေတာ ပင်ပန်းတယ်လို့ မညည်းညူဖူးပါဘူး၊ အဲဒီအတွက် ကိုကို့ကို နားလည်ပေးသင့်ပါတယ်၊ အခုလည်း တကယ်ခွင့်ယူလို့ မကောင်းလို့ ညီမလေးတို့ကို သွားခိုင်းတာပါ၊ ငွေလည်း အလုံအလောက် ထည့်ပေးလိုက်မယ်၊ အစားအသောက်လည်း ပြည့်ပြည့်စုံစုံ ပြင်ဆင်သွားပါ၊ ဖေဖေ့ကျန်းမာရေးအတွက် ဆေးဝါးတွေလည်း ဝယ်သွား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို တကယ်မလိုက်ဘူးပေါ့"

"ဒီလောက် ပြောနေတာမှ နားမလည်လည်း မတတ်နိုင်တော့ဘူး ညီမလေး၊ ကိုကို့အပေါ် ဖေဖေ တာဝန်ကျေခဲ့သလို ကိုကိုလည်း တာဝန်ကျေအောင် ကြိုးစားခဲ့ပါတယ်၊ ဝတ္တရားပါလို့ သတ်မှတ်ရုံတင် မဟုတ်ပါဘူး၊ ဖေဖေနဲ့ညီမလေးကို တကယ့်သွေးသားရင်းချာတွေလို သဘောထားလို့ပါ"

ဖူးဖူး စိတ်တွေကတော့ ပြောင်းနေပြီ ကိုကိုလို့ ဖူးဖူး ပြောမထွက်ပါ။ သွေးသားမတော်စပ်ဘဲ လက်ပွန်းတတီး အနေရင်းနီးခဲ့တာ သာမန်တွယ်ငြိမှုမျိုး မဟုတ်ပါ။

ယောကျ်ားပီသ ခန့်ညားလွန်းသော ကိုကို့ကို အမြဲမြင်တွေ့သံယောဇဉ်တွေ ဖြစ်နေမိတာ တခြားမိန်းကလေးတစ်ယောက်နှင့် ပတ်သက်သွားမှာကို မခံစားနိုင်အောင် ဖြစ်နေမိသည်။

သဝန်တိုတတ်လာခြင်းက အချစ်ရဲ့ ပြဋ္ဌာန်းချက်လား။ ဘာဖြစ်လို့ အရင်လို ဖူးဖူး မျက်ရည်တွေကို သုတ်မပေးတော့တာလဲ ကိုကိုလို့ မေးကြည့်ချင်သည်။ မျက်နှာလွှဲပြီး သူစိမ်းဆန်တဲ့ စကားတွေ ပြောတတ်လာတာကရော တိမ်လွှာဝတီကြောင့်လား။

"ဘာကိုမှ စိတ်အပင်ပန်းခံပြီး တွေးမနေပါနဲ့၊ စောထွက်တဲ့ ကားကိုမီမှ ဖေဖေ့ဆီ မိုးမချုပ်ခင်ရောက်မှာ၊ အံဆွဲထဲမှာ ငွေလုံလုံ လောက်လောက်ရှိတယ် အကုန်ယူသွားပါ၊ ကိုကိုသုံးဖို့ မချန်ခဲ့နဲ့၊ ကိုကိုက ဒီနေ့ လစာထုတ်မှာ ကိုကိုလည်း အလုပ်နောက်ကျနေပြီ သွားတော့မယ် ညီမလေး"

ရှိုက်သံကြားပေမယ့် နောက်လှည့်မကြည့်တော့ဘဲ ထွက်လာခဲ့သည်။ အနေမစိမ်းချင်ပေမယ့် ဆင်ခြင်ရတော့မည်ဆိုသည့် အသိက ရင်ထဲမှာ ရှိနေသည်။

"မင်းတို့လည်း အနေအထိုင် ဆင်ခြင်ကြဦး၊ သွေးမတော် သား





မစပ် ယောကျ်ားလေးနဲ့မိန်းကလေး တစ်အိမ်တည်း အတူနေတာ ရပ်ကွက်ထဲမှာ လူပြောများနေပြီ"

"အုပ်ထိန်းသူ ဒေါ်လေးတစ်ယောက်လုံး ရှိနေတာ ကျွန်တော်တို့ နှစ်ယောက် ရိုးသားတဲ့အကြောင်း ဒေါ်လေးက ရှင်းပြလိုက်ပေါ့"

"ဟဲ့ ရှင်းပြရအောင် ငါ မြင်တွေ့နေတာကိုက အမြင်မှ မတော်တာ၊ ဖက်လိုက်တွယ်လိုက် အစားအသောက်တွေ ခွံ့ကျွေးလိုက်နဲ့ ရိုးသားပါတယ်လို့ ကျိန်ပြောရင်တောင် ယုံကြမှာလား၊ မေယမုံဖူးတို့ကလည်း ကိုကို ကိုကိုနဲ့ ဖျပ်ဖျပ်ကိုလူးလို့၊ ကိုယ့်တူမကိုယ် ဆတ်စလူးထတယ်လို့တော့ မပြောတော့ပါဘူး၊ မင်းကသူ့ထက် အသက်ကြီးတယ် ဆင်ဆင်ခြင်ခြင် နေပါ"

ထိုစကားမျိုးက တစ်ခါတစ်ရံမှ ကြားရတတ်တာမျိုးတော့ မဟုတ်ပါ။ ရွံ့သလို စောင်းသလိုဖြင့် ထေ့ငေါ့တတ်တာလည်း အကြိမ်ကြိမ်၊ မျက်စိရှက်တာလိုလို မမြင်ချင်တာလိုလိုနှင့် သူတို့နှစ်ယောက်ဆုံတိုင်း ရပ်ကွက်ထဲအတင်းလည်ပြောဖို့ ထွက်ထွက်သွားတတ်တာလည်း ပုံကြီးချဲ့နေသလိုပါ။

ဒါတွေကြောင့် အနေကျပ် အစားကျပ် စိတ်မချမ်းမသာ ဖြစ်ရသည်။ အိမ်ကိုပြန်လာရမှာတောင် တွေးတွေးပြီး ကြောက်လန့်နေမိသလိုကြီး ဖြစ်နေ၏။

"အစ်ကို"

"ဩော် ဒီပါ"

အတွေးနှင့် လျှောက်လာနေဆဲ လမ်းထိပ်လက်ဖက်ရည်ဆိုင်ထဲကနေ ထွက်လာပြီး ဒီပါ နှုတ်ဆက်သည်မို့ အံ့အားသင့်ရင်း ခြေလှမ်းရပ်လိုက်ရသည်။

"မင်းက ကိုယ်တို့ရပ်ကွက်ထဲ လက်ဖက်ရည် လာသောက်တာ



www.burmeseclassic.com

www.burmeseclassic.com



လားကွ''

''ဟုတ်ကဲ့ ဆိုင်ထဲ ခဏထိုင်ပါဦးလား''

''နေပါစေကွာ အလုပ်အရမ်းနောက်ကျနေမှာစိုးလို့''

''လက်ဖက်ရည်တစ်ခွက်လောက် သောက်တာ ထူးပြီး နောက်မကျတော့ပါဘူး အစ်ကိုရာ လာပါ''

အားနာနာနှင့်ပင် ဒီပါနှင့် လက်ဖက်ရည်ဝိုင်း ထိုင်လိုက်ရသည်။ ဒီပါက သစ်လွင်တောက်ပနေသော အဝတ်အစားများ ဝတ်ထားသည့် သူ့ကိုကြည့်ကာ

''အစ်ကို ဒီအလုပ်က တော်တော် အဆင်ပြေနေတယ် ထင်တယ်နော်''

''ဆိုပါတော့ကွာ မချမ်းသာနိုင်သေးပေမယ့် ပညာလည်းရတယ် အတွေ့အကြုံလည်းရတယ်၊ လစာလည်း ကောင်းတယ်၊ ဒါနဲ့ ဒီပါ အစ်ကို့ကို ဘာပြောစရာရှိလို့လဲ''

''ဟို ကျွန်တော် အစ်ကို့ကို ပြောရမှာတော့ မျက်နှာပူပါတယ်၊ ဒါပေမဲ့ အစ်ကို့ကိုပဲ အားကိုးလို့ ရမယ်ထင်လို့''

''ပြောပါ အားမနာပါနဲ့၊ ညီမလေးအကြောင်း မဟုတ်လား''

''ဟုတ်ကဲ့ ဟို ဖူးဖူးကို ကျွန်တော် ပရိုပို့(စ်) လုပ်ထားပြီးပါပြီ၊ စာမေးပွဲဖြေပြီးရင် အဖြေပေးဖို့လည်း ပြောထားတယ်၊ ဒါပေမဲ့ ဖူးဖူးက ကျွန်တော့်ကို အတွေ့ကို မခံဘူး အစ်ကိုရဲ့ ဒီလက်ဖက်ရည်ဆိုင်ကနေ နေ့တိုင်း လာစောင့်တာလည်း အလကားပဲ''

အစ်ကိုရင်း မဟုတ်ဘူးဆိုသည့်အသိနှင့် သူ့ကို ဒီပါ ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်း ရင်ဖွင့်နေတာ ဖြစ်မည်။ သူကရော ဘယ်လို ပုဒ်မနှင့် တားဆီးပိုင်ခွင့်ရှိမှာလဲ။





''ဒြော် ဒီလိုကွ၊ ဖေဖေ့ဆီ ထောင်ဝင်စာ သွားတွေ့ဖို့ ညီမလေး အလုပ်ရှုပ်နေတာ၊ ဒီနေ့ပဲ သွားကြမှာလေ၊ သရက်ထောင်မှာဆိုတော့ တစ်ညအိပ် နှစ်ညအိပ်လောက် ကြာမယ်ထင်တယ်၊ ပြန်လာမှ ထပ်ကြိုးစားကြည့်ပေါ့ကွာ''

''ဟုတ်လား ကျွန်တော်က အဲဒါတွေ မသိဘဲ ရင်ခံနေတာ''

''ဘာကို ရင်ခံနေတာလဲ''

''ဒီ ဒီလိုပါ ဖူးဖူးကို အစ်ကို ချုပ်နှောင်ထားတယ်၊ တားဆီးပိတ်ပင်ထားတယ်ထင်လို့ ဖူးဖူးကလည်း အစ်ကို့ကို မလွန်ဆန်နိုင်၊ မဆန့်ကျင်နိုင်တဲ့ အကြောင်းလေးတွေများ ရှိနေနိုင်လားလို့''

ဒီပါအောင် စကားတွေက ပတ်ဝန်းကျင် လေလှိုင်းသံ သတင်းသဲ့သဲ့ကြောင့်ဆိုတာ သေချာသည်။ သူက ဒီပါအောင် ပခုံးတစ်ဖက်ကို ခပ်ဖိဖိ ဆုပ်ညှစ်လိုက်ကာ

''ပတ်ဝန်းကျင် သွားပုပ်လေလွင့် စကားတွေနဲ့ ငါတို့ရဲ့ ကိုယ်ကျင့်တရားနဲ့ ဂုဏ်သိက္ခာကို မစော်ကားမိပါစေနဲ့ကွာ၊ ဖူးဖူးကို မင်းတကယ်ချစ်တယ်ဆိုရင် တန်ဖိုးထားပြီး ယုံကြည်နိုင်အောင် အရင် ကြိုးစားပါ''

''ဟို ကျ ကျွန်တော် ယုံကြည်ပါတယ်''

''အချစ်စိတ်မွှန်နေတုန်း ပါးစပ်က စကားအဖြစ် ထွက်လာတာဆိုရင် အစ်ကို လက်မခံနိုင်ဘူး ဒီပါ၊ ဖူးဖူးကို ညီမရင်းလေး တစ်ယောက်လို စောင့်ရှောက်ခဲ့ရတာမို့ တစ်ချိန်ချိန်မှာသူ့ကို တန်ဖိုးမဲ့ ဆက်ဆံခံရမှာမျိုးလည်း အစ်ကို မလိုလားဘူး၊ မင်းကိုယ်မင်း ပြန်ဆန်းစစ်ကြည့်ပါ၊ ဖူးဖူးကို ဘယ်လောက်ထိ တန်ဖိုးထားပြီး ချစ်နိုင်မလဲလို့၊ မင်းမိဘ အသိုင်းအဝန်း မငြိုငြင်အောင်ရော ဘယ်အတိုင်းအတာထိ တာဝန်ယူ ကာကွယ်ပေးနိုင်မလဲ



www.burmeseclassic.com

www.burmeseclassic.com



လို့''

သူ့စကားကို နားထောင်ပြီး ဒီပါအောင် တွေဝေငေးငိုင်သွားတာမျိုးတော့ မရှိပါ။ သွက်လက်စွာပင် သူ့ရှေ့လက်ဖက်ရည်ခွက် ထိုးပေးပြီး

''ကျွန်တော့်ကိုယ်ကျွန်တော် ရဲရဲကြီး အာမခံပါတယ် အစ်ကို၊ အစ်ကို ပြောတဲ့စကားတွေ နားထောင်ပြီး အစ်ကို့ကိုလည်း လေးစားပါတယ်၊ ဖူးဖူးနဲ့ပတ်သက်ပြီး အရင်ကတည်းက ဟိုသတင်း ဒီသတင်းတွေ ကြားနေပေမယ့် တကယ်ချစ်လို့ ပရိုပို့(စ်)လုပ်ခဲ့တာပါ။ ကျွန်တော့်မိဘတွေကိုလည်း အနည်းအကျဉ်း အသိပေး ပြောထားပါတယ်၊ ဖူးဖူးကို မြတ်မြတ်နိုးနိုးနဲ့ လက်ထပ်မှာပါ အစ်ကို''

''အေးလေ မင်းဘက်က ယောကျ်ားကတိနဲ့ဆိုရင် ကြိုးစားကြည့်ပါ''

''အ အစ်ကိုကလည်း တိုက်တွန်းပေးပါလားဟင်၊ ကျွန်တော် တစ်ယောက်တည်း တစ်ဖက်သတ် ကြိုးစားတာထက် အဆင်ပြေနိုင်မလားလို့ပါ၊ အစ်ကို့ကို အားကိုးပါတယ်''

ဒီပါအောင် တောင်းဆိုမှုက ကလေးဆန်ပေမယ့် သူ့ကို ချုပ်ကိုင်လိုက်သည်ဆိုတာ သဘောပေါက်သည်။ အေးစက်နေပြီ ဖြစ်သော လက်ဖက်ရည်ခွက်ကို တစ်ကျိုက်တည်း မော့သောက်ကာ သဘောထားကြီးစွာ ပြုံးလိုက်၏။

ထိုအပြုံးမှာ အရောင်မဲ့သင်္ကေတတွေနှင့်ပါ။

■ ■ ■



## အခန်း (၁၆)

''ဘာလို့ ဒီလောက်တောင် နောက်ကျနေတာလဲ''

အပြစ်တင် ရန်တွေ့ဖို့ အဆင်သင့် စောင့်နေခဲ့ပေမယ့် နွမ်းဖတ်သိုးကျနေသော တိမ်မယံ မျက်နှာသွင်ပြင်ကြောင့် လေသံတို့က အလိုလို ဘိုးဖျော့တိမ်ဝင်သွားသည်။

တိမ်မယံက ခေါင်းငိုက်စိုက်နှင့် သူမလက်ထဲက ကားသော့လေးကို လှမ်းယူ၏။ ဘာတွေဖြစ်လာလို့ သွက်လက်တက်ကြွခြင်း ကင်းစွာ နွမ်းနယ်နေရတာလဲ။

''ကျွန်တော် နောက်ကျသွားတဲ့အတွက် တောင်းပန်ပါတယ်၊ နောက်တစ်ခါ ဒီလိုမျိုး မဖြစ်စေရပါဘူး''

''ဘာတွေဖြစ်လာတာလဲ၊ ဝတီ သိခွင့်ရှိမလား''

ကားသော့လေးကို သူ့လက်ထဲ မထည့်ဘဲ မေးလိုက်တော့ တိမ်မယံ သက်ပြင်းရှိုက်သံက ပြင်းရှနေကာ

''အိမ်တွင်းရေးကိစ္စပါ၊ ညီမလေးတို့ ခရီးသွားတာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မလိုက်နိုင်လို့ ပြဿနာနည်းနည်း တက်တာ''

''အရေးကြီးကိစ္စလားဟင်၊ ရှင် မလိုက်သွားလို့ရော ဖြစ်ရဲ့ လား''

''ကျွန်တော်က အခုမှ အလုပ်သင်ပဲ ရှိသေးတယ်၊ ခွင့်မယူချင်လို့ပါ လိုက်သွားမှ သင့်တော်မယ့်ကိစ္စဆိုပေမယ့် ဝတီ ငြိုငြင်မှာကို မခံချင်လို့''

ဝတီ ပေါ့ပါးလွတ်လပ်စွာ ပြုံးလိုက်မိသည်။ တိမ်မယံရဲ့ အဲလို အလေးထားမှုတွေကြောင့် သူမ ပျော်ဝင်ကျူရှုံးချင်နေတာ ဖြစ်မည်။ ဆံပင်တွေကို သေသပ်စွာ ပုံဖော်ဖြီးသင်ထားပြီး မျက်ခုံးထူတန်းတန်း ရွှန်းစိုအရည်လဲ့နေသော မျက်နက်ဝန်းနှင့် ပြုံးရယ်လိုက်တိုင်း ဖွေးသန့် ဖြူစင်သွယ်တန်းနေသည့် သွားလှလှလေးများက သူမရင်ကို အထိရှဆုံး ဖြစ်သည်။

သိမ်ငယ်မှုမရှိသော ကိုယ်ဟန်မတ်မတ်၊ တောင့်တင်းကျစ်လျစ် ကြည့်ကောင်းလွန်းသည့် ကိုယ်ခန္ဓာအချိုးအဆစ်၊ အကြင်နာကြီးစွာ ယုယ မြတ်နိုးတတ်မည့် အသံချိုချို ဩရှရှလေးကလည်း သူမ စိတ်နှလုံးကို သိမ်းပိုက်ညှို့ငင်နိုင်သည့် ဆွဲဆောင်မှုတွေနှင့် ဖြစ်သည်။ ဒီရင်ခွင်မှာ ခိုနားခွင့်ရလျှင် သူမ ဘဝအရာရာ ပြည့်စုံနိုင်လိမ့်မည်ထင်၏။

''သော့ပေးလေ၊ ကျွန်တော် အရမ်းနောက်ကျလို့ စိတ်ဆိုးနေတာလား''

''မ မဟုတ်ပါဘူး၊ ရှင့်မျက်နှာမလန်းလို့ ဘယ်လောက် ပြဿနာကြီးလို့လဲဆိုပြီး စိတ်မကောင်း ဖြစ်နေတာ၊ အိမ်မှာ တစ်ခုခုစားပြီးမှ ဟိုတယ် သွားရအောင်လေ''

''ဟင့်အင်း ကျွန်တော် ဘာမှကို စားချင်စိတ် မရှိလို့ပါ၊ ဟိုတယ်မှာ မိတ်ဆက်ညှော်ခံပွဲတစ်ခု လက်ခံထားတာလည်း လုပ်စရာတွေ ရှိသေး





ယ်၊ သွားရအောင်''

သူမလက်ထဲက သော့တွဲလေးကို ဆွဲယူပြီး ကားပေါ်တက် က်နိုးတော့ သူမလည်း ကပျာကယာ ကားပေါ်တက်လိုက်ရသည်။ ်လမ်းလုံး တိမ်မယံ ငြိမ်သက်တိတ်ဆိတ်ကာ မျက်နှာတည်တည်ကြီး နေတော့ သူမ မနေတတ် မထိုင်တတ်ပင် ဖြစ်လာ၏။

ဟိုတယ်ရောက်တော့လည်း ထိုအတိုင်း။

ဦးသိန်းထိုက်နှင့် လုပ်စရာရှိတာတွေ လုပ်နေသော်လည်း က်ကြွလန်းဆန်းခြင်းကင်းကာ ဝတ္တရားကျေရုံ တာဝန်ထမ်းဆောင်နေ လို ဖြစ်နေသည်။ ဘယ်လိုအကြောင်းအရာကြောင့် ဟန်မဆောင်နိုင် ာက်အောင် ခံစားနေရတာလဲ။

အရိပ်တကြည့်ကြည့် အကဲခတ်နေမိရင်း တိမ်မယံ ပျော်ရွှင် အောင် တစ်ခုခုလုပ်ပေးချင်သည့်ဆန္ဒတွေ ပြင်းပြနေသည်။

''ဦးသိန်းထိုက် ရုံးခန်းထဲ ခဏလောက် လာခဲ့ပါ''

သူတို့အနား လျှောက်သွား၍ ဦးသိန်းထိုက်ကို ရုံးခန်းထဲ ခေါ်လာ သည်။

''ဒီပွဲက ဘယ်အချိန်ပြီးမလဲ ဦးသိန်းထိုက်''

''သုံးနာရီ သတ်မှတ်ချက်ယူထားပါတယ်၊ သုံးနာရီမှပဲ ပွဲစမှာပါ၊ ာက်နာရီဆို ပြီးပါပြီ၊ သူတို့က ကိုရီးယားက ထုတ်တဲ့ မိတ်ကပ်နဲ့ အလှဆီ ်ဆက်ပွဲကို မော်ဒယ်ရှိုးလျှောက်ပွဲနဲ့ တွဲလုပ်မှာမို့ အချိန်ယူ လိုက်တာပါ''

''တခြားအရေးကြီးပွဲရော ရှိသေးလား''

''မရှိတော့ပါဘူး၊ ဆန်းဒေးလည်း မဟုတ်တော့ ညှော်သည်ခန်းမ ာလည်း လူရှင်းမယ်လို့ ထင်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဝန်ထမ်းတွေအတွက် အစီအစဉ်တစ်ခု လုပ်ပေးချင်တယ်"

"ဘာအစီအစဉ်များလဲ"

"ပါတီသဘောမျိုးပါ၊ စားချင်တဲ့သူစား၊ သောက်ချင်တဲ့သူသော ကချင်တဲ့သူ ကပေါ့"

"တ တကယ် အဲလိုလုပ်ပေးရမှာလား ဝတီ"

ကျမ်းကျိန်ပြောရင်တောင် မယုံနိုင်လောက်သည့်ကိစ္စမို့ ဦးသိ ထိုက် အလုံးဆို့မတတ် အံ့သြနေမိသည်။ ဝန်ထမ်းတွေအတွက် တိမ် ဝတီ စဉ်းစားပေးတာ ဒါ ပထမဦးဆုံး။

ဝတီရဲ့ ပြောင်းလဲလာမှုအတွက် အံ့လည်း အံ့သြရသလို သာမိသည်မှာလည်း ပြောမပြတတ်အောင်ပင်။

ဝန်ထမ်းတွေက သူ့ထက် ပိုဆိုးနေမလားမသိ။

"ဦးသိန်းထိုက်က မယုံနိုင်ဖြစ်နေတယ် ထင်တယ်၊ ညည တစ်ခုမှာ စီစဉ်ပေးပါ၊ ဒီက အစားအသောက်တွေနဲ့ မလုံလောက်ဘူး ရင်လည်း တခြားဟိုတယ်တွေက ထပ်မှာပြီး ပြည့်စုံအောင် လုပ်ပေး နော်၊ အချိန်က အခုချက်ချင်းကြီး စဉ်းစားမိလိုက်တာဆိုပေမယ့် အ ပြေမှာပါနော် ဦးသိန်းထိုက်"

"ဟာ အဆင်ပြေတာပေါ့ အဆင်ပြေပါတယ်၊ ဝန်ထမ်း အရမ်းကို ပျော်သွားမှာ ဝတီရဲ့၊ သူတို့လည်း တစ်ခါတလေ အဲလို နေ ကြမှာပေါ့၊ ဝန်ထမ်းတွေအတွက် ဝတီ တွေးပေးတာ ကျေးဇူးတင်ပါတ သူတို့ကလည်း ဝတီအတွက် အကောင်းဆုံး အကျိုးပြန်ပြုကြမှာပါ"

"အင်း တိမ်မယ်ကို အသိပေးပြီး တိုင်ပင်လုပ်ပါနော်၊ သူ ပျော်သွားမယ် ထင်တယ်"





"ဩော် ဟုတ် ဟုတ်ကဲ့"

အခုမှ မျက်နှာမကောင်းဖြစ်နေသည့် တိမ်မယ်အတွက် အမိက စဉ်လိုက်ခြင်းပါလားဟု သဘောပေါက်၏။

ဘာဖြစ်ဖြစ် တိမ်မယ် ပျော်ရသလို ဝန်ထမ်းတွေလည်း ပျော်ရ ာပဲလေ။

တိမ်မယ်ဆီ အရောက်မှာ ထိုစကားကို ပြောပြတော့ သူ့လိုပင် ယုံနိုင် အံ့အားသင့်နေသေးသည်။ ဝန်ထမ်းတွေကိုပါ စုဝေးခေါ်ပြီး ရှင်းပြမှ ့ကြည်သွားကာ

"ဝတီ အဲလို လုပ်ပေးလိမ့်မယ်လို့ တစ်ခါမှ တွေးမထားမိဘူးဗျ၊ ံ့သြစရာပဲ"

"အေး ငါရော ဝန်ထမ်းတွေရော အံ့သြနေကြတာပဲ၊ အဲဒါ င်းကြောင့်ပြောင်းလဲလာတယ်ဆိုတာလည်း အားလုံးသိကုန်ကြပြီ၊ မင်း တော့ တကယ့်ကို ကံထူးနေတဲ့ကောင်ပဲကွာ၊ မီးနီပြတုန်း အချိန်မီ ်းအုပ်ထား၊ မီးစိမ်းပြမှဆိုရင်တော့ တစ်ခါတည်း လွတ်သွားမှာပဲ"

"ဦးသိန်းထိုက်ကြီးကလည်းဗျာ"

"ယောကျ်ားလေးဖြစ်ပြီး ရုက်ကိုးရုက်ကန်း လုပ်မနေနဲ့၊ မင်း ရောက်လာမှ အနေအစားချောင်လို့ ဝန်ထမ်းတွေကလည်း မင်းဘက်ကပဲ နော်"

ဦးသိန်းထိုက်က တတွတ်တွတ် တိုက်တွန်းနေသည်။ သူ့စိတ်က င်သလောက် ပျော်မနေပါ။ ညီမလေး ပြောခဲ့သည့်စကားတွေ ပြန်ကြား ယောင်ပြီး၊ အာရုံတွေ ညစ်နွမ်းနေသည်။ သူလိုက်မသွားသည့်အတွက် အဖေရော ဖေဖေ ဝမ်းနည်းနေမလားဆိုပြီးလည်း စိတ်မကောင်းဖြစ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးက သူ့ထက်ပိုပြီး စိတ်မကောင်းဖြစ်နေမည်ဆိုတာလည်း သ
သိသည်။

"ကောင်လေး နွမ်းနေတုန်းပဲလား"

ထောင့်တစ်ထောင့်မှာ ထိုင်ငိုင်နေသော သူ့ကို ဦးသိန်းထိုက်က
လာမေးပြန်၏။ လုပ်ငန်းကိစ္စနှင့်ကိုယ်ရေးကိုယ်တာ မရောယှက်ချင်ပေမယ်
သူ့စိတ်က တင်းမာပြတ်သားဖို့ ခဲယဉ်းနေသည်။ ဒီမိသားစုလေးကို သံယော
ဇဉ်တွေနှင့် ငြိတွယ်ခဲ့ရတာပါ။ သူ့မှာ တခြားတွယ်တာစရာ သွေးသားရင်းခြာ
မရှိဘဲ။

"လိုအပ်တာရှိရင် ကျွန်တော့်ကို လက်ညှိုးထိုးခိုင်းပါ ဦးသိန်း
ထိုက်ရာ၊ ဒီနေ့ ကျွန်တော့်စိတ်တွေ တကယ်ကို မလန်းတာ"

"မင်းဘာမှလုပ်စရာ မလိုပါဘူးကွာ၊ ဝန်ထမ်းတွေကို တာဝ
တွေခွဲပြီး ညှော်ခန်းမ တစ်ခုမှာ လုပ်ခိုင်းထားပါတယ်၊ ဒီဘက်က ပွဲပြီး
အဲဒီဘက်မှာ လူစုဖို့ ပြောထားတယ်၊ မင်း အိမ်ကနေ တစ်ခုခု ညစ်လ
တယ်ဆိုတာ သိပါတယ်၊ ဒါပေမဲ့ အားလုံးပျော်နေရမယ့် ဒီအချိန်
လွှတ်ချထားလိုက်စမ်းပါကွာ၊ ဘာပြဿနာဖြစ်ဖြစ် ခေါင်းပေါ်တင်ထား
အရမ်းလေးတယ်"

"ဟုတ်ကဲ့ ကျွန်တော့်ကြောင့် ဘယ်သူမှ စိတ်အနှောင့်အယှ
မဖြစ်စေရပါဘူး။ ကျွန်တော်ပျော်အောင် ကြိုးစားပါ့မယ်"

ဦးသိန်းထိုက်ကို ကတိပေးလိုက်ပြီး သူ့စိတ်သူ ထိန်းချုပ်သ
အနေဖြင့် ပွဲစသည့်အချိန်မှာ ဘီယာတွေ ဝိုင်တွေသောက်၍ အာရုံလ
အောင် လုပ်လိုက်သည်။

ထိုသို့ လုပ်လိုက်မှ ကနေ့တဲ့သူတွေ သောက်စားပျော်နေသေ





သူတွေကိုကြည့်ပြီး သွေးတွေဆူလျက် တက်တက်ကြွကြွ ဖြစ်လာသည်။

"တိမ်မယ် မကတူးလား၊ ကျန်းမာရေးအတွက် ကောင်းတယ်"

"ဟင်"

အနီရောင် လွင့်ဝဲနေသော နတ်သမီးလေးလို တောက်ပနေ သည့်
တိမ်လွှာဝတီ သူ့အနားရောက်လာ၏။

လက်တစ်လုံးမျှသာရှိသော ပခုံးချိတ် ဂါဝန်လေးကို ဝတ်ထား
သည့်အတွက် ဖောင်းအိနေသည့် ဂုတ်ပိုးလေးက ဝင်းဝါနုဖတ်နေသည်။
ကလာတင်ထားသော မျက်နှာလေးနှင့် လည်တိုင်ရှင်းကြော့ကြော့လေး
က သူ့သွေးခုန်နှုန်းတွေကို တဒုန်းဒုန်း ဆောင့်ခုန်စေ၏။

ချိုအီရှိန်းမြနေသော ကိုယ်သင်းရနံ့နှင့် ရေမွှေးနံ့က သူ့နှာခေါင်း
မှာ ကလူကျီစယ်နေသလို တိုးဝှေ့ဝင်လာ၏။

သူ ခြေတံစ်လှမ်းနောက်ဆုတ်လျက် လက်လှမ်းမီသော ဝိုင်
ခွက်ကို အယောင်ယောင် အမှားမှား ကောက်ကိုင်လိုက်မိသည်။

"ကျ ကျွန်တော် မကတတ်ဘူး"

"တီးလုံးအတိုင်း လိုက်လှုပ်တာပဲ၊ ဘာမကတတ်စရာ ရှိလဲ၊
ဘီ တွဲကပေးမယ်လေ"

"နေ နေပါ ကျွန်တော် တကယ် မကချင်လို့ပါ၊ အေးအေးဆေး
ဆေး ဝိုင်သောက်နေတာပဲ ကောင်းပါတယ်၊ ဝတီ ကချင်သွားကလေ"

"ရှင် မဟုတ်ဘဲနဲ့ တခြားလူတွေနဲ့ မကချင်ပါဘူး။ ရင်ခုန်စရာ
ကောင်းမှာမှ မဟုတ်တာ၊ ရှင့်လိုပဲ သူများတွေ ပျော်တာ ထိုင်ကြည့်တော့
မယ်"

တိမ်လွှာဝတီက ရဲရဲတင်းတင်းပင် သူ့အနားကို ဝင်ထိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်တွေ ဂနာမငြိမ်ပါ။ သူ့ရင်ခုန်နှုန်းတွေ ဣန္ဒြေမရပါ။ သူ့သွေးလည်ပတ်မှုတွေ ကမောက်ကမနှင့် ပြောင်းပြန်စီးဆင်းနေသလိုပင်။

အာရုံတွေ စုစည်းထိန်းချုပ်မရအောင် ဝုန်းဒိုင်းကျဲနေပြီမို့ အနားရှိသမျှ ဝိုင်တွေ ဘီယာတွေ တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်ပစ်လိုက်သည်။

အနားမှာရှိနေသော တိမ်လွှာဝတီကို မေ့မေ့ပျောက်ပျောက်ပင်နေပစ်လိုက်ချင်၏။ အဝေးမှာရောက်နေသော မေယမုံဖူးကိုလည်း အာရုံထဲက ဖျောက်ပစ်လိုက်ချင်သည်။

သူ့ကိုယ်တွင်း ဝင်သွားသည့် အယ်ကိုဟောဓာတ်တွေ များသွား၍လားမသိ ရီဝေဝေနှင့် အရာရာ မြင်နေသမျှ မှုန်ဝါးဝါးတော့ ဖြစ်သွားသည်။

ရှောင်တိမ်းခြင်းဟာ လွတ်မြောက်ခြင်းရဲ့ လမ်းစမဟုတ်ခဲ့လျှင်

■ ■ ■



အခန်း (၁၇)

''အား ကျွတ် ကျွတ်''

ခေါင်းတစ်ခုလုံး ထုရိုက်ခံထားရသလို ကိုက်ခဲထုံထိုင်းနေသည်။ ...လုံးတွေက ဖွင့်မရအောင် လေးပင်ပိတ်ကျ ကျိန်းစပ်နေ၏။ ဘယ်လိုမှ ...းမထူချင်အောင် အုံ့ခဲခဲကြီး ဖြစ်နေကာ ရေလည်း ငတ်လှသည်။

အိပ်ရာပေါ် 'လူးလိမ့်ကြည့်ရင်းဖြင့် ထူမတ်နိုင်အောင် ကြိုးစား... နေအရှိန်ရဲ့ အလင်းရောင်က အိမ်ထရံပေါက်တွေက တစ်ဆင့်...နေပြီမို့ အိပ်ရာထသင့်ပြီဖြစ်ကြောင်း သတိပေးနေသည်ပဲ။

''ရှင် နိုးပြီလား၊ ဒီမှာ အမူးပြေပြီး ခေါင်းကြည်အောင်ဆိုး ပျားရည်...ကျက်အေး ဖျော်ထားတာ သောက်လိုက်ဦး''

''ဟင် မင်း မင်း ဝတီ၊ ဘယ်လိုလုပ် ဒီအိမ်ရောက်''

စကားကို အဆုံးသတ်အောင် မပြောနိုင်။ ဖြုန်းခနဲ ထထိုင်ရင်း...င်တွေကို ဖယ်ခွာလိုက်၏။ ပြီးမှ ဖရိုဖရဲဖြစ်နေသော ကိုယ့်ကိုယ်ကို ...ရကာ စောင်နှင့်ပြန်ပတ်ထားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝတီက ပျားရည်ဖန်ခွက်လေးကို သူ့လက်ထဲ ထည့်၍ သူ့ ... မှာ နီးကပ်စွာ ဝင်ထိုင်သည်။ ဘာမှလိမ်းခြယ်ထားခြင်း မရှိသော ... ဖန့်ဖန့် မျက်နှာလေးက ဖူးဖူးစင်စင်။

ညက သူ့သွေးတွေကို ဆူဝေစေသော ကိုယ်သင်းရနံ့က ... လည်း စိတ်လှုပ်ရှားသွေးပျက်မတတ်။

"အ အခု မနက် ကျွန်တော် အလုပ်နောက်ကျလို့ လိုက် ... တာလား"

"ညကတည်းက ရှင့်ကို ရှင့်အိမ်လိုက်ပို့ရင်းနဲ့ မပြန်ဖြစ် ... တာလေ"

"ဗျာ"

"ရှင် အရမ်းမူးနေတော့ ဦးသိန်းထိုက်တို့ကို လိုက်ပို့ခိုင်းမလို့ ... ဒါပေမဲ့ အားလုံးက အပျော်လွန်ပြီး မူးနေကြတာနဲ့ ဝတီ ကိုယ် ... လိုက်ပို့ရတာ"

"ကျွ ကျွန်တော့်ကို ဝတီ လိုက်ပို့တာ"

ဆံပင်တွေကို ဆွဲဖွကုတ်ကာ ခေါင်းကို ထုရိုက်ပြီး စဉ်းစား ... မယ့် ဘာကိုမှ ပြန်စဉ်းစားမရအောင် ဖြစ်နေသည်။ အရက် ဘီ ... များများစားစား သူ သောက်လေ့သောက်ထ မရှိပါ။

တစ်ခါတစ်ရံ ဘီယာတစ်ခွက်လောက် အညောင်းအညာ ... သောက်ရင်တောင် ရီဝေဝေနှင့်။

မနေ့ညက သူ သောက်တာများသွားမှန်းတော့ သတိရသည် ... ဒါကလည်း စိတ်ညစ်ညူးတာတွေ မေ့ပျောက်ချင်လို့ပါ။

တိမ်လွှာဝတီရဲ့ စွဲညို့အားပြင်းသည့် ကိုယ်သင်းရနံ့တွေထဲ ...





ရှုန်းထွက်ချင်တာလည်း ပါသည်။ အခုတော့ ပိုပြီး နီးကပ်စွာ

"ရှင် လုံးဝ မမှတ်မိတာလား တိမ်မယ်၊ ရှင် အဲလောက်သောက်ပြီး မူးမယ်တောင် မထင်ဘူး။ ရှင် တကယ့်ကို အူရိုင်းတာပဲ"

တိမ်လွှာဝတီ ဘာမှမဖြစ်သလို ပုံမှန်အတိုင်း ပြောဆိုနေပေမယ့် သူ့စိတ်တွေ ရှုပ်ထွေးတုန်ယင်နေသည်။ ညက တစ်ညလုံး သူနဲ့ အတူရှိနေခဲ့သည့် တိမ်လွှာဝတီ ခုထိ မပြန်သေးတာ အံ့သြစရာကောင်းသည်။

ဘာမှမဖြစ် ဘာအစွန်းအထင်း ညစ်နွမ်းမှုမှ မရှိခဲ့ဘူးဆိုရင် တောင် အတူရှိနေသည့် သူတို့နှစ်ယောက်ကို ပတ်ဝန်းကျင်က ဘယ်လို ပြောကြမလဲ။

"ဟို ကျ ကျွန်တော့်ကို အိမ်လိုက်ပို့တာ ကျေးဇူးတင်ပါတယ်၊ ညက ညီမလေးအခန်းဘက်မှာ အိပ်လိုက်တာလား၊ ကျွန်တော် အားနာပါတယ် ဝတီရယ်၊ ကိုယ့်ကိုယ်ကို အဲလောက် မူးမယ်တောင် မထင်ဘူး"

"ရှင် ဝတီကို ချစ်တယ်လို့ ပြောခဲ့တာတွေလည်း တကယ် မမှတ်မိတာလား တိမ်မယ်"

"ဗျာ..ကျ ကျွန်တော်က"

အူတူတူ အတတ နဝေတိမ်တောင် လုပ်နေသော တိမ်မယ်ကို ဝတီ စိတ်မရှည်တော့ပါ။ ပျားရည်ခွက်ကို ဝှပ်ခနဲ မော့သောက်ပြီး မျက်စိမျက်နှာပျက်ဖြစ်နေတာကလည်း အသည်းယားစရာကောင်းသည်။

ညက သူမကို ပွေ့ဖက်ပြီး ချစ်တယ်လို့ တတွတ်တွတ် ပြောခဲ့တာတွေ တကယ် မမှတ်မိတာလား။ မူးမူးရူးရူးနှင့် ပြောချင်ရာတွေ ပြောခဲ့တယ်ဆိုရင်တောင် သူမနာမည်ကို တသသ ရေရွတ်နေတာကတော့ အသိစိတ်ကင်းမဲ့လို့ မဖြစ်နိုင်ပါ။

ညစ်နွမ်းသည့် မှားယွင်းမှုမျိုးကိုတောင် ထိန်းသိမ်းနိုင်ခဲ့သေးတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အသိစိတ်ရှိနေသည့် မိမိကိုယ်တိုင်က ကိုယ်ကျင့်တရားနှင့် ဂုဏ် သိက္ခာကို စွန့်ထင်းမခံခဲ့တာကြောင့်လည်း ဖြစ်မည်။ ဘာဖြစ်ဖြစ် သူမလည်း ညက သူ့ကိုချစ်တယ်လို့ ပြန်ပြောခဲ့မိတာပါပဲ။

ဟိုတယ်မှာ အားလုံးဝရုန်းသုန်းကား အပျော်လွန်၍ မူးနေကြသည်မို့ ခေါင်းမထူနိုင်အောင် မူးနေသည့် တိမ်မယံကို ဟိုတယ် လုံခြုံရေး ဝန်ထမ်းတစ်ယောက်ကိုခေါ်၍ မိမိကားပေါ် တွဲတင်ခိုင်းရသည်။

တိမ်မယံကို အိမ်လိပ်စာ မေးတော့လည်း အာလေးလျှာလေး နှင့် မှန်ကန်အောင်ပြောနိုင်ခဲ့သေးတာပဲ မဟုတ်လား။

အိမ်ကိုရောက်လို့ အိမ်တံခါး စေ့ပိတ်ထားတာကိုတွေ့မှ တိမ်မယံ ညီမလေးတို့ ခရီးထွက်သွားတာကို သတိရသည်။ ထိုအချိန်မှ တိမ်မယံကို မိမိအိမ်ခေါ်သွားဖို့ စဉ်းစားလိုက်သေးပေမယ့် မသင့်တော်တာကိုတွေးပြီး အနီးဝန်းကျင်က အိမ်နီးနားချင်းတွေဆီ အပ်ထားခဲ့ဖို့ ဆုံးဖြတ်လိုက်သည်။

"ဩော် အဒေါ်ကြီး တိမ်မယံကို ခဏလောက် ထားခဲ့လို့ ဖြစ်မလားရှင်၊ သူတို့အိမ်က သော့ပိတ်ထားလို့ပါ"

ဘေးချင်းကပ်အိမ်က ချောင်းဟန့်သံပေး၍ ထွက်ကြည့်နေသော အဒေါ်ကြီးကို အကူအညီတောင်းကြည့်တော့ လေသံမာမာ ခပ်တည်တည်နှင့်

"ငါ့ဆီမှာ သော့အပ်ထားခဲ့တာပဲ၊ သော့ဖွင့်ပြီး သူ့အိမ်သူ ပို့လိုက်ပေါ့၊ တကတည်း ကျုပ်တို့က အရက်မူးလာတဲ့သူကို ဘာလို့ လက်ခံရမှာလဲ"

ထိုသို့ မဲ့ကာရွဲ့ကာ ပြော၍ သော့ယူပေးကာ စပ်စုသည့် မျက်လုံး





တွေနှင့်ကြည့်ပြီး ပြန်ဝင်သွားခဲ့သည်။

သူမမှာ ဝင်းတံခါးတွေ အိမ်တံခါးတွေ သော့အရင်ဖွင့်ပြီးမှ တိမ်မယံကို မနိုင်တနိုင် တွဲ၍ အိမ်ပေါ်တင်ရသည်။

ဧည့်ခန်း ဆက်တီခုံလေးပေါ် သူမရော တိမ်မယံရော လုံးထွေး ဆိုင်ကျသွားတော့ ရီဝေမှေးစင်းနေသည့် မျက်ဝန်းများဖြင့် သူမကို တိမ်မယံ ဘမေ့တမောကြည့်နေပြီး

"မင်း အရမ်းလှတယ် ဝတီ၊ ငါ့ရင်တစ်ခုလုံးကို သိမ်းပိုက် ဖြားယောင်းနိုင်တဲ့ အစွမ်းအစတွေ မင်းမှာရှိတယ်၊မင်းကို အရမ်းချစ် တယ်၊ သိပ်ချစ်တယ် ချစ်တယ်ကွာ"

ပြောနေတာက ဗလုံးဗထွေး မပီမသနှင့်ပါ။

ကိုယ့်ကိုပြောနေတာ ဟုတ်ရဲ့လားလို့တောင် သံသယဝင်ရသည်။ ဒါပေမဲ့ သူမ လက်ဖျားလေးတွေကို ဖျစ်ညှစ်ဆုပ်ကိုင်ကာ တရှုံ့ရှုံ့နမ်းပြီး ပြောနေတာမို့ တိမ်မယံ ပခုံးထက်မှာ သူမ တအိအိ မှီကျသွားလျက်

"ရှင့်ရင်ထဲက အမှန်တကယ် ထွက်လာတဲ့ စကားတွေလား တိမ်မယံ၊ ဝတီဘဝမှာ ဖေဖေနဲ့မေမေ မရှိတော့ဘူး။ မောင်လေးလည်း မရှိတော့ဘူး။ တွယ်ရာမဲ့လွင့်မျောနေခဲ့တာပါ၊ ဝတီလည်း တစ်ခုခုကို တောင့်တမှီတွယ်ပြီး အသက်ရှင်ချင်တယ်၊ ပစ္စည်းဉစ္စာ ဂုဏ်ဓနတွေ အလျှံပယ် ရှိနေပေမယ့် မပြည့်စုံသလိုပဲ၊ ကွက်လပ်ကြီးတစ်ခုလို လိုအပ်ချက်တွေ အများကြီးရှိနေသလို ခံစားနေရတယ်၊ ဝတီ ရှင့်ကိုချစ်တယ် တိမ်မယံ၊ အရမ်းချစ်တယ်"

ဝတီလည်း ညည်းညူသလို တဖွဖွ ရေရွတ်ပြန်ပြောခဲ့တာပါပဲ။ ဒါတွေက ရင်ထဲက အံသွေးအံသားတွေထဲက တန်ဖိုးရှိရှိ တိုးထွက်လာခဲ့ရသော စကားတွေပါ။

အိပ်မက်မက်ပြီး အိပ်ရာက နိုးထလာသည်နှင့် ပျောက်ပျက်



www.burmeseclassic.com

www.burmeseclassic.com



သွားသလိုမျိုး ခပ်လွှယ်လွှယ်လုပ်လို့ ဘယ်ဖြစ်ပါ့မလဲ။

"တိမ်မယ်"

"ဗျာ"

"ညက ရှင်နဲ့ဝတီ ချစ်သူတွေဖြစ်ခဲ့တယ်၊ ဒါကို ရှင်အမူးပြေသွားသလို ပြေပျောက်သွားလို့ မဖြစ်ဘူးလေ"

"ဝတီ"

"ခပ်လွယ်လွယ် မိန်းမဆိုပြီး အထင်သေးသွားတာလား"

"မ မဟုတ်ပါဘူး"

"ချစ်တယ်လို့ ပြောခဲ့တဲ့ စကားကိုပြန်ရုပ်သိမ်းချင်တာလား"

သူ ဆွံ့အ တိတ်ဆိတ်သွားခဲ့သည်မှာ မချစ်လို့ မဟုတ်ပါ။ဝတီ မေးနေသည်က နင့်နင့်သီးသီး ရှိလွန်းလှသည်မို့ သူ့ရင်တွေ လှိုက်လှိုက်ဆူဝေနေသည်။

သူ့ကို အခွင့်အရေးသမားလို့ ဝတီ တွေးဆသွားနိုင်သလား။

"ရှင့်ရင်ထဲရှိတဲ့အတိုင်း ဖြေပေးပါ တိမ်မယ်၊ ဝတီကို မိန်းကလေးတစ်ယောက်ဆိုပြီး အားနာစရာ မလိုဘူး။ အလုပ်ရှင်ဆိုပြီးတော့လည်း ထောက်ထားစရာ မလိုပါဘူး။ အမှန်အတိုင်း ဝန်ခံပေးတာက ဝတီအတွက် ပြင်ဆင်ချိန်ရှိပါတယ်"

"ဝတီ"

"ဟင်"

"အခု ကျွန်တော့်ရင်ထဲ ရှိတာတွေ ပြောရမလား"

"အင်း"

"အခွင့်အရေးသမားဆိုပြီး ဝတီ အထင်သေးရှုတ်ချခံရမှာကို ကျွန်တော် ကြောက်နေတာ"





တိမ်မယ် အဖြေက ရိုးရှင်းပါသည်။ သူမ မျက်နှာကို မော့ကြည့်ရဲသလို မဝံ့မရဲ ခေါင်းကြီးငုံ့ထားတာကလည်း ချစ်မြတ်နိုးစရာကောင်း၏။

စောင်တွေနှင့် လုံးထွေးနေသော သူ့ရင်ခွင်ကျယ်မှာ သူမ မှီကပ်ပစ်လိုက်သည်။

"ရှင် ရိုးသားလို့ အခွင့်အရေးသမား မဟုတ်ဘူးထင်လို့ ဝတီ ချစ်ခဲ့မိတာပါ တိမ်မယ်၊ ယောကျ်ားလေးတွေရဲ့ အချစ်နဲ့ ထိတွေ့ရင်းနှီးအောင် မနေခဲ့တာ ဝတီ တကယ် မချစ်တတ်ခဲ့လို့ပါ၊ အခုတော့ တွယ်ရာမဲ့သလိုဖြစ်နေတဲ့အချိန်မှာ ရှင့်အချစ်ကို တောင့်တမိတာ အမှန်ပါပဲ၊ သာယာပျော်ရွှင်စရာကောင်းတဲ့ ချစ်သူဘဝမှာ တခြားအကြောင်းအရာတွေကို မေ့ထားနိုင်မယ်လို့လည်း ထင်မိတယ်"

"ဝတီလို မိန်းကလေးမှာလည်း မေ့ထားချင်တဲ့အကြောင်းအရာတွေ ရှိသေးတာပဲလား"

"ရှိတာပေါ့ နောက်တော့ ပြောပြမယ်နော်၊ အခု ရှင် နိုးအောင်စောင့်နေရတာနဲ့ ဟိုတယ်သွားဖို့ နောက်ကျနေပြီ၊ အန်တီကြူဆီလည်း စိတ်ပူနေမလားဆိုပြီး ဖုန်းဆက်ထားရသေးတယ်"

"ဟို အဲဒါဆို ကျွန်တော် ရေချိုးလိုက်ဦးမယ်နော် ခဏစောင့်"

"အင်း မြန်မြန်လုပ်နော်"

တစ်ညလုံး တစ်ရေးမှ အိပ်မထားရသေးသည့် မျက်လုံးတွေက ကျိန်းဖန်စပ်နေပေမယ့် သူမ သွက်သွက်လက်လက် ပျော်ရွှင်တက်ကြွနေသည်။ တိမ်မယ် ရေချိုးဖို့ အိမ်အောက်ဆင်းသွားသည့်အချိန်မှာ ရေလဲပုဆိုးနှင့် သဘက်စောင် ယူပေးရတာလေးကိုလည်း ရင်မှာ တလှိုက်လှိုက် ကြည်နူးနေသည်။ တန်းမှာချိတ်ထားသည့် တိမ်မယ် အင်္ကျီကိုလည်း တရှုံ့ရှုံ့ နမ်းမွှေးရင်း ရင်ခုန်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပြီးလျှင် ဒါတွေကို နေ့စဉ်နေ့တိုင်း သူမ လုပ်ပေးရတော့မှာပါလား။

ရေချိုးပြီး ပြန်တက်လာသည့် တိမ်မယံ ကိုယ်ပေါ်မှာ သဘက်စောင်နှင့်ဟိုဒီ သုတ်ထားသော်လည်း ရေသီးရေပေါက်လေးများက နေရာအနှံ့အပြား တွဲခိုကပ်ငြိနေဆဲဖြစ်သည်။ ရင်ဘတ်ပေါ်က အမွေးအမျှင် များကို သူမကို မြင်လိုက်သည်နှင့် တိမ်မယံက ကပျာကသီ သဘက်စောင် ပတ်ထားလိုက်၏။

"ဝတီရော ရေချိုးချင် ချိုးလိုက်ပါလား။ ညီမလေး အဝတ်အစားတွေ ခဏလောက် လဲဝတ်လို့ ရတာပဲ"

"ဟင့်အင်း ရှင့်ကိုဟိုတယ်လိုက်ပို့ပြီးမှ အိမ်ပြန်ပြီး ရေမိုးချိုး အဝတ်အစားလဲလိုက်တော့မယ်၊ ဩော် ရှင့်အိမ်မှာ မနက်စာစားဖို့ ဘာမှလည်း မရှိဘူး။ ဟိုတယ်ရောက်မှ တစ်ခုခုစားလိုက်ရအောင်နော်"

"ဟို ဝတီနဲ့ကျွန်တော် တစ်ခါသွားစားဖူးတဲ့ ဆိုင်လေးမှာ ပဲခေါက်ဆွဲသွားစားကြမယ်လေ"

"သူတို့ဆိုင်က ပဲခေါက်ဆွဲစားရင် မညားတဲ့ချစ်သူစုံတွဲ သိပ်မရှိဘူးဆိုပြီး စားပွဲထိုးလေးပြောလိုက်လို့ မဟုတ်လား"

"အင်း၊ ဟုတ် ဟုတ်တယ်"

"ရှူးပါ"

မပွင့်မလင်း တိမ်မယံ ဝန်ခံမှုကို ကြည်နူးလိုက်ဖို့သွားကာ မျက်စောင်းရွယ်၍ အကျီကြယ်သီးတွေကို တပ်ပေးနေမိ၏။

တကယ်ကို ကြင်စဦး ဇနီးမောင်နှံရဲ့ ခံစားမှုမျိုးနှင့် သူမ ပျော်နေသည်။ တိမ်မယံ ဘယ်လိုခံစားနေမည်ဆိုတာ မသိပေမယ့် သူမ ကတော့ တိမ်မယံနှင့် ချစ်သူတော်ခွင့်ရသော ဒီနေ့လေးကို ဘယ်သောအခါမှ မေ့နိုင်တော့မည် မထင်။





သူမတို့နှစ်ယောက် ကားနှင့်ထွက်လာချိန်မှာ ညက သော့လာပေးသော အဒေါ်ကြီးနှင့် တခြားမိန်းမ သုံးလေးယောက် မဲ့ရွဲ့ကာ မျက်စိတဆုံး လိုက်ကြည့်နေကြသည်။

တိမ်မယံ သတိထားမိလား မသိပေမယ့် သူမကတော့ ဘာကြောင့် လိုက်ကြည့်စပ်စုနေသည်ဆိုတာ မသိပါ။

တိမ်မယံ ပြောသော ဆိုင်လေးကို ရောက်တော့ စည်ပင်ထီးအရိပ်အောက်က ထိုင်ခုံလေးတွေမှာ ဝင်ထိုင်လိုက်သည်နှင့် စားပွဲထိုးလေး အပြေးရောက်လာကာ

"ပဲခေါက်ဆွဲ စားမယ်မဟုတ်လား အစ်ကိုနဲ့အစ်မ၊ ဒါစားပြီး ရင် အမြန်ဆုံး လက်ထပ်ရလိမ့်မယ် မပူနဲ့"

"အေးပါကွာ စားမှာပေါ့၊ တခြားဟာတွေလည်း ချပေးဦးနော်"

ဈေးရောင်းကောင်းအောင် ကြော်ငြာတတ်သည့် စားပွဲထိုးလေးကို သဘောကျ၍ တိမ်မယံနှင့်သူမ နှစ်ပွဲစီ ဆင့်စားလိုက်ကြသည်။ စားပွဲထိုးကောင်လေးရဲ့ ကြော်ငြာကောင်းမှုကို ယုံကြည်မိတာကြောင့်လည်း ဖြစ်သည်။

ကိုရီးယား ပဲခေါက်ဆွဲ စားပြီး ကိုရီးယားကားတွေထဲက ချစ်သူတွေလို ရင်နင့်နာကျင်စရာတွေနှင့် မဝေးပါရစေနဲ့၊ မလွဲပါရစေနဲ့လို့တော့ ဆုတောင်းရဦးမည်။

စိတ်ကူးလေးနဲ့တောင် မဝေးရဲတော့လို့ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

မေယမုံဖူးနှင့် ဒေါ်လေး အိမ်ပြန်ရောက်ချိန်မှာ တစ်ဖက်အိမ်က ဒေါ်ကြီးရွှေ ကသောကမျော ပြေးဝင်လာသည်။

ဒေါ်လေး မရှိသည့်ရက်မှာ အတင်းပြောဖို့ စုဆောင်းထားဟန်တူသည်။ ဆံပင်ကိုတောင် အိမ်ပေါ်ရောက်မှ ဆံထုံးထုံးနေ၏။

"ဘာတွေများ ပြောစရာရှိလို့လဲ မမရွှေရဲ့၊ ထဘီမနိုင် ပဝါမနိုင် ရေးကြီးသုတ်ပျာနဲ့"

"ပြောစရာရှိလို့ပေါ့အေ၊ ညည်းတို့မလာလို့ ငါ့မှာ တော်တော်အောင့်ထားရတယ်"

"ဘယ်သူ့သမီး လင်နောက်လိုက်သွားလို့လဲ၊ ကားသမားစိန်တင်ကရော နောက်မယားငယ် ထပ်ယူပြန်ပြီလား"

"မဟုတ်ပါဘူးအေ ညည်းတို့အိမ်က တိမ်မယံအကြောင်းပါ"

"ဘာတော့"

"ကိုကို့အကြောင်း ဟုတ်လား ဒေါ်ကြီးရွှေ၊ ကိုကို ဘာဖြစ်လို့လဲ"





ဘာအကြောင်းမှ နားမထောင်ချင်သလို လက်ဆွဲအိတ်လေး အိမ်ခန်းထဲ သွားထားဖို့ ထလိုက်ပြီးမှ တိမ်မယံအကြောင်း ဆိုတာနှင့် စိတ်ဝင်တစား ပြန်ထိုင်ကာ မေးလိုက်မိသည်။

ဒေါ်ကြီးရွှေက ရုပ်ရှင်ထဲမှာဆိုလျှင် အတင်းပြောသည့်အခန်း မှာ အကယ်ဒမီပေးခံရမည့် အိုက်တင်မျိုးနှင့် မဲ့ကာရွဲ့ကာ

"ပြောမပြောချင်ပါဘူးအေ၊ ညက မူးရူးလာပြီး မိန်းမတစ်ယောက် ပါလာတယ်လေ၊ အဲဒီ မိန်းကလေးနဲ့ တစ်ညလုံး အိပ်ပြီးမှ မနက်မိုးလင်း နေမြင့်မှ အတူတူ အလုပ်သွားကြတယ်"

"ရှင် ကိုကိုက မိန်းကလေး တစ်ယောက်နဲ့ ဒီအိမ်မှာ အတူတူ အိပ်တယ်၊ ဟုတ် ဟုတ်ရဲ့လား ဒေါ်ကြီးရွှေရယ်၊ ထင်ရာမြင်ရာတွေ လျှောက်ပြောနေတာ မဟုတ်လား"

"သြော် ကျုပ်က ထင်ရာမြင်ရာ လျှောက်ပြောရအောင် မျက်ကန်းလည်း မဟုတ်ဘူး၊ နားကန်းနေတာလည်း မဟုတ်ဘူး၊ အဲဒီ မိန်းကလေးကို ကျုပ်ကိုယ်တိုင်သော့ပေးလိုက်ရတာ၊ အရက်မူးနေတဲ့ တိမ်မယံကို သူကိုယ်တိုင် အိမ်ပေါ်တွဲတင်ပြီး ပြန်ကို ထွက်မလာတာ"

"ကား ကားနဲ့လား"

"ဟုတ်ပ့ါ အိမ်ရှေ့မှာ ကားရပ်ထားတာ၊ တင်မြတို့ သန်းအေးတို့ ငြိမ်းခင်တို့တောင် သိတယ်၊ ကားကတော့ အကောင်းစားကြီးပါ၊ ရုပ်ရည်လေးကလည်း သူဌေးသူကြွယ်ပုံစံပါပဲ၊ ချမ်းသာပြီး ခေတ်မီလို့ ယောကျ်ားလေးတစ်ယောက်အိမ် လိုက်အိပ်တာကို မရှက်တတ်တာလား တော့ မသိဘူး"

ဒေါ်ကြီးရွှေ လုပ်ကြံပြောနေတာ မဖြစ်နိုင်။ အတင်းပြောတတ်



www.burmeseclassic.com

www.burmeseclassic.com



သည့်လူတွေက နည်းနည်းကိုသာ ချဲ့ကားပြောတတ်ကြပေမယ့် မမှန်တာကိုတော့ သတင်းမယူကြပါ။

ကိုကိုက ဒီလိုလူမျိုး မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး မဟုတ်လော ပါဘူးလို့ ရင်ထဲက ဖွတ်အတင်း ငြင်းဆန်နေပေမယ့် ဖြစ်နိုင်သည့် အကြောင်းအရာကလည်း အတွေးထဲမှာ လက်ခနဲ ပေါ်လာသည်။

တိမ်လွှာဝတီ တိမ်လွှာဝတီ။

"ဒီကောင်လေး အစက အဲလိုအကျင့်စာရိတ္တ ပျက်စီးမယ် မထင်မိဘူး၊ မောင်မြင့်ကျော် ရှိတုန်းကရော ဖူးဖူးရှေ့မှာရော ငြိမ်ငြိမ် ကုပ်ကုပ် အေးအေးဆေးဆေးလေး နေတာမဟုတ်လား"

"အမယ်လေး ကျွန်မကတော့ ယောကျ်ားလေး ငြိမ်တယ်ဆိုတာ မျောက်လောက်တော့ ဆော့တတ်တယ်ဆိုတာ သိပြီးသားပါ၊ မဖူးဖူး ကိုကို ကိုကိုနဲ့ အထင်တွေကြီးနေလို့ မပြောသာတာ၊ လူရှေ့သူရှေ့ ဣန္ဒြေကလည်းရတယ်လေ၊ ဟော အခု တစ်ရက်လေး ခရီးထွက်လို တယ်၊ မိန်းမတစ်ယောက် အိမ်ခေါ်အိပ်တဲ့အထိ ဉာဉ်ဆိုးကပေါ်ပြီ"

"အဲလိုလည်း ဟုတ်ချင်မှ ဟုတ်မှာပါ ဒေါ်လေးရယ်၊ သူ့အလ ရှင်က အကြောင်းကိစ္စရှိလို့ လိုက်လာတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"ဟဲ့ အကြောင်းရှိတယ်ဆိုလည်း နေ့ဘက် ခဏတဖြုတ် တော်သေးတာပေါ့၊ အခုဟာက တစ်ညလုံး တိမ်မယံနဲ့အတူနေပြီးမှ အတူ ပြန်သွားတာဟဲ့၊ ပတ်ဝန်းကျင်အမြင်မှာရော သင့်တော်ပါမလား ဆို မတွေးမိကြဘူးလား၊ ခက်ပါတယ်အေ၊ အစ်ကိုကြီးကလည်း ကျန်းမာ မကောင်းဘူး၊ အဲဒီကောင်လေး မရှိရင်လည်း ဝင်ငွေကမရှိလို့ အိမ် အဆင်ပြေမှာမဟုတ်ဘူး၊ ဖူးဖူး ညည်းတခြားကိစ္စတွေစဉ်းစားမနေနဲ့ ကားအုံ





ပိုင်ရှင်သူဌေးသားလေးက ညည်းကို ကြိုက်နေတာ မဟုတ်လား၊ ကိုယ့်ဘဝ ကောင်းစားအောင် ယူသာ ယူလိုက် တော့"

"အို ဒေါ်လေးကလည်း ကိုယ်မချစ်ဘဲနဲ့ ဘာလို့ယူရမှာလဲ"

မျက်ရည်ဝဲဝဲနှင့် ဖူးဖူးလေသံမာသွားတော့ ဒေါ်လေးက မျက် စောင်းထိုးသည်။

"ညည်း ဘယ်သူ့ကို ချစ်နေတယ်ဆိုတာ ငါ သိတယ်နော် ဖူး၊ နှုတ်ခမ်းပဲ့ချင်း မီးမှုတ်ဖို့ မကြိုးပမ်းနဲ့၊ ဟိုကညည်းကို ယူလို့ အမှပြောင်လက်လာမှာ မဟုတ်ဘူး၊ ညည်းက သူ့ကို မပစ်ရက်အောင် ချစ်နေလည်း ဒီနွံထဲမှာပဲ နစ်နေမှာ၊ ကိုယ့်လမ်းကိုယ်လျှောက်ကြတာ စံဖက်လုံး အဆင်ပြေနိုင်တယ်၊ သူလည်း သူဌေးသမီးလုပ်ငန်းရှင်ကိုယူ ညည်းလည်း သူဌေးသားယူပြီး ဂုဏ်ကြီးရှင်လုပ်၊ မဟုတ်ဘူးလား မမြွေ ယ်"

"ဟုတ်ပါ့ ကြည်ခင် ပြောတာ အမှန်ပဲ၊ ဖူးဖူး ညည်းစိတ်ကူး သွဲ့နဲ့၊ ကိုယ့်ဘဝပြောင်းလဲဖို့ပဲ မျှော်လင့်ချက်ထား၊ ဆင်းရဲတဲ့ဘဝမှာ ဘာကောင်းတာရှိလို့လဲ၊ လူဖြစ်ရကျိုးလည်းမနပ်၊ လူလေးစားလည်း မခံရ၊ ယ်မွေးလာတဲ့သားသမီးတွေလည်း ကိုယ့်လိုပဲ ပြောင်ရောင်မှာ မဟုတ်ဘူး"

"တော်ကြပါတော့ ဒေါ်လေးတို့ရယ် ဖော်ကြပါနှတော့"

မေယမုံဖူး အိပ်ခန်းတွင်း ပြေးဝင်လာကာ မျက်ရည်တွေ သွန် လျက် သည်းထန်စွာ ငိုပစ်လိုက်သည်။

ကိုကို ဒီလောက်ထိ ရက်စက်မည် မထင်မိ။ ပတ်ဝန်းကျင် ဆင်သေးရှုတ်ချခံရသည်အထိ ရမ်းပျက်ဆင်းပျက် လုပ်လိမ့်မည် မထင် တိမ်လွှာဝတီနှင့် ဒီအတိုင်းအတာထိတောင် ပတ်သက်သွားခဲ့ပြီတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို ဂုဏ်မက်လို့လား၊ ငွေမက်လို့လား။

တိမ်လွှာဝတီကို တကယ်ချစ်သွားခဲ့တာလား။

ရင်တွေ ဆတ်ဆတ်ခါ နာကျင်နေသည်။ အသည်းနှလုံးကျေ ပြုတ်ကြွေကျတော့မတတ် ခံရခက်လှ၏။

သူမကို ကိုကို့ရင်ဘတ်ကြီးရဲ့ ဘယ်နေရာမှာမှ နေရာမပေး တော့ဘူးပေါ့။ ယခုကတည်းက တွယ်တာခဲ့ရသည့် သံယောဇဉ်တွေ ဘာမှတန်ဖိုး မရှိတော့ဘူးပေါ့။

နှလုံးသားနုနုလေးက ဘယ်လိုမှ ခံနိုင်ရည်အား မရှိတော့ပါ ကိုကိုရယ်။

နှုတ်ခမ်းသားလေးတွေကို အံကြိတ်ဖိကိုက်ထားမိသည်မှာ သွေး ဥလို့ မေးကြောလေးတွေပါ တင်းလာသည်။

တခြားမိန်းမတစ်ယောက်ကို ကိုကို ချစ်သွားရင် ဖူးဖူး စိတ် မိမှာပါ ကိုကို။

■ ■ ■



## အခန်း (၁၉)

"ဘာကွ မင်းတို့နှစ်ယောက် အခြေအနေတိုးတက်သွားပြီ ဟုတ် လား။ ဘယ်အတိုင်းအတာထိလဲ မြန်မြန်ပြောစမ်းပါဦး"

ဦးသိန်းထိုက်က သူ့ထက်ပိုပြီး တက်ကြွစွာ သူ့ပခုံးကို ကိုင်လှုပ် ပြီး မေးနေသည်။ သူက အင်္ကျီကော်လံစကို လက်နှစ်ဖက်နှင့် မထောင် ဘာ ခပ်ကြွားကြွားပုံစံနှင့်

"မှန်းကြည့်လေ ဦးသိန်းထိုက်ရဲ့"

"အေး ဟား ဟား မင်းပုံစံကြည့်ရတာတော့ ချစ်သူရလို့ ...န်းနေတဲ့ စတိုင်နော် ဟား မင်းနဲ့ ဝတီ"

"ချစ်သူအရင်းခေါက်ခေါက် တော်စပ်သွားပြီ၊ မနာလို မရှိနဲ့"

"ဟား မင်း ကံကောင်းလိုက်တာ တိမ်မယံရာ၊ ကံကောင်း ...ဘယ်"

ဦးသိန်းထိုက်က သူ့ကို ပွေ့ဖက်ပြီး ဝမ်းသာအားရ ပြော၏။

"ငါပြောထားတယ်နော် ကောင်လေး၊ ဘဝင်မမြင့်နဲ့၊ ဘဝမမေ့နဲ့



www.burmeseclassic.com

နတ်ရေကန်ထဲ ခုန်ဆင်းလိုက်သလို မင်းဘဝပြောင်းလဲသွားမှာ၊ အောက်ခြေ လွတ်ရင်တော့ အကျနာမှာပဲ"

"ကျွန်တော် အဲလို အောက်တန်းကျတဲ့လူတစ်ယောက် ဘယ် တော့မှ မဖြစ်စေရဘူး ဦးသိန်းထိုက်၊ အခုလည်း ဘာတွေညာတွေ ပိုင် ဆိုင်ရတော့မယ်ဆိုပြီး ကျွန်တော် ပျော်နေတာ မဟုတ်ဘူး၊ ကျွန်တော် ချစ်တဲ့ မိန်းမတစ်ယောက်ကို ချစ်ခွင့်ရလို့ ကြည်နူးနေတာ၊ ဒါပေမဲ့ဗျာ လူတွေ ကျွန်တော့်ကို ဘယ်လိုအထင်သေး ရှုတ်ချမလဲဆိုတာတော့ တွေး ကြောက်မိတယ်"

"ကောင်လေး ပတ်ဝန်းကျင်ဆိုတာ ကိုယ့်ဘဝ နိမ့်ကျနေရင် စေတနာနဲ့ ရေတစ်ခွက် လာတိုက်ဖို့ ခဲယဉ်းပါတယ်ကွာ၊ ပြည့်စုံသွားရင် လည်း အပြစ်ပြောမလွတ်ဘူး၊ ပတ်ဝန်းကျင်ကို ဂရုစိုက်နေရင် အစာအိမ် တောင် ကျုံ့သွားနိုင်တယ်၊ ကိုယ့်ဝမ်းစာကိုယ် ရှာစားနေရတာပါ၊ အလုပ် မရှိလို့ အတင်းထိုင်ပြောနေတဲ့ လူတွေကို ဂရုစိုက်မနေနဲ့"

ဦးသိန်းထိုက် ပြောသလို ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ နေလို့ ရပေမယ့် ညီမလေးကိုတော့ ရင်မဆိုင်လို့မဖြစ်ပါ။

ဘယ်လိုပုံစံ တိုက်ခိုက်ပြောဆိုလာနိုင်သည်ဆိုတာ မခန့်မှန်း တတ်ပေမယ့် အခြေအနေကောင်း မဖြစ်နိုင်တာကိုတော့ သူ သိနေသည်။

ဒါပေမဲ့ ညီမလေးနဲ့ သူ့ရဲ့ဂုဏ်သိက္ခာအတွက် ဒီထက်ကောင်း သည့် လမ်းလည်း သူ့မှာရွေးချယ်စရာမရှိ။

အတူနေ သံယောဇဉ်နှင့် ကိုယ်ပြုစုစောင့်ရှောက်နေရသည့် ကလေးတစ်ယောက်ကို သွေးဆောင်ဖြားယောင်း စည်းရုံးနေတာလို့ အထင် ခံရတာထက် ပိုင်းလုံးသာသာကောင်လို့ ရှုတ်ချခံရတာကမှ အပျိုစင်





...ညီမလေးကို အပြစ်ကင်းအောင် လုပ်ပေးရာကျပေဦးမည်။

ဒါပေမဲ့ ညီမလေးအတွက် နှလုံးသားကို ရင်းလိုက်တာ မှန်သော် ...ည်း တိမ်လွှာဝတီကိုလည်း သူ တကယ်ချစ်ခဲ့တာပါ။ အစက အခွင့် ...ရေးသမား မဖြစ်၊ ဂုဏ်နေ အင်အားမက်မောသည့်လူ မဖြစ်အောင် ...ချစ်တွေကို ထိန်းချုပ်သိမ်းဆည်းထားဖို့ ဆုံးဖြတ်ထားခဲ့မိသေးသည်။

"ကောင်လေး မင်းဘာတွေ ငေးငိုင်တွေဝေပြီး စဉ်းစားနေတာ ... မင်းဘဝ ပြောင်းလဲတော့မှာလို့ ယုံယုံကြည်ကြည် တွေးပြီး ပျော် ...က်စမ်းပါကွာ၊ ကောင်လေး အထိမ်းအမှတ်တစ်ခုအနေနဲ့ တစ်ဝိုင်းတော့ ...ောင်းကောင်း ညှိခံပေးရမယ်နော်"

"အဲဒါမှ သူဌေးသမီးအပိုင်ချိုင်ရလို့ အောင်ပွဲခံတယ် အထင်ခံ ...ရပါဦးမယ်ဗျာ၊ ဝယ်ဒင်မှပဲ ဘက်ချလာနိုက် လုပ်ပေးပါ့မယ်"

"အေး ဟုတ်သားပဲ၊ အဲဒီပွဲကို စောင့်ပေးရမှာပေါ့ကွ၊ ဝမ်းသာ ...ယ်ကွာ၊ မင်းကြောင့် ဝတီ ပြောင်းလဲလာလို့ ဝန်ထမ်းတွေ အသက်ရှူ ...ောင်သွားတာကို ပိုပြီးပျော်တယ်၊ မင်းအိမ်ထောင်ဦးစီး ဖြစ်သွားလို့ ...ချုပ်မှုပြောင်းရင် ဝန်ထမ်းတွေကို အမြဲ ဦးစားပေးပြီး စဉ်းစားနော်"

"ဦးသိန်းထိုက်ကလည်း မှန့်ဆီကြော်က ဘယ်မှာနေမှန်းမသိ"

"ရွှေပြည်တော် မျှော်တိုင်းမဝေးတော့ပါဘူးကွာ၊ အခက်အခဲ ရှိနိုင်တဲ့ ...နိုက်တွေကိုတောင် ကျော်ဖြတ်လာခဲ့ပြီးမှ မင်းဘာတွေ တွေး ပူနေဦးမှာလဲ၊ ...လွှာဝတီဘက်မှာ ကန့်ကွက်မယ့် မိဘမရှိဘူး၊ မင်းဘက်ကရော တိမ်လွှာ ...လို မိန်းကလေးကို ကန့်ကွက်မယ့်သူ ရှိနိုင်လို့လား"

"အဲဒါကတော့"

"အဲဒီထက် အရေးကြီးတာ မရှိတော့ဘူး ငါ့ကောင်၊ တိမ်လွှာ



www.burmeseclassic.com

www.burmeseclassic.com



ဝတီရဲ့ ပြောင်းလဲမှုတိုင်းက အချစ်ကြောင့် ပျော့ပျောင်းလာခဲ့တာကြီးပဲ အရင်က ငါ အလုပ်ထွက်ဖို့တောင် စဉ်းစားမိခဲ့သေးတယ်၊ တိမ်လွှာဝတီ ရဲ့ ဆက်ဆံမှုတွေကို မကျေနပ်ချက်တွေ များနေလို့ပေါ့၊ ဒါပေမဲ့ သူ့အဖေ လက်ထက်က ဝန်ထမ်းတွေကို ငဲ့ညှာပြီး ငါ တော်တော်သည်းခံခဲ့ပါတယ် အခု မင်းရောက်လာပြီး ဝတီ ပြောင်းလဲလာတယ်၊ ဟိုတယ်ကြီးလည်း ပြန်ပြီး တိုးတက်အောင်မြင်လာတယ်၊ ဘယ်လောက်ကောင်းလဲ''

ဦးသိန်းထိုက်ကတော့ တိမ်လွှာဝတီနှင့် ချစ်သူတော်ခွင့်ရတာ ကို သူ့ထက်တောင် တက်ကြွနေသလိုပါ။

သူလည်း ဝတီ မျက်နှာလေးကို အရိပ်တကြည့်ကြည့် နိုးဝေ ရင်းဖြင့် အရင်နေ့တွေနှင့်မတူ တလှိုက်လှိုက် ရင်ခုန်ကြည်နူးနေသည်။

ဟိုတယ်က အိမ်အပြန် ကားမောင်းနေသည့် သူ့ပခုံးပေါ်မှာ တိမ်လွှာဝတီ ခေါင်းလေးမှေးတင် လိုက်လာတော့လည်း သူ့ကိုယ်မှာ အင်အားတွေ ပြည့်တင်းနေသလို ခံစားရသည်။

''အိမ်ရောက်ရင် တန်းခနဲ မပြန်နဲ့ဦးနော်၊ အန်တီကြီးကို အကျိုး အကြောင်း ပြောပြထားလို့ အန်တီကြီးကို တွေ့သွားလိုက်ဦး။ အန်တီ ကြီးက မောင့်မှာမိမစုံ ဖမစုံ ဆင်းရဲတဲ့ ချွတ်ယွင်းချက်ကလေးပဲရှိတာ စမြင်တွေ့ကတည်းက စိတ်ဓာတ်လေးကို ကြိုက်တယ်လို့ ချီးကျူးလိုက် တယ်''

''ဝတီကလည်းကွာ အခုချက်ချင်းကြီးပဲ ဖွင့်ပြောလိုက်ရလား လူကြီးတစ်ယောက်အနေနဲ့ မောင့်ကိုလှေ့လာပါစေဦး''

''အံမယ် ဝတီနဲ့ လက်ထပ်မှာ ဝတီ ကျေနပ်လက်ခံရင် ပြီးပြီ ပေါ့၊ မောင့်ကို လူကောင်းလေးမို့ ဝတီ ရွေးချယ်လိုက်တာကို အန်တီကြီး နားလည်ပါတယ်''





''ဒါတော့ ဒါပေါ့ကွ၊ ကိုယ့်ဘက်က ချွတ်ယွင်းချက်တွေ အများ ကြီးနဲ့ဆိုတော့ ပိုင်ဆိုင်မှုတွေများတဲ့ ဝတီကို ချစ်ရတာ အားငယ်ရတယ် ကွ''

''ဝတီ တစ်ယောက်လုံး မောင့်ဘက်မှာ ရှိနေတာ ဘာအားငယ် ရလိုလဲ မောင်ရယ်၊ မောင့်ကို ဝတီ ချစ်နေရင် မလုံလောက်ဘူးလား''

ဝတီရဲ့ နှစ်သိမ့်မှုကြောင့် အန်တီကြီးကို ရဲရဲတင်းတင်း ရင်ဆိုင် ဖို့ ဆုံးဖြတ်ရသည်။ အိမ်ရောက်သွားသည့်အချိန်မှာ အန်တီကြီးက ထမင်း ပွဲပြင်၍ ဖော်ရွေစွာ ကြိုဆိုသည်။

''ထမင်းစားပြီးမှ ပြန်နော် မောင်တိမ်မယ်၊ အန်တီကြီး ဟင်း ကောင်းကောင်းလေး ချက်ထားပါတယ်''

''ဟုတ်ကဲ့ ခင်ဗျ''

''အေးကွယ် ဝတီလေးနဲ့ ခုလို ပတ်သက်မှုရှိပြီး ဝတီလေး ပြောင်းလဲသွားတာ အန်တီကြီး ဝမ်းသာပါတယ်၊ နေ့လယ်က ဝတီလေး အိမ်ပြန်လာရင်းနဲ့ပြောတော့ လုပ်ငန်းတွေအတွက်ပါ စိတ်ချသွားမိတယ်၊ ဒီလုပ်ငန်းကြီးတွေဆိုတာ မသိနားမလည်ဘဲ ဦးဆောင်ဖို့ဆိုတာ မလွယ် ဘူး မဟုတ်လား။ နောက်ပြီး မိန်းကလေးလည်းဖြစ် လူငယ်လည်းဖြစ် တော့ အန္တရာယ်ကြီးပါတယ်၊ မင်းတို့ မြန်မြန်လက်ထပ်ကြပါ''

''အန်တီကြီးကတော့ မြှောက်ပေးနေပြီနော် မောင်၊ ဝတီတို့ ဘက်က တာဝန်ကျေဖို့ပဲ ရှိတော့တယ်၊ တခြားဟိုတယ်လည်း ဒိတ်လုပ် စရာ မလိုတော့ ကြိုတင်ရက်ရွေးစရာလည်း မလိုဘူး''

ဒီလောက် အဆင်ပြေနေတာတောင် သူ ဘာကြောင့် ရင်တုန် စိတ်လှုပ်ရှားနေမှန်းမသိ။ ဘာပြောရမှန်းလည်း မသိဘဲ ခေါင်းကြီးငုံ၍



www.burmeseclassic.com

www.burmeseclassic.com



ထမင်းတွေသာ အာရုံစိုက် စားနေလိုက်သည်။

"ကြည့်ပါလား အန်တီကြူ မောင်က ရှက်နေတာလား၊ အိုက်တင်ခံနေတာလား မသိဘူး၊ လက်ထပ်ဖို့ပြောတာကို တက်တက်ကြွကြွ ဖျတ်ဖျတ်လတ်လတ် ပြန်မဖြေဘူး"

အန်တီကြူကို တိုင်သလို တောသလို သူမ ပြောနေတော့ သူ့ခေါင်းက မတ်ခနဲ ဖြစ်သွားကာ

"ကိုယ်က ဘာပြောနိုင်မှာလဲ ဝတီရယ်၊ ကိုယ့်လက်ထဲမှာ ကိုယ်ပိုင်ငွေလည်း စုပြီးနှဆောင်းပြီး မရှိတော့ ဝတီကို အားနာလို့ပါ"

"အားနာစရာလား။ မောင် ဘယ်လိုအခြေအနေကလဲဆိုတာ ဝတီ သိပြီးသားပဲဥစ္စာ၊ အဲလို အားငယ်စရာတွေ တွေးပြီး တွန့်ဆုတ်မနေပါနဲ့၊ မိန်းကလေးဘက်က ဒီလောက်လိုက်လျောနေလို့ မောင် အကဲပို အထာကိုင်နေတာ မဟုတ်လား"

"အာ အဲ အဲလို မဟုတ်ပါဘူး ဝတီကလည်း အန်တီကြူ တစ်မျိုး ထင်သွားပါဦးမယ်"

"အဲလိုလည်း ကြောက်တတ်တာပဲလား။ ဟင်း ဟင်း မောင်က အရမ်းရယ်ရတယ်"

ထမင်းဝိုင်းလေးက ရယ်သံများဖြင့် စိုပြည်နေခဲ့ပါသည်။ ပကာသန ကင်းသော ရယ်သံများက သူ့ဘဝ အပြောင်းအလဲအတွက် ခွန်အား ဖြစ်စေ၏။

ဘယ်လိုအခြေအနေမျိုးဖြစ်ဖြစ် ဝတီကို ချစ်သောစိတ်ဖြင့် ရင်ဆိုင်ဖို့ အဆင်သင့်ဖြစ်နေကာ. . .။

■ ■ ■



## အခန်း (၂၀)

အိမ်ပေါ်လှမ်းအတက်မှာ ဒေါ်လေးနှင့်ဖူးဖူးရဲ့ မျက်နှာထား တင်းတင်းကိုမြင်တော့ သူ့ခြေလှမ်းတွေက တုံ့ခနဲ အပြစ်ရှိသူတစ်ယောက်လို မဝံ့မရဲ ဖြစ်သွားရ၏။ ပတ်ဝန်းကျင်ရဲ့ အသိပေးမှုနှင့် တိမ်လွှာဝတီ ဒီအိမ် ရောက်လာတာ သိနေရောပေါ့။

ရှောင်လွဲပြင်းဆန် ဆင်ခြေပေးဖို့ စိတ်ကူးမရှိပေမယ့် ညီမလေးကို မျက်နှာချင်းဆိုင်ဖို့တော့ မျက်နှာပူ အားနာမိသလိုပင်။

ဒါပေမဲ့ ကိုယ့်ဆုံးဖြတ်ချက်နှင့်ကိုယ်မို့ တွန့်ဆုတ်တွေဝေနေလို့ မဖြစ်ပါ။ သွက်လက်သော ခြေလှမ်းများဖြင့် အိမ်ပေါ်ကို လှမ်းတက်လာကာ

"ဟာ ညီမလေးတို့ ဒေါ်လေးတို့ ရောက်နေကြပြီလား။ ဖေဖေရော နေကောင်းရဲ့လား ညီမလေး၊ ကိုကို လိုက်မလာလို့ စိတ်မကောင်း ဖြစ်နေသေးလား"



www.burmeseclassic.com

www.burmeseclassic.com



ပုံမှန်အတိုင်း ဘာမှမဖြစ်သလို အူယားဖားယား မေးလိုက်ပေမယ့် မေယမုံဖူးက မျက်နှာလွှဲလျက် ငြိမ်ငြိမ်သက်သက်ပင်။ ဒေါ်လေးက သာ ဆက်တီခုံမှာ ဝင်ထိုင်လိုက်သည့် သူ့ကို မျက်စောင်းဝင့်လျက်

"နဂိုတည်းက ဆီးချိုရောဂါ သွေးတိုးရောဂါရော ရှိတာ ထောင်ထဲမှာ အနေဆင်းရဲ အစားဆင်းရဲနဲ့ ဘယ်လိုလုပ် ကျန်းမာရေး ကောင်းမှာလဲ၊ မင်း လိုက်မလာတာတော့ အလုပ်တာဝန်တွေကြောင့်ဆိုတာ သူ နားလည်ပါတယ်"

"ဟုတ်ကဲ့ ဟို နောက်လထဲလောက် ကျွန်တော် သွားလိုက်ပါမယ်၊ အဲဒီအချိန်ကျရင် ကျွန်တော် ခွင့်ယူလို့ အဆင်ပြေပါပြီ"

"သူ့ဈေးသမီးကို အပိုင်ရတော့မှာတောင် ခွင့်ယူလို့ အဆင်ပြေ ရုံပဲလားကွဲ့၊ သူ့ကိုပါ ဆွေပြမျိုးပြ ခေါ်သွားရမှာ မဟုတ်ဘူးလား"

"ဗျာ အဲ ဖေဖေ့ကို ကျွန်တော် အသိပေးမှာပါ၊ အခုလောလောဆယ်လည်း ကိုယ်လွတ်ရုန်းပြီး ထွက်မသွားသေးပါဘူး"

"ထွက်သွားလည်း ငါတို့က ဘာမှမတတ်နိုင်ပါဘူးတော်၊ မွေးစားသားက ကိုယ့်ကို အကျိုးမပြုလည်း ဝမ်းနာခံပြီး မွေးထားရတာမှ မဟုတ်တာ ဘာပြောလို့ ရမှာလဲ"

"အဲလို မပြောပါနဲ့ ဒေါ်လေးရယ်၊ ကျွန်တော် ထွက်သွားလည်း ဖေဖေနဲ့ ညီမလေးအတွက် အားလုံး အဆင်ပြေအောင် စီစဉ်ထားခဲ့မှာပါ"

"အေး သိက္ခာရှိရှိ ထွက်သွားတာမျိုးဆိုရင်တော့ ကောင်းတာပေါ့ကွယ်၊ တို့တွေ မရှိရိုက် အိမ်ခေါ်အိပ်တာက ရုပ်ဆိုးလွန်းပါတယ်၊ ဒီအိမ်မှာ အပျိုရွယ် မိန်းကလေး ရှိသေးတယ်ကွဲ့၊ မင်းက ဒီလိုလုပ်နေတော့ ဖူးဖူးကို ဘယ်ယောက်ျားက တန်ဖိုးထားချင်ပါတော့မလဲ၊ ဒီအိမ်က မိန်းကလေး





တို့လည်း ဒီလိုလုပ်ရင် ရလောက်တယ်လို့ အထင်သေး မသွားနိုင်ဘူးလား။ တို့ခဏလေး ခရီးသွားလိုက်တာနဲ့ မင်း အကျင့်စာရိတ္တက ဘူးပေါ်သလို ပေါ်တော့တာပဲ"

"ဒေါ်လေး"

မေယမုံဖူး အလန့်တကြား ဟန့်တားလိုက်ပေမယ့် သူကတော့ ဘာမှ မချေပချင်ပါ။ ဒေါ်လေးက စိတ်ထဲရှိသလို ပြောဖို့ အားနာတတ်သူမှ မဟုတ်တာ။

တူမဖြစ်သူ မေယမုံဖူးကိုတောင် မှိုချိုးမျှစ်ချိုး ပြောဖို့ ဝန်မလေးတတ်ပါ။

"ညည်းက ကျုပ်ကို ဘာတွေများ ဟန့်တားချင်သေးလို့လဲ၊ တိုက်ဆိုင်တုန်း ပြောစရာရှိတာ ပြောရမှာပဲ၊ အစ်ကိုက သူ့ကို ဘာမှတ်ထားလဲ၊ ဖူးဖူးကို ညီမရင်းလေး တစ်ယောက်လို စောင့်ရှောက်ပေးပါ၊ ဂရုစိုက်ပေးပါနဲ့၊ အစ်ကိုတစ်ယောက်လို စိတ်မျိုးသာဆိုရင် ကိုယ့်ညီမလေး နာမည်ပျက် လူအထင်သေးမခံရအောင် ဒီလိုမျိုး မိန်းကလေး တစ် ယောက်ရဲ့ အိမ်မှာ ခေါ်အိပ်ပါ့မလား။ မဟုတ်သေးဘူးနော် မိဖူးဖူး ငါ ဒီထက်ပိုပြီး မပြောချင်ဘူး"

ဒေါ်လေးက ဆောင့်အောင့်ကာ အိမ်ပြင်ထွက်သွားသည်။ အခုမှ ခေါင်းကြီးငုံ့လျှိုးကာ ငြိမ်သက်ထိုင်နေသော သူ့ကို မေယမုံဖူး စိမ်းနေအောင် မျက်လုံးလှန်ကြည့်၍

"ဒေါ်လေး ပြောသမျှ ဘာမှမပြေရှင်းတာ ဝန်ခံနေတာလား ကိုကို"

"ဒေါ်လေးက ကိုကိုပြောတာကို ဘယ်ချိန်တုန်းက ယုံကြည်ပြီး အကောင်းမြင်ဖူးလို့လဲ၊ ဝမ်းမနာသား မွေးစားသားလို့ အမြဲ အသံဟစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးနဲ့လည်း သွေးခွဲနေတာပဲ၊ ပတ်ဝန်းကျင်မှာ နာမည်ဆိုး ထွက်အောင် သူ လုပ်နေတာ''

''ဒါတွေကို သိနေရက်နဲ့ ကိုကိုက ဘာလို့ မဆင်ခြင်တာလဲ''

''ဘာ''

''ဖူးဖူးတို့ မရှိတုန်း တိမ်လွှာဝတီကို ခေါ်အိပ်တဲ့ကိစ္စ''

''ခေါ်အိပ်တယ်လို့ စွပ်စွဲတာကို အရမ်းအောက်တန်းကျတဲ့ အတွေးပဲ ညီမလေး၊ သူပြောသလို သူလည်း ကိုကို့အပေါ် တကယ် သွေးသားစိတ်ရှိမယ်ဆိုရင် ဘယ်လိုအကျိုးအကြောင်းလဲလို့ စိုးရိမ်တကြီး နဲ့ အရင်မေးသင့်တာ မဟုတ်ဘူးလား၊ နောက်ဆုံး ကိုကို မှားနေတယ် ဆိုရင်တောင် ရိုက်ပုတ်ဆုံးမသင့်တယ်''

နာနာကျင်ကျင် သူပြောမိတော့ မေယမုံဖူးရဲ့ မျက်လုံးအရောင် အနည်းငယ် ဖျော့သွားကာ

''ကိုကို မမှားဘူးလို့တော့ အာမမခံဘူး မဟုတ်လား၊ ဖေဖေ့ကို အသိပေးဖို့တောင် စဉ်းစားပြီးပြီဆိုတော့''

''တိမ်လွှာဝတီနဲ့ ချစ်သူဖြစ်သွားတာ အမှားတစ်ခုလား ညီမ လေး၊ အချစ်စိတ်တစ်ခုတည်းနဲ့ ကိုကို ဒီလို ဆုံးဖြတ်လိုက်တာလို့ရော တွေးနေလား''

''ဒါဆို''

''ညီမလေးရဲ့ ဂုဏ်သိက္ခာကြောင့်ပါ၊ ဖူးပွင့်လန်းဆန်းစ ဖြူစင် တဲ့ ညီမလေးဘဝကို ကိုကိုနဲ့သမုတ်ပုတ်ခံပြီး ညစ်နွမ်းသွားမှာ ကိုကို မလိုလားဘူး''

''ဒါ နားထောင်ကောင်းအောင် ပြောတဲ့ ဆင်ခြေမဟုတ်လား





ကိုကို''

''ယုံကြည်ပေးပါလို့ ကိုကို မတိုက်တွန်းပါဘူး၊ ဝတီကိုလည်း ကိုကို တကယ်ချစ်သွားလို့ပါ၊ ဒါပေမဲ့ တစ်ဖက်မှာလည်း ငွေမက်တဲ့ ဦးလုံးကောင်လို့ အထင်သေးခံရမလား သိမ်ငယ်မိတယ်၊ ဒီဘက်မှာ လည်း ခုန်းသာ မလွှံနိုင်သာ အနေအစားကျပ်နေတာ ညီမလေး အသိပါ''

''ဖူးဖူးကို သူစိမ်းဆန်ဆန် ခွဲခွာထားခဲ့ဖို့ ဆုံးဖြတ်ပြီးပြီပေါ့''

ရှိုက်သံနှောလျက် နာကျင်နေသလို မေးလိုက်သည်မို့ သက်ပြင်း ချကာ မျက်နှာလွှဲလိုက်ရသည်။

''ကောင်းမယ်ထင်လို့ လုပ်လိုက်ပေမယ့် လွဲမှားသွားတတ်တာ တွေလည်း ရှိလို့ ကိုကို့ဆုံးဖြတ်ချက် မှန်ပါတယ်လို့တော့ ကိုကို မပြောချင် ပါဘူး၊ ညီမလေး အနာဂတ်မှာ ကိုကို ဗီလိန်တစ်ယောက် မဖြစ်ချင်ဘူး ညီမလေး၊ အစ်ကိုတစ်ယောက်ရဲ့ စေတနာမျိုးနဲ့ပဲ ညီမလေးကို စောင့် ရှောက်ချင်ပါတယ်''

''ကိုကိုရယ်''

မျက်ရည်တွေကို မြင်ပါလျက်နဲ့ အရင်လို မချော့မြူဖြစ်ပါ။ သိမ့်သိမ့်လှုပ်အောင် ငိုရှိုက်နေမှန်းသိပါလျက်နဲ့ အရင်လို နှစ်သိမ့်မှုတွေ ဖြင့် မထွေးပိုက်ဖြစ်ပါ။

နာကျင်နေမှာ သိနေရက်နဲ့ သူ ဒီလို ဆုံးဖြတ်ခဲ့ရတာပဲလေ။ အရောင်မဲ့ ကောင်းကင်အောက်မှာ ရှိုးသားစွာ ပွင့်လန်းပေးပါ ညီမလေးရယ်၊

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"နင့်အစ်ကို အဲလိုလုပ်လိုက်တာ မှန်တယ် ဖူးဖူး၊ သူ့အတွက် လည်း ဘဝပြောင်းလဲသွားလောက်အောင်အထိ ကောင်းစားသွားမယ် နင်လည်း အနာဂတ်မှာ နာမည်သန့်သန့် စိတ်သန့်သန့်နဲ့ လျှောက်လှ ရတယ်"

"ဟုတ်တယ် ဖူးဖူး အိမ်ထောင်ကျသွားရင် ကိုယ့်သွေးရင်းသာ ရင်းတွေကိုတောင် ခွဲရသေးတာ၊ စိတ်မကောင်းလို့ ခံစားရလည်း ခဏပေ ဟာ၊ ဒီပါကို အဖြေပြန်ပေးလိုက်ရင် စိတ်သက်သာသွားမှာပါ"

သီရိနှင့် သန္တာရဲ့ နှစ်သိမ့်ဖျောင်းဖျမှုက ရင်တွေကို စူးနင် နာကျင်နေစေသည်။ ဖွင့်အံရင်ခွဲ ထုတ်ပြခွင့်တောင် မရှိသော ဘဝပါလား မရိုးသားသောစိတ်နှင့် တွယ်တာမိသည့် သူမမှာသာ အပြစ်ရှိနေတာ ဖြစ်နိ သည်။

"နင့်ကိုကိုကို နင်ဘယ်လောက်ချစ်တယ်ဆိုတာ ငါတို့ သိ တယ်၊ ဒါပေမဲ့ သွေးသားရင်း မဟုတ်တာက ရိုးသားပါတယ် ဘယ





လောက်ပြောပြော စည်းခြားပြီးသားဟာ၊ နင် ဘယ်သူတွေနဲ့ လက်ထပ် လက်ထပ် သံသယတွေနဲ့ အိမ်ထောင်ရေးမှာ ပဋိပက္ခတွေ မဖြစ်စေတော့ဘူး ဆိုရင် နင့်ကိုကိုကို စွန့်လွှတ်ရတာ တန်ပါတယ်"

"မပြေးသော်လည်း ကန်ရာရှိနေတာက နင်တို့နှစ်ယောက်က မောင်နှမအရင်း မဟုတ်ကြလို့ဘဲ၊ သူ့ဘက်က ဖြူစင်မှုကိုလည်း ပတ်ဝန်း ကျင် အသိအမှတ်ပြုမှာ မဟုတ်ဘူး၊ နင်ရော ရှေ့ဆက်ပြီး ရိုးရိုးသား သား အစ်ကိုတစ်ယောက်လိုပဲ ချစ်မယ်လို့ အာမခံနိုင်လို့လား"

သူမ အတွင်းစိတ်ကို တွေးထင်ခန့်မှန်းမိသလို ပြောနေကြသည် မို့ သူမ ဘယ်လိုမှ မလှုပ်သာပါ။ ရင်တွင်းခံစားချက်တွေ အမှန်အတိုင်း သိသွားတော့ရော ဘယ်သူက အားပေးတိုက်တွန်းမှာမို့လဲ။

မျက်ရည်စတွေ သိမ်းလျက် သက်ပြင်းတစ်ရှိုက်နှင့် သူမ ထရပ် လိုက်သည်။ သန္တာနှင့်သီရိကလည်း သူမနှင့်ယှဉ်တွဲရပ်ကာ

"ဒဏ်ရာအမြန်ကျက်အောင် ဆေးကုပေးမယ့် ကိုယ်တော်လေး လာနေတယ်၊ ငါတို့ သွားတော့မယ် သိလား၊ နောက်ရက်မှ သင်တန်းကိစ္စ စုံစမ်းပြီး ငါတို့လာခေါ်မယ်"

သီရိနှင့်သန္တာ ထွက်သွားတော့ ဒီပါ သူမအနား ရောက်လာ သည်။

"မတွေ့ရတာ ကြာလို့လား မသိဘူး၊ ဖူးဖူး နည်းနည်း ပိန် သွားတယ်၊ ခရီးပန်းလို့လား ဖူးဖူး"

"ခရီးသွားတာ သိတယ်ပေါ့"

"ဖူးဖူး အစ်ကို ပြောပြတယ်လေ"

"ကိုကိုနဲ့ တွေ့ဖြစ်ကြတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က အချိန်ကုန်ခံစောင့်ပြီး တွေ့ဖြစ်တာပါ"

ဘာအကြောင်းလဲလို့ မမေးဖြစ်ပေမယ့် အအေးဆိုင် ထိုင်ခုံလေးမှာ ပြန်ထိုင်လိုက်၏။ ဒီပါက သူမနှင့် အနီးဆုံးခုံလေးမှာ ဝင်ထိုင်ကာ

"ကိုယ်နဲ့တွေ့တာ ဖူးဖူး အစ်ကိုက ဖူးဖူးကို ပြောမပြသေးဘူးလား"

"မတိုက်ဆိုင်သေးလို့ ဖြစ်မှာပါ၊ ကိုကိုလည်း မအားဘူး"

အိမ်က ပဋိပက္ခတွေကို ပြောမပြချင်သလို ကိုကို့ကိုလည်း အပြစ်ကင်းစေချင်သည်။ ဒီပါက လွင့်ခနဲ အပြုံးနှင့် သူမ မျက်နှာလေးကို အားမနာတမ်း ငေးစိုက်ကြည့်ကာ

"ယောက်ဖကြီးက သူ့ညီမလေးကို ပြောပေးဖို့ မျက်နှာပူနေတယ် ထင်တယ်"

"ဟင် ဘာ"

"ဩော် ဒီလိုပါ ကိုယ်က ဖူးဖူးကို ကူပြောနားချပေးဖို့ တစ်ကူးတောင်းထားတယ်၊ သူကလည်း ကိုယ်နဲ့သဘောတူတဲ့ပုံပါပဲ"

ဩော်လို့တောင် အာမေဋိတ်သံနှင့် မညည်းညူနိုင်လိုက်ပါ။

ကိုကိုက သူ့ကိုယ်သူအတွက်တင် ဆုံးဖြတ်ချက်ချလိုက်တာ မဟုတ်ဘဲ သူမအတွက်ပါ စိတ်ချလက်ချ ထောက်ခံပေးချင်ဟန်တူသည်။ ဘဝတစ်ခုကို ခိုင်မာစွာတည်ဆောက်ဖို့ ကိုကို့အရိပ်အငွေ့မပါလည်း သူမ ဘာသာ တည်ဆောက်ရမှာပါ။

"စာမေးပွဲပြီးရင် အဖြေပေးဖို့ မင်းကို ကိုယ်တောင်းဆိုထားတယ်နော်၊ မင်း ဘာလို့ရှောင်နေတာလဲ"

"အိမ်က အကျိုးအကြောင်းတွေ ကိုကို မပြောပြဘူးလား။ ဖေဖေ့





ဆီလိုက်သွားဖို့ အလုပ်ရှုပ်နေတာ"

"ပြောပါတယ် ပြန်လာမှ ကြိုးစားကြည့်ပေါ့လို့လည်း တိုက်တွန်းတယ်"

"ဒါဆို မလိုအပ်တဲ့ မေးခွန်းတွေ ဘာလို့ မေးနေတာလဲ"

"ဩော် အင်း ဟုတ်သားပဲနော်၊ အခု ကိုယ့်ရှေ့မှာရှိနေတာပဲ သချာအောင် မေးရင်ရပြီပေါ့၊ ကိုယ့်ကို အဖြေပေးဖို့ စဉ်းစားပြီးပြီလား"

"စဉ်းစားတာနဲ့ ဆုံးဖြတ်တာ မတူဘူး ထင်တယ် ဒီပါ၊ အပျော်သွဲ့ လက်ခံလိုက်တာမျိုးလည်း မဖြစ်ချင်ဘူး"

"ဖူးဖူးကို မြတ်မြတ်နိုးနိုးနဲ့ ကိုယ် လက်ထပ်မှာပါ"

ရင်ထဲမှာ လေးလံသွားသော်လည်း ဒီပါကို မချိတရိ ပြုံးပြဖြစ်သည်။

"အဲဒါက ဘဝတစ်သက်တာအတွက် အရေးကြီးဆုံး ရွေးချယ်မှုပေါ့ ဒီပါ၊ ကြားထဲမှာ ရည်ရွယ်ချက်တွေ မျှော်လင့်ချက်တွေနဲ့ ကြိုးစားကြိုးမှာဆိုပေမယ့် လေ့လာဖို့ အချိန်တွေ အများကြီးရတော့လည်း ပိုကောင်းသွားတာပေါ့၊ စိတ်ရှည်မယ်ဆိုရင် အချိန်တစ်ခုထိ စောင့်ပေးပါ"

"လုံးဝ ငြင်းဆန်လိုက်တာတော့ မဟုတ်ပါဘူးနော်"

"မယုံကြည်ရင် မစောင့်ပါနဲ့၊ မျှော်လင့်ချက် ပေးထားတာမျိုးလည်း မဖြစ်ချင်ဘူး"

"မတင်မကျတော့ ဖြစ်နေတယ် မဟုတ်လား။ ချစ်တယ်လို့ အဖြေပေးမယ်ဆိုရင် လက်ထပ်ရဖို့ ဘယ်လောက်ကြာကြာပါ"

စကားပြော ပါးနပ်လွန်းသော ဒီပါကို မျက်စောင်းဝင့်ကာ တုံ့ပြန်မိ၏။ အထာပေးကာ မူနွဲ့နေသည်လို့ ထင်သွားမလား မသိ။ တကယ်လည်း



www.burmeseclassic.com

www.burmeseclassic.com



မတင်မကျ ဆုံးဖြတ်ရခက်နေခြင်းပါ။

ကိုကိုက သူမအတွက်ဆိုပြီး ထွက်ပေါက်ရှာလိုက်တာက တ လွှာဝတီကို တကယ်ချစ်နေတာ ဝန်ခံရဲသေးသည်။ သူမက ကိုကို့အတွ ဆိုပြီး ထွက်ပေါက်ရှာကြည့်ချင်ပေမယ့် ဒီပါကို ချစ်လို့မရသေးတာ သေ နေသည်။

သူမကြောင့် ပတ်ဝန်းကျင်ကရော ဒေါ်လေးကရော ကိုကို့ အပြစ်တင် ပြုစုစောင်းမြောင်းနေတာမျိုး မဖြစ်စေချင်တော့တာ အမှန်ပ

တိမ်လွှာဝတီကို ချစ်သွားခဲ့သော ကိုကို့ကို မုန်းတီးနာကြည် ပစ်လိုက်ချင်ပေမယ့် သူမအတွက် စဉ်းစားဆုံးဖြတ်လိုက်တာဆိုသေ စကားတစ်ခွန်းက ရင်ထဲကို နက်နက်ရှိုင်းရှိုင်း ထိ၏။

သူမ ဘာလုပ်ရမလဲ။ သွေးသားရင်းချာ အစ်ကိုရင်းတစ်ယော လို တာဝန်တွေ ကျေပေးခဲ့သော ဂရုစိုက်စောင့်ရှောက်မှုတွေဖြင့် အနွံတ ခံခဲ့သော ကိုကို့ကို သူမ တစ်ခုခု ပြန်ပေးဆပ်သင့်သည်ထင်၏။

ဖူးဖူး ဝေခွဲရခက်နေတာ ကိုကို့ကို ချစ်လို့ပါဟု ရင်ထဲကမြ တမ်းနေမိသည်။

"ဖူးဖူး ကိုယ့်ကို တစ်ခုခုပြန်ပြောလေ".

"ဟင်"

ဒီပါ ပြောမှ ကယောင်ကတမ်းနှင့် အအေးခွက်လေးကို တ ဖက်တွန်းရွှေ့လိုက်ကာ

"ရှင် ဘာလို့ ဖွတ်တရွတ် ဖြစ်နေတာလဲ ဒီပါ"

"အနှောင်အဖွဲ့ခံချင်လို့ပါ၊ ပြီးတော့ ဖူးဖူးကို ပိုင်ဆိုင်ရမယ် ဆိုတ သေချာထားချင်တယ်၊ ဘွဲ့ရမှ လက်ထပ်မယ်ဆိုရင် ကြားထဲမှာ အခ်





ာဟာချက်က အကြာကြီး မဟုတ်လား၊ သင်တန်းတွေ တက် မယ်၊ ဘက္ကသိုလ်တက်မယ်၊ အဲဒီအချိန်ကာလတွေမှာ ပြောင်းလဲမှုတစ်ခုခု နဲ့ းဖူးကိုယ့်ကို ထားခဲ့ရင် ဘယ်လိုလုပ်မလဲ"

"ကျွန်ရစ်ဖြစ်မှာပေါ့"

"အဲလို မဖြစ်ချင်လို့ သေချာချင်တယ် ပြောနေတာပေါ့ကွာ၊ ိုယ်က ဖေဖေနဲ့မေမေကိုတောင် အသိပေးထားပြီးပြီ၊ တစ်နေ့နေ့မှာ ွန်တော် လက်ထပ်မယ့်သူက မေယမုံဖူး ဆိုတဲ့ ကောင်မလေးလို့"

"ဟယ် ဘာမှလည်း မဟုတ်သေးဘဲနဲ့ ဘာလို့ ပြောထားရတာ ဲ"

"သေချာချင်လို့ပါဆို၊ ရုပ်ရှင်ကားတွေထဲကလို မိဘချင်းသဘော ူထားတာတွေရှိတယ် ဘာညာဖြစ်လာမှာစိုးလို့ ကြိုတင်အသိပေးထား ိုက်တာ"

သူမ တစ်ဖက်လှည့်ကာ ဟွန့်ခနဲပင် ရယ်လိုက်မိသည်။ ဒီပါ အောင်က အစကတော့ မပြောရဲ မဆိုရဲ မဝံ့ရဲသလိုနှင့် ခုတော့လည်း နောက်မဆုတ်တော့မည့် ရဲတင်းခြင်းတွေနဲ့ပါလား။ သူမ သက်ပြင်းတွေ ှိုက်ထုတ်ပြီး ကိုကိုနှင့်ပတ်သက်သော စိတ်အာရုံတွေကို ဖျောက်ဖျက် နိုင်ဖို့ ကြိုးစားရ၏။

တစ်နေ့နေ့ ချစ်လာနိုင်မှာပါဆိုသော မျှော်လင့်ချက်နှင့် ဒီပါကို သူမ လက်ခံဖို့ ဆုံးဖြတ်ရမည်။

ဒါဟာ ကိုကို့ကို မုန်းလို့ မဟုတ်ပါ။ နာကြည်းလို့ မဟုတ်ပါ။ သိပ်ချစ်လို့ပါ သိပ်ချစ်လို့ပါ ကိုကိုရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ဒီပါကို ချစ်တယ်လို့ အဖြေပေးပြီးခဲ့ချိန်မှာ ပျော်ရွှင်သွားသော ဒီပါ မျက်နှာကို မြင်ယောင်၍ သူမ ခုချိန်ထိတော့ နောင်တ မရသေးပါ။ စိတ်ရှင်းလွှတ်လပ်သွားသလိုနှင့် ပေါ့ပေါ့ပါးပါးတော့ ဖြစ်နေသည်။

ဘယ်လူးညာလှိမ့်နှင့် အိပ်လို့ မရသေးတာကတော့ ဘာကြောင့်မှန်းမသိ။ ဟိုအရင်က ဒီလိုအချိန်မျိုးဆိုလျှင် ကိုကိုနှင့် ရောက်တတ်ရာရာတွေပြောရင်း စားစရာတစ်ခုခုစားသောက်ကြရင်း မောင်နှမနှစ်ယောက် ရယ်မောပျော်ရွှင်နေခဲ့ကြသည်။ အခုတော့ သူစိမ်းပြင်ပြင် ကိုယ့်အိပ်ခန်းကိုယ်ဝင်၍ စကားသံတွေ ရယ်မောသံတွေ တိတ်ဆိတ်ကာ ငြိမ်ငြိမ်သက်သက်။

ကိုကို အိပ်ပြီလား မသိပေမယ့် ဘုရားခန်းဘက်မှာ အိပ်သော ဒေါ်လေး ဟောက်သံကတော့ အတိုင်းသား ကြားနေရသည်။ တုတ်ကွေးဖြစ်ချင်သလို ကိုက်ခဲနေသည်ဆို၍ ညနေက ထမင်းစောစောကျွေးပြီး ဆေးတိုက်ထားလို့ အိပ်မောကျနေဟန်တူ၏။





မနက်ဖြန်မှ ဒေါ်လေးကို ကြက်သားဆန်ပြုတ်လေး ပြုတ်တိုက်ရမည်ဟု တွေးရင်း သူမ မျက်လုံးတွေလည်း တဖြည်းဖြည်း မှေးဆင်းသာ၏။

အချိန်တွေကြာလျှင် အရာရာက ပုံမှန်အတိုင်း ဖြစ်သွားမှာပါ။

"ဒုန်း ဒုန်း အိမ်ရှင်တို့"

"အိမ်ရှင်တို့ တံခါးဖွင့်ပါဦး၊ ကိစ္စလေးရှိလို့ပါ"

"ဟင် ဘာဖြစ်တာလဲ ဘယ်သူတွေလဲ"၊

ဝင်းတံခါးကို တဒုန်းဒုန်းထုပြီး ခေါ်နေသံကြောင့် မေယမုံဖူး မျက်လုံးတွေကို ပွတ်သပ်၍ ငုတ်တုတ် ထထိုင်လိုက်သည်။ ဘေးအိမ်တွေကို ခေါ်နေတာလားဆိုသော အတွေးနှင့် နားလည်းစွင့်ရသေး၏။

မီးတွေ ဖွင့်ပြီး တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်တော့ နံနက်သုံးနာရီသာ ရှိသေးသည်။ ဒီအချိန်ကြီး ဘယ်က ညွှန်သည့်က ရေးကြီးသုတ်ပျာ အိမ်လည်လာမှာလဲ။

"အိမ်ရှင်တို့ ဦးမြင့်ကျော်ရဲ့ ဆွေမျိုးသားချင်း အိမ်ရှင်တို့"

"ဟင် နာမည်တပ်ပြီးတောင် ခေါ်နေပါလား၊ ဒါဆို ငါတို့အိမ်သေချာပြီပေါ့"

အသံထွက်ပြောမိပြီး ကပျာကသီ ထဘီပြင်ဝတ်ပြီး အိမ်ရှေ့မီးဖွင့်၍ ထွက်လာခဲ့ရသည်။ ဝင်းတံခါးအပြင်ဘက်မှာ ဂျစ်ကားတစ်စီး ရပ်ထားပြီး ဝန်ထမ်းဝတ်စုံနှင့် လူနှစ်ယောက်။

"ဘာ ဘာကိစ္စရှိလို့ပါလဲရှင်၊ ကျွန်မ ဦးမြင့်ကျော် သမီးပါ"

"ကျွန်တော်တို့ သရက်ထောင်က ဝန်ထမ်းတွေပါ၊ ဦးမြင့်ကျော် ဆုံးသွားလို့ လာအကြောင်းကြားနိုင်းလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ရှင် ဖေဖေ ဖေဖေ ဆုံးပြီ"

ဝင်းတံခါးသော့တောင် ပြီးဆုံးအောင် ဖွင့်လိုက်မိရဲ့လား မသိ။ အသံတွေတုန်၊ လက်တွေတုန်၍ ဒူးတွေလည်း ညွတ်ခွေကျတော့မတတ်။

"ဘာဖြစ်တာလဲ ညီမလေး"

တိမ်မယံ ဝရုန်းသုန်းကား အနားရောက်လာသည်နှင့် အားကိုးတကြီး ဖက်တွယ်ငိုရှိုက်ပစ်လိုက်သည်။

"ဖေဖေ ဖေဖေ ဆုံးပြီတဲ့ ကိုကို"

"ဟင် ဘယ်လိုဖြစ်ရတာလဲဗျာ"

"ဖူးဖူးတို့ သွားတွေ့ကတည်းက သိပ်နေမကောင်းဖြစ်နေတာပါ။ မြန်မြန်ပြန်အောင်လို့ ဟန်ဆောင်နေတယ်ဆိုတာလည်း သိတယ်၊ အခုတော့"

မေယမုံဖူး စကားဆက်မပြောနိုင်ပါ။ သူလည်း ဆို့နင့်ဝမ်းနည်းနေသည်။ သူ ဖေဖေ့ကို လိုက်တောင်မတွေ့လိုက်ရပါလား။ မျက်နှာလေးတောင် မမြင်လိုက်ရပါလား။

"ကျွန်တော်တို့ ညတွင်းချင်း လာအကြောင်းကြားတာပါ။ သင်္ဂြိုဟ်ဖို့ကိစ္စလည်း ဟိုမှာစီစဉ်ထားပါတယ်၊ လိုက်မယ်ဆိုရင် ကျွန်တော်တို့ကားနဲ့ တစ်ခါတည်း လိုက်ခဲ့ကြပါခင်ဗျာ"

"ဟုတ် ဟုတ်ကဲ့ လိုက်ပါမယ်ခင်ဗျာ၊ အိမ်ထဲကို ခဏလောက်ဝင်စောင့်ပေးကြပါနော်၊ ကျွန်တော်တို့ တစ်ခါတည်း လိုက်ခဲ့ပါမယ်"

ဝန်ထမ်းတွေကို တံခါးဖွင့်ပေးပြီး ညီမလေးကို တွဲဖက်၍ အိမ်ထဲခေါ်လာခဲ့ရသည်။ အသံဗလံတွေကြောင့် ဒေါ်လေးလည်း အိပ်ချင်မူးတူး ထလာပြီး အကျိုးအကြောင်း သိသွားသည်။





"အဲဒါဆို လိုက်သွားရမှာပေါ့၊ ငါကလည်း နေမကောင်းဘူး ဘယ်လိုလုပ်ရမလဲ"

"ဒေါ်လေး နေခဲ့လိုက်ပါ၊ ကျွန်တော်တို့ လိုက်သွားလိုက်မယ်၊ ခြော် မနက်လင်းရင် ဆေးသွားထိုးပြီး ခါတ်စာလည်း ဝယ်စားနော် ဒေါ်လေး"

"ငါလည်း ငါ့အစ်ကို နောက်ဆုံးခရီးကို လိုက်ချင်တယ်ဟယ်"

"မလိုက်ပါနဲ့ ဒေါ်လေးရယ်၊ ဒေါ်လေး နေမကောင်းတာ ဒီထက်ပိုဆိုးနေပါဦးမယ်၊ ဖူးဖူးတို့ လိုက်သွားပြီး ကောင်းကောင်း သင်္ဂြိုဟ်ခဲ့ပါမယ်"

"အေး အေး ကောင်းသလိုသာ စီစဉ်ကြပါတော့၊ အံမယ်လေး အဖြစ်ဆိုးလိုက်တာ အစ်ကိုကြီးရယ်၊ လွတ်လွတ်ကျွတ်ကျွတ် ဆွေမျိုးသားချင်းတွေရှေ့မှာ မသေရဘူးတဲ့၊ ခြေဆုပ်လက်နယ်လေးတောင် မပြုစုလိုက်ရဘူး၊ သနားစရာကောင်းလိုက်တာ အစ်ကိုကြီးရယ်"

ဒေါ်လေး အော်ကြီးဟစ်ကျယ် ငိုချတော့ ဖူးဖူး ရင်တွေဆို့ကာ ဖြေမဆည်နိုင်အောင် ဖြစ်ရသည်။ ဒေါ်လေး ပြောသလို သူမတို့ ဖေဖေ့ကို မပြုစုလိုက်ရပါ။

ဖေဖေ ဘယ်လောက်တောင် ရောဂါဝေဒနာတွေ ခံစားပြီး ပင်ပန်းဆင်းရဲလိုက်မလဲ။ ဖေဖေ့မှာ ရောဂါရှိတယ်ဆိုပေမယ့် အပြင်မှာဆိုလျှင် ဒီလိုအချိန်မကျသေးဘဲ စောစီးစွာ သေလိမ့်မည်မထင်။

"ညီမလေး သွားကြမယ်လေ၊ စောင့်နေရတဲ့ အစ်ကိုကြီးတို့ကို အားနာစရာကောင်းတယ်၊ ဟိုကိုလည်း အချိန်မီရောက်မှ"

သူလည်း စကားဆုံးအောင် မပြောနိုင်ပါ။ ဖေဖေ့အကြောင်း.



www.burmeseclassic.com

www.burmeseclassic.com



တွေးကာ ရင်တစ်ခုလုံး ဆို့နင့်နာကျင်နေသည်။

မေယမုံဖူးလေးကို သူ့လက်ထဲမှာ စိတ်ချလက်ချ ထားခဲ့ပြီပေါ့။ ဘယ်တော့မှ ဒီအိမ်လေးကို ပြန်မလာတော့ဘူးပေါ့။ ကိုယ့်မျက်ရည်တွေကို မျိုသိပ် သိမ်းဆည်းပြီး ညီမလေး မျက်ရည်တွေကို တယုတယ သုတ်ပေးမိသည်။

မငိုပါနဲ့ ညီမလေးရယ်။

■ ■ ■



## အခန်း (၂၃)

"တိမ်မယံက အခုထိလည်း ရောက်မလာသေးပါလား"

"ဟုတ်တယ် ဦးသိန်းထိုက် ဘာကြောင့် အလုပ်မဆင်းတာလဲ မသိဘူး၊ အကျိုးအကြောင်း ဖုန်းဆက်ပြောရင်လည်း တော်သေးတာပေါ့၊ မနက်ကလည်း အိမ်ကို ရောက်မလာလို့ ဝတီ ကိုယ်တိုင် ကားမောင်းလာခဲ့ရတယ်"

"အေးကွာ တော်ရုံတန်ရုံကိစ္စနဲ့ အလုပ်ပျက်ရမှာ အရမ်းကြောက်တဲ့ကောင်ပါ၊ မနက်က ဝတီပါ နောက်ကျနေတော့ တစ်နေရာကို အတူတူ သွားကြတယ် ထင်နေတာ"

"ဘယ်ဟုတ်မှာလဲ ဦးသိန်းထိုက်ရယ်၊ သူ မလာနိုင်လို့ ဝတီ စောင့်နေတာပါ၊ ဟိုတယ်ကိုလည်း ရောက်မလာတော့ စိတ်တောင်ပူလာပြီ ဦးသိန်းထိုက်ရယ်"

တိမ်လွှာဝတီ တကယ်ကို ရင်တွေပူနေတာပါ။ မနက်ကတည်းက ဘာတွေဖြစ်နေလဲဆိုပြီး ရင်တမမ ရင်တမောမော စောင့်နေခဲ့မိတာ။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်စဝင်ကတည်းက ဒီနေ့ထိ အလုပ်တစ်ရက်မှ မပျက်ဘူးတာမို့ မျက်နှာလေးကို မမြင်ရသည့်အချိန်မှာ အသက်ရှူမဝလောက်အောင် ရင်တွေမောနေမိသည်။ ချစ်သူဘဝကိုတောင် ရောက်နေပြီးမှ ဖုန်းလေးဆက်ပြီးတော့ပဲဖြစ်ဖြစ် အကျိုးအကြောင်း မပြောသင့်ဘူးလား။

"အရမ်းလည်း စိတ်ပူမနေပါနဲ့ ဝတီရယ်၊ အကျိုးအကြောင်းသိချင်ရင် ညနေ ဟိုတယ်ကအပြန် သူ့အိမ်ကို ဝတီ ဝင်မေးလို့ ရနေတာပဲ၊ နေမကောင်းလို့ ဖုန်းထွက်မဆက်နိုင်တာလည်း ဖြစ်ချင်ဖြစ်နေမှာပေါ့"

"အင်း အဲလိုလည်း ဖြစ်နိုင်တယ်နော်၊ သူ့အတွက် ဖုန်းတစ်လုံးလောက် အရင်ဝယ်ပေးထားဦးမှပါ၊ ဩော် ဦးသိန်းထိုက် ဝတီ ညနေထိ မစောင့်တော့ဘူး၊ အရမ်းစိုးရိမ်နေလို့ အခုပဲ သွားလိုက်တော့မယ်၊ ညနေခံပွဲနှစ်ခု လက်ခံထားတယ်နော်၊ ဦးသိန်းထိုက် ကြည့်စီမံလိုက်နော်"

တိမ်လွှာဝတီ ဟန်ပင်မဆောင်နိုင်ပါ။ ကပျာကသီ စလင်းဘတ်အိတ်ကောက်လွယ်လျက် ထွက်လာခဲ့သည်။

ရင်နှင့်အမျှ ချစ်နေမိသူမို့ မျက်စိအောက်ကပင် အပျောက်မခံနိုင်တော့သလို ဖြစ်နေသည်။

ကားလေးကို အရှိန်တင်၍ အမြန်ပင် မောင်းလာခဲ့၏။

တိမ်မယံတို့ ခြံဝင်းတံခါးက စေ့ပိတ်ထားခြင်းမရှိ။ ကားလေးကို အိမ်ရှေ့ထောင့်လေးမှာ ရပ်ထားခဲ့ပြီး သူမ အိမ်ထဲဝင်လာခဲ့သည်။

ဆက်တီခုံပေါ်မှာ ငူငိုင်မှိုင်တွေစွာ ထိုင်နေသော အဒေါ်ကြီးက သူမကို မြင်တော့ မျက်ခုံးပင့်သွား၏။

"ဘယ်သူလဲ ဘာကိစ္စလဲ"

"ဩော် ကျွန်မ တိမ်မယံရဲ့ အလုပ်ရှင်ပါ၊ တိမ်မယံ အလုပ်





လာမဆင်းလို့ ဘာဖြစ်လို့လဲဆိုပြီး"

"ဩော် အလုပ်ရှင် ဟုတ်လား၊ တိမ်မယံ ချစ်သူဆိုတာပဲ မဟုတ်လား"

"ဟုတ် ဟုတ်ကဲ့"

"အဲဒါဆိုလည်း ခဏထိုင်ဦး၊ တိမ်မယံက ခွင့်တိုင်ချိန် မရ အောင်ကို အရေးတကြီး ခရီးထွက်သွားရတာ"

"ရှင် ခရီးထွက်သွားရတာ၊ ဘယ်အချိန်လောက်ကလဲ"

"မနက် သုံးနာရီကျော်လောက် ရှိဦးမယ်၊ ထောင်ကျနေတဲ့ သူ့အဖေ ထောင်ထဲမှာ ဆုံးသွားလို့လေ"

"ထောင် ထောင်ကျနေတဲ့ သူ့အဖေ"

"ဟုတ်တယ် ဟိုနှစ်က ယာဉ်တိုက်မှုနဲ့ ထောင်ကျသွားတာပေါ့၊ သေသွားတဲ့ ကောင်လေး အစ်မက မကျေနပ်နိုင်လို့ အယူခံဝင်လို့ကို မရလိုက်တာ"

အဒေါ်ကြီး ပြောနေတာကို ဘာကိုမကျေမနပ်ဖြစ်နေမှန်း မသိဘဲ မာကျောပြတ်တောက်လို့ပါ။ သူမကတော့ ယာဉ်တိုက်မှုနှင့် ထောင်ကျသည်ဆိုတာကို စိတ်ဝင်စားနေမိသည်။

"ဝတီ မောင်လေး ကားကို တိုက်မိတဲ့ကားက ခရီးသည်တင်ဒိုင်နာလေးပါ။ ယာဉ်မောင်းနာမည်က ဦးမြင့်ကျော် တဲ့၊ တချို့ကားသမားတွေလို တာဝန်မဲ့ ထွက်ပြေးသွားတဲ့လူ မဟုတ်လို့ တော်သေးတာပေါ့ကွယ်"

ရှေ့နေကြီး ပြောခဲ့စဉ်က နာမည်တစ်ခုကို မှတ်မှတ်ထင်ထင်ရှိနေမိသည်။ မောင်လေးကို သေစေခဲ့သော ထိုနာမည်ကို မမေ့အောင်



www.burmeseclassic.com

www.burmeseclassic.com



လည်း တဗွတ်ဗွတ် ရွှတ်နေခဲ့သည်။

ယာဉ်တိုက်မှုနှင့် ထောင်ကျနေသော မောင့် အဖေက ထိုနာမည် နှင့်လူ မဖြစ်ပါစေနဲ့။

"ဟို အဲဒီလူ နာမည်က ဘယ်သူလဲဟင်"

"အခု သေသွားတဲ့ ငါ့အစ်ကိုလား ဦးမြင့်ကျော် တဲ့၊ တံဆိုးပါ တယ်အေ၊ သားသမီးတွေ ရှိရဲ့နဲ့ အပြုစုမခံရဘဲ သေရရှာတယ်၊ စိတ်ရင်း စေတနာ ကောင်းပါရဲ့နဲ့ ဆွေဝေးမျိုးဝေးတဲ့နေရာမှာ ဘယ်လောက်များ သနားစရာ ကောင်းလိုက်လဲ"

အဒေါ်ကြီး အော်ဟစ်ငိုလိုက်သံက သူမနားထဲက လျှံထွက် သွားပြီး ဦးမြင့်ကျော် ဆိုသည့် နာမည်ကသာ ပဲ့တင်ထပ် ကျန်ရစ်ခဲ့သည်။ မှောင့်မျက်နှာနှင့် ယှဉ်တွဲမြင်ပြီး ခေါင်းတစ်ခုလုံး ချာချာလည်လောက် အောင် မူးဝေနေ၏။

ဒီလောက်ပဲ တိုက်ဆိုင်ရလား။ သူမချစ်သော မောင့်ရဲ့အဖေက သူမ မုန်းနေသည့်လူတဲ့။

မောင်လေးကို ရုပ်ပျက်ဆင်းပျက် သေစေခဲ့သော လူတဲ့။

သူမ ပြန်တော့မည်လို့ အဒေါ်ကြီးကို နှုတ်မဆက်မိခဲ့ပါ။ အသိ စိတ် ကင်းမဲ့နေသူတစ်ယောက်လို မျက်ရည်တွေ ပြည့်ဝိုင်းလျက် တရွေ့ ရွေ့ ပြန်ထွက်လာခဲ့သည်။

ကားလေးရဲ့ ဦးတည်ရာက အိမ်ကို မဟုတ်ဘဲ ဟိုတယ်ကိုသာ ပြန်ရောက်လာခဲ့သည် ထင်၏။ ဦးသိန်းထိုက် သူမ ကားနား အပြေး ရောက်လာမှ အသိစိတ်တွေ နိုးကြွလာသည်။

"ဝ ဝတီ တိမ်မယ်နဲ့ တွေ့ခဲ့လား။ ဘာလို့ အလုပ်မဆင်းတာ





ဘဲလဲဟင်၊ တော်တော် နေမကောင်း ဖြစ်နေလား"

"ဦးသိန်းထိုက်"

"ပြော ပြောလေ ဝတီ"

ဝတီ ခေါ်သံနှင့် မျက်နှာသွင်ပြင်က အေးစက်တင်းမာလွန်းနေ သည်မို့ ဦးသိန်းထိုက် အထိတ်တလန့်ပင် ဖြစ်သွားရ၏။ တိမ်လွှာဝတီက ကားတံခါးကို ဂျုန်းခနဲ ပြန်ပိတ်ပြီး

"တိမ်မယ်ကို ဟိုတယ်မှာ လုံးဝ လက်မခံတော့နဲ့"

"ဟင် ဘာ ဘာဖြစ်လို့လဲ ဝတီ၊ တိမ်မယ် ဖုန်းမဆက်လို့လား။ နှင့်မတိုင်လို့လား၊ အခုသွားတာ သူ့ကို မတွေ့ခဲ့ဘူးလားဟင်"

"ဝတီကို ဘာမှပြန်မမေးပါနဲ့၊ ဝတီ ပြောတဲ့အတိုင်းပဲ လုပ်ပါ၊ အယူခံဝင်ခွင့် မရှိဘူး၊ ဖြေရှင်းချက် မလိုဘူး"

တင်းမာစွာ ပြောဖြီး ဟိုအရင်က အေးစက်မောက်မာသော ခြေလှမ်းတွေနှင့် လှမ်းထွက်သွားသည်။

ဦးသိန်းထိုက် နားမလည်စွာ ကျန်ရစ်ခဲ့ရင်း ဘာမှတွေးယူလို့ ရ၏ ချစ်သူဖြစ်သော ကာလက သိပ်မကြာသေးပါဘဲ ဘာကြောင့် နက်ချင်းကြီး တိမ်မယ်ကို မုန်းသွားရတာလဲ။

တိမ်လွှာဝတီနှင့် တိမ်မယ်ကြားမှာ ဘယ်လိုကဏ္ဍတွေ သွားငြိ နေရတာလဲ။ အဖြေရှာကြည့်သော်လည်း ခေါင်းကိုသာ ယမ်းခါမိရင်း တိမ်မယ်နှင့်တွေ့မှ မေးကြည့်ရပေတော့မည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ဦးသိန်းထိုက်"

"ဟာ ကောင်လေး တိမ်မယ်"

ဝေါရှိဘုတ်ထောင်နေသည့်နားမှာ ရပ်ကြည့်စီမံနေသော ဦးသိန်းထိုက်ကို တိမ်မယ်က လက်ဆွဲနှုတ်ဆက်နေသည်မို့ ဦးသိန်းထိုက် ဟိုကြည့် ဒီကြည့် ပြုံးပျာသွားသည်။

"ကောင်လေး လာ ဟိုတယ်အပြင်မှာ စကားသွားပြောမယ်"

"ဘာ ဘာဖြစ်လို့လဲ"

"လာပါဆိုကွာ အပြင်ရောက်ရင် သိရမှာပေါ့"

ဟိုတယ်နှင့်အနီးဆုံး ကော်ဖီဆိုင်လေးကို ဦးသိန်းထိုက် ဆွဲခေါ်လာခဲ့သည်။ စားပွဲထိုးလေးကို ကော်ဖီနှစ်ခွက် မှာပြီး ဦးသိန်းထိုက် သက်ပြင်းရှိုက်၏။

"မင်းတို့ ဘယ်လိုဖြစ်ကြတာလဲ ကောင်လေး"

"ကျွန်တော်က သိချင်နေတာဗျ။ ဖေဖေ့နာရေးနဲ့ ကျွန်တော်ထွ





ခရီးထွက်သွားတယ်၊ မနက် သုံးနာရီကျော်လောက် သွားရတာဆိုတော့ ဖုန်းဆက်ချိန် မရဘူး၊ ခွင့်တိုင်ချိန်မရဘူး။ ဟိုရောက်တော့လည်း ဖေဖေ့အတွက် ဝမ်းနည်းတာတစ်မျိုး၊ အလုပ်ရှုပ်တာတစ်မျိုးနဲ့ ဖုန်းဆက်ချိန် မရဘူး။ ထောင်ထဲမှာ သေတာဆိုပြီး အထုံပါမှာစိုးလို့ ကောင်းကောင်းလည်း သင်္ဂြိုဟ်ခွဲရပါဘူး။ ရက်လည်လည်း တစ်ခါတည်း လုပ်ခဲ့ရတာ"

"အေး အဲဒီအတွက် ငါလည်း စိတ်မကောင်းပါဘူး"

"ကျွန်တော်လည်း ကိစ္စတွေပြီးလို့ ပြန်လာတော့ လမ်းကနေ ဝတီ့ဆီ ဖုန်းခေါ်မရလို့ စိတ်မကောင်းဖြစ်နေရတာပဲ၊ ညက ဆယ်နာရီလောက်မှ အိမ်ပြန်ရောက်တယ်၊ မနက်က ဝတီ့ဆီ ဖုန်းထပ်ခေါ်တော့လည်း ကျွန်တော့်အသံ ကြားတာနဲ့ ဖုန်းပိတ်သွားတယ်၊ ကားမောင်းပေးခို့ အိမ်ကိုရောက်သွားတော့လည်း ဝတီက မရှိတော့ဘူး၊ အန်တီကြီးကလည်း မျက်စိမျက်နှာပျက်ပြီး စကားကောင်းကောင်း မပြောလိုက်ဘူး၊ အခုလုံခြုံရေးတွေကလည်း ကျွန်တော့်ကို ဟိုတယ်ထဲ မဝင်စေချင်သလိုလိုနဲ့ နာရေးကြောင့် ခွင့်မတိုင်မိတာ ကျွန်တော် အဲလောက်တောင် အပြစ်ကြီးသွားလား"

တိမ်မယ် မေးခွန်းကို ဦးသိန်းထိုက် ခေါင်းယမ်းလိုက်ကာ

"အဲဒီကိစ္စက အဲလောက် အရေးမကြီးဘူး ထင်တယ် တိမ်မယ်၊ တခြားအကြောင်းတစ်ခုခုကြောင့် ဝတီ နာကြည်းနေတာ ဖြစ်မယ်၊ မင်းခရီးသွားတဲ့နေ့က ဝတီ မင်းအိမ်ကို သွားတယ်၊ အဲဒီနေ့ကအပြန် အဲလိုဖြစ်သွားတာပဲ"

"ဒေါ်လေးကလည်း ဝတီ လာသွားတယ်လို့ ပြောပါတယ်၊ ပြန်တော့လည်း ရုတ်တရက်ကြီး ထပြန်သွားပြီး သူ့ကိုတောင် နှုတ်မဆက်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ နာရေးသတင်းလည်း မေးဖော်မရဘူးတဲ့၊ ဒေါ်လေးလည်း အဲဒီအချိန်က သူ့အစ်ကိုအတွက် ဝမ်းနည်းနေလို့ ဘာစကားအများမှ ပြောလိုက်မှာ မဟုတ်ပါဘူး''

''ငါလည်း မပြောတတ်တော့ဘူး ကောင်လေးရေ မင်းကို ဟိုတယ်ထဲ ပေးမဝင်ရဘူး။ အလုပ်ဖြုတ်လိုက်ပြီတဲ့''

''ဗျာ ဝတီ အဲလိုကြီးတောင် ဖြစ်သွားတာလား။ ဘာကြောင့်လဲ''

''မသိပါဘူးကွာ''

ဦးသိန်းထိုက် ဖြေသံက စိတ်ပျက်အားလျော့နေသလို အကျိုးအကြောင်း မသိရသည့် သူ့ရင်မှာတော့ ခံပြင်းခြင်းတို့နှင့် သွေးတွေဆူဆနေသည်။ အလုပ်ဖြုတ်ခံရတာထက် ချစ်သူရဲ့ ဥပေက္ခာပြုခံရတာက ပိုပြီး နာကျင်နေ၏။

''ဘာမှမသိရဘဲနဲ့တော့ ကျွန်တော် ဒီအတိုင်း မနေနိုင်ဘူး ဦးသိန်းထိုက်၊ ဝတီဆီကို သွားမေးရမယ်''

''မလုပ်ပါနဲ့ကွာ၊ အခု ဝတီ စိတ်က အရင်လို ပြန်ဖြစ်သွားပြီ ဝန်ထမ်းတွေအပေါ် ပြန်ပြီး မောက်မာလိုက်တာ နေစရာတောင် မရှိဘူး ငါလည်း အနေအစား ပြန်ကျပ်ပြီး လှုပ်လို့မရတော့ဘူး။ ရုံးခန်းထဲမှာ အမြဲမျိုး အပြစ်ရှာပြီး သောင်းကျန်းနေတော့တာပဲကွာ''

''သူ အဲလို လုပ်လို့မရဘူးလေ၊ ဟိုတယ်က အရင်လို နာမည်ပြန်ကျပြီး ဆုံးရှုံးမှုတွေ ဖြစ်လာမှာပေါ့''

''အေး အဲဒီကိစ္စက မင်းကြောင့် ပြောင်းလဲလာပြီးမှ အခု မင်းကြောင့်ပဲ အခြေအနေဆိုး ပြန်ရောက်တော့မလို ဖြစ်နေပြီ၊ တော်တန်ရုံ အကြောင်းလေးနဲ့ မင်းကို စိတ်နာနေတာ မဖြစ်နိုင်ဘူး''





''ဒါဆို ညီမလေးနဲ့ကိစ္စ သိသွားလို့လား မသိဘူး''

''ဘာ''

စကားလွန်သွားပြီးမှ ပြန်ထိန်းချုပ်ဖို့လည်း စိတ်ကူးမရှိတော့ပါ။ ညီမလေးနှင့်ပတ်သက်ရာ ပတ်သက်ကြောင်း ရှင်းပြလိုက်မိသည်။ စိတ်ဝင်စားစွာ နားထောင်နေသော ဦးသိန်းထိုက်က သက်ပြင်းရှိုက်၍ ကော်ဖီခွက်လေး ကောက်မော့ပြီးမှ

''ဒါဆို မင်းနဲ့ မင်းညီမလေးက မောင်နှမအရင်း မဟုတ်ဘူးဆို။ မင်းအဖေကလည်း အဖေရင်း မဟုတ်ဘူးပေါ့''

''ဒါပေမဲ့ တကယ့် မိသားစုလိုပဲ နေခဲ့ကြတာပါ၊ လူမှန်းတော်တော် သိတတ်တဲ့အရွယ်ရောက်မှ မွေးစားတာဆိုတော့လည်း ပတ်ဝန်းကျင်က ညီမလေးနဲ့ကျွန်တော့်ကို သမုတ်ဝေဖန်ကြတာပေါ့၊ အဲဒါကို ဝတီ အထင်လွဲနေတာ ဖြစ်မယ်''

''အင်း ဖြစ်နိုင်သလိုလိုနဲ့ မဖြစ်နိုင်ဘူးကွ၊ ဒီအကြောင်းကိစ္စ သာကြားက မင်းကို သူတကယ်ချစ်တယ်ဆိုရင် ပွင့်ပွင့်လင်းလင်း မေးပြီး အဲဒီမိသားစုထဲက ဆွဲထုတ်ခေါ်ရမှာပေါ့''

''ဦးသိန်းထိုက် တွေးတာလည်း ဟုတ်သားပဲနော်၊ ဒါဆို တခြား ဘာဖြစ်နိုင်မလဲ''

သူ့မေးခွန်းက ထပ်တလဲလဲ ဖြစ်နေသလို ဦးသိန်းထိုက်က လည်း ထပ်တလဲလဲ ခေါင်းယမ်းသည်။ သူ့အကြောအချဉ်တွေက တောင့်တင်း နေကြလျက် မခံချင်စိတ်တွေ ပြင်းပြနေ၏၊ ဘာမှမသိရဘဲ ယောကျ်ားမာနနှင့် မိန်းမတစ်ယောက် စွန့်ပစ်တာကို မခံနိုင်ပါ။

''ကျွန်တော် အခု သွားမေးမယ် ဦးသိန်းထိုက်၊ ဘာကြောင့်လဲ ဆိုတာ သိပြီးရင် ကျွန်တော် တွယ်ကပ်နေမယ့်ကောင်မျိုး မဟုတ်ပါဘူး၊ သူ့ဆီက အချစ်ကလွဲရင် ဘာကိုမှလည်း မမက်မောဘူး၊ ရှုချခံရတာက



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းလုံးလို့ ထင်သွားလို့ဆိုရင်တော့ ကျွန်တော် လုံးဝ သည်းမခံဘူး''

''ဟာ ကောင်လေး ကောင်လေး တိမ်မယ်''

ဦးသိန်းထိုက်ဆီက အလန့်တကြား ဟန့်တားသံကို ကြားပေမယ့် သူ့ခြေလှမ်းတွေ တုံ့ရပ်မသွားခဲ့ပါ။

ဟိုတယ်ကို အမြန်ပြေးသည်။ ဝတီ ရုံးခန်းကို ရောက်မည့် လှေကားထစ်တွေကို ခြေလှမ်းကျဲနှင့် တဒုန်းဒုန်း တက်လာခဲ့၏။ ဝန်ထမ်း ပေါင်းများစွာရဲ့ အထိတ်တလန့် မျက်လုံးများကို သူ ဂရုမစိုက်။

ယောက်ျားမာနတို့ဖြင့်သာ ရင်မှာ လှိုင်းထန်နေသည်။

''ဝတီ''

ရုံးခန်းတံခါးကို ဖြုန်းခနဲ ဖွင့်၍ ဆောင့်စနဲ ခေါ်လိုက်သည်။

မော့ကြည့်လိုက်သည့် တိမ်လွှာဝတီ မျက်ဝန်းများက စိမ်းသက် ခြင်းများနှင့် စူးရှလက်တောက်နေ၏။

''ဖြေရှင်းချက်ပေးပါ''

''ဘာကိုလဲ အလုပ်ဖြုတ်လိုက်တာကိုလား''

မေးခွန်းက ပြတ်တောက်လျက် ဥပေက္ခာများအပြည့်။

သူက လက်သီးကို တင်းတင်းဆုပ်ထားမိကာ

''အလုပ်ရှင်က အလုပ်သမားတစ်ယောက်ကို အလုပ်ဖြုတ်တာ လုံလောက်တဲ့ အကြောင်းပြချက် ရှိလိမ့်မယ်ဆိုတာ ကိုယ် နားလည်တယ် ချစ်သူတစ်ယောက်ကို အကြောင်းမဲ့သက်သက် အစိမ်းလိုက် ဖြတ်တောက် တာတော့ ကိုယ် မခံနိုင်ဘူး ဝတီ၊ ဘာကြောင့်လဲဆိုတာ ပြောပါ''

''မချစ်တော့လို့ပေါ့ ရှင်းနေတာပဲ''

''ခိုင်လုံတဲ့ သက်သေနဲ့ ကိုယ်ခံစားနိုင်အောင် ပြောပေးပါ ဝတီ''

သရော်လိုသည့် အပြုံးမှာ နာကျင်မှုတွေ ပါနေမှန်းသိပေမယ့် တစ်စုံတစ်ရာကို မသိရဘဲ လှည့်ပြန်သွားဖို့ စိတ်ကူးမရှိပါ။





''ရှင့်မေးခွန်းကိုဖြေဖို့ ဝတီမှာ အချိန်ပို မရှိဘူး တိမ်မယ်၊ နောက်တစ်ခေါက် ဝတီ ခွင့်ပြုချက်မရဘဲ ဒီရုံးခန်းထဲကို ဝင်မလာခဲ့နဲ့၊ ဟိုတယ်မှာလည်း အလုပ်ဆင်းစရာ မလိုတော့ဘူး၊ ဒီမှာ နစ်နာကြေး သုံးလစာ၊ ဒါယူပြီး ပြန်တော့''

''ဝတီ''

စားပွဲပေါ် ပစ်တင်ပေးလိုက်သော ငွေထုတ်ကိုကြည့်၍ သူ စူးခနဲ အော်ပစ်လိုက်၏။ ဝတီက ဆုံလည်ထိုင်ခုံကိုလှည့်၍ သူ့ကိုကျောခိုင်း လိုက်သည်။

ဒါဟာ ချစ်သူတစ်ယောက်ကို ညင်ညင်သာသာ နှုတ်ဆက်ခြင်း လား။ ဂုဏ်မနေမဲ့သူမို့ ဒီလို လုပ်ကြံခံရတာ ပိုပြီးရင်နာသည်။

သူ့လက်သီးဆုပ်က ပြေကျမသွားဘဲ ပို၍တင်းရင်းလာကာ မျက်ရည်ပေါက်ကြီးတွေ လိမ့်ဆင်းလာ၏။ အသက်ရှူသံတွေ ပြင်းနေချိန် မှာ ဝတီ ခလုတ်တစ်ခု နှိပ်လိုက်၍ ရုံးခန်းထဲကို လုံခြုံရေးတွေ ပြေးဝင် လာသည်။

သူ့ကို တစ်ဖက်တစ်ချက်စီ ချုပ်ကိုင်ပြီး ရုံးခန်းထဲက ဆွဲထုတ် ခေါ်သွားတော့ ရုန်းကန်ဖို့ သတိမရဘဲ နာနာကျင်ကျင် တက်ခေါက်မိ၏။ ဝတီပေးသော ငွေထုပ်လေးကို မျက်စောင်းပင် လှည့်မထိုးမိပါ။

ဘယ်အငြိုးနှင့် ကိုယ့်ရင်ခွင်ကို တိုးဝင်လာပြီးမှ စိုက်ကန်နှင်ထုတ် ရတာလဲ။ အကြောင်းမသိဘဲ ရုပ်ပျက်ဆင်းပျက် ကျရှုံးနောက်ဆုတ်ခဲ့ရ သော သူ့ရင်ထဲမှာ ဒဏ်ရာတွေ ဗရပွနှင့်ပါ။

အသည်းကွဲကြေပြုန်းရတာ ချစ်သူဘဝမှာ မထူးဆန်းပေမယ့် ဒဏ်ရာရ အပြစ်တစ်ခုမှာ အမည်နာမ မရှိတာ ရင်နာမိတယ် ဝတီ၊

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ဘာဖြစ်လာတာလဲ ကိုကို"

စိုးရိမ်တကြီး မေးလိုက်တာ သိပေမယ့် ပြန်ဖြေဖို့ အင်အား မရှိသည့်
ဆက်တီခုံပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

မေယမုံဖူးက သူ့အနားတိုးကပ် ဝင်ထိုင်ကာ

"ဘာဖြစ်လာတာလဲ ပြောပါ ကိုကို၊ ကိုကို ဒီလို စိတ်မာတ်
ခွေယိုင်ပြီး အိမ်ပြန်လာတာမျိုး တစ်ခါမှ မမြင်ဘူးတော့ ဖူးဖူး စိတ်
တယ်"

"ဘာမှမဟုတ်ပါဘူးကွာ၊ စိတ်မကောင်း မဖြစ်နဲ့"

"ဟင့်အင်း ဖူးဖူးတို့က ကိုကို့ကို မှီခိုပြီးနေရတာပါ၊ ဘာ
စိတ်ထိခိုက် ခံစားနေရတာလဲ၊ ပွင့်ပွင့်လင်းလင်း ပြောပါ၊ ဒါမှ တ
ဖြေသိမ့်ပေးနိုင်မှာပေါ့"

"ကိုကို အလုပ်ပြုတ်လာတာ"

"ဟင်"





တိုပြတ်စွာ ပြောပြီး မျက်နှာကို လက်ဝါးဖြင့် အုပ်ထားမိတော့
မေယမုံဖူးက ဖွတ်အတင်း ဆွဲခွာ၏။

"တိမ်လွှာဝတီနဲ့ ကိုကိုက ချစ်သူတွေဆို ဘယ်လိုဖြစ်တာလဲ"

"ကိုကိုလည်း မသိဘူး၊ သူလည်း မပြောဘူး"

"အကြောင်းတစ်ခုခု ရှိနေမှာပဲ၊ မပြောလို့ ဖြစ်မလား ကိုကို၊
ရအောင်မေးခဲ့ရမှာပေါ့"

"အပြစ်သားတစ်ယောက်လို ဆွဲထုတ်ခံခဲ့ရတာ၊ ဘယ်လိုရ
အောင် မေးရမှာလဲ"

"ဘာ ကိုကို့ကို"

တိမ်လွှာဝတီနှင့် ချစ်သူဖြစ်သွားစဉ်က နာနာကျင်ကျင် ခံစား
ခဲ့ရသော ရင်ဘတ်ကြီးက ဆွဲထုတ်စွန့်ခွာလိုက်တာ ကြားလိုက်ရတော့
လည်း မသက်သာပါ။

သူမ ချစ်သော ကိုကို့ကို ဘာကြောင့် ဒီလို လုပ်ရတာလဲ။

"ဂုဏ်မနနဲ့ အနိုင်ကျင့်ခံရတာ သည်းခံနေလို့ မဖြစ်ဘူး ကိုကို၊
အကြောင်းပြချက် မခိုင်လုံရင် သူ့ကို တရားစွဲရမယ်"

"ဘယ်လိုပုဒ်မနဲ့လဲ ညီမလေးရယ်၊ အလုပ်ရှင်က အလုပ်သမား
ကို အလုပ်ဖြုတ်တာ ဆန်းလို့လား၊ အပြစ်တစ်ခုလောက် အကြောင်းပြ
လိုက်ရင် ကိုကိုတို့က ဆင်ခြေပေးလို့ ရမှာလား"

"ဒါဆို ချစ်သူဘဝ ပြတ်ဆဲခံရတဲ့ အကြောင်းပြချက်တော့ သိရမှ
ဖြစ်မှာပေါ့ ကိုကို၊ ယုန်ကမတိုးခင်တောင် ပိုက်ကတိုးခဲ့ပြီးမှ ဒါ ဘာသဘော
လဲ"

"အမျိုးမျိုး တွေးကြည့်တယ်၊ အဖြေမထွက်ဘူး၊ သူ ဖွင့်မပြော



www.burmeseclassic.com

www.burmeseclassic.com



ရင် စဉ်းစားရင်းနဲ့ ရှုးလိမ့်မယ်''

''ဖူးဖူးနဲ့ ပတ်သက်နေလား''

မယောင်မလည် အမေးမှာ ရှောင်လွှဲသလို မျက်နှာငုံ့ထားလိုက်မိ၏။ မေယမုံဖူးက သူ့မျက်နှာကို သေချာကြည့်နေကာ

''အဲဒီကိစ္စကြောင့်ဆိုရင်တော့ ဖူးဖူး ရှင်းပြပေးမယ် ကိုကို''

''ဟင့်အင်း မလိုဘူး။ သူ ဒါကြောင့်ပါလို့ ပြောလာရင်တော့ ကိုကို ကိုယ်တိုင် ဖြေရှင်းလို့ ရပါတယ်၊ အခုဟာက ဘာမှကို မသိရတာ''

''ကိုကို ဒီအတိုင်းပဲ နေလိုက်တော့မှာလား''

''မပြည့်စုံတဲ့သူမို့ တွယ်ကပ်နေတာမျိုး မဖြစ်အောင် ဒီအတိုင်း နေရတော့မှာပေါ့ ညီမလေးရယ်၊ ကိုကို တခြားအလုပ်ရှာမှာပါ၊ ညီမလေး သင်တန်းတက်ရမှာကို အေးအေးဆေးဆေး တက်''

''ဖူးဖူးလည်း အလုပ်တစ်ခုခု လုပ်ပါမယ် ကိုကို၊ ကိုကို တစ် ယောက်တည်း ပင်ပန်းပါတယ်၊ တက္ကသိုလ်တက်ဖို့လည်း ငွေရှာရဦးမှာ''

''ဟင်း ကိုကို တစ်ယောက်တည်း ကြိုးစားနိုင်ပါတယ် ညီမလေး ရယ်၊ ဖေဖေလည်း မရှိတော့ဘူးဆိုတော့ ညီမလေးကို ကိုကိုပို့ပြီး ကျောင်း ရောက်ရမှာပေါ့''

''တာဝန်က ကြီးပါတယ်၊ မနိုင်ဝန်မထမ်းပါနဲ့ ကိုကို၊ ဖူးဖူး လည်း တစ်ဖက်တစ်လမ်းက ကိုယ့်ဝန်ကိုယ် ထမ်းနိုင်သရွေ့ ထမ်းကြည့် ချင်ပါတယ်''

တဖြည်းဖြည်း နားလည်မှုရှိလာသော ညီမလေးကို မျက်ထောင့် တစ်ချက်လှန်ကြည့်ရင်း

''ဒီပါနဲ့ရော အဆင်ပြေရဲ့လား''





''ဒီလိုပါပဲ''

''ဒီလိုပါပဲ ဆိုတာက''

''အဖြေတော့ ပေးပြီးပါပြီ''

''ကောင်းပါတယ် ဒီပါက ညီမလေးအတွက် အသင့်တော်ဆုံး ပါပဲ၊ ညီမလေးဂုဏ်သိက္ခာကို ယုံကြည်ပြီး တန်ဖိုးထားလိမ့်မယ်လို့ ကိုကို သိနေတယ်''

တိုက်တွန်းတာလားလို့ အရင်လို မခနဲ့ရက်ပါ။ တစ်ယောက် အတွက် တစ်ယောက်စဉ်းစားပြီး ဆုံးဖြတ်ခဲ့ကြတာပဲ မဟုတ်ပါလား။

''ဒါက ဘယ်လိုဖြစ်လာတာလဲ''

''ဟင် ဒေါ်လေး''

အရင်းမရှိ အဖျားမရှိ မေးခွန်းထုတ်ရင်း ဒေါ်လေး ဝင်ထိုင် သည်။ တိမ်မယံက အရာရာ စိတ်ကုန်နေသလို မှိုင်တွေငေးငိုင်လို့။

''အလုပ်ရော သွားဆင်းရဲ့လား၊ စောစောစီးစီး အိမ်ပြန်ရောက် နေလို့''

''ဟို ကိုကိုက''

''ဒီလိုပါ ဒေါ်လေး ကျွန်တော် ခရီးပမ်းလာတဲ့ အရှိန်နဲ့ သိပ် အလုပ်မလုပ်နိုင်လို့ ဒီနေ့ ခွင့်ယူပြီး ပြန်လာတာပါ''

ဖူးဖူး စကား ဆက်လို့မရအောင် ဖြတ်တောက်ပြောလိုက်ရခြင်းက ဒေါ်လေး အထင်မမှားစေချင်လို့ပင်။ နောက်ဆက်တွဲ ပြဿနာကိုလည်း ကိုယ်တိုင် ဖြေရှင်းရမှာပဲ မဟုတ်လား။

''အေး ဘာဖြစ်ဖြစ် အရင်ထက် ဆင်ခြင်နေထိုင်ရတော့မယ် ဆိုတာတော့ ခေါင်းထဲထည့်ထားကြပေါ့၊ အခုဆို အစ်ကိုကြီး မရှိတော့ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှလည်း ပြန်လာမှာ မဟုတ်တော့ဘူး။ အဲဒီအတွက် မင်း ဖြစ်ဖြစ် ဖူးဖူးဖြစ်ဖြစ် အိမ်ထောင်ကျပြီး ခွဲနေကြမှ သင့်တော်လိမ့်မယ်၊ ဒါက အဒေါ်တစ်ယောက်အနေနဲ့ ပြောသင့်တယ်ထင်လို့ ပြောတာ''

''ဒေါ်လေး''

''ညည်းတို့ သံယောဇဉ်ကို နားလည်တယ် ဖူးဖူး၊ ဒါပေမဲ့ ကိုယ့်လမ်းကိုယ် အပြစ်အနာအဆာ ကင်းကင်းနဲ့ လျှောက်စေချင်တယ် ကဲ မောင်တိမ်မယံ မင်းလည်း သူဌေးသမီး လှပ်ငန်းရှင်နဲ့ မေတ္တာမျှနေ တာပဲ၊ အချိန်မဆွဲဘဲ မြန်မြန်လက်ထပ်ပြီး ဖူးဖူးကို အဝေးကနေ စောင့် ရှောက်ပါ၊ ဖူးဖူးကတော့ ငယ်လည်း ငယ်သေးတယ်၊ ကျောင်းလည်း မပြီးသေးတဲ့အတွက် အရင်လက်ထပ်လို့ မဖြစ်သေးဘူး ဒေါ်လေး ပြော တာ နားလည်ရဲ့လား''

''ဟုတ် ဟုတ်ကဲ့''

ဒေါ်လေး အေးအေးဆေးဆေး ပြောပြနေသည်မို့ အလိုက်သင့် ပင် ခေါင်းညိတ် နားထောင်နေရသည်။ ဖူးဖူးက သူ့မျက်နှာကို ကြည့်ပြီး သနားကရုဏာ သက်နေသလိုပါ။

ဒေါ်လေးကတော့ ပြောချင်ရာ ပြောပြီး ထုံးစံအတိုင်း အိမ်ပြင် ပြန်ထွက်သွားပြန်သည်။

''ဘာလို့ အမှန်အတိုင်း မပြောလိုက်ရတာလဲ၊ အလုပ်ပြုတ် လာတာရော တိမ်လွှာဝတီနဲ့ ခုလိုဖြစ်လာတာရော''

''ဒေါ်လေး သံသယတွေ ကြီးမားပြီး ပူလောင်နေမှာစိုးလို့ပါ ဒီလိုဖြစ်တယ်သာ သိရင် ပြောဆိုပြစ်တင်နေတာနဲ့ ကိုကိုလည်း ပိုပြီး အနေကျုံ့မှာပဲ မဟုတ်လား။ ကိုကို နေ့တိုင်း ဟူရှေ့မပျက် အလုပ်ရှာ





ထွက်မှာ၊ ငွေရှာထွက်မှာပါ၊ ကိုကို့အတွက် ဘာမှတွေးမပူပါနဲ့ ညီမလေး ရယ်''

သူမ စိတ်သက်သာအောင် ပြောနေတာဆိုပေမယ့် ကိုကို့ အသံက အားပျော့နွမ်းလျလွန်းနေပါသည်။ ကိုကို ဒီလို ထိခိုက်နာကျင် နေတာမြင် တော့ သူမ ရင်ထဲ ဆို့နင့်ထိရှနေအောင် ခံစားရသည်။

သွေးသား မတော်စပ်တာမို့ သာသာလေး မျက်နှာလွှဲ ရှောင် ထွက်သွားလို့ ရပါလျက်နဲ့ အနစ်နာခံ ပေးဆပ်ဖို့ ဆုံးဖြတ်ထားတန်တူ၏။

ကိုကို့အတွက် တစ်ခုခု ပြန်ပေးဆပ်ခွင့်ရချင်သည်။

အရောင်မဲ့ သကော်တာအဖြစ်ကျလာတဲ့ မျက်ရည်တွေပါ ကိုကို။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"ဟယ် နင် ဘာလို့ သင်တန်းမတက်တော့တာလဲ ဖူးဖူး"

"ငါ အလုပ်လုပ်ချင်လို့"

"ဟင် နင့်ကိုကိုက သူဌေးမနဲ့ ယူမှာတောင် နင့်ကို မထောက်ပံ့တော့ဘူးတဲ့လား"

"အေးလေ အရင်ကတောင် ပင်ပင်ပန်းပန်း အလုပ်လုပ်ပြီး တာဝန်ယူခဲ့ပြီးတော့ သူဌေးမကိုရမှ မျက်နှာလွှဲခဲပစ် လုပ်တော့မလို့တဲ့လား မိန်းမ ငြိုငြင်မှာကြောက်လို့နေမှာပေါ့"

စိတ်ထင်သလို ကိုကို့ကို ပြစ်တင်ဝေဖန်နေကြသော သန္တာနှင့် သီရိကို ဖူးဖူး မကျေမနပ် မျက်စောင်းထိုးလိုက်မိသည်။

"နင်တို့ ထင်သလို မဟုတ်ပါဘူးဟာ၊ အရင်ကတည်းက ကိုကို ငါ့အပေါ် အနစ်နာခံ ကောင်းလာခဲ့တာ နင်တို့အသိပဲ၊ အခုက ကိုကို့နဲ့ တိမ်လွှာဝတီ ပြတ်သွားကြပြီ"

"ဘာ ဘယ်လိုဖြစ်တာလဲ"





"ချစ်သူသက်တမ်းကလည်း တိုလှချည်လား၊ နင့်အစ်ကိုကို တိမ်လွှာဝတီ ကျောရရုံ ကြံသွားတာလား"

"ဘာအကြောင်းဆိုတာ ကိုကိုတောင် သေချာမသိဘူး၊ ကိုကို အရမ်းစိတ်ထိခိုက်ပြီး ခံစားနေရတာဟာ သိနားပါတယ်"

"နင် ဝမ်းသာနေလား ဖူးဖူး"

"ဘာ"

သီရိ မေးခွန်းက ဖူးဖူးကို ဆတ်ခနဲတောင် တုန်သွားစေသည်။

"နင် ဘာလို့ အဲလို မေးတာလဲ သီရိ"

"တိမ်လွှာဝတီနဲ့ နင့်အစ်ကို ချစ်သူတွေဖြစ်တော့ နင် အရမ်း ခံစားနေရတယ်လေ၊ အခု ပြတ်သွားပြီဆိုတော့"

"ဟင့်အင်း လောဘကြီးခဲ့တယ်ဆိုရင်တောင် အဲဒါ ဟိုအရင်ကပါ၊ အခု စိတ်ရှင်းရှင်း ထားနိုင်အောင်လို့ ဒီပါကိုတောင် အဖြေပေးပြီးပြီပဲ"

"ဒီပါကိုတော့ နင် မချစ်ဘူး မဟုတ်လား"

သီရိတို့ မေးခွန်းက သူမကို အခက်တွေ့ အသက်ရှူကျပ်စေ၏။ သို့ပေမဲ့ ရင်ထဲ ခံစားရသမျှ မျိုသိပ်ဖို့ ပြင်ဆင်ပြီးသားပါ။

"ငါအခု ကိုကို့အတွက် စိတ်မကောင်းဖြစ်နေတာပါ၊ ငါ့အပေါ် အနွံတာခံ ကောင်းလာခဲ့တဲ့ ကိုကို့ကို တစ်ခုခု ပြန်ပေးဆပ်ဖို့လည်း ဆုံးဖြတ်ထားတယ်"

"ဘယ်လို ပုံစံမျိုးနဲ့လဲ"

"တိမ်လွှာဝတီနဲ့ ပြန်အဆင်ပြေအောင်လို့ပါ၊ ဘာကြောင့်လဲဆိုတဲ့ အကြောင်းရင်း ဇစ်မြစ်ကိုသိရရင် ဖြေရှင်းလို့ ရတဲ့နည်းလမ်းလည်း ရှိမှာပါ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါမှ ကိုကို ပင်ပန်းတဲ့အလုပ်တွေ မလုပ်ရဘဲ ချမ်းချမ်း သာသာ နေရမှာပေါ့"

"နင့်ကိုယ်နင်ထက် နင့်အစ်ကို တိမ်မယံကို ပိုချစ်တတ်လာပြီပဲ ဖူးဖူး"

"ဟင်"

ဘာပြောပြော အပြစ်မလွတ်သလို ဖြစ်နေတာမို့ ဖူးဖူး မျက်မှောင်ကြုတ်သွားသည်။ သန္တာက ဖူးဖူး ကျောလေးကို ဖွဖွပုတ်၍

"လောဘ်နည်းလာလို့ တိမ်မယံအတွက် တွေးတတ်လာတာကို ပြောတာ၊ ကိုယ့်အတွက်လို့ အတ္တမရှိတော့ဘူးဆိုရင် မျှတွေးတတ်လာတော့ နင် စိတ်သက်သာတာပေါ့၊ ဒီပါ အပေါ် ချစ်တတ်အောင် ကြိုးစားမယ်ဆိုရင် ပိုကောင်းတာပေါ့ဟာ"

"အေး အဲဒါလည်း ဟုတ်ပါတယ်၊ ဒါပေမဲ့ နင် သင်တန်း တော့ တက်သင့်တယ်ဟ၊ နင်က ကွန်ပျူတာ တက္ကသိုလ်တက်မှာဆိုတော့ အခြေခံ အထောက်အကူရတာပေါ့၊ ပြီးတော့ ဒီခေတ်ကြီးက ပညာကောင်းကောင်းတတ်မှ နေရာကောင်းရတာ"

"နင်တို့ပြောတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကိုကို့ကို သနားတယ်ဟ၊ ငါ့အတွက် အရမ်းပင်ပင်ပန်းပန်း ရုန်းကန်နေရမှာ"

"အဲလို မဖြစ်စေချင်ရင် သင်တန်းကြေးအတွက် ကိုယ် ကူညီမယ်လေ ဖူးဖူး"

"ဟင် ဒီပါ"

ဒီပါက အအေးဆိုင်လေးထဲ ဝင်လာပြီး ဖူးဖူး အနားက ခုံမှာ ဝင်ထိုင်၍ ပြောသည်။ သန္တာနှင့်သီရိက မျက်ခုံးတွေပင့် မျက်စတွေပစ်ကာ

"ဒီပါ နင်က ဖူးဖူးကို တော်တော် ကူညီချင်နေတယ်ပေါ့"





"ကိုယ့်ချစ်သူ အဆင်ပြေဖို့ပဲ ကူညီချင်တာပေါ့ဟ"

"အဲဒါဆို သူ့အစ်ကိုကို ကားပြန်ငှားပေးလိုက်"

"ဟင် ကိုတိမ်မယံက ဘယ်လိုဖြစ်"

"အဲဒါတွေ မေးမနေနဲ့၊ တိမ်မယံကို အလုပ်ပေးရင် ဖူးဖူးကို ကူညီသလိုပဲ၊ အဲဒါမှ ဖူးဖူး သင်တန်းတက်လို့ရမှာ"

"အေး အဲဒါကတော့ အဆင်ပြေမှာပါ၊ အိမ်မှာ ကားတစ်စီးနှစ်စီးကတော့ အမြဲ အပိုရှိနေတာပဲ"

"တ တကယ်လား ဒီပါ"

ဖူးဖူးက ဝမ်းသာအားရ ဒီပါ လက်ကို ဆုပ်ကိုင်ပြီး မေးသည်။ ဒီပါက ဖူးဖူး လက်ကလေးပေါ် အုပ်မိုးဆုပ်ကိုင်၍ ခေါင်းညိတ်ပြ၏။

ဒီလိုနှင့် ဒီပါတို့ အိမ်က ကားကို တိမ်မယံ ပြန်မောင်းခွင့်ရသည်။ ဟိုအရင်က အချိန်လေးလို အခြေအနေက တစ်ဖန်ပြောင်းလဲသွားခဲ့ပေမယ့် တိမ်မယံရဲ့ စိတ်နှင့်ပုံစံက အရင်လို မဟုတ်တော့ပေ။

စက်ရုပ်တစ်ရုပ်လို တာဝန်အရ သွားလာလှုပ်ရှားနေပြီး စိတ်ခံစားမှုတွေလျက် မရှိသလို ထုံထိုင်းအေးစက်နေသည်။

နွတ်ခမ်းမွှေး၊ ပါးမြိုင်းမွှေးများတောင် ပြုပြုပြင်ပြင် မရှိတော့ဘဲ သူ့ရဲ့ စိတ်ဓာတ်ကျနေသလို ရှိ၏။

ကိုကို ဒီအတိုင်း လုံးပါးပါးသွားလျှင်ဖြင့်. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ဒီလိုကြီး လုပ်နေတာတော့ မဟုတ်သေးဘူး ထင်တယ် ဝတီ၊ အာရုံနီးတွေ တစ်ဖက်စွန်းရောက်လို့ ညည်းကိုယ်ညည်း နှိပ်စက်နေသလို ဖြစ်နေပြီ"

"မသေနိုင်သေးပါဘူး၊ ဝတီ ဘယ်လိုဖြစ်ဖြစ်ပါ"

"အဲဒီလို ပစ်စလက်ခတ် ပြောနေတာကိုက တိမ်မယံကို ညည်း ချစ်နေသေးလို့ မဟုတ်လား၊ ညည်းမောင်လေး ယာဉ်တိုက်မှုဖြစ်တာက အရှိန်ခွေးလို့ နောင်ဘဝထိ ရောက်နေလောက်ပြီ၊ ညည်းက ဘာလို့ ခုချိန်ထိ အခဲမကျေနိုင်ဖြစ်နေရတာလဲ"

"အဲလို မောင်လေးကို ဘဝကူးအောင် လုပ်လိုက်တာကိုက အပြစ်ပဲလေ၊ တိမ်မယံကို မြင်နေရရင် မောင်လေးကို အမြဲသတိရနေမိ မှာ၊ အဲဒါကြောင့် တိမ်မယံကို မမြင်ချင် မတွေ့ချင်တာ"

"အခု မမြင်မတွေ့ရတော့ရော ညည်းမေ့ထားနိုင်လို့လား ဝတီ၊ ဦးမြင့်ကျော်ရဲ့ သားဖြစ်လို့ တိမ်မယံကို မချစ်တော့ဘူးဆိုတာ သေချာရဲ့





သား"

ထိုမေးခွန်းကို ဖြေဖို့အားယူကြည့်သည်။ သွားနှင့်အံကြိတ် ဖိ ကိုက်ထားမိသည့် နှုတ်ခမ်းသားလေးတွေသာ သွေးဆို့လာပေမယ့် ဖွင့် ထင်း ငြင်းဆန်ဖို့ စကားလုံးတွေ ပျောက်ဆုံးနေ၏။

မာနတို့က အချစ်တို့နှင့်ရောနှော ကျန်ရစ်ခဲ့ပြီ ထင်သည်။

"စိတ်နဲ့ဆန္ဒကို ခွဲခြားသိသင့်တယ် ဝတီ၊ စိတ်က ကိုယ့်ရဲ့ ောင်လေး သေသွားရတာကြောင့်ဆိုပြီး တရားခံရဲ့သားကို မုန်းပစ်ချင် မယ့် ဆန္ဒတွေက ဝေးနေရတာကို မခံစားနိုင်ဘူး မဟုတ်လား၊ ဘာလို့ န်းချင်ယောင် ဆောင်နေမှာလဲ ဝတီ၊ ကိုယ့်စိတ်သက်သာအောင် ခွဲခြား ကြည့်ပါလား"

"ဟင့်အင်း ခွဲခြားကြည့်လည်း ပြောင်းလဲသွားမှာမှ မဟုတ်တာ၊ ူက မောင်လေးကို ကားနဲ့တိုက်သတ်သွားတဲ့ ဦးမြင့်ကျော်သားပဲ"

"အပြစ်တွေကို သွေးနဲ့ချွေးနဲ့ ပေးဆပ်ပြီး ထောင်ထဲမှာပဲ သေသွား ာတဲ့ လူတစ်ယောက်ကို ညည်း မကျေနပ်နိုင်သေးဘူးလား၊ ကျေအေး ေနိုင်သေးဘူးလား၊ သူ့မိသားစုတွေရော ဘယ်လောက် ပူလောင်သောက ောက်နေရတယ်ဆိုတာ ညည်းအခု လက်တွေ့သိခဲ့ပြီ မဟုတ်လား၊ အသက် ်ချောင်းချင်း ညီမျှနေပြီပဲဥစ္စာ၊ အာဃာတ မထားပါနဲ့တော့"

တိမ်လွှာဝတီ ခေါင်းတွင်တွင်ယမ်း၍ ယိုင်နဲ့စွာ ထရပ်သည်။

"ဒီအကြောင်းတွေ မပြောပါနဲ့တော့ အန်တီကြူ၊ မောင်လေး ကြောင်း မေ့ပျောက်ကုစားဖို့ အချိန်လိုတယ်"

"အဲဒီအချိန်အတွင်းမှာ ညည်းမောင်လေးကိုရော တိမ်မယံကို ာ မေ့ပစ်နိုင်ရင် ကောင်းတာပေါ့ ဝတီ၊ ဘယ်သူ့ကိုမှ မမေ့ဘဲ ဖေသူသန်



www.burmeseclassic.com

www.burmeseclassic.com



အတွေ့တွေနဲ့ ခံစားနေမယ်ဆိုရင်တော့ ညည်းအဲဒီ အတွေ့တွေပိပြီး သေမှာပဲ ပြီးတော့ တိမ်မယံ ဖြေသာအောင် ဘာကြောင့်ဆိုတာ ပြောပြသင့်တယ်"

"သိအောင်ပြောရင် အယူခံဝင်ခွင့် ပေးသလို ဖြစ်နေမှာပေါ့ ဒီအတိုင်း အစိမ်းလတ်လတ် ရင်ကွဲတော့လည်း မောင်လေး မသေခင် နာကျင်မှုတွေ ခံစားသွားရတာကို လက်စားချေခွင့် ရတာလို့ အောက်မေ့လိုက်မယ်"

"ညည်း သက်သာရဲ့လား ဝတီ"

နေသာထိုင်သာမရှိတာ သိသိကြီးနှင့် မေးလိုက်တာက အရွဲ့တိုက်နေတာပဲ ဖြစ်လိမ့်မည်။ မကြားချင်ယောင်ဆောင် လှမ်းထွက်လာခဲ့ရင်း မျက်ရည်စတွေကိုပါ ခါထုတ်ပစ်ခဲ့၏။

ဟိုတယ်ကို ရောက်လာသည်အထိ မကျေနပ်ချက်တို့ ကပ်ငြိပါလာကာ ရုံးခန်းတွင်းမှာ ဝုန်းဒိုင်းကျဲ ပေါက်ကွဲပစ်လိုက်သည်။

ဘာကိုမှ စိတ်တိုင်းမကျ ဘာကိုမှ အလိုမကျ။

"ဝတီ"

ရုံးခန်းတွင်း ဦးသိန်းထိုက် ခပ်ရှိရှိ ဝင်လာ၏။ ပြန့်ကျဲနေသည့် ပစ္စည်းတွေကိုကြည့်ကာ ခပ်ပြင်းပြင်း သက်ပြင်းရှိုက်၍

"သန့်ရှင်းရေး လွှတ်လိုက်ရမလား ဝတီ"

"မလိုဘူး"

"အလှကုန် ကုမ္ပဏီတစ်ခု ရောင်းအားမြှင့်တင်ပွဲ မိတ်ဆက်ပွဲအတွက် အထူးခန်းတစ်ခန်း လာငှားတယ်၊ အဲဒါ စရံငွေပေးလက်မှတ်ထိုးဖို့ ဘယ်အချိန် ကွန်တက်လုပ်လိုက်ရမလဲ"

"မနက်ဖြန်ဖြစ်ဖြစ်ပြီး ရှင် ဒီလောက်တောင် တာဝန်မယူနိုင်ဘူးလား ဦးသိန်းထိုက်၊ ဝတီ စိတ်မပါရင် ဘာအလုပ်မှ မလုပ်ဘူးဆိုတာရော ရှင် မသိဘူးလား"

လေသံက ပြင်းလွန်းသလို တမင်သက်သက် အပြစ်ရှာနေသလို ဖြစ်နေတာမို့ ဦးသိန်းထိုက် ခေါင်းညိတ်ရုံသာ တတ်နိုင်၏။

တိမ်မယံ မရှိကတည်းက ဝတီ စိတ်က ဟိုအရင်အချိန်တွေထက် ပိုကြမ်းတမ်းလာသည်။ ဘာပစ္စည်းမှ မနေမြောဘဲ စိတ်ရှိသလို ပေါက်ခွဲပစ်တာလည်း အကြိမ်ကြိမ်။

ဝန်ထမ်းတွေကို ဆူပူမာန်မဲပြီး စိတ်ထွက်ပေါက် ရှာနေတော့ရော သူမ သက်သာလို့လား။

ဦးသိန်းထိုက် သက်ပြင်းရှိုက်ပြီး အရဲကိုး ရှေ့တိုးရပ်လိုက်၏။

"ဝတီ"

ပြန်မထူးဘဲ စိတ်မရှည်သလို မျက်ခုံးပင့်၍ တုံ့ပြန်၏။

"တိမ်မယံကို ဘာကြောင့်အလုပ်ထုတ်တာလဲ၊ ဦးသိန်းထိုက် သိခွင့်ရှိမလား"

"ရှင်နဲ့မဆိုင်ပါဘူး။ ဒါ ဝတီ ကိုယ်ရေးကိုယ်တာပါ"

"ကိုယ်ရေးကိုယ်တာက စီးပွားရေးလုပ်ငန်းခွင်ကိစ္စတွေနဲ့ ရောနှောနေပြီ ဝတီ"

"ဘာ"

"ဝန်ထမ်းတွေ အနေကျုံ့ပြီး အသက်တောင် ပြင်းပြင်းမရှူရဲကြတော့ဘူး။ စိတ်တွေ မလန်းဆန်းတော့ ဧည့်သည်တွေနဲ့ ဆက်ဆံတာက အစ အဆင်မပြေဖြစ်လာပါတယ်၊ အဲလိုတွေဖြစ်လာရင် ဝတီ စီးပွားရေးကို ထိခိုက်လာမှာပဲ မဟုတ်လား"







www.burmeseclassic.com

www.burmeseclassic.com



"အဲလိုဖြစ်အောင်လုပ်တဲ့ ဝန်ထမ်းမှန်သမျှ အကုန်အလုပ်ဖြုတ်"

"ဝတီ ဘယ်လိုပြောလိုက်တာလဲ"

ဒီလောက်ထိ အစွန်းရောက် အတ္တကြီးနေတာ ဦးသိန်းထိုက်နားမလည်တတ်အောင် ဖြစ်နေရသည်။

ပြဿနာရှိရင် ဖြေရှင်းစရာ နည်းလမ်းရှိနေတာပဲ။

ပြေလည်အောင်မလုပ်ချင်တာက အချစ်ကြောင့်လား၊ အမုန်းကြောင့်လား၊ မာနကြောင့်လား။

ဒါပေမဲ့ အစိမ်းရောင်တောက်နေသော ဝတီ မျက်ဝန်းတွေထဲမှာ မျက်ရည်ရိပ်တွေနှင့်

"ကိုယ့်ကိုယ်ကို နာကျင်ခံပြီး သူများတွေကို နှိပ်စက်နေတာ မပင်ပန်းဘူးလား ဝတီ၊ တစ်ယောက်တည်း ကြိတ်မှိတ်ခံစားမနေဘဲ ဦးသိန်းထိုက်ကို ရင်ဖွင့်ပြီး သက်သာအောင် နေကြည့်ပါလား"

ပျော့ပျောင်းညင်သာသော အသံနှင့် လေးလေးနက်နက် ချော့မော့ဖျောင်းဖျပြီး ပြောတော့ ဝတီ မျက်လုံးတွေ တဖြည်းဖြည်း အရောင်ဖျော့လာကာ

"ဦးသိန်းထိုက် မတတ်နိုင်တဲ့ကိစ္စတွေပါ"

"မတတ်နိုင်ပေမယ့် ဝတီ စိတ်သက်သာအောင်တော့ နှစ်သိမ့်နိုင်မှာပါ၊ ဝတီ အရမ်းစိတ်ထိခိုက်ပင်ပန်းနေတာ ဦးသိန်းထိုက် သိတယ်"

"မောင်လေးကို ကားနဲ့တိုက်သတ်တာ ဘယ်သူလို့ ထင်လဲ ဦးသိန်းထိုက်"

"ဟင်"

"တိမ်မယံ အဖေ ဦးမြင့်ကျော်"

"ဘာ ထောင်ထဲမှာသေသွားတဲ့ လူကို ပြောတာလား"





"ဟုတ်တယ် သူ့အဖေ နာရေးအတွက် သူလိုက်သွားလို့ သူ့အဖေ ဘယ်သူဆိုတာ သိလိုက်ရတာ၊ သူ့ကို ဝတီ ကိုယ်တိုင် အလုပ်ခန့်လိုက်တာမို့ ကိုယ်ရေးရာဇဝင်နဲ့ အလုပ်လျှောက်လွှာ ဖောင်မတင်နိုင်းလိုက်ရတာ ဝတီတို့ မှားသွားတာပဲ၊ အဲလိုသာ လုပ်ဖြစ်လိုက်ရင် သူ့အဖေ ဘယ်သူဆိုတာ အဲဒီအချိန်ကတည်းက သိပြီး အလုပ်ခန့်ဖြစ်မှာ မဟုတ်ဘူး၊ ပတ်သက်မိမှာ မဟုတ်ဘူး"

"ဩော်"

ဘာကြောင့်ဆိုတာ သိလိုက်ရတော့လည်း အလွဲကြီးပါလား။ ဦးသိန်းထိုက် ရယ်ပင်ရယ်လိုက်ချင်သည်။

"တိမ်မယံကို ဦးမြင့်ကျော် သားဆိုပြီး မုန်းနေတာလား၊ ရောယောင်နာကြည်းပစ်ချင်နေတာလား"

"နှစ်ခုလုံးနဲ့ မေ့ပစ်နိုင်အောင် ကြိုးစားနေတာ၊ ဒါမှ မောင်လေး အသေဆိုးနဲ့ သေသွားရတဲ့အတွက် စိတ်သက်သာမှာ"

"ဒါဆိုရင်တော့ ဝတီ အထင်မှားနေပြီ"

"ဟင် ဘာပြောတာလဲ ဦးသိန်းထိုက်"

"တိမ်မယံက ဦးမြင့်ကျော်သား မဟုတ်ဘူး"

"ဘာ ဝတီ စိတ်သက်သာအောင် နှစ်သိမ့်မယ်ဆိုတာ ဒီစကားသား ဦးသိန်းထိုက်၊ ဘာကြောင့် တိမ်မယံက ဦးမြင့်ကျော်သား မဟုတ်ဘူးလို့ ပြောရတာလဲ၊ သူ့အဖေ နာရေးအတွက် ဝတီတို့ဆီကိုတောင် ဖုန်းမဆက်နိုင်၊ ခွင့်မတိုင်နိုင်အောင် ပျာယာခတ် ထိခိုက်ခံစားနေခဲ့တာ လေ၊ ဦးမြင့်ကျော် အိမ်မှာပဲ တိမ်မယံ နေတာ၊ ဦးမြင့်ကျော် သား ဘာလို့ မဖြစ်ရမှာလဲ"

ဝတီ ပေါက်ကွဲမှုတွေကို ဦးသိန်းထိုက် ထိတ်လန့်ကြောက်ရွံ့မှု မရှိတော့ဘဲ ခပ်လွင့်လွင့်ပြုံးလိုက်သည်။

"ဦးမြင့်ကျော်သားလို့ ယုံကြည်ပြီး ဝတီ ဘာမှခံစားမနေနဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



တိမ်မယ်က ဦးမြင့်ကျော်ရဲ့ မွေးစားသား အစစ်အမှန်ပဲ ဝတီ''

''မဖြစ်နိုင်တာ''

''တိမ်မယ် ကိုယ်တိုင် တိုက်ဆိုင်မှုနဲ့ ပြောပြခဲ့တာပါ၊ သူ့ညီမလေးဆိုတာကလည်း ညီမအရင်း မဟုတ်ပါဘူး''

''ဝတီ မယုံဘူး ဦးသိန်းထိုက်၊ သွေးသားမတော်စပ်ဘဲနဲ့ အဲဒီလူတွေအပေါ် သူ ဒီလောက်ပေးဆပ်ပြီး ကောင်းနိုင်ပါ့မလား၊ အခုတော့ ညီမလေးဆိုတာ ပါးစပ်ဖျားက ချတာမဟုတ်ဘူး၊ အမြဲဦးစားပေး စဉ်းစားနေတာလည်း ဒီညီမလေးအတွက်ပဲ၊ ဘွဲ့ရအောင်တောင် မယူနိုင်ဘဲကျောင်းထွက်ပြီး အလုပ်လုပ်နေတာ တော်ရုံမေတ္တာနဲ့လား''

''ဒါကတော့ ဝတီရယ်''

''ရှင်းနေတာပဲလေ သွေးသားအရင်းတွေတောင် ဒီလို အနစ်နာခံ ပေးဆပ်ကြတာ ရှားပါတယ်၊ သူစိမ်းဆိုရင် ပိုဝေးပြီပေါ့၊ အခု ဒီကိစ္စနဲ့ပတ်သက်ပြီး ဝတီကို ဘာမှမပြောပါနဲ့တော့ ဦးသိန်းထိုက်၊ မွေးစားသားလို့ ပြောပေးရုံနဲ့ ဝတီစိတ်က သက်သာသွားမှာမဟုတ်ပါဘူး၊ ဖြစ်လည်း မဖြစ်နိုင်လို့ပါပဲ''

စကားအပြတ်ပြောပြီး ဝတီ မျက်နှာလွှဲပြီဆိုတော့ ဦးသိန်းထိုက်သက်ပြင်းရှိုက်ပြီး လှည့်ထွက်ခဲ့ရသည်။

ဝတီရဲ့ အစွန်းရောက် တစ်ဖက်သတ် အယူအဆ စွဲလမ်းမှုတွေကို ဘယ်သူမှ ပယ်ဖျက်ပေးဖို့ မလွယ်ဘူး ထင်သည်။

အတ္တဆိုတာ အမှန်ကို မမြင်နိုင်သည့် မြူနှိုးတိမ်တိုက်တွေ ဖုံးကွယ်ထားသလိုပါပဲလား။

ဒီအလွှာတွေ ခွာချဖို့က. . .။

■ ■ ■



## အခန်း (၂၈)

''ဒါ တိမ်မယ်တို့ အိမ်ပါလား ခင်ဗျာ''

''ဟုတ်တယ် ဘာကိစ္စလဲ''

အိမ်တံခါးဝမှာ ဈေးဆွဲခြင်းကိုင်ပြီး ထွက်လာသည့် အဒေါ်ကြီး[illegible] တရိုတသေ မေးတာတောင် ချေငံပြေပြစ်မှုမရှိ ကိုယ့်ကို မသင်္ကာသလို ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။

တိမ်မယ့် နာမည်မေးလို့ မကြိုက်တာဘဲလား မသိ။

''ဟို ကျွန်တော်က တိမ်လွှာ ဟိုတယ်က မန်နေဂျာပါ၊ တိမ်မယ်နဲ့ တွေ့ချင်လို့ပါ ခင်ဗျာ''

''ဖူးဖူးရေ ဒီမှာ ညည်းအစ်ကို ညှိသည်လာတယ်ဟေ့၊ ငါ ဈေးသွားပြီ''

ဖော်ရွေမှုကင်းပြီး ဆက်ဆံရေး ကျဲတာကတော့ လက်လန် သည်။ [illegible]တက်ကို လှမ်းအော်ပြောကာ သူ့ကိုပေစောင်းစောင်း ကြည့်၍ ထွက်သွားသည်။ အိမ်ထဲက ကောင်မလေးတစ်ယောက်ရော တိမ်မယ်ရော ပြေးထွက်လာကာ



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဦးသိန်းထိုက်ကြီးပါလား၊ စောစောစီးစီး ကျွန်တော့်ဆီ လာလည်တာပေါ့"

"အေး မင်း တစ်ခါပြောဖူးထားတဲ့ လိပ်စာအတိုင်း ဟိုတယ် မသွားခင် ဝင်လာခဲ့တာ"

"တော်သေးတာပေါ့ ဦးသိန်းထိုက်ရာ၊ ကျွန်တော်က ထမင်း ကြော်စားပြီးရင် ကားမောင်းထွက်တော့မှာ"

"ငါ့ကောင် တက္ကစီပြန်မောင်းနေတာပေါ့"

"ဒီလိုပေါ့ဗျာ ဘဝသမားတွေဆိုတာ ကျင်လည်သလို ရှန်းကန် ရတာပေါ့၊ ဩော် ညီမလေး ဦးသိန်းထိုက်အတွက် လမ်းထိပ်က လက်ဖက် ရည်တစ်ခွက်လောက် သွားဝယ်ပေးပါ"

"ဟုတ်ကဲ့ ကိုကို ဒီမှာ ကိုကို့အတွက် ထမင်းကြော်နဲ့ ပဲပြုတ် ပြင်ပေးထားတယ်နော်၊ ရေနွေးကြမ်းလေးလည်း နှပ်ထားတယ်၊ စားပြီး အောင် စားဦး"

ကောင်မလေးက စိတ်မချသလို မှာပြီးမှ အိမ်ပြင်ထွက်သွား သည်။ တိမ်မယ်က ဦးသိန်းထိုက်ကို ဆက်တီခုံလေးရှိရာ ဆွဲခေါ်လာသည်။

"ဘာလို့ ဝယ်နိုင်းလိုက်ရတာလဲကွာ၊ ဒုက္ခရှာလို့"

"လာတုန်း စည့်ဝတ်ကျေရမှာပေါ့ဗျာ၊ ခုလို မထင်မှတ်ဘဲ ဦးသိန်းထိုက် ရောက်လာတော့ ကျွန်တော် ဘယ်လို ဝမ်းသာမှန်း မသိဘူး ဘယ်လိုလဲ ဟိုတယ်မှာရော အဆင်ပြေရဲ့လား"

"ဘယ်ပြေမှာလဲ ငါ့ကောင်ရာ၊ တစ်နေ့ထက် တစ်နေ့ ပိုပိုဆိုး လာလို့ ဝန်ထမ်းတွေလည်း ကဆင့်ကလျားဖြစ်၊ ငါလည်း အလုပ်ထွက်ဖို့ တောင် စဉ်းစားချင်လာပြီ"





"အာ ဟိုတယ်မှာ ဦးသိန်းထိုက် မရှိလို့ ဘယ်ဖြစ်မှာလဲ၊ ဝန်ထမ်းတွေအတွက်ရော ဝတီအတွက်ရော မကောင်းပါဘူးဗျာ၊ မထွက် ပါနဲ့"

"ဝတီအတွက် မင်း ခုထိတွေးပေးနေတုန်းလား၊ ဝတီ မင်းကို ဆွဲနှင်ထုတ်ထားတာ စိတ်မနာဘူးလား"

တိမ်မယ် သက်ပြင်းတွေ ချ၍ ခေါင်းကြီးငုံ့သွား၏။ ဦးသိန်းထိုက် က စားပွဲပေါ်မှာရှိနေသော ပဲပြုတ်ထမင်းကြော်နှင့် ရေနွေးကြမ်းခွက်လေး ကို ကြည့်ပြီး တိမ်မယ် မွေးစားညီမလေးရဲ့ ဂရုစိုက်မှုကို သတိထားမိ သွား၏။

မပြည့်စုံကြသော်လည်း နွေးထွေးမှု ရှိကြမည့် မိသားစုလေး ဖြစ်နိုင်သည်။

"တိမ်မယ် မင်း ဒီအတိုင်း နေတော့မှာလား"

"ဘာကိုပြောတာလဲ ဦးသိန်းထိုက်"

"တိမ်လွှာဝတီကို အယူခံဝင်ဖို့ မစဉ်းစားတော့ဘူးလားလို့ပါ"

"အခြေအနေခြင်း မတူတာက အယူခံဝင်ဖို့တောင် အခွင့်အရေး မပေးဘူး ဦးသိန်းထိုက်၊ မက်မောစရာတွေရှိလို့ တွယ်ကပ်နေတယ်လို့ ထင်သွားရင် ကျွန်တော် ဘာကောင်ဖြစ်သွားမလဲ"

"မင်းရဲ့ ယောက်ျားမာနကို ငါ လေးစားပါတယ်၊ တိမ်မယ်၊ စိတ်ရဲ့ အကျိုးပေးကြောင့် အခြေအနေကောင်းတစ်ခုကို မင်းပြန်ခံစားရမှာပါ"

"ဦးသိန်းထိုက် ဘာကိုဆိုလိုတာလဲ"

"အေးပါကွာ ပြောမှာပေါ့၊ မင်း ကားမောင်းထွက်ရဦးမှာဆို ထမင်း ကြော်စားလေ၊ ရေနွေးတွေလည်း အေးကုန်ဦးမယ်၊ တော်ကြာ မင်းညီမလေး



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာလို့ ငါ့ကြောင့် မစားဖြစ်ဘူးဆိုရင် ငါပြေးပေါက် မှားနေပါဦးမယ်"

ဦးသိန်းထိုက်က ပေါ့ပေါ့ပါးပါးပင် တဟားဟား ရယ်၏။ တိမ်မယံက ထမင်းကြော် ပန်းကန်ကို တစ်ဖက်တိုးရွှေပြီး

"ရပါတယ်ဗျာ ကျွန်တော်က ဦးသိန်းထိုက် လာတာနဲ့တင် ဘာမှ စားချင်စိတ် မရှိတော့ဘူး။ ဟိုတယ်မှာ တွေ့ဆုံစကားပြောနေရသလို ခံစားနေရတယ်ဗျ။ ကျွန်တော် တကယ်ကို ဝတီကိုရော ဟိုတယ်ကြီးက ဝန်ထမ်းတွေကိုရော သတိရနေတာ"

"ဟား ဟား ဒါဆိုရင် ကျွန်တော်က ဦးမြင့်ကျော်ရဲ့သား မဟုတ်ပါဘူးလို့ ဝတီကို ပြောပြီး ဟိုတယ်ကို ပြန်လာခဲ့ပေါ့ကွ"

"ဗျာ ဘယ် ဘယ်လို"

"အေး ဒီလိုကွ မင်းရှင်းအောင် ပြောရရင် မင်းအဖေကားနဲ့ တိုက်မိတဲ့ ကောင်လေးက ဝတီရဲ့ မောင်လေး ဖြစ်နေတယ်"

"ဟင်"

"အေး ဝတီက သူ့မောင်လေးကို ကားနဲ့တိုက်သွားတဲ့လူကို အရမ်းမုန်းနေတာ၊ အဲဒီလူကို အယူခံဝင်ခွင့်မရှိ၊ ကျေအေးမပေးဘဲ ထောင်ရက်လျှော့မကျအောင် ရှေ့နေနဲ့ လုပ်လိုက်တာ မင်းတို့လည်း သဘောပေါက်နေမှာပေါ့"

"ဟုတ် ဟုတ်ကဲ့ သဘောပေါက်တယ် ဦးသိန်းထိုက်"

တွေးရင်းဖြင့် နာကျင်ခဲ့ရသည့်အချိန်တွေကို ပြန်သတိရမိ ထိုအချိန်တွေက ဝတီ တစ်ယောက်တည်း ခံစားနာကျင်ခဲ့ရတာမှ မဟုတ်တာ။

"ဝတီက သူ့မောင်လေးကို အရမ်းချစ်တာကွ၊ မအေက ငယ်





ငယ်လေးတည်းက ဆုံးသွားတော့ သူပဲ အမေတစ်ယောက်လို အစ်မတစ်ယောက်လို စောင့်ရှောက်ခဲ့ရတာလေ၊ ဖအေကလည်း အလုပ်တာဝန်ထဲမှာပဲ နစ်မြုပ်နေတာဆိုတော့ ဝတီတို့မောင်နှမ နှစ်ယောက်က ပိုပြီး အနေနီးတယ်၊ နွေးထွေးမှုရှိတယ်"

"သံယောဇဉ်နဲ့မေတ္တာတရားကို ခန့်မှန်းလို့ ရပါတယ်"

"အေး သူ့မောင်လေး ပညာသင်ရင်းနဲ့ နိုင်ငံခြားသွားနေချင်တာတောင် မျက်စိအောက်က အပျောက်မခံနိုင်လို့ လွှတ်ခဲ့တာ မဟုတ်ဘူးကွ၊ ဖြစ်ချင်တော့ မောင်လေးက နိုင်ငံခြားမသွားရတာကို အရွဲ့တိုက်ပြီး သောက်စားပေတေလာတယ်၊ ဒါကိုလည်း ဝတီက အပြစ်မြင်တာ မဟုတ်ဘူး။ ဒီလိုနဲ့ ဆေးကျောင်းပထမနှစ် စာမေးပွဲကျတယ်၊ အဲဒီနေ့မှာပဲ အမူးလွန် ယာဉ်တိုက်မှုဖြစ်ပြီး သေသွားခဲ့တာပဲ"

"အဲလိုဆိုရင် ဖေဖေ တစ်ယောက်တည်း အပြစ်ပုံချလို့ ဘယ်ဖြစ်မလဲ ဦးသိန်းထိုက်၊ လူလူချင်း ကိုယ်ချင်းစာတတ်မယ်ဆိုရင် တစ်ဖက်က နစ်နာမှုတွေကိုလည်း ထည့်တွေးတတ်ရမှာပေါ့"

"ဝတီ ဘယ်သူ့အပေါ်မှ စာနာမပေးတတ်လို့ ဟိုတယ်ကြီး ပျက်စီးဆုံးရှုံးတော့မတတ် ဝန်ထမ်းတွေနဲ့ ကာစတန်မာတွေနဲ့ ပဋိပက္ခတိုက်ပွဲတွေ ဖြစ်နေတာ မင်းလည်းသိသားပဲ၊ မင်းနဲ့တွေ့မှ ဝတီစိတ်တွေ နူးညံ့သိမ်မွေ့ပြောင်းလဲလာလို့ အားလုံးက ဝမ်းသာပြီး ပျော်ရွှင်နေကြတာပါ၊ အခုလည်း မင်းက ဦးမြင့်ကျော်သား မဟုတ်ဘူးဆိုတာ သေချာရှင်းပြပြီး ပြန်လာခဲ့ပါကွာ"

ဦးသိန်းထိုက်က သနားစဖွယ် အသံလေးနှင့် တောင်းဆိုနေသည်။

တိမ်မယံကတော့ တုံ့ဆိုင်းသွားသည်။ မတုန်မလှုပ် ဖြစ်သွား၏။

"ဘာဖြစ်တာလဲ တိမ်မယံ၊ ငါပြောတာ ကြေပြီလေ၊ ဟိုတယ်



www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်လာမယ် မဟုတ်လား''

''ဟင့်အင်း ကျွန်တော် ဒီပုံစံမျိုးနဲ့တော့ ပြန်မလာချင်ဘူး''

''ဟင် ဘာဖြစ်လို့လဲ''

''ဦးမြင့်ကျော် သား မဟုတ်ပါဘူးလို့ ကိုယ်လွတ်ရုန်းထွက်လာပြီး ဝတီကို တွယ်ကပ်တာမျိုး မလုပ်ချင်ဘူး ဦးသိန်းထိုက်၊ ဒီမိသားစုနာကျင်ရတာလည်း ကျွန်တော် အသိဆုံး၊ ပြီးတော့ ဝတီကို ဘာမက်မောမှုမှ မပါဘဲ ရိုးရိုးလေးပဲ ချစ်ချင်တာ၊ အာဃာတတွေနဲ့ ပူလောင်ပြီး ချစ်သူကို ခွဲထုတ်နိုင်လွတ်ရဲတဲ့ သူ့ရဲ့စိတ်ကို ကျွန်တော် ကြောက်တယ်''

''ဒါကတော့ကွာ သူ့မောင်လေးစိတ်နဲ့ အရမ်းဖိဝင်သွားလို့ပါ၊ သူ မင်းကို မမေ့နိုင်တာ ငါတို့အားလုံး သိတယ်၊ မင်းသာ ရဲရဲတင်းတင်း ဝန်ခံလိုက်ပါ၊ ငါတို့ ထောက်ခံမယ် တိမ်မယ်''

''နေပါစေတော့ ကျွန်တော့်ညီမလေး မျက်နှာကိုလည်း ကျွန်တော် ပြန်ကြည့်ရဦးမယ်၊ ဦးမြင့်ကျော် သားမဟုတ်မှ ကျွန်တော့်ကို ပြန်လက်ခံမှာဆိုရင် အဲဒီ တကယ့်အချစ်စစ် ဘယ်ဟုတ်ပါတော့မလဲ၊ အချစ်ဆိုတာ နားလည်မှုတွေ၊ စာနာမှုတွေ၊ အနစ်နာခံဖြည့်ဆည်းမှုတွေနဲ့ ဖွဲ့စည်းထားတာ အရောင်အမျိုးမျိုးနဲ့ သူ့အချစ်က ဦးမြင့်ကျော်သမီးဖြစ်တဲ့ ကျွန်တော့်ညီမလေးကို စောင့်ရှောက်ခွင့်ပေးမှာ မဟုတ်ဘူးဆိုတာ ကျွန်တော် သိလိုက်ပြီ၊ ဖေဖေမရှိတော့ဘူး ဦးသိန်းထိုက်၊ ညီမလေးအပေါ် ကျွန်တော် တာဝန်ကျေမယ်''

''ကြောက်ကန်ကန်ပြီး ငြင်းဆန်နေတာလား တိမ်မယ်''

ဦးသိန်းထိုက် မေးခွန်းကို တိမ်မယ်က ခေါင်းယမ်းပြပြီး ခပ်ယဲ့ယဲ့ပြုံးသည်။





''ကျွန်တော် ဝတီကို အရမ်းချစ်ပါတယ်၊ ပိုင်ဆိုင်မှုတွေများတဲ့ သူမို့ အယူခံဝင်ပြီး ရှေ့တိုးဖို့တော့ စဉ်းစားမှာ မဟုတ်ဘူး၊ တကယ်ကို ကျွန်တော့်မေတ္တာကို နားလည်လာရင်တော့ တစ်မျိုးပေ့ါ၊ ဝတီအချစ်ကို ရဖို့အတွက် ကျွန်တော့်ကိုစောင့်ရှောက် ကျွေးမွေးပြုစုလာခဲ့တဲ့ ဦးမြင့်ကျော်ကို အဖေအဖြစ်ကလည်း မစွန့်လွှတ်ဘူး၊ ဒါဟာ ဘာပိုင်ဆိုင်မှုမှ ချပြစရာမရှိတဲ့ ယောကျ်ားတစ်ယောက်ရဲ့ မာနပါ''

တိမ်မယ်ရဲ့ ပြတ်သားသောစိတ်နှင့် ယောကျ်ားပီသသော မာနဆိုကို ဦးသိန်းထိုက် လေးစားသွားသည်။ ဂုဏ်ယူကျေနပ်စိတ်နှင့် တိမ်မယ်ကို လက်ဆွဲနှုတ်ဆက်ပြီး ထရပ်လိုက်၏။

''ယောကျ်ားချင်းတောင် လေးစားသင့်တဲ့ မင်းရဲ့စိတ်ကို ငါ ဘယ်လိုမှ မမေ့ဘူး တိမ်မယ်၊ မင်းအချစ်တွေ စစ်မှန်တဲ့အတွက် ဟိုတယ်ကို နောက်တစ်ခေါက် ပြန်ရောက်လာတဲ့အခါကျရင် အပြီးအပိုင်ဖြစ်လိမ့်မယ်ဆိုတာ ငါ ယုံကြည်တယ်၊ ကဲ ငါသွားတော့မယ်ကွာ၊ နောက်ကျရင် ဝတီ စိတ်ချမ်းနေဦးမယ်''

''ဟာ နေဦးလေ ဦးသိန်းထိုက်ရဲ့၊ ညီမလေး လက်ဖက်ရည်သွားဝယ်တာ သောက်သွားပါဦး၊ အာ ဒီကောင်မလေးကလည်း ဒီနားလေးသွားဝယ်တာကို ဒီလောက် မကြာသင့်ဘဲနဲ့''

''နေပါစေကွာ လက်ဖက်ရည် မသောက်ရတာ့ အရေးမကြီးပါဘူး၊ ဝတီ ရန်က ပိုကြောက်ဖို့ ကောင်းတယ်၊ သွားပြီနော် တိမ်မယ်၊ မင်းကို ဟိုတယ်ရဲ့ အိမ်ထောင်ဦးစီးအဖြစ်နဲ့ ဆုံပါရစေလို့ ဆုတောင်း ပါတယ်''

ဦးသိန်းထိုက် အတည်ပေါက် စနောက်သွားခြင်းကို တိမ်မယ်က အပြုံးယဲ့ယဲ့ဖြင့် လက်လေးပြ၍သာ တုံ့ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ထုပ်လေး ဆွဲပြီး အားလုံးကြားသိမြင်နေခဲ့သော မေယမုံဖူး ရင်ထဲမှာ တိမ်မယံ မေတ္တာ အတိမ်အနက်ကို နားလည်သဘောပေါက်သွားခဲ့သည်။

ထိုသို့ အကြောင်းစုံ သိသွားပြီးသည့် အချိန်မှာလည်း ဆုံးဖြတ်ချက်တို့က နိုင်မာသွားခဲ့၏။ ကိုကို့ရဲ့ တာဝန်ယူ သိတတ်မှုများက သူမကို ကြည်နူးပီတိ မျက်ရည်တွေ ကျစေခဲ့ပြီပဲ မဟုတ်လား။ ကိုကို့ရင်ထဲက ပူပင်သောကတွေ ပျောက်ပျက်စေဖို့ သူမရင်နဲ့ ရင်းရတော့မှာပဲပေါ့။

မြူနှင်းတိမ်တိုက်တွေ မရှိသော မိုးကောင်းကင်ကြီးက ကြည်လင်ပြာတောက် အပြစ်ကင်းလျက် သူမကို ငုံ့မိုးကြည့်ကာ ပြုံးနေသည်။

သူမကလည်း ရိုးသားဖြူစင်သော အပြုံးများဖြင့် တုံ့ပြန်လိုက်၏။ နွေးထွေးလုံခြုံမှုတွေ လွှမ်းမိုးလို့ အေးချမ်းလိုက်တာ။

■ ■ ■



## အခန်း (၂၉)

"ဦးလေး"

"ဟာ တိမ်မယံ ညီမလေး၊ ဟို ဟိုတယ်ကို ဘာလာလုပ်တာလဲ"

"တိမ်လွှာဝတီကို လာတွေ့တာပါ"

"ဟင် တိမ်လွှာဝတီကို"

ဦးသိန်းထိုက် မျက်လုံးမျက်ဆံပြူးကာ တိမ်မယံ ညီမလေးဆိုင်းမဆင့် ပုံမဆင့် ရောက်လာတာကို ဟိုတယ်အပြင်ဘက် ဆွဲထုတ်ခေါ်သွားရမလား၊ မသိသလို ရှောင်ထွက်သွားရမလား၊ ဘာလုပ်ရမှန်းမသိ ကတုန်ကယင် ဖြစ်နေမိသည်။

တိမ်လွှာဝတီ သိလျှင် ဘယ်လိုမှ ဝင်ခွင့်ပေးမှာလည်း မဟုတ်။ ခွင့်လွှတ်မှာလည်း မဟုတ်။ သူ့အပါအဝင် ဝန်ထမ်းအားလုံးကိုပါ အပြစ်ရှာပေါက်ကွဲနိုင်သည်။

"ဟို တိမ်လွှာဝတီကို ဘာလို့တွေ့ချင်တာလဲ၊ သူ အစည်းအဝေး



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတယ်၊ တော်တော်နဲ့ အားမှာမဟုတ်ဘူး''

"သူအားတဲ့အချိန်ထိ စောင့်တွေ့ဖို့ ဆုံးဖြတ်ထားပါတယ်၊ ဦးလေး လုပ်စရာရှိတာ လုပ်ပါ၊ ကျွန်မကို အားမနာပါနဲ့"

"မ မဟုတ်သေးဘူးကွယ်၊ တိမ်မယ် ညီမလေးကို သူ ဘယ်လိုမှ လက်ခံစကားပြောမှာ မဟုတ်လို့ပါ၊ တိမ်မယ်ကို တိမ်လွှာဝတီ အလုပ်ထုတ်လိုက်ပြီလေ၊ သိ သိတယ် မဟုတ်လား"

"ဟုတ်ကဲ့ သိပါတယ်၊ အဲဒီအတွက်ပဲ ဖြေရှင်းရအောင် လာခဲ့တာပါ၊ ကိုကိုက ကျွန်မ အဖေ ဦးမြင့်ကျော်ရဲ့ သား မဟုတ်ဘူးဆိုတာ ပြောဖို့"

"ဟင် မင်း သိနေတယ်"

"ဟုတ်ကဲ့ ဦးလေးနဲ့ ကိုကို ပြောနေတာတွေ ကျွန်မ အားလုံး ကြားပါတယ်၊ ကိုကိုက မာနကြောင့်ဖြစ်ဖြစ် ကျွန်မအတွက်ပဲဖြစ်ဖြစ် တိမ်လွှာဝတီကို တယ်တော့မှ အောက်ကျခံမှာ မဟုတ်ဘူး၊ ဒါပေမဲ့ တိမ်လွှာဝတီကို ကိုကို ဘယ်လောက်ချစ်တယ်၊ ဘယ်လိုခံစားနေရတယ်ဆိုတာ ကျွန်မ သိတယ်၊ အဲဒီအတွက် ကိုကို့ကို တစ်ခုခု ပြန်လုပ်ပေးချင်လို့"

ဦးသိန်းထိုက် ဒီကောင်မလေးရဲ့ စေတနာ မေတ္တာကို နားလည်သွားသည်။ တိမ်မယ်ရဲ့ပေးဆပ်မှုတွေအတွက် တုံ့ပြန်ပေးဆပ်ချင်နေတာပါလား။

တိမ်လွှာဝတီ လက်ခံမလား၊ လက်မခံဘူးလားဆိုတာ မသိပေမယ့် ကောင်မလေးကတော့ တိမ်လွှာဝတီကို မတွေ့မချင်း နောက်ဆုတ်လှည့်ပြန်မည် မထင်။

"ဟို စိတ်အေးအေးနဲ့ စဉ်းစားပြီးမှ ပြန်လာပါလားကွယ်၊ တိမ်လွှာ





ဝတီ သွေးဆူနေရင် ဘယ်သူ့ကိုမှ နားလည်မပေးတတ်လို့ပါ၊ အဲ တိမ်မယ် ညီမလေးဆိုတော့ ဦးက အားနာလို့ပါ"

"ဟင့်အင်း ဘာပဲဖြစ်ဖြစ် ကျွန်မစိတ်ကို ပြင်ဆင်လာခဲ့တဲ့အတွက် သည်းခံဖို့လည်း စဉ်းစားထားပါတယ်"

တခြား ပြောစရာစကားတွေ ရင်ထဲအပြည့် ရှိနေတာကိုတော့ ပြောမပြဖြစ်။ အစိုးရိမ်လွန်နေသော ဒီဦးလေးကြီးကို နည်းနည်း စိတ်သက်သာစေချင်သည်။

"အေးလေ တွေ့ဖြစ်အောင် တွေ့ဖို့ ဆုံးဖြတ်ခဲ့ပြီဆိုမှတော့ ဦးလည်း တတ်နိုင်တော့ပါဘူး၊ တိမ်မယ် မသိအောင် မင်း ရောက်လာတယ်ဆိုတာ ဦး သိပါတယ်၊ ကြိုးစားကြည့်ပါ၊ တိမ်လွှာဝတီ အလယ်ထပ် ရုံးခန်းထဲမှာ ရှိပါတယ်"

မျက်နှာလွှဲ ခဲပစ်လွှတ်လိုက်တာတော့ မဟုတ်။ ဝန်ထမ်းတွေရဲ့ အဟန့်အတား မဖြစ်အောင် မယောင်မလည် နောက်က လိုက်ရင်း စောင့်ရှောက်ပေးမိသည်။ ဦးမြင့်ကျော် သမီးဆိုပြီး မိန်းမသားချင်းအပေါ် တောင် တိမ်လွှာဝတီ ကြမ်းရမ်းလာလျှင် သူလည်း တစ်ခုခု ဆုံးဖြတ်ရတော့မည်။

"ရှေ့က အခန်းပါပဲ၊ တံခါးလော့ချထားတာ မဟုတ်လို့ တံခါးခေါက်ပြီး ဝင်သွားလို့ ရပါတယ်၊ စိတ်အေးအေးထားပြီး ရင်ဆိုင်ပါ"

မန်နေဂျာ ဦးလေးကြီးရဲ့ အားပေးစကားနှင့် အခန်းတံခါးကို ချက်သုံးချက် ခေါက်ပြီး တိမ်လွှာဝတီ ရုံးခန်းတွင်း ဝင်လာခဲ့သည်။

သူမကို ရိပ်ခနဲ မြင်လိုက်သည်နှင့် Laptop ကို ဖြုန်းခနဲ ပိတ်၍ မျက်မှောင်ကုပ်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ ဘယ်သူ့ခွင့်ပြုချက်နဲ့ ငါ့ရုံးခန်းထဲ ဝင်လာတာလဲ"

"ကျွန်မ တိမ်မယံ ညီမ မေယမုံဖူးပါ"

"ဘာကိစ္စလဲ"

"တိမ်မယံ ညီမအရင်း မဟုတ်ဘူးဆိုတာ လာပြောတာ၊ ဦးမြင့်ကျော်ကလည်း တိမ်မယံ အဖေအရင်း မဟုတ်ဘူး"

ခနိုးခနဲ့ မဲ့ပြုံးမှာ သရော်လှောင်ပြောင်ရိပ် စွန်းနေခဲ့သလို မေယမုံဖူးကို အထင်သေး ရွတ်ချချင်ဟန်အပြည့်။

"ငါ့ကို ယုံကြည်ပေးစေချင်တာလား"

"မဟုတ်မမှန်တာကို ယုံကြည်ပေးခိုင်းနေတာ မဟုတ်ပါဘူး ဦးမြင့်ကျော်သားအထင်နဲ့ ကိုကို့ကို မှန်းနေတယ်ဆိုလို့ပါ"

"ကိုကို ဟုတ်လား။ မင်းတို့ မောင်နှမအရင်း မဟုတ်ဘူးဆို"

"မိဘတွေ ခေါ်ခိုင်းထားတဲ့ နာမ်စားက နှုတ်ကျိုးနေလို့ပါ။ ဒီ အပြစ်လား"

"ထားပါတော့ ဒါ အမှန်တရားဆိုလည်း၊ ဒါပေမဲ့ တိမ်မယံ မင်းအပေါ် ဝတ္တရားတွေ ကျေလွန်းတယ်နော်၊ အပင်ပန်းခံပြီးလည်း ရှန်းကန်နိုင် တယ်"

"အဲဒီအတွက်လည်း သံသယတွေ မဝင်ရင် ကောင်းပါလိမ့်မယ် ဖေဖေ့ကျေးဇူးတွေ တင်နေလို့ ကိုကိုက ပြန်ပြီး ပေးဆပ်ဖြည့်ဆည်း ကြိုးစား နေတာပါ"

"တိမ်မယံနဲ့ငါ့ကို ပြန်ပြီးအဆင်ပြေစေချင်တာလား၊ ဘာအတွက်လဲ၊ ဒီကိစ္စတွေကို မင်းတောင် ဒီလောက် သိနေပြီဆိုရင် တိမ်မယံ ကိုယ်တိုင် ငါ့ကိုလာရှင်းပြသင့်တာ မဟုတ်ဘူးလား"

နားညည်းမှုကင်းသော စွပ်စွဲမှုတွေအတွက် မန်နေဂျာ ဦးလေးကြီး





ကိုကိုတို့ ကြောက်လန့်နေခဲ့ကြတာ ဖြစ်မည်။

ဒီအချိန်ထိ ထိုင်ခုံမှာ နေရာမပေးတာကလည်း ယဉ်ကျေးမှုမရှိသော လူမှုရေးနားမလည်သော တိမ်လွှာဝတီရဲ့ စတိုင်ဖြစ်မည်။

ဖူးဖူးကလည်း မဝံ့မရဲ သွေးပျက်နေမည့်သူမျိုး မဟုတ်ပါ။

"အခုလာပြောတာက ကိုကို့ကို ပြန်လက်ခံပေးပါလို့ အသနားခံနေတာ မဟုတ်ပါဘူး။ အခု ကျွန်မ လာပြောတဲ့ စကားမျိုးလည်း ကိုကိုက ယောကျ်ားမာနအကျခံပြီး ရှင့်ဆီကို ဘယ်တော့မှ ဒူးထောက်ခိုင်းပြီမှာ မဟုတ်ဘူး၊ ဒါပေမဲ့ ရှင်မုန်းနေတဲ့ ဦးမြင့်ကျော်သား မဟုတ်တဲ့အတွက် ကိုကို့ကို နားလည်ပေးပါလို့တော့ တောင်းဆိုချင်ပါတယ်"

"ငါ့ကို ဘာမှရှင်းမပြဘဲ ဦးမြင့်ကျော်အိမ်မှာ တွယ်ကပ်နေတာကိုလည်း ခွင့်လွှတ်မပေးသင့်ဘူး မဟုတ်လား"

"ဖေဖေ့ကို ရှင် မုန်းနေတာ တစ်ဖက်စွန်းရောက်လွန်းမနေဘူးလား တိမ်လွှာဝတီ၊ ရှင်လည်း ရှင့်မောင်လေး သေလို့ ယူကျုံးမရ ခံစားရသလို ကျွန်မတို့လည်း ဖေဖေ ထောင်ကျသွားတဲ့အတွက် ယူကျုံးမရခံစားခဲ့ရတာပါပဲ၊ ကျွန်မတို့အဖေ အသက်ကြီးမှ ထောင်ကျလို့ ထောင်ထဲမှာ ရောဂါဝေဒနာတွေခံစားပြီး ပင်ပန်းဆင်းရဲ သေခဲ့ရတယ်၊ ဒါပေမဲ့ ဒါဟာ ဝဋ်ကြွေးလို့ သဘောထားပြီး ဘယ်သူ့ကိုမှ အပြစ်မတင်ခဲ့ကြပါဘူး။ ရှင် တရားတွေ ရှာတတ်မယ်ဆိုရင် ညီမျှခြင်းပါပဲ"

မေယမုံဖူး စကားလုံးတွေ ထိရောက်သော်လည်း တိမ်လွှာဝတီက မျှော်စက်တွေကို ခါသလို ခါထုတ်လျက် ဆုံလည်ထိုင်ခုံကနေ ထရပ်သည်။

"အဲဒီလို ညီမျှခြင်းနဲ့ ကျေအေးပေးတတ်တာ မင်းတို့ရဲ့ အတန်း



www.burmeseclassic.com

www.burmeseclassic.com



အစားတွေပဲ ဖြစ်လိမ့်မယ် မေယမုံဖူး၊ ငါ့အတွက်တော့ တိမ်မယ်
ဦးမြင့်ကျော်သား မဟုတ်ဘူးလို့ ယုံကြည်ပေးလိုက်ရရင်တောင် အဲဒီမိသား
ကင်းကွာအောင်နေနိုင်မှ ပြန်လက်ခံနိုင်မယ်''

''ပြောကြည့်လေ သူ တကယ်ရှင့်ကို ချစ်တယ်ဆိုရင်တော့
လက်ခံမှာပါ၊ ဒါပေမဲ့ ယောက်ျားတစ်ယောက်ရဲ့ မာနကို ရှင် မစော်ကား
တိမ်လွှာဝတီ၊ ယောက်ျားတွေက သူတို့မာနထက် ဘယ်မိန်းမကိုမှ ပို
တတ်ဘူး အဲဒါကို ရှင် မြဲမြဲမှတ်ထား''

အချစ်ထက် အတ္တကိုသာ ကိုးကွယ်နေသော မိန်းမတစ်ယော
ရှေ့မှာ မေယမုံဖူး ကြာကြာမနေချင်တော့။

ခပ်စိမ်းစိမ်းကြည့်၍ လှည့်ပြန်ဖို့ အလုပ်မှာ တိမ်လွှာဝတီက
တစ်လှမ်းတိုးလာပြီး

''အဲလို ယောက်ျားမျိုးကိုမှ ငါက ပိုချစ်တာ၊ နင်တို့အ
မောင့်ကို ဘယ်တော့မှ မထားဘူး၊ ရှိသမျှ သံယောဇဉ်တွေ အကုန်
တောက်ထားပါ၊ မောင့်ကို ငါလာခေါ်မယ်''

ကြိမ်းဝါးမှုမှာ အချစ်တို့ ရောပြွန်းပျော်ဝင်လျက် အားမာန်
ပါနေသည်။ ဦးမြင့်ကျော်သား မဟုတ်ဘူးဆိုတာ သေချာနေပြီဖြစ်တဲ့
အတွက် သူမအနားမှာ မောင်ရှိဖို့က လုံလောက်နေပြီပဲ။

မာနတို့ဖြင့် တင်းခံထားရသော ရင်ဘတ်ကြီးက ပျော့
လာသလိုရှိကာ မောင့်ကို လွမ်းမောတောင့်တစိတ်တို့ တစ်ကိုယ်လုံး
အဆိပ်တက်လာ၏။

အချစ်လောက် ဘာမှအရေးမကြီးသလိုပါပဲလား။

■ ■ ■



## အခန်း (၃၀)

အချစ်ကို ဆာလောင်နေသူ တစ်ယောက်အတွက် ဘာတွေ
စား အာဟာရမဖြစ်သလိုပင်။ ဘာတွေလုပ်လုပ် စိတ်နဲ့ကိုယ် မကပ်ဘဲ
ကြွလန်းဆန်းခြင်း မရှိတော့တာလည်း အချစ်ကြောင့် ဖြစ်မည်။

''ဟာ အစ်ကို တစ်ယောက်တည်းလား၊ ပဲခေါက်ဆွဲ မစားတော့
သားဟင်''

တက္ကစီကားလေးကို လမ်းဘေးထိုးရပ်ပြီး ကားပေါ်က ဆင်း
သည်နှင့် စားပွဲထိုးလေးက အပြေးအလွှား စိတ်မကောင်းသလို
မေးရှာသည်။ သူက ခေါင်းလေးကို ပုတ်၍ ပြုံးပြလိုက်ကာ

''စားမှာပေါ့ကွ၊ တစ်ပွဲချပေးနော်''

စည်ပင်ထီးအရိပ်အောက်က ထိုင်ခုံလေးမှာ ဝင်ထိုင်ရင်း ပြော
ကောင်လေးက သူ့တက္ကစီကား ခပ်နွမ်းနွမ်းလေးကို လှမ်းကြည့်ပြီး

''ဟိုအစ်မလေး ဘာလို့ မပါတော့တာလဲ အစ်ကို၊ ကျွန်တော်တို့
ဘာ ပဲခေါက်ဆွဲစားပြီးရင် အဆင်မပြေဖြစ်တဲ့သူ နည်းပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ကားအကောင်းစားကြီး မဟုတ်တော့တာကို ရည်ညွှန်းချင်ဟ
တူ၏။ ဒီကလေးမှာလည်း တယူသန် အယူအဆစွဲ ရှိနေတာပါပဲလား။

"ကဲ ညီလေး မင်းငယ်ပါသေးတယ်၊ ဘာမှတွေးမနေနဲ့ ဟုတ်
လား။ လောကကြီးမှာ မျှော်လင့်ထားသလို ဖြစ်ချင်သလို ဖြစ်မလာနိုင်
တွေ အများကြီး ရှိသေးတယ်၊ နောက်တော့ မင်းလည်း သိလာပါလိ
မယ်"

ကောင်လေးက ယောင်လည်လည်နှင့် ထွက်သွားပြီး ဆိုင်
ကို မှာပေးနေ၏။ ထိုအချိန်မှာ မိုးသက်လေ ခပ်ပြင်းပြင်းနှင့် မိုး
ရွာချလာသည်။ သူက ဓာတ်ဘူးထဲက ရေနွေးတစ်ခွက် ငှဲ့နေရင်း
မငြေ့။

"ဟာ အစ်ကို မိုးက လေပါလာရင် အဲဒီစည်ပင်ထိုးအောင်
မိုးမလုံဘူး အစ်ကိုရဲ့ အစ်ကိုကားထဲမှာ ခဏသွားထိုင်နေပါလား"

"ရပါတယ်ကွာ၊ မိုးရေစိုတော့ ရင်ထဲအေးတာပေါ့၊ မင်း
စရာရှိတာ သွားလုပ်ပါ"

ကောင်လေးက စိတ်မချသလို သံယောဇဉ်မျက်ဝန်းတစ်ချက်
လှည့်ကြည့်ပြီးမှ ဆိုင်လေးထဲက ပစ္စည်းတွေ မိုးလွတ်အောင် သွား
နေသည်။ သူ့တစ်ကိုယ်လုံးမှာလည်း မိုးရေတွေ စိုရွှဲလို့ ချမ်းစိမ့်
ထိတွေ့မှုကို ခံစားနေရ၏။

ပဲခေါက်ဆွဲလေးလည်း မိုးရေစိမ် ပဲခေါက်ဆွဲလေး ဖြစ်သွား
မို့ သူ မစားဖြစ်တော့ပါ။ ဝတီနှင့် နှစ်ယောက်အတူ စားရသည့် ပဲခေါ
မဟုတ်တာမို့ နှမြောတသတော့ မဖြစ်မိ။

ကြည်နူးစွာ နှစ်ယောက်အတူရှိချိန်တွေကို သတိရပေမယ့်





ပြင်းတွေရှိုက်ကာ မိုးရေစက်တွေလို ခါထုတ်ပစ်လိုက်ရ၏။ အလွမ်းတွေကို
နှင်ဘတ်ထဲ ကောက်ထည့်ပြီး လက်တွေ့ဘဝကို ရင်ဆိုင်ရဦးမှာပဲ မဟုတ်
လား။

ညီမလေးအတွက် တာဝန်ကျေစွာ ငွေရှာပြီး ညမိုးချုပ်မှ အိမ်
ပြန်ဖြစ်သည်။

"ဟင် ကိုကို တစ်နေကုန် ကားမောင်းနေတဲ့သူက ဘာလို့
မိုးရေတွေ စိုနေရတာလဲ၊ ဖျားတော့မှာပဲ ကိုကိုရယ်"

ယိုင်နဲ့စွာ အိမ်ပေါ် လှမ်းတက်လာသည့် သူ့ကို ညီမလေးက
စိုးရိမ်ပူပန်စွာပြောပြီး နဖူးကို လာစမ်း၏။

"ဟင် ကိုယ်တွေ ခြစ်ခြစ်တောက် ပူလို့ပါလား၊ ခက်တော့တာ
ပဲ ကိုကိုရယ်၊ မိုးမိတယ်ဆိုလည်း အိမ်ကို အဝတ်အစား ပြန်လဲတာ
မဟုတ်ဘူး၊ ပေကပ်ပြီး ဒီအချိန်ထိ ကားမောင်းနေရလား၊ မြန်မြန်လာ
ကိုကို အဝတ်အစားအရင်လဲလိုက်"

အဘွားအိုလေးလို ပွစိ ပွစိ ရေရွတ်မြည်တမ်းရင်း သူ့ကို
အခန်းတွင်း ဆွဲခေါ်သွားကာ အဝတ်အစားတွေ ထုတ်ပေးသည်။ ကိုယ်
တိုင် လဲဝတ်ပေးတော့မတတ် ပျာယာခတ်နေပြီး ငိုမဲ့မဲ့လေးလည်း ဖြစ်နေ
သည်။

နဖူးလေးကို ခဏ ခဏ လာစမ်းကြည့်လိုက်၊ ဆေးတိုက်ဖို့
ရေနွေးအိုး ပြေးတည်လိုက်ဖြင့် အစိုးရိမ်ကြီးလျက် ရှိသည်။

"လမ်းထိပ်ကို ညီမလေး ဆေးပြေးဝယ်လိုက်မယ် ကိုကို၊ ဒါမှ
မဟုတ် ဆေးထိုးလိုက်ပါလားဟင်"

"ကိုကို ပြန်လာကတည်းက ဆေးဆိုင်တွေ ပိတ်ကုန်ပြီ၊ မနက်
သက်သာရင် ဆေးထိုးလိုက်ပါမယ်၊ အခု အိမ်မှာရှိတဲ့ အကိုက်အခဲ
ပျောက်ဆေး သောက်လိုက်ရင် ဖြစ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ထမင်းစားလို့လည်း ဖြစ်မှာမဟုတ်ဘူး။ ဖူးဖူး ဆန်ပြုတ်ပြုတ်လိုက်ဦးမယ်၊ ခဏစောင့်နော် ကိုကို၊ ပြီးရင် အညှောင်းအကိုက် သက်သာအောင် ဆေးလည်းလိမ်းပေးပါ့မယ်"

ဖူးဖူးက စိုးရိမ်ကြီးစွာ တတွတ်တွတ်။

သူကတော့ အင်္ကျီလဲဝတ်ပြီး ကြယ်သီးတွယ်ဖို့တောင် အားမရှိသလို ဖြစ်နေကာ နားထင်ကို လက်နှင့်ဖိထားသည်မို့ ဖူးဖူးက လာတွယ်ပေးရ၏။

"ဟဲ့ ဒါက အခန်းထဲမှာ ဘယ်လိုဖြစ်နေကြတာလဲ၊ မတော်တရော် ဆင်ခြင်မှု မရှိကြတော့ပါလား"

"အို ဒေါ်လေး ဘာတွေပြောနေတာလဲ"

တီဗီကြည့်ပြီး ပြန်လာဟန်တူသည့် ဒေါ်လေးက အသံပြာ အောင်အော်ပြောလိုက်သည်မို့ သူတို့နှစ်ယောက်လုံး ထိတ်လန့်သွားကာ ကယောကယာ အခန်းပြင်ထွက်လာရသည်။

ဒေါ်လေးက မျက်စောင်းတဝင့်ဝင့်နှင့်

"ငါကဘာတွေပြောရမှာလဲ၊ သူစိမ်းယောကျ်ားလေး အခန်းထဲညဲ့ အချိန်မတော်ဝင်တာ အမြင်မတော် မသင့်တော်လို့ပေါ့ဟဲ့"

"အမြင်မတော် မသင့်တော်အောင် ဖူးဖူးတို့က ဘာလုပ်နေလို့လဲ၊ ကိုကို မိုးတွေမိပြီး ဖျားနေလို့ အဝတ်အစားယူပေး၊ လဲပေးနေတာ ကိုယ့်ကို အပင်ပန်းခံရဲခံပြီး လုပ်ကိုင်ကျွေးနေတဲ့သူကို ဒီလောက် တောင် မပြုစုရတော့ဘူးလား၊ လူကြီးတစ်ယောက် ပြောတဲ့စကားက ဘယ်တော့မှ ဆင်ဆင်ခြင်ခြင် မရှိဘူး"

"ဩော် မိဖူးဖူး ညည်းက ငါ့စေတနာကို စော်ကားပြီး ငါ့ကိုပြန်ခံပြောတယ်ပေါ့၊ ညည်းတို့အနေနီး အတွေ့အထိများပြီး နှုတ်ခမ်းပုံချွန်းမီးမှုတ်ကြမှာစိုးလို့ ဟန့်တားနေတာဟဲ့၊ ပတ်ဝန်းကျင်ကရော ဘယ်လိုပြော





ကြမလဲ၊ ငါ လူကြီးတစ်ယောက်လုံး ရှိနေလို့ ညည်းတို့ ဂုဏ်သိက္ခာ ဒီလောက် မကျတာ"

"အဲဒီ ဂုဏ်သိက္ခာကို ထိန်းချင်လို့လည်း ဒေါ်လေးကို အကုန်အကျခံ ကျွေးမွေးပြုစုပြီး အိမ်ဦးခန်း တင်ထားခဲ့တာပေါ့ ဒေါ်လေးရဲ့ အခုတော့ ဘာမှမဖြစ်တာကိုတောင် ဖြစ်အောင်တိုက်တွန်းနေသလိုပဲ၊ ပတ်ဝန်းကျင် မပြောပြောအောင်လည်း ဒေါ်လေးပဲ သွေးထိုးပေး၊ မီးထိုးပေးနေတာ မဟုတ်ဘူးလား၊ ဒီအိမ်မှာ အပ်ကျတာကအစ အိမ်တကာလည်ပြောနေမှတော့ ဒီပတ်ဝန်းကျင်က မသိဘဲ နေပါတော့မလား"

"မပြောပါနဲ့ ညီမလေးရယ်၊ ပတ်ဝန်းကျင်ကြားရင် ပိုပြီး သိက္ခာကျပါတယ်"

အသံယဲ့ယဲ့လေးဖြင့် တိမ်မယ် ဝင်တားပေမယ့် မေယမုံဖူး မျက်နှာလေးက တင်းမာနေကာ

"အဲလိုတွေ ကြောက်ပြီး သည်းခံနေလို့ ဒေါ်လေး ပြောချင်ရာတွေ ပြောနေတာ ကိုကိုရဲ့၊ ဒေါ်လေးသိအောင် ပြောမှဖြစ်တော့မှာ"

"အောင်မယ် ညည်းက ကျုပ်ကိုများ ဘာတွေပြောချင်လို့လဲ"

"ဒေါ်လေး ပြောသလို ကိုကိုသာ သူစိမ်းတစ်ယောက်လို တွေးနေမယ်ဆိုရင် ဖူးဖူးတို့ကို ဒုက္ခခံ ရှာကျွေးမနေဘဲ ကိုယ်လွတ်ရုန်း ထွက်သွားလို့ရတယ်ဆိုတာ သိစေချင်တာ"

"ဟဲ့ ဒါက ငါ့အစ်ကိုကျေးဇူးတွေ ရှိခဲ့တာပဲ၊ ပြန်မသိတတ်လို့ ဖြစ်မလား"

"သိတတ်လို့ လုပ်ကျွေးတော့ရော ဒေါ်လေး အကောင်းမြင်လို့လား။ အမြဲ ပြုစုစောင်းမြောင်း သမုတ်နေတယ်၊ ပတ်ဝန်းကျင်က ညည်းနည်း ဒေါ်လေးက များများရှုတ်ချတယ်၊ ဒေါ်လေးပဲ စဉ်းစားကြည့်ပါ၊ ဖူးဖူးတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ရှာကြွေးနေတဲ့ ကိုကို စိတ်ချမ်းသာရတဲ့နေ့ဆိုတာရော ရှိရဲ့လားလို့"

"ခြော် တော်တော် သိတတ်နေပါလား မိဖူးဖူး"

"ဖူးဖူးလည်း အစက အဲလောက် နားမလည်ခဲ့ပါဘူး အခုတော့ ကိုကို့မေတ္တာ စေတနာတွေကို အားလုံးနားလည်သွားပြီ ဒေါ်လေး။ ဒေါ်လေး မကျေနပ်လည်း မတတ်နိုင်ပါဘူး၊ ဘယ်သူ့ကိုမှလည်း ဂရုမစိုက်တော့ဘူး။ အခုလို နေမကောင်းတဲ့အချိန်မျိုးမှာ ကိုယ်တတ်နိုင်သလောက် ပြုစုပေးမယ်၊ ဂရုစိုက်မယ်၊ ကျေးဇူးရှင်တစ်ယောက်လို တစ်သက်လုံး ကိုးကွယ်သင့်ရင်လည်း ကိုးကွယ်ရမှာပဲ"

"ဖူးဖူး"

ကိုကို့ရဲ့ အထိတ်တလန့် ဟန့်တားမှုကို ဖူးဖူး မကြားချင်ယောင်ဆောင်နေလိုက်သည်။ ဒေါ်လေး မဲ့ရွဲ့ပြီး အိပ်ရာဝင်သွားတာလည်း ဥပေက္ခာပြုထားလိုက်၏။

ဒီအချိန်မှာ ကိုကိုလောက် ဘယ်အရာကမှ အရေးကြီးပါ။

တစ်ညလုံး ကိုကို့အနားက တစ်ဖဝါးမှ မခွာဘဲ ပြုစုလုပ်ကိုင်ပေးနေလိုက်သည်။ သူမဘဝအတွက် မားမားမတ်မတ် နှလုံးသား အနာကျင်ခံပြီး ရပ်တည်ပေးနေသော ကိုကို့ကို သူမ ဒီလောက်လေးပဲ ပေးဆပ်ခွင့်ရသေးတာပါ။

ဒီထက်ပိုပြီး ပေးဆပ်ခွင့်ရရင်လည်း ပေးဆပ်ချင်ပါသေးသည်။ ဘယ်သူ ဘာပြောပြောပေါ့ ကိုကိုရယ်။

■ ■ ■



## အခန်း (၃၁)

"ဟော ဒေါ်ကြည်ခင် အထုပ်အပိုးတွေဆွဲလို့ ဘယ်သွားမလို့လဲ"

"ကျုပ်ရွာ ကျုပ်ပြန်တော့မယ်၊ ဒီမှာနေရတာ မျက်စိရော နားရော အကုသိုလ်တွေ များလွန်းလို့"

"ဟောတော် ဒေါ်ကြည်ခင် ပြန်ရင်တော့ ကျွန်မတို့အားလုံး ပျင်းနေတော့မှာပဲ၊ ဒေါ်ကြီးရွှေရေ ဒီမှာ ဒေါ်ကြည်ခင်က ပြန်တော့မလို့တဲ့"

"ဟဲ့ ဘာဖြစ်လို့လဲဟဲ့၊ ညက ညည်းတို့အိမ်ဘက်က ဆူညံဆူညံ ကြားလိုက်ပါတယ် အဲဒါကြောင့်လား"

လမ်းဘေးမှာ ကားရပ်ထားခဲ့ပြီး ခေါင်းငုံ့လမ်းလျှောက်လာသော တိမ်လွှာဝတီကို သတိမထားမိလောက်အောင် အတင်းပြောတတ်သည့်လူတွေ စုရုံး စုရုံး ဖြစ်သွားကြသည်။

မေယမုံဖူး အဒေါ်ဆိုတာက အထုပ်အပိုးနှင့်

"ပြော မပြောချင်တော့ဘူး မမရွှေရေ၊ ဒင်းတို့က ကျုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



အရှုပ်ထုပ်လို့ ထင်နေကြပြီ၊ မောင်နှမစိတ် မိသားစုစိတ်ဆိုပြီး အသံကောင်းသာ ဟစ်နေကြတာ၊ မတော်တရော် အနေအထိုင်က မဆင်ခြင်ကြဘူး။ ကျုပ်က အမြင်မတော်လို့ ပြောမိဆိုမိတော့ ကျုပ်အဆိုးဖြစ်တာပေါ့၊ အခု ကျုပ်လည်း ဂရုမစိုက်ဘူး ပတ်ဝန်းကျင်လည်း ဂရုမစိုက်တော့ဘူးတဲ့''

''အဲတော် လူကြီးကိုတောင် ပမာမခန့် ဖြစ်နေကြပါရောလား၊ ဖအေသေမှ ဖိုပြီး မိုက်မဲနေကြပြီ ထင်တယ်''

''မိုက်ကြလေ ကျုပ်ရှိလို့ ကျုပ်က ထိန်းနေတာကို ကျေးဇူးမတင်ကြဘူး၊ ကျုပ်မရှိမှ ပတ်ဝန်းကျင် တံတွေးခွက်ထဲ ပက်လက်မျောမယ့်ဟာတွေ''

''အေး ညည်းမရှိတော့ သူတို့ နေချင်တိုင်းနေဖို့ လွတ်လပ်သွားတာပေါ့၊ သူတို့ဘာသာ မောင်နှမစိတ် ရှိပါတယ် ဘယ်လိုပြောပြောတို့ကတော့ မယုံဘူးဟေ့''

''တိမ်မယံကလည်း သူကြည့်တော့ တည်တည်ခန့်ခန့်နဲ့ အိမ်ထဲကအစာကို အတွင်းကြိတ်ကြိတ်နေတာ အံ့သြပါရဲ့''

''ကျုပ်တို့မက ကဲကဲ ဖြစ်နေလို့ ဘာမှပြောအား မရှိတာပေါ့တော်၊ ကဲ ကျုပ် သဘော်မဓိဘဲ နေဦးမယ်၊ သွားမယ်နော်''

''အေးပါ အလည်တော့ လာဦးနော်၊ သူတို့ချင်း လက်ထပ်ဖြစ်တော့လည်း ညည်းကို ကန်တော့ခံ ခေါ်ချင်ခေါ်ဦးမှာပေါ့''

ဘာတွေလဲ ဘာတွေလဲ။

နားထဲကို တိုးဝင်လာသမျှတွေက သံရည်ပူတွေ လောင်းထည့်ခံလိုက်ရသလို ဝေဒနာဆိုးလှ၏။ မောင်နှင့် မေယမုံဖူးရဲ့ အခြေအနေက





ဒီလိုမျိုး ဆိုးဆိုးဝါးဝါးကြီးလား။

မောင်က မေယမုံဖူးကို တွယ်ကပ်နေတာလား။ မေယမုံဖူးက မောင့်ကို တွယ်ကပ်နေတာလား။

ဟင့်အင်း မောင့်ကို သူမ မစွန့်လွှတ်နိုင်ပါ။ မောင်နဲ့ဝေးနေရတဲ့ အချိန်တွေမှာ နာကျင်ခံစားပြီး လွမ်းနေခဲ့တာ ကိုယ့်ကိုယ်ကိုသာ အသိဆုံး။

မာနနှင့် ဟန်ဆောင်တင်းထားပေမယ့် အသည်းနှလုံးတွေ ပုံကြေကျတော့မတတ် ပြင်းထန်စွာ ခံစားခဲ့ရသည်။

အရာရာ အလိုမကျမှုတွေနှင့် ပေါက်ကွဲနေခဲ့မိတာတွေကလည်း မောင့်ကို သိပ်ချစ်လို့ပါ။ မောင် မရှိလျှင် သူမ ဘယ်လိုမှ ရပ်တည်လို့ရမှာမဟုတ်။

ပြီးတော့ မောင့်ကို ဦးမြင့်ကျော်သား မဟုတ်တာ သေသေချာချာ သိလိုက်ရသည့်အချိန်မှာ ဦးမြင့်ကျော် သမီးနှင့် တစ်အိမ်တည်း အတူနေခွင့်မပေးနိုင်သည့် စိတ်တွေ ဖြစ်လာခဲ့သည်။ မနာလိုတာလား၊ သဝန်တိုတာလား မခွဲခြားတတ်ပေမယ့် အချစ်စိတ်ကြောင့်ဆိုတာတော့ ဝန်ခံရသည်။ အခုလည်း မာနတွေကို အပိုင်းပိုင်း ဖြတ်တောက်ထားခဲ့ပြီး အချစ်စိတ်သက်သက်ဖြင့် ရောက်လာခဲ့တာပါ။

''ဟင် ဒါ ဒါက ဘယ်လိုဖြစ်နေကြတာလဲ''

တိမ်လွှာဝတီရဲ့ ရှုးခနဲ အော်သံကြောင့် ကိုကို့ကို ဆန်မြုတ်တိုက်နေသော မေယမုံဖူး လက်ထဲက စတီးဇွန်းလေး ချွမ်ခနဲ ကြမ်းပြင်ပေါ် လွတ်ကျသွားသည်။

ဂျာကင်အကျီအပေါ်ထပ် အနွေးထည်လေးနှင့် ကိုကိုလည်း အံ့သြမင်သက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝ ဝတီ ဘာလာလုပ်တာလဲ"

"ရှင်တို့ ဘယ်လိုနေနေကြလဲ၊ တမင်သက်သက် လာကြည့်တာတော့ မဟုတ်ပါဘူး မောင်၊ အခု ရောက်လာမှ ပတ်ဝန်းကျင်စကားက အပိုတွေ မဟုတ်ဘူးဆိုတာ သိလိုက်ရပြီ"

"မင်း ဘာတွေပြောနေတာလဲ ဝတီ၊ ပတ်ဝန်းကျင်က ဘာတွေပြောလို့ မင်းက ဘာတွေသိထားတာလဲ"

"ဒါက ကိုယ့်ကိုယ်ကို ပိုသိကြမှာပေါ့"

"ဝတီ မင်းလျှောက်တွေးမနေနဲ့၊ မောင်တို့က ရိုးရိုးသားသား"

"အဲလို ရိုးသားပါတယ်လို့ အသံကောင်းဟစ်တတ်ကြတဲ့သူတွေက ပိုပြီး အတွင်းကြိတ် ယုတ်မာကောက်ကျစ်တယ်ဆိုတာ ဝတီ သိတယ် မောင်၊ သူတော်ကောင်းယောင်ဆောင်ပြီး အသည်းနှလုံးကို ဝါးမျိုဖို့တော့ မကြိုးစားကြပါနဲ့၊ မောင် အဲလိုလုပ်ရင် ဝတီ ကြိုးစင်တက်တဲ့အထိ မိုက်မှာနော်"

"ဝတီ မင်းပြောတာတွေ မောင် နားမလည်ဘူး။ မင်းကို မောင်က စွန့်ခွာခဲ့တာလား။ မင်းက မောင့်ကို နှင်ထုတ်ခဲ့တာလား ပြန်စဉ်းစားပါဦး"

သံပြိုင်အော်ရင်း တိမ်မယံ ထရပ်လိုက်သလို ဝတီကလည်း ရှေ့ခြေတစ်လှမ်းတိုး၍

"အဲဒီ ပေါက်ကွဲမှုတွေက မောင့်ကို မုန်းလို့မှ မဟုတ်တာ၊ ဦးမြင့်ကျော်သား မဟုတ်ဘူးဆိုတာ မောင်ကိုယ်တိုင် ဝန်ခံရင် ဒီအချိန်ထိတောင် ဝေးနေရမှာ မဟုတ်ဘူး။ ဒါလေးကိုတောင် မောင် နားမလည်ဘူးလား"

"မောင် နားလည်အောင် မကြိုးစားခဲ့တာ ဝတီ၊ မင်းအချစ်နဲ့ ထိုက်တန်ဖို့အတွက် မောင်က ဦးမြင့်ကျော်သားမဟုတ်ပါဘူးလို့ မျက်နှာပြောင်တိုက် ထည့်မပြောချင်ဘူး။ ကျေးဇူးတရားတွေကို စုံလုံးကန်းပြီး လည်း





မောင် ကိုယ်လွတ်ရုန်းမထွက်ဘူး"

"မေယမုံဖူးကို နောက်ဆံတင်းနေလို့ မဟုတ်လား"

"ဝတီ"

"ပွင့်ပွင့်လင်းလင်း ဝန်ခံလေ မောင်ရဲ့၊ မေယမုံဖူးလောက် ဘယ်အရာကမှ အရေးမကြီးဘူး မဟုတ်လား"

"မ မဟုတ်ဘူး ဝတီ၊ မောင်တို့က ပတ်ဝန်းကျင်က ဝေဖန်စွပ်စွဲနေတဲ့ ပတ်သက်မှုမျိုး မဟုတ်ဘူး။ မင်း ထင်နေသလို ရင်းနှီးမှုမျိုး မဟုတ်ဘူး"

"ဒါဆို"

"မိသားစုဝင်တွေပါ ဘယ်သူဘာပြောပြော မောင်နှမတွေပါ၊ စိတ်နဲ့တောင် မဖောက်ပြန်ဘူးတဲ့၊ သွေးရင်းသားရင်းတွေလိုပါ"

"ကောင်းပြီလေ အခြေအမြစ် မခိုင်လုံပေမယ့် မောင့်ကိုချစ်တဲ့စိတ်နဲ့ ဝတီ ယုံကြည်ပေးပါမယ်၊ ဒါပေမဲ့ အခု တစ်ခါတည်း ဝတီနဲ့ မောင်လိုက်ခဲ့ရမယ်၊ ဘယ်တော့မှ မေယမုံဖူးနဲ့ မဆက်ဆံရဘူး မပတ် သက်ရတော့ဘူး"

"အာ အဲလို လုပ်လို့ ဘယ်ဖြစ်မှာလဲ"

သူ ကပျာကသီ ငြင်းဆန်လိုက်မိသည်။ ဆန်ပြုတ်ပန်းကန်လေးကို ကိုင်ပြီး ငိုင်တွေစွာ ထိုင်နေသော ညီမလေးကို သူ ငဲ့ညှာထောက်ထားရမည်။

တိမ်လွှာဝတီ မှုံပြုံးတို့က သရော်လိုဟန်ဆန္ဒဆိုးတို့ဖြင့်

"ဘယ်လို ဆင်ခြေမျိုးပေးဖို့ ငြင်းဆန်လိုက်တာလဲ မောင်၊ ကျေးဇူးတရားတွေကို အကြောင်းပြဦးမလို့လား။ လူလားမမြောက်သေးဘူး ထင်လို့ စောင့်ရှောက်ပေးရမယ့် တာဝန်တွေရှိသေးတယ် ပြောမလို့လား၊ ဒါမှမဟုတ် ဝေဖန်စွပ်စွဲခံရတာတွေကို သာယာနေကြတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ဝတီရာ မင်းအတွေးတွေလည်း မောင်တို့အနီးအနားက ပတ်ဝန်းကျင်နဲ့ တစ်တန်းတစ်စားတည်း ဖြစ်နေပါရောလား။ မင်း မောင့်ကို ချစ်တယ်ဆိုရင် မောင့်ရဲ့ကိုယ်ကျင့်သိက္ခာကို ယုံကြည်ပေးရမှာ ပေါ့၊ မိန်းမသားချင်း စာနာပြီး ဖူးဖူးကိုလည်း ယုံကြည်ပေးသင့်တယ်"

"ပြောမနေပါနဲ့တော့ ကိုကိုရယ်၊ ဖူးဖူးကို ထားခဲ့ပါ၊ တိမ်လွှာဝတီ ခေါ်တဲ့နောက်ကို လိုက်သွားပါ၊ ဒါမှ ဖူးဖူးကို လုပ်ကိုင်ကျွေးရသလို မပင်ပန်းဘဲနဲ့ ချမ်းချမ်းသာသာနဲ့ နေရမှာ လိုက်သွားလိုက်ပါ ကိုကို"

ရှိုက်သံ နှောနေသော မေယုမုံဖူး တိုက်တွန်းမှုတို့ကို တိမ်မယ် တည်တည်ငြိမ်ငြိမ်ပင် ခေါင်းခါငြင်းဆန်လိုက်သည်။

"ဒေါ်လေးလည်း စိတ်လိုက်မာန်ပါနဲ့ ညီမလေးကို ဥပေက္ခာပြုသွားပြီ၊ ညီမလေး တစ်ယောက်တည်း ကိုကို ဘယ်လိုလုပ် ထားခဲ့ရက်မှာလဲ၊ ကျေးဇူးတရားဆိုတာထက် မိသားစု သံယောဇဉ်တွေနဲ့ ညီမလေးကို စောင့်ရှောက်ပေးရမယ့် တာဝန်တွေ ကိုကို့မှာ ရှိပါတယ်"

"အနားကမခွာချင်တာ မောင့်ရဲ့ ကိုယ်ကျင့်သိက္ခာလား မောင်"

"လူတစ်ယောက် ဖြစ်လာရင် ဘဝကပေးတဲ့ တာဝန်၊ ဝတ္တရားတွေကို နားလည်သိတတ်ဖို့ လိုတယ် ဝတီ၊ ကိုယ့်စိတ်ဆန္ဒကို ဦးစားပေးတဲ့ တာဝန်မဲ့ယောက်ျား တစ်ယောက် မဖြစ်ချင်ဘူး၊ ကိုယ့်ရဲ့ ကိုယ်ကျင့်သိက္ခာကို ဘယ်သူသိသိ မသိသိ ကိုယ့်ဘာသာ သိဖို့ အရေးကြီးပါတယ်၊ လူတော်တစ်ယောက် မဖြစ်ရင်တောင် လူကောင်းတစ်ယောက် ဖြစ်အောင် မောင် ကြိုးစားမယ် ဝတီ"

"ဒါ မောင့်ဆုံးဖြတ်ချက်လား"

ကတိစကားတစ်ခုအတွက် နှုတ်က ဖွင့်ဟဖို့ ဝန်လေးနေသော်





လည်း အသာအယာ ခေါင်းညိတ်ပြဖြစ်သည်။

ဝတီ တက်ခေါက်သံကို နားစွင့်မိသလို ဝတီ လက်ရွယ်လိုက်လေား အရိပ်အရောင် စောင့်ကြည့်မိသည်။ ဒါပေမဲ့

ဝတီ ရှိုက်သံတို့သာ နားထဲမှာ လွင့်ပျံလာပြီး လှစ်ခနဲ ပြေးထွက်သွားသော အရိပ်အရောင်က မျက်ဝန်းထောင့်မှာ စွဲငြိကျန်၏။

ဘာကြောင့်လဲ ဝတီ။

နှလုံးသားကို ဆုပ်ချေနင်းပြီး ချစ်တတ်ခဲ့သမျှတွေကို မီးရှို့သွားပါလား ချစ်သူရယ်။

ဘာကြောင့် မျက်ရည်စက်တွေနဲ့ နှိုပ်စက်ခဲ့တာလဲ။

သေဒဏ်ပေးပြီး အဆုံးစီရင်ခဲ့ရင်တောင် ဒီဝဋ်ကြွေးက လွတ်မြောက်ခွင့်ပေးတယ်ဆိုပြီး ကျေးဇူးတင်နေမိဦးမှာပါ။

အခုတော့ အသက်ရှူသံတွေက အပြစ်ပေးတာကို ကျိန်စာတစ်ခုလို မသေမချင်း ဝေဒနာတွေ ခံစားရတော့မယ်။

မင်းကို မောင် သိပ်ချစ်ခဲ့တာပါ ဝတီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"ငါ့ကို လက်ထပ်နိုင်မလား ဒီပါ"

"ဟင် ဘာပြောတယ် ဖူးဖူး"

သချော ကြားလိုက်ပေမယ့် မယုံနိုင်သလို အံ့ဩတကြီး ပြန်[illegible] လိုက်မိ၏။ ဖူးဖူး မျက်လုံးတွေက အေးစက်လွှန်းနေတာလား တည်[illegible] ရင့်ကျက်လာတာလား ခန့်မှန်းရခက်စွာပင်။

"ဘာလို့ ပြန်မေးနေတာလဲ ဒီပါ၊ နင်ငါ့ကို လက်မထပ်နိုင်[illegible] လား"

"သချောချင်လို့ပါ၊ ချစ်တယ်လို့ အဖြေပေးဖို့တောင် တော်[illegible] ခက်ခဲခဲ့တယ် မဟုတ်လား။ လက်ထပ်ဖို့ စကားကို မင်းက စမေးမယ်[illegible] မထင်မိဘူး။ ဒီအချိန်မှာ အဲလိုစကားလည်း ပြောမယ် ထင်မထားဘူး"

ကိုကို့အတွက်ပါလို့ ဒီပါ့ကို ပြောပြသင့်ရဲ့လား။

ကိုကို့ရဲ့ တွေဝေမှုမှာ အခွင့်အရေးယူပြီး ဖြူစင်မှုတွေကို အ[illegible] မခိုးချင်လို့ ဒီလို ဆုံးဖြတ်လိုက်ရတာ။





ဒီပါအပေါ် တရားရဲ့လား မသိပေမယ့် ကိုကို့အနာဂတ် ဖြောင့်ဖြူးမှာကတော့ သချောသည်။

"နင် ငါ့ကို အထင်သေးသွားမယ်ဆိုရင်တော့ ငါ့စကားတွေ ပြန်ရုပ်သိမ်းမယ် ဒီပါ"

"ဟင့်အင်း မင်း ဘယ်သူ့အတွက်ဆုံးဖြတ်လိုက်တယ်ဆိုတာ သိရိတို့ပြောပြလို့ ကိုယ် သိပြီးပါပြီ၊ ကိုယ်ကစပြီး လက်ထပ်ဖို့ ပြောပေးလိုက်ရမလားလို့ တိုင်ပင်ခဲ့ပါသေးတယ်၊ သူတို့က မင်းမေးတာပဲ စောင့်လိုက်ပါဆိုလို့ပါ"

"နင် ဘာလို့ ငါ့ကို မနာကြည်းတာလဲ"

"မင်းကို နားလည်နေလို့ပေါ့ ဖူးဖူးရယ်၊ ကိုတိမ်မယ် မေတ္တာကိုလည်း ကိုယ် နားလည်တယ်၊ ကိုယ်ချစ်တဲ့သူကို စောင့်ရှောက်ပေးနေတာ ကိုယ်ကတောင် ကျေးဇူးတင်ရဦးမှာပါ"

"ပတ်ဝန်းကျင်ရဲ့ စကားတွေ"

"အဲဒါတွေကို ယုံကြည်ခဲ့မယ်ဆိုရင် အစကတည်းက မင်းကို ချစ်ခွင့်တောင်းခဲ့မှာ မဟုတ်ပါဘူး၊ ချဲ့ကား အတင်းပြောတတ်တဲ့ ပတ်ဝန်းကျင်ကို ကိုယ်တို့မိသားစုတွေ သိပ်ဂရုမစိုက်တတ်ဘူး၊ ကိုယ်တို့မိသားစုရဲ့ စတိုင်က သူများ ဘာလုပ်နေတယ်ဆိုတာလည်း သိပ်မကြည့်တတ်ဘူး၊ ငါတို့ ဘာလုပ်နေတယ်၊ ဘယ်နေရာရောက်နေပြီ၊ ဘာတွေဆက်လုပ်ရမလဲဆိုတဲ့ စိတ်နဲ့ပဲ ကိုယ့်ဘဝကိုယ် သက်သာအောင် နေကြတာ၊ လူတွေကို အပြစ်တင်တဲ့ မျက်လုံးတွေနဲ့ ကြည့်ပြီး မနာလိုတယ်၊ တိုက်ခိုက်တယ်ဆိုတာက ကိုယ့်စိတ်ကိုယ်ပြန်ပြီး ဒုက္ခပေးသလိုပါပဲ"

ဒီပါ စကားတွေက လေးနက်ပြီး တန်ဖိုးရှိသည်။ ကိုကို့ရဲ့စိတ်နှင့် တူကာ ယောကျ်ားဆန်၏။

ကိုကိုလို လူမျိုးနှင့် ဆုံစည်းရသည့်အတွက် သူမ [illegible]မ်းမနည်း



www.burmeseclassic.com

www.burmeseclassic.com



တော့ပါ။ သေချာ ဆုံးဖြတ်ခဲ့ပြီးပြီမို့လည်း နောင်တမရဘူးဆိုတာ ကိုယ့်ကိုယ်ကို သိသည်။

"နင့်မိဘတွေ ငါ့ကို လက်ခံနိုင်ကြပါ့မလား ဒီပါ"

"အသက်မပြည့်သေးတဲ့ မိန်းကလေးကို သွေးဆောင်ဖြားယောင်းလာတာမှ မဟုတ်တာ၊ ကိုယ့်မိဘတွေ နားလည်ပေးကြမှာပါ၊ ကိုယ်ပြောသင့်တာလည်းပြောပြထားပြီးလို့ အဲဒီအတွက် စိတ်မပူပါနဲ့၊ ကိုယ့်အနာဂတ်ကို မင်းပိုင်ပါတယ် ဖူးဖူး"

"ဒီပါရယ် ငါ အရမ်းကျေးဇူးတင်ပါတယ်၊ ကိုကိုက ငါ့အတွက် ချစ်သူကိုစွန့်ပြီး ဆုံးဖြတ်ချက် ချပြီးတဲ့အချိန်မှာ ငါ တွေဝေနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ နင့်ရဲ့ဇနီးကောင်းတစ်ယောက် ဖြစ်အောင် ငါ ကြိုးစားပါ့မယ်"

"ဒီအချိန်မှာ ဒီစကားနဲ့ ကျေနပ်လိုက်ပေမယ့် နောက်ဆိုရင်တော့ ကိုယ့်ကို ချစ်တတ်လာအောင်လည်း ကြိုးစားရမယ်နော်"

"အင်း စိတ်ချပါ အဲဒီစကားကို နင် မတောင်းဆိုလည်း ငါက ကတိပေးမလို့ပါ ဒီပါရယ်၊ နင်က ငါ့စိတ်ထွက်ပေါက်ရဲ့ ကယ်တင်ရှင်ပဲ ဥစ္စာ"

"ဟား နားဝင်ချိုလိုက်တာကွာ၊ အဲဒီစကားလေး ပြောပေးတဲ့အတွက် ကိုယ် အရမ်းပျော်သွားပြီ ဖူးဖူး"

ဒီပါက အကျယ်ကြီးအော်ပြီး ကလေးတစ်ယောက်လို လွတ်လပ်ပေါ့ပါးစွာ ပျော်နေသည်။ ဖူးဖူး လက်ကလေးကိုလည်း ဖျတ်ခနဲ ဆုပ်ကိုင်လိုက်ပြီး

"ဖူးဖူး မင်းဘာလုပ်ချင်လဲ၊ မင်းအတွက် ကိုယ်ဘာမဆို ပေးဆပ်ဖို့ အဆင်သင့်ဖြစ်နေပြီ"

"ဒီနေ့ ရုံးတက်လက်မှတ်ထိုးချင်တယ်၊ တိမ်လွှာဝတီ ယုံကြည်ဖို့ သက်သေလိုနေလို့ပါ။ ကျန်တဲ့ကိစ္စက နောက်မှ အေးအေးဆေးဆေး





စီစဉ်လို့ရတယ်၊ ဟိုလေ ကိုကို့စောင့်ရှောက်မှုအောက်မှာ မနေဘူးဆိုတာ သေချာမှ ကိုကိုလည်း မတွေဝေမှာ"

"ကိုယ် နားလည်တယ် ဖူးဖူး၊ ကိုတိမ်မယံရဲ့ တာဝန်သိတတ်မှုက အရမ်းလေးစားဖို့ ကောင်းပါတယ်၊ ဖူးဖူးရဲ့ တုံ့ပြန်စွန့်စားမှုကိုလည်း ကိုယ် တကယ်လေးစားသွားပြီ၊ လူတစ်ယောက်က လူတစ်ယောက် အတွက် ကိုယ်ကျိုးစွန့်ပြီး ပြတ်ပြတ်သားသားဆုံးဖြတ်ရဲတာ လူသားဆန်တာပဲကွ"

ဒီပါရဲ့ ချီးကျူးမှုကြောင့် ကိုကို့အတွက် ပေးဆပ်ရကျိုးနပ်ကာ သူမ ကြည်နူးပီတိ မျက်ရည်တွေကျလာသည်။

ဒီပါက သူမ မျက်ရည်တွေကို ဖွဖွညင်သာသုတ်ပေးကာ လက်ဖဝါးလေးကို ခပ်တင်းတင်း ဆုပ်ညှစ်၍ အားပေး၏။ သူမက ဒီပါ ပခုံးတစ်ဖက်မှာ မှီနွဲ့ရင်း အားတင်းရသည်။ အတူနေခွင့်ရပေမယ့် ဆုံခွင့်မပေးသော ကံကြမ္မာကို သူမ အပြစ်မတင်တော့ပါ။

အရောင်မဲ့ သင်္ကေတတွေနဲ့ အစွန်းအထင်း မရှိအောင် ပြောင်းလဲလိုက်ရခြင်းက ပင်ပန်းသော်လည်း ပေါ့ပါးလန်းဆန်းနေတာ အံ့သြစရာကောင်းသည်။

မိုးပြိုမှာလည်း မကြောက်တော့ဘူး။ လေပြင်းမုန်တိုင်းထန်မှာလည်း၊ မတုန်လှုပ်တော့ပါဘူး ကိုကို။

အားကိုးစရာ ရင်ခွင်တစ်ခု ကိုကို့ကိုယ်စား မှီတွယ်စရာ ရှိနေလို့ပါ။ စိတ်မပူပါနဲ့ ကိုကို။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

မငိုပါဘူးလို့ အားတင်းထားပေမယ့် ရှိုက်သံတို့က ရုံးခန်းလေးတစ်ခုလုံး လွှင့်ပျံ့နေသည်။ မောင့်ကို နာကြည်းမုန်းတီးဖို့ ကြိုးစားကြည့်၏။ ရင်ဘတ်တစ်ခုလုံး နာကျင်စူးရှအောင့်မျက်နေကာ ဘယ်လိုမှ မခံစားနိုင်အောင် ဖြစ်လာသည်။

နာကြည်းလို့မရ မုန်းမေ့လို့မရနှင့် တော်တော်ဝေဒနာဆိုး၏၊ သူမ ဒီအတိုင်း ရပ်တည်လို့ရပါဦးမလား။ သေသွားမလား ရူးသွပ်သွား မလား။

ကယောင်ကတမ်းနှင့် ဂုဏ်သိက္ခာတွေ မာနတွေကို ဂရုမစိုက်နိုင်အောင် မျက်ရည်တွေ တသွင်သွင် စီးကျလျက် ငိုကြွေးနေမိ၏။

မောင်နဲ့ပျော်ရွှင်ခဲ့ဖူးသည့် အချိန်တွေ၊ ရင်ခွင်မှာ မှီနွဲ့ပြီး အပန်းဖြေဖူးတဲ့အချိန်တွေ၊ ချိုမြိန်သော အနမ်းတွေနဲ့ ရင်ခုန်ခဲ့ရတဲ့ အချိန်တွေ မရဘူး ဘယ်လိုမှ မေ့လို့မရဘူး မောင်။

ဝတီ့ကို အချစ်ဒဏ်ခတ်ပြီး မနှိပ်စက်ပါနဲ့။ မောင့်ကို ဝတီ သိပ်ချစ်တာပါ၊ သိပ်ချစ်တာပါ မောင်ရယ်။





ရုံးခန်းလေးထဲမှာ ဝတီ ဖြစ်ပျက်နေတာက သူရူးတစ်ယောက်နှင့်ပင် တူနေ၏။ ရုံးခန်းအဝမှာ ဒီပါနှင့်မေယမုံဖူး ရပ်နေတာကိုလည်း သတိထားမိပုံ မပေါ်။

အတန်ကြာမှ ဆံပင်ထိုင်ခုံပေါ်ထိုင်၍ စားပွဲပေါ် မျက်နှာမှောက်နေသော တိမ်လွှာဝတီ တဖြည်းဖြည်း ထူမတ်လာကာ

"ဟင် နင် နင်တို့ ဘာလာလုပ်ကြတာလဲ"

စူးစူးဝါးဝါး လက်ညှိုးကြီး ထိုးအော်၍ တိမ်လွှာဝတီ ဖြုန်းခနဲ ထရပ်သည်။ ကောင်တာ စားပွဲနားကို ဒီပါနှင့် မေယမုံဖူး ထရွေ့ရွေ့ တိုးကပ်လာတော့ မျက်ရည်တွေကို ကြမ်းတမ်းစွာ ပွတ်သုတ်၏။

ကိုကို့အပေါ် မမုန်းနိုင်သော တိမ်လွှာဝတီ အချစ်ဇွတွေကို မြင်လိုက်ရ၍ မေယမုံဖူး ရင်ထဲ လေးပင်နေသမျှ ပြေလျော့ပေါ့ပါးသွားသလို ခံစားရသည်။

"အာဃာတတွေ သင်ပုန်းချေပေးပါ တိမ်လွှာဝတီ၊ ကိုယ်ခံစားရမှု ဝေဒနာမဟုတ်ပါဘူး။ လူတိုင်း ခံစားတတ်တယ်၊ နာကျင်တတ်တယ်၊ ဒါပေမဲ့ စာနာတတ်တယ်ဆိုရင် သက်သာသွားပါလိမ့်မယ်"

"ဘာတွေ လာပြောနေတာလဲ၊ ငါ နားမလည်ဘူး။ ဒီအချိန်မှာ ဘာကိုမှလည်း နားမထောင်ချင်ဘူး"

"နားမလည်ချင်ယောင် မဆောင်ပါနဲ့ တိမ်လွှာဝတီ၊ နားမထောင်ချင်လို့လည်း မရဘူး။ တို့ချစ်သူနဲ့တို့ လက်ထပ်ပြီးပြီဆိုတာ လာပြောတာ"

"ဘာ"

တိမ်လွှာဝတီ မျက်ခုံးပင့်သွားလျက် ဒီပါကို ခပ်စူးစူး ကြည့်၏။ မေယမုံဖူးက လက်ထဲမှာ ကိုင်လာခဲ့သော လက်ထပ်စာချုပ်တွေကို စားပွဲပေါ်



www.burmeseclassic.com

www.burmeseclassic.com



ပစ်တင်လိုက်ကာ

"လိမ်ညာလုပ်ဖာတ်ခင်းပြီး ကောင်းပြနေတာ မဟုတ်ပါဘူး။ တို့နှစ်ယောက်ရဲ့ လက်ထပ်စာချုပ်က ကိုကို့ စောင့်ရှောက်မှုအောက်မှာ မနေဘူးဆိုတဲ့ သက်သေပါပဲ"

တိမ်လွှာဝတီက ပာန်မဆောင်နိုင်အောင် လက်ထပ်စာချုပ်လေးကို ဆတ်ခနဲ ကောက်ယူဖတ်ကြည့်၏။

"တို့နှစ်ယောက် ချစ်သူတွေဆိုတာ ကိုကိုလည်း သိပါတယ်၊ အစကတော့ ကျောင်းပြီးမှ လက်ထပ်ဖို့ ရည်ရွယ်ထားခဲ့ကြတာပါ၊ ဒါပေမဲ့ ပတ်ဝန်းကျင်ရဲ့ အထင်လွဲမှုတွေ၊ မင်းရဲ့စွပ်စွဲမှုတွေကြောင့် မြန်မြန်ပဲ လက်ထပ်လိုက်ရတယ်၊ ကိုကိုနဲ့တို့ရဲ့ ပတ်သက်မှုကို မင်းယုံပြီလား"

စေ့စေ့စူးစူး ကြည့်ပြီး မေးနေသော မေယမုံဖူးကို တိမ်လွှာဝတီ မျက်လုံးလေး ပြူးလည်နေအောင် ပြန်ကြည့်ကာ

"ဒါဆို ဘာလို့ မောင်က ငါ့ကို သူစိမ်းဆန်တဲ့ စကားတွေ ပြော လိုက်ရတာလဲ"

"မင်းကို တို့ပြောဖူးတယ် ထင်ပါတယ်၊ ယောကျ်ားတွေက သူတို့မာန်ကို ပိုပြီးတန်ဖိုးထားတတ်ကြတယ်ဆိုတာကိုလေ၊ ကိုကိုက မင်းကို မုန်းလို့ မဟုတ်ပါဘူး။ သူ့ကိုယ်ကျင့်တရားနဲ့ ဂုဏ်သိက္ခာကို မင်းယုံကြည် မပေးလို့ နာကျင်နေတာ နိုင်မာတဲ့ နောက်တစ်ချက်က သူ့ပခုံးပေါ်ပိကျလာတဲ့ တာဝန်ဝတ္တရား၊ ယောကျ်ားပီသတဲ့စိတ်နဲ့ ကျေပွန်ချင်တာပါ"

"ချစ်သူထက် အရေးကြီးနေတာကို တို့ကရော ရိုးရှင်းပါတယ်လို့ မြင်နိုင်ပါ့မလား"

"အခုတော့ ရှင်းသွားပြီ ယုံကြည်သွားပြီ မဟုတ်လား။ ကိုကို့





ကိုလည်း တို့နှစ်ယောက်လုံး လေးလေးစားစားနဲ့ တိုက်တွန်းခဲ့ပါတယ်၊ ကိုကို့စောင့်ရှောက်မှုအောက်မှာ မနေတော့တဲ့အတွက် တိမ်လွှာဝတီနဲ့ ပတ်သက်ပြီး မတွေဝေဘဲ ပြတ်ပြတ်သားသား ဆုံးဖြတ်ပါတော့လို့လေ"

"ဒါနဲ့တောင် တို့ဆီကို မောင် ခုချိန်ထိ ရောက်မလာဘူးနော်"

"ပစ္စည်းမဲ့ မာနနဲ့ မင်းဆီကို ကိုကို အရင်ဆုံး ခေါင်းငွေ့တိုးဝင်လာမှာ မဟုတ်ဘူး။ အခုလည်း ကျန်းမာရေး မကောင်းတဲ့ကြားက မင်းအို လွမ်းနေလျက်နဲ့ ကြိတ်မှိတ်ခံစားနေတာပါ"

"ဟင် မောင် နေမကောင်းဘူးလား"

"အိမ်ရောက်လာပြီး ကိုကို့ကို မြင်တာတောင် မင်း သတိ မထားမိဘူးလား၊ အဲဒီနေ့က မိုးတွေ အရမ်းရွာနေတာကို၊ ပဲခေါက်ဆွဲဆိုင်မှာ တစ်နေကုန် ထိုင်နေလို့ ဖျားလာတာ"

"ပဲ ပဲခေါက်ဆွဲဆိုင်"

မေယမုံဖူး ခေါင်းညိတ်ပြတော့ ပဲခေါက်ဆွဲ ဆိုင်လေးကို တိမ်လွှာဝတီ သတိရသွား၏။ ဒါဆို မောင်က သူမကို မုန်းမေ့နာကြည်းနေခဲ့တာမှ မဟုတ်ဘဲ။

"မင်းတို့ရဲ့ အမှတ်တရ ဆိုင်လေးဆိုတာ သူ နေမကောင်းတာ ပြုစုလုပ်ကိုင်ပေးနေတဲ့ တို့ကို အခုမှ ပြောပြတာပါ၊ ဒါဆို တို့နှစ်ယောက်ရဲ့ ဖြူစင်ရိုးသားတဲ့ သံယောဇဉ်ကို မင်း သဘောပေါက်ရောပေါ့"

"နား နားလည်ပါပြီ ဆောရီးပါ မေယမုံဖူး၊ အချစ်ဆိုတာက် နေလို့ တို့ ဘာမှမမြင်နိုင်ခဲ့တာပါ၊ အ အခုရော မောင် အိမ်မှာရှိနေလား ဟင်"

"သိပ်နေမကောင်းသေးလို့ ကားမောင်းမထွက်နိုင်သေးပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ပဲခေါက်ဆွဲဆိုင်လေးကိုတော့ ရောက်နေလိမ့်မယ် ထင်တယ်၊တို့ စွပ်ပြုတ်လုပ်ပေးမယ်ဆိုတာကို မသောက်ချင်ဘူးတဲ့၊ ပဲခေါက်ဆွဲလေးက ခံတွင်းတွေ့တယ်လို့ပြောတယ်''

''ဟင် ဒါ ဒါဆို မောင် အဲဒီဆိုင်လေးမှာ ရှိနေလောက်တယ်၊ ဆောရီးနော် တို့ကို ခွင့်ပြုပါဦး။ မောင် မောင့်နောက်လိုက်သွားချင်လို့၊ ဪ ကျေးဇူးလည်း တင်တယ်နော် မေယမုံဖူး၊ တို့တွေ မိသားစုဝင်တွေ ဖြစ်သွားပြီ သိလား''

တိမ်လွှာဝတီ ဗလုံးဗထွေး ပြော၍ ရုံးခန်းလေးထဲက ဝရုန်းသုန်းကား ပြေးထွက်သွားသည်။ ဒီတစ်ခါ တိမ်လွှာဝတီ အားမနာတတ်တာ စိတ်မဆိုးနိုင်ဘဲ ရယ်ချင်နေမိသည်။

ကိုကို့ကို ရူးသွပ်မတတ်ချစ်တာ ယုံကြည်လိုက်လို့ပါ။

''ကဲ ပိုင်ရှင်က ရှက်ရမှန်းမသိဘဲ ကိုယ်တို့ကို ထားခဲ့ပြီး ပြေးပြီ၊ ကိုယ်တို့လည်း ပြန်ရအောင်လေ ဖူးဖူးရဲ့၊ အိမ်မှာ ဖေဖေနဲ့ မေမေက မျှော်နေကြမှာ''

''အင်း ပြန်မှာပေါ့ ဒီပါရယ်၊ ကိုကိုလည်း ဘယ်လောက် ပျော်နေမလဲဆိုတာ တွေးပြီး ကြည်နူးမိလို့ပါ''

''ချစ်သူချင်း ပေါင်းဖက်ဆုံစည်းရတာ ဘယ်သူမပျော်ဘဲ နေပါ့မလဲ ဖူးဖူးရယ်၊ မင်းကြောင့် သူတို့ ဒီလိုဖြစ်သွားကြလို့ မင်းလည်း ကိုယ့်အချစ်တွေနဲ့ တူသောအကျိုးပေးပြီး ပျော်ရွှင်ရမှာပါ''

''တကယ်လား''

''တကယ်ပေါ့ ဖူးဖူးရဲ့''

ဖြူစင်သော အပြုံးများနှင့်လက်ချင်း မြဲမြဲတွဲပြီး ရုံးခန်းအပြင် ဘက် ထွက်လာခဲ့ချိန်မှာ မန်နေဂျာ ဦးလေးကြီးက အပြုံးနှင့် လက်ခုပ်တီး နှုတ်ဆက်၏။

''ကျေးဇူးတင်လိုက်တာ တိမ်မယ် ညီမလေးနဲ့ တိမ်မယ် ယောက်ဖ





ရာ တိမ်လွှာဝတီ စိတ်ကိုပြောင်းလဲနိုင်တာ တိမ်မယ် တစ်ယောက်ပဲရှိတယ်''

''ဟုတ်ကဲ့ ဦးလေးကြီး ကျွန်မတို့ကို ဝင်ခွင့်ပေးလို့ ကျွန်မတို့ကလည်း ဦးလေးကြီးကို ကျေးဇူးတင်ပါတယ်''

''အေးကွာ မင်းတို့ မင်္ဂလာဆောင်ရင် ဒီမှာဆောင်နော်''

''ဦးလေးကြီးက ခန်းမအတွက် လက်ဖွဲ့မှာလား''

''ဟေ့ အေး တိမ်လွှာဝတီ လက်ဖွဲ့လိမ့်မယ်လေ၊ သူက မိသားစုဝင် ဖြစ်သွားပြီလို့ အော်သွားတယ် မဟုတ်လား ဟား ဟား''

ဦးသိန်းထိုက် အားရပါးရ အော်ရယ်ပြီး တကယ် ပျော်နေတာ ဖြစ်မည်။ အလာတုန်းကနှင့်မတူ ဝန်ထမ်းတွေရဲ့ အပြုံးကိုလည်း ဗိုဗို ပြင်ပြင် မြင်ခဲ့ရ၏။ အချစ်ကြောင့် တိမ်လွှာဝတီက ပြောင်းလဲခဲ့သလို တိမ်လွှာဝတီကြောင့် ဝန်ထမ်းတွေရဲ့စိတ်ကျန်းမာရေးလည်း အကောင်းတိုင်း ဖြစ်ပေတော့မည်။

အချစ်က ဒီလောက်တောင် တန်ခိုးစွမ်းအားရှိသလား။

သူမလည်း ဒီပါ အချစ်တစ်ခုကို ယုံကြည်ပြီး စိတ်ဆန္ဒတို့ကို ပြောင်းလဲပစ်ရမည်။ ကိုကို့ကို သွေးသားရင်းချာ အစ်ကိုရင်းတစ်ယောက်လို လေးစား အားကိုးယုံကြည်ပြီး ဒီပါကို ချစ်သူတစ်ယောက်လို

အင်း အစွန်းအထင်းတွေ မရှိတော့သည့် မျက်ဝန်းလေးမှာ ဒီပါကို ချစ်ကြည့်တော့မည်ဆိုသော စိတ်ကူးလေးကြောင့် အရောင်စုံမဲ့ သင်္ကေတတွေနဲ့ ရွှန်းစိုတောက်ပ အရည်လဲ့လာကာ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"အစ်ကို ဒီနေ့လည်း တစ်ယောက်တည်းလား၊ ဟိုနေ့က မိုးတွေရွာလို့ ပဲခေါက်ဆွဲတွေတောင် စားမသွားရဘူးနော်"

"အေးကွ အဲဒီနေ့က အစ်ကိုလည်း မိုးမိပြီး ဖျားတော့တာပဲ၊ ဒီနေ့တော့ ရာသီဥတု သာယာပါတယ်၊ အေးအေးဆေးဆေး ထိုင်လို့ရတယ် မဟုတ်လား"

"ရပါတယ် အစ်ကို၊ ဆေးဆေး ထိုင်ပါ၊ ဒီအချိန်က လူရှင်းပါတယ်၊ ဩော် ပဲခေါက်ဆွဲတစ်ပွဲ မဟုတ်လား အစ်ကို"

"နှစ်ပွဲချကွာ"

"ဟင် နေမကောင်းဘူးဆိုပြီး တစ်ယောက်တည်း နှစ်ပွဲစားမလို့လား၊ အာပူလျှာပူ မုန့်တီစပ်စပ်လေး သောက်ရတယ် အစ်ကိုရ၊ အဲဒါမှ ချွေးတွေထွက် ပွင့်သွားပြီး နေကောင်းတာ"

"အေးပါကွာ ပဲခေါက်ဆွဲလည်း နှစ်ပွဲချ၊ မင်းပြောတဲ့ မုန့်တီလည်း ချပါ၊ ဟုတ်ပြီလား"

ကောင်လေးကို ခေါင်းလေးပုတ်ကာ ပြောလိုက်ပြီး စည်ပင် ထီး





အရိပ်အောက်က ထိုင်ခုံလေးမှာ ဝင်ထိုင်လိုက်၏။

ဒီနေ့ ကောင်းကောင်း မသက်သာသေးတာမို့ ကားမောင်းလည်း မထွက်ဖြစ်။ အိမ်မှာ ညီမလေးလည်း မရှိတာမို့ တစ်ယောက်တည်း သွေ့ခြောက်စွာနေရရင်း ဝတီကို လွမ်းမောတသနေမိသည်။

တစ်ခါမှ မချစ်ခဲ့ဘူးသော ရင်ဘတ်ကြီးက ဘယ်လိုမှ ခံနိုင်ရည် မရှိသည့်အဆုံး ဒီပဲခေါက်ဆွဲဆိုင်လေးကို ရောက်လာခဲ့သည်။

ဒီဆိုင်လေးက ဝတီနှင့် ချစ်သူတွေ မဖြစ်ခင်ကတည်းက အမှတ်တရဆိုင်လေးပါ။ သူ့ကြောင့် ဝတီရဲ့ ပြောင်းလဲခြင်းအစကို သတိထားခဲ့မိသောနေ့လေးလည်း ဖြစ်သည်။

အရာရာ ပြောင်းလဲနိုင်လောက်အောင် သူ့ကို ချစ်ခဲ့ပါရဲ့နဲ့ ဘာကြောင့်များ သူ့ကို နားလည်ယုံကြည်မပေးနိုင်ခဲ့ရတာလဲ။ ညီမလေး ကတောင် သူ့ကို နားလည်လာပြီး ဆုံးဖြတ်သင့်တာကို မှန်မှန်ကန်ကန် ဆုံးဖြတ်ချက်ချ၍ ထွက်သွားခဲ့သည်။

ညီမလေးအတွက် စိတ်မကောင်းပေမယ့် ကြည်နူးပီတိဖြစ်မိသည်က ဒီပါလို ပြည့်စုံချမ်းသာပြီး ချစ်တတ်သော ယောကျ်ားနှင့် ဖူးစာဆုံလို့ပါ။

သူ့စောင့်ရှောက်မှုအောက်က ဖွတ်ရုန်းထွက်သွားတာ သူ့အတွက် ကြောင့်ဆိုတာ သူ သိသည်။ ညီမလေး ကံကောင်းပါစေ။

"အစ်ကို ဒီမှာ ပဲခေါက်ဆွဲ နှစ်ပွဲရပြီ"

"ဩော် အေး ကျေးဇူးပဲ ညီလေး"

ကောင်လေးက သူ့ရှေ့ကို ပဲခေါက်ဆွဲနှစ်ပွဲ လာချသည်။ သူက ဘေးနားမှာ ဝတီ ရှိနေသလို စိတ်ကူးယဉ်ပြီး ထိုင်ခုံလေး တစ်ခုံချ၍ ပဲခေါက်ဆွဲပွဲလေးကိုပါ တစ်ဖက်တိုးရွှေ့ကာ တူတံစ်စုံကိုလည်း အသင့် တင်ထားလိုက်သည်။ ကောင်လေးက မုန့်တီပန်းကန် လာချရင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့အပြုအမူကို ပြုံးစိစိကြည့်ကာ

"အစ်ကို ဓာတ်ရိုက်ဓာတ်ဆင် လုပ်နေတာလား၊ အစ်ကို တကယ် ချစ်လို့ လွမ်းလို့လုပ်နေတာဆိုရင် အစ်ကို့ချစ်သူ အမှန်တကယ် ရောက်လာလိမ့်မယ်ဗျ"

"အင်း ရောက်မလာတောင် အစ်ကိုနားမှာသူ ရှိနေတယ်လို့ သဘောထားလိုက်ရင် စားလို့ဝင်တာပေါ့ကွ၊ မင်းကြီးလာလို့ ချစ်သူရရင် လည်း အဲလိုလုပ် သိလား"

သူ့အပြုအမူက အရူးထပြီး ကလေးကလားဆန်ပေမယ့် ကောင် လေးက သဘောတွေကျပြီး ရယ်နေသည်။

"ဟာ အစ်ကို အစ်ကို ဓာတ်ရိုက်ဓာတ်ဆင် လုပ်တာ အောင် မြင်သွားပြီဗျ၊ ဟို ဟိုမှာ အစ်ကို့ချစ်သူ လာနေတယ်"

"ဟင် ဘယ် ဘယ်မှာလဲ"

ကောင်လေး မေးငေါ့ပြရာ အငမ်းမရ အံ့သြဝမ်းသာစွာနှင့် ပြုံးပျာနေအောင် လှည့်ကြည့်မိ၏။ ကားပေါ်က ကြွကြွရွရွလေး ဆင်း လာသော တိမ်လွှာဝတီက သူရှိရာ စားပွဲဝိုင်းလေးကို တန်းတန်းမတ် မတ် လျှောက်လာနေသည်။

ရာသီဥတု သာယာနေသော မိုးပြာရောင် ကောင်းကင်ကြီးနှင့် အပြိုင် ဝတီအလှက တောက်ပလင်းလက်နေသည်။ ကောင်လေးက အလိုက်တသိ ပြုံးဖြဖြနှင့် ရှောင်ထွက်သွားသလို သူလည်း တစ်စုံတစ်ရာ က တွန်းကန်လိုက်သလို ဖြုန်းခနဲ ထရပ်မိ၏။

"မောင်"

ရင်ထဲ တလှိုက်လှိုက် ပင့်သက်ရှိုက်၍ ခေါ်မိချိန်မှာ ဝတီက သူ့ရင်ခွင်ကို အရှိန်နှင့် ပြေးဝင်ကပ်၏။

"မောင့်ဆီကို လိုက်လာတာလား"





"မောင်က မာနတွေကြီးပြီး ဝတီဆီကို ရောက်မလာတော့ ဝတီက မာနတွေ ချောင်ထိုးပြီး ရောက်အောင် လာရတာပေါ့"

"မငြိုငြင်ပါနဲ့ ဝတီရယ်၊ မောင်လည်း လွမ်းနေတာပါ"

"ဖူးဖူး ပြောပြပါတယ်"

"ဟင် ညီမလေးက ဝတီဆီ ရောက်လာတယ်"

"သူ လက်ထပ်လိုက်တာကအစ အားလုံး ရှင်းပြပါတယ်၊ ဝတီကလည်း မောင့်ကို ချစ်တဲ့စိတ်နဲ့ ယုံကြည်နားလည်သွားပါပြီ၊ ဝတီ အရမ်းဆိုးခဲ့တယ်နော်"

"ဝတီ ဘယ်လောက်ဆိုးဆိုး မောင်လည်း ငြိုငြင်မုန်းမေ့လို့ မရပါဘူး ဝတီရယ်၊ အတူရှိနေခဲ့ရတဲ့ အမှတ်တရ အချိန်လေးတွေက ရင်ကို နှိပ်စက်တယ်၊ အရမ်းလွမ်းလို့ ဒီဆိုင်လေးကို မောင် ရောက်လာ တာ"

"ဟင် ဒီပဲခေါက်ဆွဲက"

"ဝတီ မောင့်အနားမှာ ရှိနေတယ်လို့ အောက်မေ့ပြီး အတူတူ စားမလို့လေ"

"မောင်ရယ်"

ခုံလေးတွေမှာ ထိုင်ချလိုက်ရင်း ဝတီက သူ့ပခုံးပေါ် မေးလေး တင် မှီတွယ်၍ သိမ့်ခနဲ ရှိုက်၏။ သူမ လက်ဖဝါးနုနုလေးကို ခပ်တင်း တင်း ဆုပ်ညှစ်၍ သတိပေးရသည်။

"မငိုရဘူးလေ ဝတီရဲ့၊ စားပွဲထိုး ကောင်လေးက မောင်တို့ ပြုံးပျော် ကြည်နူးနေတာပဲ မြင်ချင်မှာပေါ့၊ သူ့ ပဲခေါက်ဆွဲရောင်းအား ကောင်းအောင် ကြော်ငြာထားရတာ"

"သူ သိပါတယ်၊ ဆိုင်ထဲကနေ ချောင်းကြည့်ပြီး ရယ်နေတဲ့ ဟာကို"

"ဩော် ဟုတ်သားပဲ ဟင်း ဟင်း ဒီမှာ ပဲခေါက်ဆွဲ အဆင်



www.burmeseclassic.com

www.burmeseclassic.com



သင့်ပြင်ပြီးသား၊ စားလေ ဝတီ''

"ဟင့်အင်း မောင့်အချစ်တွေနဲ့ ရင်ထဲမှာ ပြည့်နေပြီ၊ အဲဒါ စားစရာ မလိုတော့ဘူး''

"မောင်လည်း ဒီလိုပါပဲ ဒါပေမဲ့ ကောင်လေး အားနာပါတယ်''

"သူလည်း အရွယ်ရောက်ရင် ဒီလိုအချိန်ကို နားလည်မှာပါ၊ ဒါပေမဲ့ အခုတော့ အားကျအောင် လုပ်လို့ မဖြစ်ဘူး''

"အင်း ဟုတ်သားပဲ ခုခေတ်ကလေးတွေ အတုခိုး မြန်ကမြန်နဲ့၊ ကြည့်ထား မောင်တို့ ပဲခေါက်ဆွဲစားသလို စားကြလိမ့်မယ်၊ မောင် ဓာတ်ရိုက်ဓာတ်ဆင်လုပ်သလို လိုက်လုပ်ကြလိမ့်မယ်''

"လုပ်ပါစေ သူတို့လည်း ဝတီတို့လို ချစ်သူချင်း ဆုံစည်းရတော့ ပျော်စရာကောင်းသွားတာပေါ့''

"ကိုယ်ချင်းစာတတ်သွားပြီလား ဝတီ''

"ချစ်တတ်လာလို့ပါ''

"လိမ္မာလိုက်တာ ချစ်သူလေးရယ်''

မြတ်မြတ်နိုးနိုးပင် ဘယ်သူမှ မသိအောင် သူမ နဖူးလေးကို ရှိုက်ခနဲ နမ်းလိုက်မိ၏။

သူမကလည်း ထိုသို့ပင် သူ့နဖူးလေးကို ဖျတ်ခနဲ ခိုးနမ်းလိုက်သည်မို့ အရှိန်းဆန်ဆန် ရင်ခုန်သံတွေ ဆူညံသွားသည်။

ချစ်သူနှစ်ဦးရဲ့ နွေးထွေးလှိုက်ဖိုနေသော အပြုံးများကြောင့် ကမ္ဘာလောကကြီးက မြင်မြင်သမျှ သာယာနေ၏။

ခုတော့လည်း ရင်ခွင်ရိုင်းလေးက ချိုမြိန်စွာ. . .။

အားလုံးအတွက်

နတ်သမီး



www.burmeseclassic.com